www.burmeseclassic.com

# Sixth Sense

No. 25
January.2016

## ဆဋ္ဌမအာရုံ မဂ္ဂဇင်း



- အစွမ်းထက်မြက်တဲ့ ထီပေါက်ဂါထာ
- လပြည့်ညနှင့် မှော်နင်းဆီပန်းအစီအရင်
- လက်သည်းပွင့်ခြင်းနှင့် မှော်အတတ်ပညာ
- ရှစ်ဂဏန်းရဲ့ ပါဝါစွမ်းအားဖြင့် စိတ်ဖတ်ခြင်း
- လိုအင်ဆန္ဒကို အဖြေပေးမယ့် မှော်နည်းလမ်း
- ညို့မျက်ဝန်းနှင့် မှော်ဓာတ်သွင်း အစီအရင်
- မှော်ဝင်ဘောလုံးနှင့် ချစ်အဖြေသိစေတဲ့ နည်းလမ်း

www.burmeseclassic.com

www.burmeseclassic.com

# EDITOR's LETTER



ယနေ့အချိန်တွင် ပရိသတ်များကို တင်ဆက်ရန် စေတန်အား ဆဋ္ဌမအာရုံ အယ်ဒီတာအဖွဲ့မှ မွေးဖွားလိုက်ပြီ ဖြစ်သည်။ သရဲ တစ္ဆေ ဂမ္ဘီရလောကကို တစ်ခေတ်ဆန်းစေမည့် လုံးချင်းဝတ္ထုများကို လစဉ် တင်ဆက်ဖော်ပြသွားမည်။


ဆန်းသစ်သော အတွေးအခေါ်၊ ထူးခြားသော ဇာတ်လမ်း၊ ဇာတ်အိမ် ဖွဲ့စည်းမှုများ၊ အမြင်ဆန်းသော ဒီဇိုင်းလက်ရာများဖြင့် စေတန် စာအုပ်များကို မြင်တွေ့ရမည်။

တစ်အုပ်နှင့်တစ်အုပ် ရသမတူသည့် ခံစားမှုများကိုလည်း မြင်တွေ့ရမည် ဖြစ်ပြီး တစ်အုပ် ဖတ်ပြီးသည်နှင့် အကြိုက်တွေ့စေရမည်သာ အာမခံပါသည်။

Sixth Sense
Publishing House

ဆဋ္ဌမအာရုံ စာပေမှ တင်ဆက်သည့်

## သရဲ တစ္ဆေ လုံးချင်းဝတ္ထုသစ်




သရဲ တစ္ဆေ လုံးချင်းဝတ္ထုများကို ကြိုက်နှစ်သက်သော ပရိသတ်များအတွက် ဆဋ္ဌမအာရုံ အယ်ဒီတာအဖွဲ့မှ စီစဉ်တင်ဆက်သည့် လုံးချင်းဝတ္ထုသစ် ဖြစ်သည်။ အယ်ဒီတာအဖွဲ့၏ ကြိုးစားမှုဖြစ်ပြီး တစ်အုပ်နှင့်တစ်အုပ် ရသမတူ၊ သာမန်ထက် ထူးခြားဆန်းပြားသည့် အကြောင်းအရာများကို ဖတ်ရှုနိုင်မည်။ ဆဋ္ဌမအာရုံ စာအုပ်ဝယ်နိုင်သော ဆိုင်တိုင်းတွင် စေတန် စာအုပ်များအား ရရှိနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# အိမ်အရောက် ပို့ဆောင်ပေးမည်

**"ဆဋ္ဌမအာရုံမဂ္ဂဇင်း"** ကို

လစဉ်မှာယူလိုသူ ပရိသတ်များအနေဖြင့်

**တမွေ့ဆောက်၊ ပုစွန်တောင်ဘက်ခွဲ၊ ရန်ကုန်မြို့၊**

**ဘဏ်အကောင့်နံပါတ် ၀၁၄၀ – ၂၂၀၀ – ၄၃၆၀၇ သို့**

မိမိနှင့် နီးစပ်ရာဘဏ်မှ ငွေလွှဲခနှင့်အတူ မိမိမှာယူလိုသော (၆) လ (သို့) (၁)နှစ်စာအတွက် ငွေလွှဲပေးပို့၍ မှာယူနိုင်ပါသည်။ ငွေလွှဲခကို မှာယူသူဘက်မှ တစ်ပါတည်းပေးချေ၍ ငွေလွှဲပေးပို့ရပါမည်။

**(၆)လ ၁၉၅၀၀ ကျပ်**

**(၁၂)လ ၃၉၀၀၀ ကျပ်**

**ဖုန်း – ၀၉ ၇၃၀ ၇၆၆၅၀** သို့ မိမိ ငွေလွှဲပေးပို့ကြောင်းနှင့် စာအုပ်ပေးပို့ရမည့်လိပ်စာ၊ မှာယူသူ၏ နာမည်နှင့် ဖုန်းနံပါတ်တို့ကို အကြောင်းကြားပေးရပါမည်။

ဘဏ်တွင် ငွေလွှဲပေးပို့မှုရောက်ရှိကြောင်း စစ်ဆေးပြီး ဖော်ပြပါ အချက်အလက်များ ပြည့်စုံပါက စာတိုက်မှတဆင့် အိမ်အရောက် ပို့ဆောင်ပေးပါမည်။ စာတိုက်မှပေးပို့နိုင်သော နေရာတိုင်း ရောက်ရှိပါလိမ့်မည်။

အိမ်အရောက်ပို့ကြိုတင်ငွေပေးမှာယူသူများ

ဆက်သွယ်ရန် – ၀၉ ၇၃၁ ၇၆၆၅၀

စာအုပ်ဆိုင်များနှင့် ဖြန့်ချိရေးကိုယ်စားလှယ်များ

ဆက်သွယ်ရန် – ၀၉ ၃၀၀ ၅၀ ၁၆၀



# စာပေမြင့်မှ လူမျိုးတင့်မည်

ဆဋ္ဌမအာရုံ မဂ္ဂဇင်းကို ဖတ်စရာ၊ မှတ်စရာများစွာဖြင့် ဝယ်သိမ်းစာအုပ်ကောင်း တစ်အုပ်ဖြစ်အောင် အထူး ကြိုးစားထားပါသည်။ လစဉ်လဆန်းပိုင်းတွင် ထွက်ရှိနိုင်အောင် ကြိုးစားပါမည်။

ပရိသတ်များအနေဖြင့် မိမိ ဝယ်ယူနေကျ စာအုပ်ဆိုင်များတွင်လည်း ကြိုတင် မှာကြားထားနိုင်ပါသည်။ ဆဋ္ဌမအာရုံ မဂ္ဂဇင်း၏ ထွက်မည့်ရက်ကိုလည်း ကြိုတင် ဖုန်းဆက် မေးမြန်းနိုင်ပါသည်။

သင်သည် ဆဋ္ဌမအာရုံ မဂ္ဂဇင်း ပရိသတ်တစ်ဦး ဖြစ်လျှင် စာပေကို ချစ်မြတ်နိုးသူ၊ စာပေ၏ရသကို ခံစားတတ်သူ၊ စာအစုံ ဖတ်တတ်သူများ ဖြစ်ကြပါစေ။ စာအုပ်၊ စာပေ လူ့မိတ်ဆွေ – စာပေမြင့်မှ လူမျိုးတင့်မည်။

ဆဋ္ဌမအာရုံ မဂ္ဂဇင်း
အယ်ဒီတာ အဖွဲ့

Sixth Sense
Publishing House

**ဆဋ္ဌမအာရုံ စာပေတိုက်**

အမှတ်(၁၇၀ – ၁၇၂)၊ ဒုတိယထပ်၊ လမ်း(၅၀)အထက်၊ ပုစွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉ ၇၃၁ ၇၆၆၅၀



www.burmeseclassic.com

www.burmeseclassic.com



မီးခိုးရောင် လောကီပညာရပ် (၂၅) ၃၁

ဓောင်သစ်ကို

ဆရာမကြီး မြပုပ်ဝါ ၅၂

နုတ်လှသစ်

လှည့်စားရက်သူ (စုန်းတိုက်) ၈၂

မောင်လေးအောင် (သန်လျင်)

သွေးစုပ်ဖုတ်ကောင် ၉၇

သန်လျင် ချစ်မိုးညို

မဲဝါနှင့် သုံးထောင်မြန် အောင်မောင်း ၁၀၈

တျော်ခင်နိုင်

နည်း များ

အစွမ်းထက်မြက်တဲ့ ထီပေါက်ဂါထာ ၁၂

လပြည့်ညနှင့် မှော်နင်းဆီပန်း အစီအရင် ၁၄

မှော်ဝင်ဘောလုံးနဲ့ ချစ်အဖြေသိစေတဲ့ နည်းလမ်း ၁၇

ညှိရှက်ဝန်းနှင့် မှော်ဓာတ်သွင်းအစီအရင် ၂၀

လိုအင်ဆန္ဒကို အဖြေပေးမယ့် မှော်နည်းလမ်း ၂၂

ရှစ်ဝကန်းရဲ့ ပါဝါစွမ်းအားဖြင့် စိတ်ဖတ်ခြင်း ၂၆

လက်သည်းပွင့်ခြင်းနှင့် မှော်အတတ်ပညာ ၃၀

သရဲမွေးတဲ့ ဒေါ်မြစိန် ၁၃၆

တင့်လွင် (ဘုရား)

သရဲအစာကျွေးမိသူ ၁၅၆

ရေနံချေး ခရေ

အဖြူရောင်ဒေဝီ (သို့မဟုတ်) ဒေဝီဖြူ ၁၇၂

ကိုမောင်သန့်ဝင်း

တစ်ခါတုန်းက ရွှေအင်းမ ၁၈၈

ယုန်တောနော် နောင်လတ်

စေခွဲမရသော ဓာတ်လမ်းတစ်ပုဒ် ၁၉၆

မောင်မြင့်မား (ဗိုလ်တာလေး)

ဝိညာဉ်စရော ၂၀၈

ဇလွန်ကျော်ဦး

အမဲလိုက်တဲ့ လနတ်သမီး အာတီးမစ် ၄၂

ကုက္ကိယ၏ မှော်ပညာ (သို့မဟုတ်) မွေးရန် ၄၄

သေဆုံးသူတို့နှင့် သဂြိုဟ်နည်းလမ်းများ ၇၈

ထူးကဲတဲ့ ကြောင်အော်နမိတ်သံများ ၁၀၆

နမိတ်ကောင်းသောငှက် ဇီးကွက် ၁၁၂

မယား(၇)မျိုးအကြောင်း သိကောင်းစရာ ၁၆၆

အစွမ်းထက်သော လက်နှိပ်ပညာအမျိုးမျိုး ၁၆၉



www.burmeseclassic.com

www.burmeseclassic.com

# ကလောင်ရှင်သစ်များ ပေါ်ထွက်လာရေး အစီအစဉ်

ဆဋ္ဌမအာရုံ မဂ္ဂဇင်းအယ်ဒီတာအဖွဲ့သည် ဂမ္ဘီရရပ်ဝန်းတွင် ကလောင်ရှင်အသစ်များ မွေးဖွားပေးနိုင်ရေးကို အထူး အလေးထားပါသည်၊ ကလောင်ရှင်သစ်များပါဝင် လက်စွမ်းပြရေးသားနိုင်ရန် နေရာများကိုလည်း ချန်လှပ်ပေးထားပါသည်။

သာမန်ထက် ထူးခြားဆန်းကြယ်သည့် အဖြစ်အပျက်များ၊ ဂမ္ဘီရပညာရပ်ဆိုင်ရာ အချက်အလက်များကို ခေတ်အမြင်၊ ခေတ်အတွေးဖြင့် ပေါင်းစပ်ရေးသားသည့် ဝတ္ထု/စာမူကောင်းများကို အမြဲတမ်း တံခါးဖွင့် ကြိုဆိုလျက် ရှိပါသည်။

ပုံနှိပ်ဖော်ပြခံရသည့် ဝတ္ထု/စာမူများကို ကလောင်ဟောင်း၊ ကလောင်သစ်မခွဲခြားဘဲ ထိုက်တန်သည့်စာမူခနှင့် စာအုပ်လက်ဆောင်တို့အား ချီးမြှင့်သွားပါမည်။

ဆဋ္ဌမအာရုံမဂ္ဂဇင်း

အယ်ဒီတာအဖွဲ့



# ဆဋ္ဌမအာရုံ မဂ္ဂဇင်း ၏ ဦးတည်ချက်

ကျွန်ုပ်တို့မဂ္ဂဇင်းသည် အရိုးခံဂမ္ဘီရမဂ္ဂဇင်းတစ်စောင်မဟုတ်ပါ။ "ဆဋ္ဌမအာရုံစိတ်အဟုန်" ဆိုသည့်ဆောင်ပုဒ်ကိုလက်ကိုင်ပြု၍ထူးတွေဆန်းပြားမှုများကို ခေတ်စနစ်နှင့် လိုက်ဖက် ညီအောင် ပုံဖော်ထားသည်။ ဂမ္ဘီရလောကကို အလုပ်အကျွေးပြုရန် ဦးတည်ချက်ဖြင့် မွေးဖွားလာသည့်ခေတ်မီ ဂမ္ဘီရမဂ္ဂဇင်းတစ်စောင် ဖြစ်သည်။

အစွမ်းထက်သည့်ဂါထာမန္တန်နှင့် လောကီအစီအရင် များ၊ မှော်ဝိဇ္ဇာ၊ စုန်းကဝေနှင့် သဘာဝလွန်စွမ်းအားရှင်များအကြောင်း၊ အတိတ်သမိုင်းတွင်ဖြစ်ပျက်ခဲ့သည့် ဂမ္ဘီရဆန်သောဖြစ်ရပ်များ၊ ဖတ်စရာ ဂမ္ဘီရဝတ္ထုများ၊ သုတ/ရသ ဖြစ်ရပ်ဆန်းကြယ်နှင့်လျှို့ဝှက်အပ်သော ပညာရပ်ဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများကို တစ်အုပ်ထက် တစ်အုပ် ပိုမိုကောင်းမွန်အောင် အစဉ်အမြဲ ပြောင်းလဲတင်ဆက်ပါမည်။

ကိုမိုး(တောင်ကြီး)

ဆဋ္ဌမအာရုံမဂ္ဂဇင်း(အယ်ဒီတာချုပ်)



www.burmeseclassic.com

www.burmeseclassic.com

ဆဋ္ဌမအာရုံ မဂ္ဂဇင်း

ပုံနှိပ်မှတ်တမ်း

အယ်ဒီတာချုပ်
ကိုမိုး(တောင်ကြီး)

အကြံပေးအယ်ဒီတာ
ဦးငွေစိုး၊ ဒေါက်တာမီ

အမှုဆောင်အယ်ဒီတာအဖွဲ့
နွေသင်နိုင်၊ ဝေယံမိုး၊ မိုးထက်မြင့်

အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးမှူး
ဒေါ်ဖြေဖြေလှိုင်

ထုတ်ဝေသူ
ကိုမိုး(တောင်ကြီး) {(၀၀၅၀၈)}

ပုံနှိပ်သူ
ဦးကျော်သင်း {(၀၀၆၂၆)}
(သံလွင်ဦးပုံနှိပ်တိုက်)


မျက်နှာဖုံးဒီဇိုင်းနှင့် လိုဂို
အောင်မိုး

ပန်းချီသရုပ်ဖော်
ရဲရင့်နိုင်၊ ဖိုးအောင်၊ လှသစ်အောင်

ကွန်ပျူတာ
ဆဋ္ဌမအာရုံပိုင်းတော်သားများ

ဖြန့်ချိရေး
ဆဋ္ဌမအာရုံစာပေတိုက်
အမှတ် (၁၇၀ - ၁၇၂)၊ ဒုတိယထပ်၊ လမ်း(၅၀)အထက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၀ ၅၀ ၁၆၀၊ ၀၉ ၇၃၁ ၇၆၆၅၀။
တန်ဖိုး - ၂၀၀၀ကျပ်





www.burmeseclassic.com



# အစွမ်းထက်မြက်တဲ့ ထီပေါက်ဂါထာ




ရှေးကျမ်းရင်းတစ်စောင်မှာ ဖော်ပြထားပြီး အစွမ်းထက်မြက်တဲ့ ထီပေါက်ဂါထာ ဖြစ်ပါတယ်။ ဂါထာရဲ့ အဓိပ္ပါယ်အတိုချုပ်က . .

"ဗုဒ္ဓမြတ်စွာဘုရားရှိစဉ်က
ကောဏ္ဍဝေန မထေရ်ကြီးသည်
ပထမစာရေးတံမဲကို
အမြဲတမ်း ပေါက်ခဲ့၏ ။
ထို့အတူ ကျွန်ုပ်သည်လည်း
ဤသို့ ဖြစ်ရပါစေသတည်း" ဟု ဆိုထားပါတယ်။

ရှေးဟောင်းပေစာတစ်ခုထဲမှာလည်း ဒီဂါထာရဲ့ အစွမ်းကို အထူး အစွမ်းထက်မြက်ကြောင်း ဖော်ပြထားတာကို တွေ့ရပါတယ်။ အခုဂါထာကို ဆဋ္ဌမအာရုံ ပရိသတ်တွေအတွက် စေတနာ ရှေ့ထားလို့ ဖော်ပြပေး လိုက်ရပါတယ်။

ဂါထာကို မဖော်ပြမီမှာ အရင်ဆုံး ထီပေါက်ချင်တယ်ဆိုရင် သင် ဟာ ကိုးကွယ်ရာ ဘာသာရဲ့ သီလကို ဆောက်တည်ရပါလိမ့်မယ်။ ဂါထာ မန္တန်တွေရဲ့ အစွမ်းဆိုတာ ရွတ်ဖတ်နိုင်မှုအစွမ်း၊ ကိုယ့်ရဲ့ ကိုယ်ကျင့်တရား၊ စိတ်စွမ်းအားတို့အပေါ်မှာ မူတည်ပြီး အစွမ်းထက်မြက်မှုက တစ်ယောက်





နဲ့ တစ်ယောက်မတူဘဲ ပိုနိုင်၊ လျော့နိုင်တာ ရှိပါတယ်။

ဒီဂါထာကို သင်ဟာ ရွတ်ဖတ်ပြီး ထီပေါက်ချင်တယ်ဆိုရင် လိုက်နာရမယ့် အချက်တွေတော့ ရှိပါတယ်။ လွယ်လွယ်တော့ ရနိုင်ပါဘူး။

လိုက်နာရမယ့် (၃)ချက်က -

၁) ဒီဂါထာကို တစ်နေ့ အနည်းဆုံး (၁၀၈)လုံး ပုတီးတစ်ပတ်ရအောင် စိပ်ရပါလိမ့်မယ်။ နေ့စဉ် မပျက်မကွက် စိတ်ရမှာ ဖြစ်ပါတယ်။

၂) ပုတီးမစိပ်မီမှာ ကိုးကွယ်ရာဘာသာရဲ့ ဘုရားသခင်ရှေ့မှာ သီလကို ဦးဆုံး ဆောက်တည်ပါ။

၃) နောက်ဆုံးအချက်ကတော့ ဒီဂါထာကို နေ့စဉ်မှန်မှန်စိပ်သွားပြီး လစဉ်ထီထိုးပေးပါက (၆)လအတွင်း ထီပေါက်နိုင်ပါတယ်။

## အစိုးထိုက်တန်သော "ထီပေါက်ဂါထာ

"တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ
ဘိက္ခုနံ ပထမံ သလာကံ
ဂဏှန္တာနံ ယဒိဒံ ကောဏ္ဍဓာနော
တေန သစ္စ ဝဇ္ဇေ ဇဝံမေဟောတု"
ရှားပါးပြီး အစိုးမဖြတ်နိုင်တဲ့ ဗုဒ္ဓဘာသာ ဂါထာတစ်ပုဒ်ပါ။

အားလုံးပဲ ထီပေါက်ကံကို ဆွတ်ခူးနိုင်ကြပါစေ၊ သိန်းဆုတွေ ပေါက်ကြပါစေ၊ အမျိုးတစ်ယောက်ကတော့ ဒီဂါထာရွတ်ပြီး သိန်းဆုအမှန် တကယ် ပေါက်သွားတာကြောင့် ဒီဂါထာကို ဖော်ပြရခြင်း ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



# လပြည့်ညနှင့် မော်နင်းဆီပန်းအစီအရင်



ချစ်သူရဲ့အချစ်တွေခိုင်မြဲစေဖို့ စီရင်တဲ့ အချစ်စွမ်းအားပြည့် မော် အစီအရင်ဖြစ်ပါတယ်။ ဒီအစီအရင်မှာ အနီရောင်နှင်းဆီပန်း၊ အနီရောင် ဖယောင်းတိုင်တို့ကို အဓိက စီရင်အသုံးပြုရမှာ ဖြစ်ပါတယ်။

ကာဝေတို့ရဲ့အစီအရင်တစ်ခုဖြစ်ပြီး နည်းဥပဒေသအဖြစ် လိုက် နာရမှာကတော့ ကိုယ် ဒီလိုစီရင်တာကို ဘယ်သူမှ မသိစေဖို့ ဖြစ်ပါတယ်။ ဒါဟာဆိုရင် မိမိနှစ်သက်သူကို မိမိအပေါ် ချစ်ခင်လာအောင် ဆွဲဆောင် ခြင်းသာ ဖြစ်ပါတယ်။

အစီအရင်အတွက် လိုအပ်တဲ့ပစ္စည်းများကတော့ -

၁) အနီရောင် ဖယောင်းတိုင်သုံးတိုင်
၂) အနီရောင် နှင်းဆီပန်း နှစ်ပွင့်
၃) အနီရောင် အပ်ချည်ကြိုး အရှည်
၄) ချစ်သူရဲ့ဓာတ်ပုံ (သို့မဟုတ်)

ချစ်သူကိုင်ဆောင်တဲ့ မိန်းကလေးဖြစ်ရင် ကာလစ်၊ ဆံထိုး၊ ရင် ထိုး၊ လက်ကိုင်ပုဝါ၊ ယောကျ်ားလေးဖြစ်ရင် ဟန်းချိန်း၊ ပိုက်ဆံအိတ်တို့ ရ ပါတယ်။








လိုအပ်တဲ့ပစ္စည်းများရပြီ ဆိုရင် အစီအရင်အတွက် သင် စတင် လုပ်ဆောင်ရမှာက စက္ကူဝိုင်း တစ်ခုကို အရင်ဆွဲပါ။ အထဲမှာ ဖဲကြိုး အနီရောင်နဲ့ စက်ဝိုင်းအသေး တစ်ခု ထပ်လုပ်ပါ။ အဲဒီစက်ဝိုင်းအသေး အပြင်ဘက်ကမှ နှင်းဆီပန်း တစ် ပွင့်မှ ပွင့်ဖတ်(၈)ခုကို စက်ဝိုင်းပုံ သဏ္ဍာန် ထပ်မံ ဝန်းရံ ပေးရပါမယ်။

အနီရောင်ဖယောင်းတိုင် (၃)တိုင်ကိုတော့ စက်ဝိုင်းအကြီးရဲ့ အတွင်းဘက် စက်ဝိုင်းထိပ်နားမှာ ထွန်းညှိပါ။ စက်ဝိုင်းအကြီး၊ အနီရောင် ဖယောင်းတိုင်၊ နှင်းဆီပွင့်ဖတ် စက်ဝိုင်း၊ ဖဲကြိုး အနီရောင်နဲ့ လုပ်ထားတဲ့ စက်ဝိုင်းအသေးတို့ ဝန်းရံနေတဲ့ အတွင်းထဲမှာမှ ကိုယ့်ချစ်သူရဲ့ဓာတ်ပုံ (သို့မဟုတ်) ချစ်သူသုံးတဲ့ ပစ္စည်း တစ်ခုခုနဲ့ ကျန်ရှိနေတဲ့ နှင်းဆီပန်းတစ်ပွင့်တို့ကို ထည့်ပါ။

ပြီးရင် ကိုယ့်စိတ်အာရုံကို အစီအရင်အပေါ်မှာ အပြည့်အဝထား ပြီး ရွတ်ဆိုရမှာကတော့ -

" ကျွန်ုပ်(ကျွန်မ) အလွန်ချစ်ရသောသူ
သင်(နာမည်) အဝေးကို ထွက်သွားမှာ စိုးပါတယ်
အခုပဲ ကျွန်ုပ်ရဲ့အတွင်းသဏ္ဍာန်ထဲသို့




အချစ်ရဲ့ခွန်အား၊ ကူညီမှိုင်းမှုတို့ရဲ့ ခွန်အားများကို ဆောင်ယူလိုက်ပါပြီ။

ကျွန်ုပ်တို့ရဲ့ ဆက်နွယ်မှုကို ခိုင်မြဲစေလိုပါတယ်။

www.burmeseclassic.com





ကျွန်ုပ် တောင်းဆိုတဲ့ ချစ်ခြင်းမေတ္တာနဲ့ ကူညီ မှိုင်းမှုတွေကြောင့် သင့်ကို ကျွန်ုပ် ပိုင်ဆိုင်ပါရစေ" လို့ ဆိုပါ။

ဒီလို ရွတ်ဆိုပြီးတဲ့အခါမှာ ကိုယ့်ချစ်သူဟာ ကိုယ့်ရဲ့ အချစ်စက်ဝန်းထဲကနေ ရုန်းထွက် မရအောင် ဖြစ်နေပြီလို့ အာရုံ ခံစားပေးပါ။

သူဟာ ကိုယ့်စိတ်ထဲမှာ ဘယ်လိုမှ ကိုယ့်ရင်ခွင်ထဲက မလွတ်နိုင်တော့ဘူးလို့စိတ်ထဲမှာလည်း ခံစားရပြီ၊ ထွန်းညှိထားတဲ့ အနီရောင် ဖယောင်းတိုင်တွေလည်း အကုန် မီးငြိမ်းကုန်ပြီဆိုတော့မှ အစီအရင်ဟာ ပြီးမြောက်မှာ ဖြစ်ပါတယ်။

ပြီးရင်တော့ နင်းဆီပွင့်ဖတ်နဲ့ သူ့ဓာတ်ပုံတို့ကို ကိုယ့်ရဲ့ ဘီဒိုထဲ ကိုယ်ဝတ်ဆင်နေတဲ့ အဝတ်အစားတွေနဲ့အတူ ထည့်သိမ်းဆည်းထားလိုက်ပါ။ ပြီးရင် ဓာတ်ပုံနဲ့ အနီးကပ်ထားရှိခဲ့တဲ့ တစ်ပွင့်ထဲသော နင်းဆီပန်းပွင့်လေးကို သင့်ချစ်သူထံကို လက်ဆောင်သွားပေးရမှာပဲ ဖြစ်ပါတယ်။

အဲဒီလို သွားပေးတဲ့နေရာမှာ သူက လက်ခံလိုက်ပြီဆိုရင်တော့ သင့်အစီအရင်ဟာ လုံးဝဥဿုံ အောင်မြင်သွားပါပြီ။ လက်မခံခဲ့ဘူးဆိုရင်တော့ သင့်အစီအရင်ဟာ မအောင်မြင်ပါ။ နောက်ထပ် လပြည့်ညမှာ နောက် တစ်ကြိမ် ဆက်လုပ်ခွင့်ရှိပေမယ့် နှစ်ကြိမ်ပြီးရင်တော့ ဒီအစီအရင်ကို ဆက်လုပ်ခွင့် မရှိတော့ပါဘူး။







## မှော်ဝင်ဘောလုံးနဲ့ ချစ်အဖြေသိစေတဲ့နည်းလမ်း



တစ်ခါတရံမှာ ကောင်လေးနဲ့ ကောင်မလေးတို့နှစ်ဦးဟာ တစ်ဦးနဲ့ တစ်ဦး အိမ်နွေတွေကြီးပြီး ချစ်အဖြေသိရဖို့အတွက် အစက်တွေ့နေတတ်ကြပါတယ်၊ ဒီ့အတွက် မပူပါနဲ့၊ ချစ်အဖြေသိရဖို့အတွက် အထူး အစွမ်းထက်တဲ့ မှော်အစီအရင်ရှိပါတယ်။

ဥပမာအားဖြင့် ကောင်မလေးက ချစ်နေရဲ့သားနဲ့ ကောင်လေးက ဖွင့်မပြောသေးတာမျိုးဆိုရင် သုံးနိုင်သလို၊ ကောင်လေးက ကောင်မလေးကို ချစ်အဖြေတောင်းထားပါရဲ့နဲ့ အမျိုးမျိုးအကြောင်းပြ ဆိုင်းငံ့ထားတဲ့ အခါတွေမှာ ဒီအစီအရင်ကို အသုံးပြုနိုင်ပါတယ်။

မှော်ဝင်ဘောလုံးလေးတစ်လုံး ဖန်ဆင်းပြီး ဆောင်ရွက်ရမှာ ဖြစ်ပါတယ်၊ သင့်မှာ စိတ်စွမ်းအားတွေ ရှိဖို့တော့ လိုအပ်ပါတယ်။ ဒီလိုစွမ်းအားတွေရှိနိုင်ဖို့ တရားထိုင်ပေးခြင်း၊ တည်ငြိမ်တဲ့စိတ်ကို တည်ဆောက်ခြင်း စသည်တို့ကို လေ့ကျင့်ထားဖို့တော့ လိုအပ်ပါတယ်။

မှော်အစီအရင်ဖြစ်တဲ့အတွက် လပြည့်ညမှာ ပြုလုပ်ရပါမယ်၊ နေ့ရက်က သောကြာနေ့ ဖြစ်ရပါမယ်၊ အစီအရင်အတွက် အဓိက လိုအပ်တဲ့ ပစ္စည်းကတော့ အနီရောင် ရာဘာဘောလုံးလေးဖြစ်ပါတယ်၊

ဒီအနီရောင် ရာဘာဘောလုံးလေးကို မှော်ဘောလုံးလေးဖြစ်



www.burmeseclassic.com

www.burmeseclassic.com





အောင် ဖွမ်းအင်သွင်းရမှာ ဖြစ်ပါတယ်။ အနီရောင်ဘောလုံးလေးကို ထက် အောက်ကစားပြီး သင်ဟာ ရေ၊ မြေ၊ လေ၊ မီးတို့ကို တိုင်တည် တောင်းဆို ရမှာ ဖြစ်ပါတယ်။

အစီအရင်အတွက် ရွတ်ဆိုရမယ့် စာသားတွေ -

"မြေပြင်မှ ဝေဟင် .. မြေပြင်မှ ဝေဟင်

ငါဟာ ဒီမှော်ဘောလုံးလေးကို အကြိမ်ကြိမ် ပုတ်လိုက်တယ်။ နင် ငါ့ကို သဘောကျလား၊ နင် ငါ့ကို ချစ်သလား၊ ဒီအဖြေသိရဖို့ ငါလိုတယ်၊

မြေကြီး၊ လေထု၊ ရေနဲ့ မီးကို တိုင်တည်ပါတယ်၊

ငါ့ရဲ့ဘောလုံးလေး အမြင့်ကို အကြိမ်ကြိမ်ဆန်တက်ပြီး

အချစ်မှော် စီးဝင်လာပါစေ၊ ခွန်အားပါဝါတွေ ဝင်လာပါစေ၊

အဖြေတစ်ခု သိရဖို့အတွက် အချိန်ကျပြီ" လို့ ရွတ်ဆိုပါ။



နောက်ဆုံးစာသားဖြစ်တဲ့ "အဖြေတစ်ခု သိရဖို့အတွက် အချိန်ကျပြီ" ဆိုတာကို ထပ်ခါ ထပ်ခါ ရွတ်ဆိုပေးပါ။ အကြိမ်ရေ မကန့်သတ်ထားပါဘူး။ ကိုယ့်စိတ်ထဲရှိသလောက် ရွတ်ဆိုနိုင်ပါတယ်။

ရွတ်ဆိုနေစဉ်မှာ ရာဘာဘောလုံးအနီလေးကိုလည်း အကြိမ်ကြိမ် ပုတ်ပါ။







ရွတ်ဆိုတာကို ကိုယ့်အနေဖြင့် အဆုံးသတ်သင့်ပြီလို့ ထင်မှတ်ချိန်မှာ ရပ်လိုက်ပြီး နောက်ထပ် တိုင်တည်မှု တစ်ခုကို ထပ်ရွတ်ရပါမယ်။

"ဒီအရာဟာ ဘယ်သူ့ကိုမှ အန္တရာယ်မရှိစေဘဲ

ဒီအစီအရင် ပြီးရမယ်၊

အခုအလုပ် အောင်မြင်ပါစေ၊

ဒီအစီအရင်ဟာ ပြောင်းပြန်ဆန်ခတ်မဖြစ်ဘဲ

ငါ့အပေါ် ဘာကျိန်စာမှလည်း မကျရောက်ပါစေနဲ့၊

ငါ့ဆန္ဒအတိုင်း ဖြစ်ရပါစေ" လို့ ရွတ်ဆိုပေးပါ။

ပြီးရင်တော့ သင့်ရဲ့အစီအရင်ဟာ အောင်မြင်စွာ ပြီးဆုံးပါပြီ။ ရက်ပေါင်း(၃၀)အတွင်းမှာ သင်လိုချင်တဲ့ အဖြေမရခဲ့ရင် နောက်တစ်ကြိမ် လပြည့်ညမှာ ထပ်လုပ်နိုင်ပါတယ်။

ဒီအစီအရင်ကို သုံးကြိမ်၊ သုံးခါ လုပ်ဆောင်နိုင်ပါတယ်။ အများစုကတော့ ပထမတစ်ခါမှာပဲ မိမိသိရှိလိုတဲ့ ချစ်အဖြေရခဲ့ပါကြောင်း ဖော်ပြလိုက်ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



## ညို့မျက်ဝန်းနဲ့ မှော်ဓာတ်သွင်း အစီအရင်



ယောကျာ်းလေးတွေဘက်မှာ ကိုယ်ကြိုက်နေတဲ့ မိန်းကလေးကို ကြိုက်နစ်သက်ကြောင်း ဖွင့်ဟပြောခွင့်ရှိပေမယ့် မိန်းကလေးဘက်မှာတော့ ဒီအခွင့်အရေးမျိုး မရှိပါဘူး။

ဒီလို အခွင့်အရေးနည်းပါးလှတဲ့ မိန်းကလေးမျိုးတွေအတွက် အလွန် အစွမ်းထက်မြက်လှတဲ့ မန္တန်စာသားရွတ်ဆိုရသော ညို့မျက်ဝန်းနဲ့ မှော်ဓာတ်သွင်း အစီအရင် ဖြစ်ပါတယ်။

မန္တန်ကို ကိုယ်နစ်သက်နေတဲ့ ကောင်လေးနဲ့ မျက်လုံးချင်းဆုံလာအောင်ကြည့်ပြီး စိတ်ထဲကနေ ခံစားမှုအပြည့်နဲ့ ရွတ်ဆိုရမှာ ဖြစ်ပါတယ်၊ အစီအရင်အတွက် လိုအပ်တဲ့ ပစ္စည်းကတော့ သင်နစ်သက်နေတဲ့ ကောင်လေးရဲ့ ဓာတ်ပုံဖြစ်ပါတယ်။

ဒီအစီအရင်ကို (၅)ရက်တိုင်တိုင် ပြုလုပ်သွားရပါလိမ့်မယ်။ အစီအရင်မလုပ်ခင် သူ့ဓာတ်ပုံကို ကိုယ့်အိပ်ရာထဲယူပြီး ဓာတ်ပုံထဲက ကောင်လေးရဲ့မျက်လုံးတည့်တည့်ကိုကြည့်ပြီး ဖော်ပြထားတဲ့ မန္တန်စာသား ရွတ်ဆိုပေးရပါမယ်။ ရွတ်ဆိုရမယ့် မန္တန်စာသားကတော့ -

"ငါ မင်းကို သဘောကျတယ်။







မင်းလည်း ငါ့ကို သဘောကျနေပါတယ်၊

ငါဟာ လိပ်ပြာလေးလို ပျံသန်းပါရစေ၊

ပျားပိတုန်းလို ငါ့ကို တုတ်နှောင်ပါ၊

ရက်ရှည်မနေပါနဲ့၊ ထွက်လည်း မပြေးပါနဲ့၊

(ငါ့ကို ချစ်ခွင့်လာတောင်းပါ) ၃ ကြိမ်

ဒီအတိုင်း ဖြစ်ပါစေ"

လို့ စိတ်ဆန္ဒအပြည့်နဲ့ ရွတ်ဆိုပေးပါ။

သင့်အိမ်မှာ (၃)ညတိုင်တိုင်လုပ်ပြီးတော့မှ တနလာ်နေ့မှ သောကြာနေ့အထိ သူနဲ့ မျက်လုံးချင်းဆုံအောင်ကြည့်ပြီး ကိုယ့်စိတ်ထဲက နေ ဖော်ပြထားတဲ့ မန္တန်စာသားကို ရွတ်ဆိုပေးပါ။

အလွန်အစွမ်းထက်လှပါတယ်။ လုပ်ဆောင်ကြည့်ပါ၊ တစ်လအတွင်း သင့်ဆီကနေ ချစ်အဖြေကို တောင်းခံလာပါလိမ့်မယ်၊ အစအစီအရင်ကို ကချော်ကပျက် လုံးဝမလုပ်ပါနဲ့၊ လုပ်ရင် သင်ဟာ ဒီကောင်လေးဆီက အချစ်ကို ဘယ်တော့မှ ရတော့မှာ မဟုတ်ပါဘူး။

လိုက်နာရမယ့် အချက်တွေကတော့ သင်ဟာ သူ့အပေါ် အချစ်စိတ် အပြည့်အဝရှိရမယ်၊ ဒီအစီအရင်ဟာ အလွန် အစွမ်းထက်မြက်တယ်လို့လည်း ယုံကြည်ထားရမယ်၊ အစီအရင်ရဲ့အစွမ်းထက်မြက်မှုကြောင့် သင့်ဆီကို ကောင်လေးက ချစ်အဖြေတောင်းခံလာမယ်လို့ ခံယူထားရပါမယ်၊ ဒါမှသာ သင်လိုချင်တဲ့ဆန္ဒဟာ ပြည့်ဝမှာ ဖြစ်ကြောင်း ဖော်ပြလိုက်ရပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



# လိုအင်ဆန္ဒကို အဖြေပေးမယ့် မှော်နည်းလမ်း



ယုံကြည်သူတွေအတွက် အလွန် ထူးခြားပါတယ်။ အလွန်တရာ ဆန်းကြယ်ပြီး အစွမ်းထက်မြက်တဲ့ မှော်အစီအရင်တစ်ခုပါပဲ။ ကိုယ်ဖြစ်ချင်တဲ့ ဆန္ဒရဲ့အဖြေမှန်ကို ဗေဒင်သွားမေးနေစရာမလိုဘဲ ကိုယ့်အိမ်မှာတင် ယုံကြည်စွာ ပြုလုပ်နိုင်ပါတယ်။

လိုအပ်တဲ့ ပစ္စည်းများကတော့ -

- ဟင်းချက် စတီးအိုးတစ်လုံး
- ရေ
- လက်ကိုင်ပါတဲ့ ကြည့်မှန်တစ်ချပ်တို့ ဖြစ်ပါတယ်။

ဟင်းချက်စတီးအိုးကို အသစ်ဝယ်ယူနိုင်ရင် ကောင်းပါတယ်။ လက်ကိုင်ပါတဲ့ ကြည့်မှန်ကတော့ ကိုယ်အမြဲတမ်း အသုံးပြုတဲ့ ကြည့်မှန်ဖြစ်ဖို့ လိုပါတယ်။ လိုအပ်တဲ့ ပစ္စည်းများရပြီဆိုရင် -

**အဆင့်-၁)** ကိုယ့်အခန်းထဲမှာ အစီအရင်လုပ်ဖို့အတွက် သီးသန့် စားပွဲငယ်တစ်လုံး ရှိနေပါစေ။

**အဆင့်-၂)** အစီအရင်စားပွဲကို ဒီအစီအရင်လုပ်ဖို့အတွက် ပြင်ဆင်ပါ။ အစီအရင်လုပ်ဆောင်ရာမှာ အနှောင့်အယှက်မရှိဖို့အတွက် စည်း







ဝိုင်း တစ်ခုတားပါ။ ဒီစည်းဝိုင်းဟာ သင့်အတွက် အကာအကွယ်လို့ သတ်မှတ် ယုံကြည်ပါ။

**အဆင့်-၃)** ကိုယ့်ရဲ့အစီအရင် စားပွဲပေါ်မှာ ရေဖြည့်ထားတဲ့ ဟင်းချက်စတီးအိုးကို တင်ပါ။ ပြီးရင် မိမိရဲ့လက်နှစ်ဖက်ကို ရေအိုးရဲ့တစ်ဖက်၊ တစ်ချက်စီမှာ လက်ဖဝါး အပြားလိုက် မှောက်ချထားပါ။

**အဆင့်-၄)** စိတ်တည်ငြိမ်စွာနဲ့ မျက်စိကိုမှိတ်လိုက်ပြီး ကိုယ့်အနာဂတ်နဲ့ သက်ဆိုင်တဲ့ မေးခွန်းတစ်ခုကိုသာ မေးပါ။ ကိုယ်ကြိုက်တာကို မေးနိုင်ပါတယ်။ ကိုယ်ဖြစ်ချင်တဲ့ ဆန္ဒတစ်ခုကိုသာ ဖြစ်မလား၊ မဖြစ်ဘူးလားဆိုတာ မေးပါ။

**အဆင့်-၅)** အာရုံပြု မေးပြီးပြီဆိုရင် လက်ဖဝါးနှစ်ဖက်ကို မှောက်လျက်ကနေ ပြန်လှန်လိုက်ပြီး -

"ငါ သိချင်နေတဲ့ မေးခွန်းကို<br>
တင်လိုက်ပါပြီ။<br>
ရေတွေ . . ရေတွေ . .<br>
ငါ့အတွက် နတ်မျက်စိ ဖြစ်ပါစေ။<br>
ငါ့ရဲ့ အနာဂတ်ကို ပြပါ။<br>
ငါလိုချင်တဲ့ အဖြေပေါ်လာပါစေ" လို့ ရွတ်ဆိုပါ။

**အဆင့်-၆)** ကိုယ်အမြဲအသုံးပြုနေတဲ့ လက်ကိုင်ပါ ကြည့်မှန်လေးကို မိမိ ရင်ဘတ်ရဲ့ဘယ်ဘက်(နှလုံးသားရှိတဲ့ နေရာ)မှာ လက်နှစ်ဖက်နဲ့ ဖိကပ်ထားလိုက်ပါ။

**အဆင့်-၇)** ကိုယ်သိချင်နေတဲ့ မေးခွန်းကို ထပ်မေးပါ။

**အဆင့်-၈)** ပြီးရင် ကြည့်မှန်လေးကို ရေထည့်ထားတဲ့ စတီးအိုးထဲ



www.burmeseclassic.com

www.burmeseclassic.com





ထည့်လိုက်ပါ။

အဆင့် - ၉) ကိုယ့်ရဲ့ကြည့်မှန်လေးကို မှန်မျက်နှာပြင် အပေါ်မှာထားပြီး အိုးထဲကို ထည့်ပါ။

ထည့်ပြီးပြီဆိုရင် -

"ကဲ . . ကျွန်ုပ် အနာဂတ်အတွက် မေးခွန်းတင်လိုက်ပါပြီ။ နစ်ကြိမ်မြောက် ဖြစ်ပါတယ် . . မှန်လေးရေ . . မှန်လေး ရေ" လို့ ခေါ်လိုက်ပါ။ ပြီးရင် -

"ကျွန်ုပ်အတွက် လမ်းပြပေးပါ။ အနာဂတ်ကို ဖော်ထုတ်ပေးပါ။ ထက်လမ်းတို့ ပြသပါ" လို့ ရွတ်ဆိုပါ။

အဆင့် - ၁၀) မိမိအစီအရင်လုပ်ထားတဲ့ စည်းရဲ့အပြင်ဘက်ကို ထွက်လိုက်ပါ။

အဆင့်-၁၁) ဒီအဆင့်မှာတော့ ရွေးချယ်မှု (၃)မျိုး လုပ်နိုင်ပါတယ်။

(က) အခန်းပြင်ကို ထွက်လိုက်ပါ။ (သို့မဟုတ်) အခြားလူတွေရှိနေတဲ့ နေရာကို ထွက်လိုက်ပါ။

(ခ) တီဗီ ဖွင့်လိုက်ပါ။ ဒါမှမဟုတ် တီဗီလာနေရင် ဘာအစီအစဉ်ဖြစ်ပါစေ၊ လှမ်းကြည့်လိုက်ပါ။

(ဂ) ရေဒီယို (သို့မဟုတ်) ကက်ဆက်တစ်ခုခုကို ဖွင့်လိုက်ပါ။ အဲဒီမှာ ပေါ်လာတဲ့ ရုပ်၊ အသံတို့ကို ကြည့်ပါ။

အဆင့် - ၁၂) ပထမဆုံး ကြားလိုက်ရတဲ့ စကားလုံး (သို့မဟုတ်) ဝါကျ (သို့မဟုတ်) အမှုအရာ၊ အကြောင်းအရာ မြင်ရတဲ့ အရာကို ကိုယ့်မေးခွန်းနဲ့ အဖြေညှိပါ။ ကိုယ်လိုချင်တဲ့၊ ကိုယ်သိလိုတဲ့အဖြေတစ်ခုကို ပေးနေတာ တွေ့ရပါလိမ့်မယ်၊

အဆင့်- ၁၃) နိုင်ငံခြား သွားရမလား မေးထားတယ် ဆိုပါစို့၊ အခန်းအပြင်ထွက်လို့ တစ်ယောက်ယောက်က -







"မသွားရဘူး။ ငါပြောနေတယ်နော် . ." ဆိုတာမျိုး၊ ဒါမှမဟုတ် "ဟဲ့ . . သွားတော့လေ" လို့ ပြောနေတာမျိုး၊ တီဗီထဲမှာ လေယာဉ် ပျံတက်သွားတာမျိုး၊ ကက်ဆက်ကနေ အဝေးရောက် ချစ်သူ သီချင်း လာနေတာမျိုး စသည်ဖြင့် အတိတ်ပေးနေတဲ့ အဖြေတစ်ခုခုကို တွေ့ရပါလိမ့်မယ်။

ကိုယ်ပထမဆုံးမြင်တွေ့ကြားသိလိုက်ရတဲ့ စကားသံ၊ ဝါကျ စသည်တို့ဟာ ကိုယ့်အတွက်အဖြေပါပဲ၊

တစ်ခါတရံမှာ ကိုယ်မေးထားတဲ့ မေးခွန်းနဲ့ ကိုယ်တွေ့မြင်ကြားသိလိုက်ရတာနဲ့ လုံးဝ ဆက်စပ်လို့မရဘူးဆိုရင် ကိုယ့်မေးခွန်းကို ကိုယ်ကြားတဲ့ စကားလုံးက ဘယ်လိုအဖြေပေးနေပါလိမ့်ဆိုတာကို အချိန်ယူစဉ်းစားပါ။

ဥပမာ – နိုင်ငံခြားသွားရမလား ဆိုပြီး မေးထားတာကို အခန်းပြင်ထွက်လိုက်လို့ ကိုယ့်အဖေက ကိုယ့်အမေကို -

"ငါ . . ဒီဟင်း မကြိုက်ဘူး၊ မစားချင်ပါဘူး" ဆိုတာမျိုးဆိုရင် သဘောက ကိုယ်ကသွားချင်ပေမယ့် ကိုယ့်မိဘက သိပ်သဘောမကျဘူးဆိုတာမျိုး ဆက်စပ်တွေးယူလို့ရပါတယ်၊

ဒီမှော်နည်းလမ်းလေးဟာ လွယ်ကူသလို၊ တိကျမှန်ကန်တဲ့ အဖြေကိုလည်း ပေးစွမ်းနိုင်ပါတယ်။ ယုံကြည်မှု အပြည့်ရှိထားဖို့တော့ အထူးလိုအပ်ပြီး မေးပြီးရင် အဖြေကို ဖော်ထုတ်ယူပါ။

ဒါပေမယ့် အဓိကသော့ချက်က 'တစ်ပတ်မှာ တစ်ကြိမ်၊ အရေးကြီးကိစ္စတစ်ခုကိုသာ မေးမြန်းခွင့်ရှိပါတယ်၊ မေးပြီးရင်လည်း အဖြေကို မတွေ့တွေ့အောင် ရှာပါ။ သင့်ကို အဖြေပေးထားပါလိမ့်မယ်၊



www.burmeseclassic.com

www.burmeseclassic.com



# ရှစ်ဂလာန်းရဲ့ ပါဝါစွမ်းအားဖြင့် စိတ်ဖတ်ခြင်း



လူတစ်ယောက်ရဲ့အတွေး စိတ်ကူးထဲမှာ ဘာတွေကြံစည်နေသလဲဆိုတာ သိနိုင်ဖို့ သာမန်လူတစ်ယောက်အတွက်က ခက်ခဲပါလိမ့်မယ်။ ဒါကြောင့် လူ့စိတ်ကို ဖတ်နိုင်၊ သိနိုင်ဖို့ဆိုတာ အလွန်ခက်တယ်လို့ ဆိုကြပါတယ်။

ဒါပေမယ့် မှော်အတတ်ကို တတ်မြောက်ထားသူတွေကတော့ လူ့စိတ်ကို ဖတ်ရှုသိရှိနိုင်ပါတယ်။ ဒါကလည်း ပညာရပ်တစ်ခုပါပဲ။ ဒါပေမယ့် တော်ရုံစွမ်းအားနဲ့တော့ မရနိုင်ပါဘူး။ မှော်စွမ်းအားပါဝါကို အပြည့်အဝ အသုံးချတတ်သူမှ ရပါလိမ့်မယ်။

ဒီအစီအရင်မှာ သတိပြု လိုက်နာရမယ့်အချက်တွေလည်း ရှိပါတယ်။ (၁)အချက်က ဒီအစီအရင်ကို လုပ်ကြည့်တဲ့အခါမှာ မဖြစ်ဘူး၊ မရဘူးဆိုတာနဲ့ လက်မလျှော့သင့်ပါဘူး။ (၂)ချက်က ကိုယ်က သူ့စိတ်ကို ဖတ်နိုင်ပြီး သူ ဘာကြံစည်နေတယ်ဆိုတာကို ဘယ်တော့မှ သူ့ကို သွားမပြောဖို့ပဲ ဖြစ်ပါတယ်။

ဒီအချက်တွေကို မလိုက်နာဘူးဆိုရင် သင်ဟာ ဘယ်တော့မှ စိတ်ဖတ်ခြင်းအတတ်ပညာကို ရမှာ မဟုတ်တော့ပါဘူး။ သတိပြုဖို့ပါ။







တဲ..စတင်ပြီး သူတစ်ပါးရဲ့စိတ်ထဲမှာ ဘာတွေ ကြံစည်နေသလဲဆိုတာ သိဖို့ ကိုယ်စိတ်ဖတ်ချင်သူကို ပထမဆုံး ရွေးချယ်ပါ။

ရွေးချယ်ပြီးပြီဆိုရင် အဲဒီလူလုပ်သမျှကို စေ့စေ့စပ်စပ် သတိပြုပြီး လိုက်ကြည့်ပါ။ သူနဲ့ ပတ်သက်တဲ့ အရာတွေကို လေ့လာပါ။ သူ့ရဲ့လှုပ်ရှားမှု၊ စိတ်ခံစားမှုတွေကို ကိုယ့်စိတ်ထဲမှာ ပုံဖော်ကူးယူနိုင်တဲ့အထိ ကြိုးစားပါ။

ကိုယ့်စိတ်ထဲမှာ သူ့ရဲ့လှုပ်ရှားမှု၊ အကျင့်စရိုက်၊ ခံစားမှုတွေကို နက်နက်နဲနဲ တွေးနိုင်ပြီ၊ စဉ်းစားနိုင်ပြီ၊ အားလုံး ကော်ပီကူးယူနိုင်ပြီဆိုရင် အစီအရင်ရဲ့ပထမအဆင့်ကို စတင်ပါမယ်။

ပထမဆင့်မှာ စတင်ပြီး သူ့ကို ကိုယ့်စိတ်ထဲမှာ ပုံပေါ်လာအောင် လုပ်နိုင်ပြီဆိုရင် -

"အိုး !..တန်ဖိုးမဖြတ်နိုင်တဲ့
ကျွန်ုပ်ကို စောင့်ရှောက်နေတဲ့
ထက်၊ အောက်ပုဂ္ဂိုလ်များ ခင်ဗျား
ကျွန်ုပ်က သိချင်နေတဲ့လူဟာ
ဘာတွေကိုများ သူမြင်နေသလဲ၊
သူမြင်နေတဲ့အရာတွေကို ကျွန်ုပ်လည်း
သူနဲ့ ထပ်တူထပ်မျှ မြင်ပါရစေ၊
သူ တွေ့နေတဲ့ အရာအားလုံးကို၊
ကျွန်ုပ် တွေ့ပါရစေ။
သူ တွေးနေတဲ့ အရာအားလုံးကို



www.burmeseclassic.com

www.burmeseclassic.com





ကျွန်ုပ် တွေးပါရစေ၊

(၈) ရှစ်ဂဏန်းရဲ့ မှော်စွမ်းအားပါဝါကနေ

ဒီအရာတွေကို ပေးစွမ်းပါ" လို့ ရွတ်ဆိုပါ။

ပြီးရင် ကိုယ့်ရဲ့မျက်တောင်ကို တဖျတ်ဖျတ်ခပ်ပေးပါ၊ အကြိမ်ရေက (၁၀)ကြိမ်ဖြစ်ပါတယ်၊ ပြီးတော့မှ မျက်စိကိုမှိတ်လိုက်ပြီး သူ့မျက်လုံးထဲမှာ ဘာတွေမြင်နေသလဲ ဆိုတာကို ကိုယ်လည်း မြင်နိုင်အောင် ကြိုးစားကြည့်ရမှာ ဖြစ်ပါတယ်၊

သူ့မျက်လုံးဟာ ကိုယ့်မျက်လုံးပဲလို့ မြင်နိုင်အောင် ပထမဆုံး စတင်ကြိုးစားပါ၊ ရပြီဆိုရင် ဒုတိယအဆင့်အနေဖြင့် သူ့ရဲ့စိတ်ထဲကို ဝင်ကြည့်ပါမယ်၊

ဒုတိယအဆင့်မှာ ရွတ်ဆိုရမှာကတော့ -

"အိုး !.. တန်ဖိုးမဖြတ်နိုင်တဲ့

ကျွန်ုပ်ကို စောင့်ရှောက်နေတဲ့

ထက်၊ အောက်ပုဂ္ဂိုလ်များ၊ ခင်ဗျား

ကျွန်ုပ်စိတ်ဖတ်ချင်နေသူ (အမည်)ရဲ့

စိတ်အတွေးထဲကို ဝင်ပါရစေ၊

သူတွေးသမျှ အတွေးတိုင်းကို

ကျွန်ုပ် တွေးနိုင်ပါစေ၊

သူမြင်သမျှ အကြံအစည်တိုင်းကို







ကျွန်ုပ်လည်း မြင်ပါရစေ၊

(၈) ရှစ်ဂဏန်းရဲ့မှော်စွမ်းအားပါဝါကနေ

ဒီအရာတွေကို ပေးစွမ်းပါ" လို့ ရွတ်ဆိုပါ၊

အခုအဆင့်မှာ ကိုယ်က သူ့စိတ်ထဲဝင်ကြည့်မယ်ဆိုတော့ ကိုယ့်စိတ်က အထူးတည်ငြိမ်မှုရှိဖို့ လိုအပ်ပါတယ်၊

ဒုတိယအဆင့်မှာ ပထမအဆင့်နဲ့ ကွဲပြားမှုက ကိုယ်စိတ်ဖတ်ချင်သူကို နာမည်နဲ့တကွ ရွတ်ဆိုပေးရမယ်၊ ပထမအဆင့်မှာ ကိုယ်က သူ့မျက်လုံးထဲမှာ ဘာမြင်နေသလဲဆိုတာ မျက်တောင် တဖျတ် ဖျတ်ခပ်ပြီးမှ မျက်စိမှိတ် အာရုံပြုတယ်၊

အခု ဒုတိယအဆင့်မှာတော့ သူ့စိတ်ထဲမှာ ဘာတွေးနေတာလဲ သိရအောင် သူ့စိတ်ထဲအထိ ဝင်ကြည့်တဲ့အဆင့်ဖြစ်ပြီး ရွတ်ဆိုမှုတွေပြီးရင် ကိုယ့်မျက်တောင်ကို ဖြည်းဖြည်းချင်းမှိတ်ပြီးမှ နက်နက်နဲနဲ သူ့စိတ်ထဲ ဝင်နိုင်အောင် အာရုံပြုကြည့်ရမှာ ဖြစ်ပါတယ်၊

၈ ရှစ်ဂဏန်းနံပါတ်ဟာ ကောင်းကင်ဘုံက သုံးတဲ့ နံပါတ်ဖြစ်ပြီး ဘုရားသခင်က တန်ဖိုးထားတဲ့ နံပါတ်၊ အာရုံမြင်နိုင်စွမ်းအားတွေကို ပေးစွမ်းတဲ့ မှော်ဂဏန်းနံပါတ်ဖြစ်ပါတယ်၊ ဒီစွမ်းအားကိုယူပြီးမှ သင်ဟာ သူတစ်ပါးစိတ်ကို ဖတ်နိုင်မှာ ဖြစ်ပါတယ်၊

ဒါတွေ မဖြစ်နိုင်ဘူးလို့ မပြောပါနဲ့၊ ဖြစ်နိုင်လို့၊ တကယ်လုပ်ကြလို့ ဒီအစီအရင်တွေ၊ သူတစ်ပါးစိတ်ကို ဖတ်ရှုခြင်း အတတ်ပညာတွေဆိုတာ ခိုင်မာစွာရှိနေတာ ဖြစ်ပြီး တယ်လီပသီနည်းကို အခြေခံပေးသည့် မှော်အတတ်နဲ့ စိတ်ဖတ်နည်းဖြစ်ပါကြောင်း ဖော်ပြလိုက်ရပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



## လက်သည်းပွင့်ခြင်းနှင့် မှော်အတတ်ပညာ



သင်ဟာ လက်သည်းပွင့်ခြင်းဆိုင်ရာ မှော်အတတ်ပညာကိုလည်း သိရှိထားဖို့ လိုအပ်ပါတယ်။ လက်သည်းပွင့်တာကိုကြည့်နည်းမှန်ဖို့တော့ လိုပါတယ်။ ယောကျ်ားလေးဆိုရင် လက်ယာဘက်လက်ကို ကြည့်ရပါမယ်။ မိန်းကလေးဆိုရင် လက်ဝဲဘက်လက်ကို ကြည့်ရပါမယ်။

လက်သည်းပွင့်ခြင်းနှင့်ပတ်သက်လို့ အကြောင်းအချက်များကတော့ -

၁) လက်မလက်သည်းပွင့်ရင် သူငယ်ချင်း၊ မိတ်ဆွေတို့နဲ့ ကွဲကွာတတ်ပါတယ်။

၂) လက်ညှိုးပွင့်ရင် ချစ်သူရည်းစားနဲ့ ကွဲကွာတတ်ပါတယ်။

၃) လက်ခလယ် လက်သည်းပွင့်ရင် ချစ်သူ၊ ရည်းစားရတတ်တယ်၊ အိမ်ထောင်ကျကိန်းတောင် ကြုံနိုင်ပါတယ်။

၄) လက်သူကြွယ်ပွင့်ရင် သူတစ်ပါးရဲ့ပူဇော်ခြင်းကို ခံရပါတယ်။

၅) လက်သန်း လက်သည်းပွင့်ရင် အနိုင်းအစေ ကျေးကျွန်ရမယ်၊ စိတ်ချမ်းသာမှုတွေ ကြုံပါလိမ့်မယ်။

၆) လက်အရစ်တက်ရင် ကောင်းစားမယ်၊ လေးရစ်၊ ငါးရစ်၊ ခြောက်ရစ်တက်ရင် အထူးကောင်းစား ချမ်းသာမယ်လို့ ဟောကိန်းထုတ်နိုင်ပါတယ်။





# မီးခိုးရောင် လောကီပညာရပ်(၂၅)

ခေတ်သစ်ဇော်ကို

www.burmeseclassic.com

www.burmeseclassic.com



# မီးခိုးရောင် လောကီပညာရပ် (၂၅)



သင်ဟာ အိပ်မက်ထဲမှာ အရောင်အသွေးစုံစုံနဲ့ မြင်နေရတယ်၊ ဒါမှမဟုတ် လေထဲမှာဝဲပြီး ပျံသန်းနေတယ်ဆိုရင် သင်ရဲ့နာမ်ဟာ သက်ရှိခန္ဓာကိုယ်က ထွက်ခွာပြီး ခန္ဓာကိုယ်ရဲ့အပြင်ဘက်က လေဟာနယ်တစ်ခုဖြစ်တဲ့ Astral Plane မှာ ခရီးဆန့်နေတာ ဖြစ်ပါတယ်။

ဒီအရာကို သက်ရှိခန္ဓာကိုယ်ပြင်ပသို့ ထွက်ရှိခြင်း (သို့မဟုတ်) ဝိညာဉ်လွှင့်နည်းလို့ ခေါ်ပါတယ်၊ ကျွန်ုပ်တို့လူသားအားလုံးဟာ အိပ်ပျော်သွားချိန်မှာ ကျွန်ုပ်တို့ရဲ့အသက်ရှူနေတဲ့ ခန္ဓာကိုယ်ကြီးဟာ လုံးဝ အနားရပြီး စိတ်ကတော့ နိုးကြားနေကာ အိပ်ပျော်နေချိန်မှာပဲ နာမ်ဝိညာဉ်ဟာ ခန္ဓာကိုယ်ကနေ ထွက်ခွာပါတယ်။

တစ်ခုသိမှတ်ရမှာက အိပ်ပျော်နေချိန်မှာ သင်ဟာ အိပ်မက်ထဲမှာ အိပ်မက်ကို အရောင်အသွေးစုံစွာနဲ့ မြင်နေရပြီဆိုမှ သင်ဟာ ဝိညာဉ်လွှင့်နေတာ ဖြစ်ပါတယ်။ ဒီလိုမှမဟုတ်ဘဲ အိပ်မက်ဟာ အဖြူအမည်းသာဆိုရင် ဒါဟာ သင်စိတ်စွဲလမ်းပြီးမက်တဲ့ ရိုးရိုး အိပ်မက်မျိုးသာ ဖြစ်ပါတယ်။ ဝိညာဉ်လွှင့်ခြင်းအဆင့် မရောက်သေးဘူး ဆိုတာကို သိရပါမယ်။

※ ကိုယ့်ရဲ့ခန္ဓာကိုယ်ကနေ နာမ်ထွက်ခွာပြီး တခြားတစ်ဖက်မှာ ဘာရှိလဲဆိုတာကို လူတိုင်း သိချင်ကြမှာပါ။ ဒါကို သိချင်လို့ လေ့ကျင့်ပြီး လုပ်နိုင်ခဲ့သူတွေ ရှိသလို၊ မလုပ်နိုင်သူတွေလည်း ရှိပါတယ်။ ဒါပေမယ့် ဝိညာဉ်လွှင့်နိုင်သူများဟာ သူတို့ဝိညာဉ်လွှင့်နိုင်ခဲ့တာကို ဘယ်တော့မှ ထုတ်ဖော်ပြောခြင်း မရှိပါဘူး။



ဒါကြောင့် သင်လည်း ဝိညာဉ်လွှင့်နိုင်ခဲ့ရင် ဒါကို ဘယ်တော့မှ ထုတ်ဖော် မပြောနဲ့ဆိုတဲ့ စည်းကမ်းကို လိုက်နာပါ။

သင်ဟာ ဝိညာဉ်လွှင့်ချင်ရင် အရင်ဆုံး ရှေ့မှာ ဖော်ပြခဲ့တဲ့ အိပ်မက်ကျင့်စဉ်တွေကို ကောင်း ကောင်း လေ့ကျင့်ထားမှသာ ဝိညာဉ်လွှင့်ဖို့အတွက် ထောက်ကူမှုတွေ ရရှိ မှာဖြစ်ပါတယ်။ ကျွန်ုပ်တို့ဟာ အလွယ်ဆုံးနည်းဖြစ်တဲ့ အိပ်မက်ကနေတဆင့် ဝိညာဉ်လွှင့်တဲ့နည်းကိုပဲ အသုံးပြုမှာ ဖြစ်ပါတယ်။

ကိုယ်ခန္ဓာကနေ ထွက်ခွာကြည့်ဖို့ နည်းလမ်းများစွာ ရှိပါတယ်။ အကောင်းဆုံးဆိုတဲ့ နည်းရယ်လို့ မရှိပါဘူး။ ကျွန်ုပ်ပြောချင်တာကတော့ ကိုယ့်အတွက် လုပ်ရလွယ်တဲ့နည်းဟာ ကိုယ့်အတွက် အကောင်းဆုံး နည်းလမ်းဖြစ်ဖို့ပါပဲ။ အခု ဝိညာဉ်လွှင့်နိုင်ဖို့အတွက် အလွယ်ကူဆုံးနဲ့ အကောင်းဆုံးဖြစ်တဲ့ အိပ်မက်ကျင့်စဉ်ကနေတဆင့် သွားလာတဲ့နည်းကို ဖော်ပြပေးလိုက်ပါတယ်။

## ဝိညာဉ်လွှင့်နည်းနှင့် လိုက်နာရမည့်အချက်များ

၁) အရင်ဆုံး သင်ဟာ ဝိညာဉ်လွှင့်ဖို့ စိတ်ကူးထားတယ်ဆိုရင် စိတ်စုစည်းမှု အဆင့်တစ်ခုကို ခိုင်ခိုင်မာမာရအောင် တည်ဆောက်ထားရ

www.burmeseclassic.com

www.burmeseclassic.com





ပါလိမ့်မယ်။ သင့်စိတ်ဟာ ဘယ်ကိုမှ အာရုံရောက်ခြင်းမရှိအောင် ထိန်းချုပ်နိုင်တဲ့ အခြေအနေ ရှိရပါမယ်။ ဆဋ္ဌမအာရုံ အမှတ်စဉ်(၂၃)မှာ ဖော်ပြခဲ့တဲ့ ကိုယ်ရောင် ကိုယ်ဝါရှင်းသန့်ဖို့ နည်းလမ်းများနဲ့ သင့်ရဲ့စိတ်သဏ္ဍာန်ကို အကောင်းဆုံးဖြစ်အောင် တည်ဆောက်ထားပါ။

၂) ဝိညာဉ်လွှင့်နိုင်ဖို့ ကြိုးစားပြင်ဆင်နေချိန်မှာ သင်ဟာ နေ့စဉ်နဲ့အမျှ ကိုယ့်ကိုကိုယ် ခန္ဓာကိုယ်ရဲ့ပြင်ပကိုရောက်သွားတယ်လို့ စိတ်ကူးမြင်ယောင်ထားပါ။ အဲဒီလို စိတ်ကူးမြင်ယောင်မှုဟာ သင့်ရဲ့စိတ်ထဲမှာ တကယ်လို စွဲမြဲနေပြီး ဝိညာဉ်လွှင့်တဲ့အခါမှာ ကူညီမှုတွေ ပေးပါလိမ့်မယ်၊ ဒါဆိုရင် မကြာခင်မှာ သင်ဟာ ဝိညာဉ်လွှင့်နိုင်လာပါလိမ့်မယ်။

၃) ဝိညာဉ်လွှင့်ခြင်း အောင်မြင်ဖို့ဆိုရင် သင်ဟာ လုံးဝ ဖြေလျှော့အနားယူခြင်း Relaxation ကို မကြာခဏ ပြုလုပ်ပေးဖို့ လိုပါတယ်။ သင်ဟာ ဝိညာဉ်လွှင့်ဖို့အတွက် ကြိုးစားမယ်ဆိုရင် ကိုယ့်ပတ်ဝန်းကျင်မှာရှိတဲ့ အလင်းရောင်တွေအားလုံးကို မှိတ်လိုက်ပါ။ အိပ်ခန်းဆိုရင် မီးပိတ်လိုက်ပါ။ ကိုယ့်ကို ဘယ်သူမှ လာမနှောင့်ယှက်တဲ့နေရာဖြစ်ဖို့ လိုပါတယ်။

၄) အိပ်ရာထဲမှာ ကိုယ့်ကိုကိုယ် သက်တောင့်သက်သာ အဖြစ်ဆုံး အနေအထားနဲ့ နေပါ။ ငြိမ်ငြိမ်လေး မလှုပ်မယှက်အနေအထားနဲ့ နေနိုင်းတာ ဖြစ်ပါတယ်။ ကိုယ့်စိတ်နဲ့ ဦးနှောက်ကို လုံးဝ ရှင်းလင်းနေအောင်ထားပါ။

၅) ရုပ်ခန္ဓာကနေ ထွက်ခွာမယ့် နာမ်ဖြစ်တဲ့ သင့်ရဲ့Astral Body







ကို မီးခိုးရောင် ဝတ္ထုပစ္စည်းတစ်ခုလို၊ ကိုယ့်ရဲ့ခန္ဓာကိုယ် ပုံပန်းသဏ္ဍာန်ကို ထင်ဟပ်စေမယ့် အရိပ်တစ်ခုလို့ စိတ်ထဲမှာ သတ်မှတ်ပါ။

ခန္ဓာကိုယ်ကြီး အနားယူတဲ့အခါမှာ တဖြည်းဖြည်း အိပ်ငိုက်လာပြီး အိပ်ပျော်ခြင်းအဆင့် မရောက်ခင် သင်ဟာ အိပ်မက်ကျင့်စဉ်တုန်းကလို ငါ့ဝိညာဉ်ဟာ ခန္ဓာကိုယ်ရဲ့ပြင်ပကို ထွက်နို့ ကြိုးစားနေပြီဆိုတာကို သင့်ရဲ့သိစိတ်မှာ ကပ်နေအောင် အထပ်ထပ် ရေရွတ်ပေးပါ။

၆) ပြီးတော့ သင်အိပ်ပျော်သွားတဲ့အခါ သင့်ရဲ့နာမ်ဟာ ခန္ဓာကိုယ်တနေ တဖြည်းဖြည်း ကြွတက်လာပြီး လေထဲမှာ ပျံ့ဝဲထွက်နေပြီ။ မျက်နှာကျက်မှာ လှုပ်ရှားသွားလာနေပြီလို့ မှတ်ယူပါ။ အဲဒီအချိန်မှာ မျက်စိကို မှိတ်ထားပါ။ စိတ်ကို တင်းကြပ်မထားဖို့ အထူးပဲလိုအပ်ပါတယ်။

၇) သင် မသိလိုက်တဲ့အချိန်မှာ သင့်ရဲ့နာမ်ဟာ ခန္ဓာကိုယ်ပြင်ပကို ထွက်နေပြီး မျက်နှာကျက်မှာ ပျံသန်းနေသလို၊ တချို့လည်း စိတ်အာရုံတွေဟာ လေလှိုင်းလို လွင့်မျောနေတာကို စတင်ခံစားရပါလိမ့်မယ်။ ဒါဆိုရင်တော့ သင့်ရဲ့နာမ်ဟာ ခန္ဓာကိုယ်ပြင်ပကို ထွက်နိုင်ပါပြီ။

၈) ဒီလိုအချိန်မှာ သင့်ရဲ့စိတ်ဟာ မကြောက်လန့်ဖို့၊ တစ်ခုခုကို သိပ်ကြောက်မနေဖို့ လိုပါတယ်။ ဒီလိုမဟုတ်ဘဲ စိတ်က အရမ်းအားငယ်လာပြီး ကိုယ့်မှာ ဘာမှမရှိတော့ဘူး။ အရမ်း ကြောက်လန့်အားငယ်နေတယ်ဆိုရင် ကိုယ့်ခန္ဓာကိုယ်အကြောင်းကို ပြန်တွေးလိုက်ပါ။ ဒါဆိုရင် သင့်ခန္ဓာကိုယ်ထဲကို ချက်ချင်းပြန်ရောက်သွားပါလိမ့်မယ်။

ဝိညာဉ်လွှင့်ချင်တယ်ဆိုရင် သင့်အနေဖြင့် ကြောက်ရွံ့ခြင်းကင်း



www.burmeseclassic.com

www.burmeseclassic.com


ရမယ်၊ ဒီကိစ္စဟာ မဖြစ်နိုင်ဘူးဆိုတဲ့ သံသယကို လုံးဝ မထားရပါဘူး၊ ဝိညာဉ်လွှင့်တာကို ကြောက်ရွံ့နေမယ်၊ မဖြစ်နိုင်ဘူးလို့ ထင်နေမယ်ဆိုရင် သင်ဟာ ဘယ်တော့မှ ဒီအလုပ်ကို အောင်မြင်မှာ မဟုတ်ပါဘူး၊

နောက်တစ်ချက်ကတော့ ဘာသာရေး အစွဲအလမ်းကြီးမားတဲ့ လူမျိုးတွေ ဝိညာဉ်မလွှင့်နိုင်ကြပါဘူး၊ ဝိညာဉ်လွှင့်တာ မသေနိုင်ဘူးဆိုတာကိုတော့ ကျွန်ုပ် အာမခံနိုင်ပါတယ်၊

ကျွန်ုပ်တို့ရဲ့ ရုပ်ကြမ်းခန္ဓာနဲ့နာမ်တို့ကို Silver Cordလို့ခေါ်တဲ့ ငွေကြိုးမျှင်လေးက တွဲချိတ်ထားတယ်ဆိုတာကို ဝိညာဉ်လွှင့်ဖူးသူတွေရဲ့ ကိုယ်တွေ့ဖြစ်ရပ်တွေမှာ ဖော်ပြထားပြီး ဖြစ်ပါတယ်၊ ဒီ ကြိုးလေးပြတ်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး၊ အဲဒါကြောင့် ဝိညာဉ်လွှင့်လို့ မသေနိုင်ဘူးဆိုတာကို ကျွန်ုပ် အာမခံနိုင်တာ ဖြစ်ပါတယ်၊

နောက်တစ်ချက်က ဝိညာဉ်လွှင့်စဉ်မှာ သင့်ရဲ့နာမ်ဟာ ပူခြင်း၊ အေးခြင်းကို ခံစားမှု လုံးဝမရှိဘူးဆိုတာကို သိရပါလိမ့်မယ်၊ ဝိညာဉ်လွှင့်နေစဉ်မှာ ပူလာတာ၊ အေးလာတာတွေ ဖြစ်လာပြီဆိုရင် ချက်ချင်းပဲ သင့်ရဲ့ ရုပ်ခန္ဓာကြမ်းဆီကို စိတ်ပြန်ရောက်လိုက်ပါ၊

ကျွန်ုပ်ရစ်ခဲ့တဲ့ ထိတွေ့လို့ရတဲ့ သင့်ရဲ့ ရုပ်ကြမ်းခန္ဓာဆီမှာ တစ်ခုခု ဖြစ်လို့သာ သင် ဒီလိုခံစားရတာ ဖြစ်ပါတယ်၊ ဒါကြောင့် သင့်စိတ်ပြန်ရောက်လိုက်တာနဲ့ ရုပ်ကြမ်းခန္ဓာကိုယ်က သင့်ရဲ့ ရုပ်နခန္ဓာ နာမ်ကို ပြန်ဆွဲပြီး သင် လန့်နိုးလာပါလိမ့်မယ်၊

ဒါတွေကို ဘာလို့ပြောနေရသလဲဆိုတော့ ပထမဆုံး သင် ဝိညာဉ်လွှင့်စဉ်မှာ ကြုံရမယ့်အခြေအနေတွေမို့ ပြောဆိုနေရခြင်း ဖြစ်ပါတယ်၊ သင် ခန္ဓာကိုယ်ပြင်ပကို ထွက်နိုင်ဖို့ ကြိုးစားတာကို ဘယ်တော့မှ မကြောက်ပါနဲ့၊ အားမလျှော့ပါနဲ့၊ ပြန်မဝင်နိုင်ရင် အခက်ပဲလို့လည်း မထင်ပါနဲ့၊

ဘာလို့လဲဆိုတော့ ရုပ်ကြမ်းခန္ဓာဟာ သင့်နာမ်ကို သူ့ဆီကနေ လွတ်မထွက်သွားနိုင်အောင် တစ်ချိန်လုံးဆွဲနေမှာ ဖြစ်ပြီး သင်ကသာ ရုပ်ခန္ဓာကိုယ်ကနေ အပြင်ထွက်နိုင်အောင် ကြိုးစားဖို့ပဲ လိုပါတယ်၊ ကျန်တာတွေ စဉ်းစားစရာ မလိုပါဘူး၊

ဒါနဲ့ပတ်သက်လို့ အကောင်းဆုံး ဥပမာတစ်ခုပေးမယ်၊ သင်ဟာ







အိပ်မက်ထဲမှာ တစ်နေရာရာကနေ ပြုတ်ကျသွားတာကို ကြုံဖူးမှာပါ၊ ထမင်းလုံး တစ္ဆေခြောက်တဲ့ အိပ်မက်လိုမျိုးပေါ့၊ ကိုယ့်နောက်ကနေ လူဆိုးတွေ လိုက်လာကြတယ်၊ ကိုယ်ကပြေးနေရင်း ရှေ့မှာ ချောက်ကမ်းပါးကြီး တစ်ခုကလည်း ခံနေပြီ၊ နောက်ဆုံး ချောက်ထဲကို ခုန်ဆင်းလိုက်ရသလိုမျိုးပေါ့၊

ဒါမှမဟုတ်ရင်လည်း အိပ်မက်ထဲမှာ တစ်နေရာရာကနေ ပြုတ်ကျသွားတာမျိုး ကြုံဖူးမှာပါ၊ အဲဒီမှာ အောက်ဆုံးကို မရောက်ခင်၊ တစ်ခုခုနဲ့ မထိခင် အမြဲတမ်း ချက်ချင်းဆိုသလို၊ လန့်နိုးသွားတတ်တာကို ကြုံဖူးမှာပါ၊ အဲဒီ အဖြစ်အပျက်ဟာ သင့်ရဲ့Astral Body (သို့မဟုတ်) ခန္ဓာကိုယ် ပြင်ပသို့ ထွက်သွားတဲ့ သဏ္ဍာန်က သင့်ရဲ့ မူလခန္ဓာကိုယ်ထဲကို ချက်ချင်း ပြန်ဝင်တဲ့ ကိစ္စပဲ ဖြစ်ပါတယ်၊

ဒီလိုဖြစ်ဖူးတယ်ဆိုရင် သင်ဟာ ဝိညာဉ်လွှင့်ဖို့အတွက် သိပ်မခက်နိုင်တဲ့ လူတစ်ယောက်လို့ ကျွန်ုပ် သတ်မှတ်ပါတယ်၊ ဘာလို့လဲဆိုတော့ ကျွန်ုပ်ကိုယ်တိုင် ဝိညာဉ်လွှင့်ဖို့ စတင်ကြိုးစားစဉ်၊ အိပ်မက်များကို မက်ခဲ့စဉ်က ဒီအခြေအနေမျိုးတွေ ကြုံခဲ့ဖူးလို့ ဖြစ်ပါတယ်၊

(၉) တချို့က ဝိညာဉ်လွှင့်နည်းကို ဆေးဝါးများ အသုံးပြုပြီး ပြုလုပ်တတ်ကြပါတယ်၊ အဲဒီနည်းကိုတော့ ကျွန်ုပ် အားမပေးပါဘူး၊ ဘာလို့လဲဆိုတော့ ဆေးနဲ့လုပ်မယ်ဆိုရင် သင်ဟာ သင့်ခန္ဓာကိုယ်ရဲ့အပြင်ဆက်


www.burmeseclassic.com

www.burmeseclassic.com



အမြင့်ဆုံးနေရာတွေအထိ မရောက်နိုင်လို့ ဖြစ်ပါတယ်။ အဲဒီအဆင့်တွေမှာ တုန်ခါမှုတွေဟာ အရမ်းမြင့်မားပါတယ်။

၁၀) တကယ်တော့ ဝိညာဉ်လွှင့်နည်းဆိုတာဟာ မှန်ကန်တဲ့ အိပ်မက်ကျင့်စဉ်များနဲ့ အချိန်ယူလေ့ကျင့်ပြီး လွှင့်မျောထွက်ခွာတဲ့ သင့်ရဲ့နာမ်မှာ ရာနိုင်နှုန်းပြည့် သိစိတ်ကပ်ပါသွားအောင် လုပ်ရတဲ့နည်းပဲ ဖြစ်ပါတယ်။ လိပ်ပြာခန္ဓာ (သို့မဟုတ်) နာမ်ခန္ဓာနဲ့အတူ ကိုယ့်ရဲ့သိစိတ် ကပ်ပါသွားအောင် လုပ်နိုင်ရင် ဒါဟာ အောင်မြင်တဲ့ ဝိညာဉ်လွှင့်ခြင်းပါပဲ။

ဒီကမ္ဘာကြီးမှာ ကျွန်ုပ်တို့ခန္ဓာကိုယ်ကြီးအပါအဝင် ထိတွေ့ကိုင်တွယ် ကြည့်မြင်လို့ရတဲ့ ရုပ်ကြမ်းအလွှာ (Physical Plane)ရှိသလို၊ လိပ်ပြာအလွှာလို့ခေါ်တဲ့ (Astral Plane) ရုပ်နုအလွှာလည်း ရှိပါတယ်။ အဲဒီကို သွားနိုင်ဖို့အတွက် ကျွန်ုပ်တို့ဟာ ကိုယ့်ရဲ့လိပ်ပြာခန္ဓာ (Astral Body)ကို အသုံးပြုပြီး သွားရောက်မှ ရပါလိမ့်မယ်။

၁၁) နောက်တစ်ချက်ကတော့ လိပ်ပြာလွှင့်နည်း၊ ဝိညာဉ်လွှင့်တာကို အမြန်ဆုံးတတ်မြောက်နိုင်အောင် သင်ပေးပါတယ်ဆိုတဲ့ ဘယ်ဆရာမျိုးကိုမှလည်း မယုံပါနဲ့။ ဒီလိုပြောလာသူဆိုရင် သင့်ကို လိမ်လည်တော့မယ်လို့သာ မှတ်လိုက်ပါ။

အကောင်းဆုံးဝိညာဉ်လွှင့်နိုင်ဖို့အတွက် လိုအပ်တာက စိတ်ရှည်ရမယ်၊ အာရုံစူးစိုက်မှု အပြည့်ရှိရမယ်။ ကိုယ်တိုင် အိပ်မက်ကျင့်စဉ်တွေကနေတဆင့် စနစ်တကျနဲ့ လေ့ကျင့်ယူတော့မှသာ သင် ဝိညာဉ်လွှင့်နိုင်မှာ ဖြစ်ပါတယ်။

အထူး မှာကြားပါရစေ၊ သင်ဟာ ခန္ဓာကိုယ်ပြင်ပကို နာမ်လွှင့်နိုင်ဖို့အတွက် မည်သည့် ပြင်ပ ပစ္စည်းမျိုးကို မှ မသုံးပါနဲ့။ ဥပမာ - တောဆေး၊ ပရဆေး၊ မူးယစ်ဆေးဝါးမျိုးတွေ မသုံးပါနဲ့။ ကိုယ်တိုင်လေ့ကျင့်ခြင်းကသာ အောင်မြင်မှုအများဆုံးနဲ့ စိတ်အချရဆုံး ဖြစ်ပါတယ်။

ဝိညာဉ်လွှင့်နိုင်ဖို့အတွက် သင့်ဘက်က လေ့ကျင့်ဖို့ပေးရတဲ့ အချိန်တွေ၊ ကြိုးစား အားထုတ်မှုတွေသာ ရှိပါတယ်။ လွယ်လွယ်နဲ့တော့ မရပါဘူး။ လုပ်ရင်းနဲ့ နားလည်လာမှုတွေကနေတဆင့် သင့်ကို ရှေ့ဆောင်လမ်းပြပါလိမ့်မယ်။







၁၂) ဝိညာဉ်လွှင့်မယ့်သူတွေ လိုက်နာရမယ့် အချက်က ဝိညာဉ်လွှင့်သူဟာ နလုံးရောဂါ သည်နဲ့ အခြား ပြင်းထန်တဲ့ရောဂါဝေဒနာမျိုး ခံစားနေရသူတွေ မဖြစ်ဖို့တော့ လိုပါတယ်။ နောက်တစ်ခု အလုပ်ကနေ ပင်ပင်ပန်းပန်းနဲ့ ပြန်လာတဲ့လူမျိုးတွေ လုပ်ဆောင်လို့ မအောင်မြင်နိုင်ပါဘူး။

ဘာလို့လဲဆိုတော့ တစ်နေ့လုံး အလုပ် ပင်ပန်းထားတဲ့အတွက် အိပ်မက်ထဲမှာ သိစိတ် မကပ်နိုင်တော့ဘဲ တစ်ခါတည်း အိပ်ပျော်သွားမှာ ဖြစ်လို့ပါပဲ။ ဝိညာဉ်လွှင့်တာကို လူငယ်၊ လူကြီး၊ လူအိုတွေကအစ လုပ်နိုင်ပါတယ်။ အဓိကအချက်က သင့်ရဲ့စိတ်ဟာ ခွန်အားပြည့်ဝပြီး လန်းဆန်းနေဖို့တော့ လိုအပ်ပါတယ်။

စိတ်ဖိစီးမှုတွေ ဖြစ်နေတဲ့အချိန်မှာ မလုပ်ပါနဲ့၊ သင်ကြုံဖူးမှာပါ။ သင်စိတ်ရှုပ်ထွေးတဲ့နေ့တွေ အိပ်နေရာကနေ အိပ်မက်ဆိုးတွေမက်ပြီး ကြောက်လန့်နိုးလာတာမျိုးတွေ။ ဒါကြောင့် သင်စိတ်ရှုပ်ထွေးနေချိန်မှာ ဝိညာဉ်မလွှင့်တာ အကောင်းဆုံးဖြစ်ပါလိမ့်မယ်။

နောက်တစ်ချက်က သင့်ကို ကျွန်ုပ်က ခန္ဓာကိုယ်ရဲ့ပြင်ပကို ထွက်နိုင်အောင် နေ့စဉ်နဲ့အမျှ စိတ်ကူးထားပါဆိုပေမယ့် ဒါနဲ့ပတ်သက်ပြီး မရသေးလို့ စိတ်တင်းကြပ်မှုတွေ၊ ဖိအားတွေ မထားပါနဲ့။ ဒါကို စိတ်ထဲ အရမ်းစွဲလမ်းနေပြန်ရင်လည်း ဖိစီးမှုတွေဖြစ်ပြီး အလုပ်မဖြစ်နိုင်ပါဘူး။ ပေါ့ပေါ့ပါးပါးသာ နေထိုင်လေ့ကျင့်သွားပါ။

၁၃) နောက်တစ်ချက်ကတော့ သင်ဟာ ဝိညာဉ်လွှင့်လို့ အောင်မြင်သွားခဲ့ရင် သင် လုံးဝ မမေ့အပ်တဲ့အချက်ကတော့ သင့်မှာ လှုပ်ရှားသွားလာနေတဲ့ ရုပ်ကြမ်းခန္ဓာကြီး ကျန်သေးတယ်ဆိုတာကိုပါပဲ။ ရုပ်န

www.burmeseclassic.com

www.burmeseclassic.com



အလွှာမှာပဲ သင့်စိတ်ဟာ ပျော်မွေ့နေတယ်ဆိုရင်လည်း မကောင်းပါဘူး။ ဝိညာဉ်လွှင့်ခြင်းကို ဘဝရဲ့အတွေ့အကြုံထူးတစ်ခုအနေနဲ့ ရယူတာသာ အကောင်းဆုံး ဖြစ်ပါလိမ့်မယ်။

၁၄) အိပ်မက်ကျင့်စဉ်တုန်းက သင့်ကို ကျွန်ုပ်က အိပ်မက်ထဲမှာ သိစိတ်နဲ့အတူ ကပ်ပါသွားအောင် လေ့ကျင့်ခိုင်းခဲ့တယ်။ အိပ်မက်တွေကို လေ့လာခိုင်းခဲ့တယ်။ အိပ်မက်တွေကို ကိုယ်လိုသလို စေစားခိုင်းခဲ့တယ်။ အဲဒီအိပ်မက်တွေထဲကမှ အရောင်အသွေးနဲ့ မက်တဲ့ အိပ်မက်တွေမက်ပြီလားဆိုတာကို မေးခဲ့တယ်။ ဒီလို အိပ်မက်ထဲမှာ အရောင်နဲ့တွေ့ပြီဆိုရင် သင်ဟာ ဝိညာဉ်လွှင့်နိုင်တဲ့အဆင့်ကို တက်လှမ်းဖို့ အကောင်းဆုံး အခြေအနေတစ်ခုကို ရောက်နေပြီလို့ ဖော်ပြခဲ့ပါတယ်။

အခု ဝိညာဉ်လွှင့်အတတ်ပညာမှာတော့ အိပ်ပျော်ချိန်မှာ လွင့်ထွက်သွားတဲ့ သင့်လိပ်ပြာခန္ဓာနဲ့အတူ သင့်ရဲ့သိစိတ်ကို ကပ်ပါသွားအောင် လေ့ကျင့်ခိုင်းတာ ဖြစ်ပါတယ်။ ဒါကို နားလည်သဘောပေါက်ရင် သတ်ရှိ ခန္ဓာကိုယ် ပြင်ပသို့ ထွက်ရှိခြင်းဟာ သင့်အတွက် သာမန်လူတွေ လောက် ခဲယဉ်းတော့မှာ မဟုတ်ပါဘူး။

သင့်ရဲ့အိပ်မက်တွေကို ဝိုဝိုပြင်ပြင်မြင်လာပြီ၊ အရောင်အသွေးတွေနဲ့ မြင်တွေ့နေရပြီဆိုရင်လည်း ဒါဟာ ဝိညာဉ်လွှင့်သွားတာပါပဲ၊ ဒါကို သိစိတ်နဲ့အတူ ထိန်းချုပ်နိုင်ရင် သင်ဟာ ဝိညာဉ်လွှင့်နည်းကိုရသွားပြီလို့ ကျွန်ုပ်ယူဆပါတယ်။ အားလုံးဟာ အိပ်မက်ကနေ အခြေခံတာပါပဲ၊


ကဲ .. ဒါကတော့ ဝိညာဉ်လွှင့်အတတ်ပညာဖြစ်ပြီး နောက်လမှာ ဝိညာဉ်လွှင့်နိုင်လာတဲ့အခါမှာ ဝိညာဉ်လောက (သို့မဟုတ်)လိပ်ပြာအလွှာမှာ သင် ဘာတွေ ကြုံဆုံလာနိုင်သလဲ၊ ကြုံတွေ့လာရမယ့် အဖြစ်အပျက်များနဲ့ ဘာတွေ လုပ်သင့်တယ်၊ ဘာတွေ မလုပ်သင့်ဘူးဆိုတာတွေကို ဖော်ပြပေးမှာ ဖြစ်ပါတယ်၊

"God Bless You, See you again Next Month."

နောက်လမှာ ပြန်ဆုံကြပါမယ်၊

❑






www.burmeseclassic.com

www.burmeseclassic.com



# အမဲလိုက်တဲ့ လနတ်သမီး အာတီးမစ်



ဂရိလူမျိုးတို့ကိုးကွယ်ခဲ့ကြတဲ့ နတ်ဘုရားတွေထဲက ထူးထူးခြားခြား အမဲလိုက်ခြင်းကို ဝါသနာကြီးပေမယ့် တောတိရစ္ဆာန်များကို စောင့်ရှောက်တယ်လို့ ယုံကြည်ကြတဲ့ နတ်သမီးတစ်ပါးကတော့ အာတီးမစ်ပဲ ဖြစ်ပါတယ်။

သူ့ကို လနတ်သမီးလို့လည်း ခေါ်ပါတယ်။ နေနတ်သား အပိုလိုနဲ့ အမြွှာမွေးဖက် မောင်နှမတွေ ဖြစ်ပါတယ်။ ဒါပေမယ့် ဂုဏ်ရှိန်ကျော်စောမှုမှာတော့ နောင်တော်လောက် မထင်ရှားလှပါဘူး။

အနာရောဂါတွေကို ပျောက်ကင်းအောင် စွမ်းဆောင်နိုင်တဲ့ နေရာမှာ အာတီးမစ်ဟာ နာမည်ကျော်ကြားသူတစ်ယောက် ဖြစ်ပါတယ်။ အထူးအားဖြင့် မီးဖွားနေတဲ့ မိန်းမများကို အမိက စောင့်ရှောက်တဲ့သူ ဖြစ်ပါတယ်။ သူ့ကို ရှေးဂရိလူမျိုးတို့က အာတီးမစ်လို့ခေါ်ပြီး ရောမလူမျိုးတို့ကတော့ ဒိုင်ယာနာ နတ်သမီးလို့ ခေါ်ကြပါတယ်။

ဇုနတ်မင်းကြီးနဲ့ လီတိုမိဖုရားကြီးတို့ရဲ့ သမီးတော်တစ်ပါး ဖြစ်ပါတယ်။ လွတ်လပ်ပျော်ရွှင်စွာ နေထိုင်တတ်တဲ့ အပျိုစင်နတ်သမီးတစ်ပါး ဖြစ်ပါတယ်။ သူ့ပုံကို ကြည့်မယ်ဆိုရင် သူ့အနားမှာ သမင်တစ်ကောင်နဲ့







လေးမြှားတို့ကို ကိုင်ဆောင်ထားတယ်ဆိုရင် ဒါဟာ လနတ်သမီး အာတီးမစ်ဆိုတာ မပြောဘဲနဲ့ သိကြပါတယ်။

သူဟာ အပျိုစင် မိန်းကလေးတွေကို စောင့်ရှောက်သလို၊ တမ္ဗာသူ ကမ္ဘာသားတို့အပေါ်မှာလည်း အပိုလိုနတ်မင်းကဲ့သို့ ဂရုဏာကြီးမားသူ တစ်ယောက်လို့ သိရပါတယ်။ နာဖျားမကျန်းဖြစ်တဲ့ ကလေးများ၊ မိန်းမများကို အမိက စောင့်ရှောက်ပါတယ်။

လနတ်သမီးကို ရှီးကျူးဂုဏ်ပြုကြတဲ့ လဟာ နိုဝင်ဘာလပဲ ဖြစ်ပါတယ်။ နိုဝင်ဘာလမွေးဖွားသူတွေကို လနတ်သမီး အာတီးမစ်က အထူးစောင့်ရှောက်လေ့ရှိတယ်လို့ ယုံကြည်ကြပါတယ်။ လက်ရှိအချိန်မှာတော့ သူ့ကို ဒိုင်ယာနာနတ်သမီးလို့သာ ပိုမိုလူသိများပါတယ်။




အမဲလိုက်ဘီလူးကြီး Orion ဟာ လနတ်သမီး အာတီးမစ်ရဲ့အမဲလိုက်ဖော်၊ အမဲလိုက်ဖက်တစ်ဦး ဖြစ်ပါတယ်။ အာတီးမစ်ဟာ အမဲလိုက်တဲ့ နတ်သမီးတစ်ပါး ဖြစ်လို့ သူ့ပုံဟာ သွက်လက်တယ်၊ ဖျတ်လတ်တယ်၊ အရပ်ရှည်တယ်၊ ခန္ဓာကိုယ် ပိန်ပိန်ပါးပါး ရှိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



# ကက္ကတ္တိယ၏မှော်ပညာ(သို့မဟုတ်) မွှေးရနံ့



အလွန်မှ လှပသော ပန်းတစ်ပွင့်သည် ရနံ့ကင်းနေလျှင် နှစ်သက်မတ်မောမှုရှိသူ ရှားပါးသည်။ တန်ဖိုးလည်း ထားခြင်းခံရမည် မဟုတ်ပါ။ ပန်းနှင့်ရနံ့ကို အမျိုးသမီးတို့ကပိုပြီး ခွဲခြမ်းစိတ်ဖြာ နားလည် သဘောပေါက်ကြသည်။ ထို့ကြောင့် ကက္ကတ္တိယမိန်းမများသည် မိမိ၏ရုပ်ရည် ဖြူစင်လှပပါသော်လည်း နံ့သာလိမ်းခြယ်၍ မွှေးရနံ့သုံးစွဲကြခြင်း ဖြစ်သည်။

အမွှေးရနံ့သည် မှော်ပညာဟု ခေါ်ဆိုနိုင်သည်။ ပန်းတစ်ပွင့်သည် အရောင်အဆင်းနှင့်ပြည့်စုံပြီး ရနံ့ပါမွှေးကြိုင်နေလျှင် ကက္ကတ္တိယတို့ပင် မဟုတ်၊ ပုရိသအမျိုးသားများကပါ နှစ်သက်မြတ်နိုး တန်ဖိုးထားကြသည်။

## မွှေးရနံ့ စတင်သည့် သမိုင်းကြောင်း

ကက္ကတ္တိယ၏ မှော်ပညာဟု ခေါ်ဆိုနိုင်သော နံ့သာအမွှေးအကြိုင် ရနံ့ကို စတင်သုံးစွဲလာသည်က မိန်းမများ မဟုတ်ပါ။ ပုရောဟိတ်(ပုဏ္ဏား)များ ဖြစ်သည်။ ရှေးခေတ်ကိုးကွယ်မှုတွင် ဦးစီးခေါင်းဆောင်ပြုကြသော ပုရောဟိတ်(ပုဏ္ဏား)များ ဖြစ်သည်။ ယဇ်ပူဇော်မှုကို စီမံပေးရင်းမှ ရနံ့ကို ထည့်သွင်းအသုံးပြုခဲ့ကြသည်။







ယဇ်ပူဇော်သူများ၏ ဆန္ဒ၊ ဖြစ်စေချင်မှု၊ ကျူးလွန်ထားသော အပြစ်များကိုပပျောက်စေရန် တောင်းပန် တိုင်တည်ပေးရာ၌ တိရိစ္ဆာန်များကို သတ်ဖြတ်ပြီး သက်ဆိုင်ရာနတ်တို့ကို ယဇ်ပူဇော်ပေးကြသည်။

ထို ယဇ် ပူဇော်ရာနေရာ၊ ယဇ်ပလ္လင်တို့တွင် သားစိမ်း၊ သွေးအနံ့တို့ လွှမ်းမိုး နံစော်နေသည်။ ထို အနံ့ဆိုးများကြောင့် ယဇ်ပူဇော်ပေးသူရော၊ ယဇ်ပူဇော်သူရောပါ စိတ်က မဖြောင့်မတ်န်းဘဲ ရှိနေကြသည်။

ထိုအနံ့ဆိုးများ ပြေပျောက်ရန် ပုရောဟိတ်များက ယဇ်ပလ္လင်နှင့် ယဇ်ပူဇော်ရာ နေရာတစ်ဝိုက်ကို အမွှေးနံ့သာရည်များ ပြုလုပ်ပက်ဖျန်းခြင်း၊ အမွှေးနံ့သာခဲများကို မီးတို့၍ အနံ့ထွက်စေခြင်း၊ အမွှေးနံ့သာမှုန့်များ ပြုလုပ်ကြဲပက်ခြင်းတို့ကို ပြုလုပ်ရာမှ မွှေးရနံ့ စတင်ခဲ့သည်။

ယဇ်ပူဇော်ခြင်းကို ပြုလုပ်ပေးသူ၊ ကိုးကွယ်မှုခေါင်းဆောင် ပုရောဟိတ်များမှတဆင့် တိုင်းပြည်အုပ်ချုပ်သူ ဘုရင်များကလည်း အထွဋ်အမြတ်ထား၍ အခါကြီး ရက်ကြီးများ၊ ယဇ်ပူဇော်သည့်ရက်များတွင် သုံးစွဲလာခဲ့သည်။ နန်းတက်ပွဲများနှင့် မင်းခမ်း၊ မင်းနားနေ့များတွင် နတ်ကဲ့သို့ အမွှေးနံ့သာ မွှေးကြိုင်သောအရည်များကို ကိုယ်တိုင် လိမ်းခြယ်တတ်ကြသည်။

## မွှေးရနံ့ကို ကြိုက်နှစ်သက်သည့် ဝိညာဉ်များ

ရှေးခေတ် အီဂျစ်ပြည်ကို သိမ်းပိုက်အုပ်ချုပ်နေသည့် ညီဖြစ်သူ ထံသို့ ဆိုက်ပရပ်(စ)ကျွန်း၏ ရှင်ဘုရင်က နံ့သာဆီမွှေးတစ်ဘူး ပေးပို့ပြီး -

"ညီတော်..



www.burmeseclassic.com

www.burmeseclassic.com



နန်းတက်ပွဲကျင်းပရာတွင်
ယခုပေးဆိုလိုက်သော နံ့သာဆီမွှေးကို
ကိုယ်တွင် သုတ်လိမ်းပါ။
Soul (ဆိုးလ်) ဝိညာဉ်များက
သင့်ကို စောင့်ရှောက်လိမ့်မည်"

ဟု စစ်သည်တို့ကိုစေလွှတ်၍ အရေးတကြီး မှာကြားဖူးသည်။

အမေရိကတိုက် အလယ်ပိုင်းဒေသတွင် အုပ်စိုးခဲ့ကြသော ရှေးဟောင်းဘုရင်တို့သည် စစ်တိုက်၍ အောင်မြင်သည့်အခါနှင့် နန်းတက်ပွဲပြုလုပ်လျှင် အမွှေးနံ့သာရေနှင့် ရေချိုး၍ အမွှေးဆီများကို သုတ်လိမ်းကြသည်။ အဆောက်အဦအတွင်း၌လည်း အမွှေးရနံ့များရရှိအောင် အမွှေးနံ့သာတုံးများကို မီးရှို့၍ သုံးစွဲကြသည်။

တိုင်းသူပြည်သားများကလည်း ရတနာများ စီခြယ်ထားသည့် ထက် အမွှေးနံ့သာ သင်းကြိုင်နေမှ ခေါင်းဆောင်၊ အကြီးအကဲ၊ ရှင်ဘုရင် အဖြစ် လေးစားယုံကြည်ကြသည်။

## သာမန်လူတို့ သုံးစွဲခွင့်မရသည့် မွှေးရနံ့

ရှေးခေတ်က အမွှေးနံ့သာ၊ ရေမွှေးတို့သည် သာမန်လူတို့ သုံးစွဲခွင့်မရသလို မင်းစိုးရာဇာ၊ ပုရောဟိတ်၊ ဘာသာရေးခေါင်းဆောင်တို့၏ သီးသန့် အသုံးအဆောင် ဖြစ်ခဲ့သည်။ တိုင်းပြည်၏အကြီးအကဲများ အမွှေးရနံ့ သုံးစွဲချိန်များတွင် သာမန်လူတို့က ဆုတောင်းခြင်း ပြုပေးရသည်။

အစ္စလာမ်(မူစလင်)တို့၏ ကိုရမ်ကျမ်းတွင် ဖော်ပြပါရှိသည်မှာ ကောင်းကင်ဘုံသည် မွှေးရနံ့ကြိုင်လှိုင်နေသော ဟူရီနတ်သမီးအပျိုစင်တို့၏ ဘုံဌာနနေရာဖြစ်သည်ဟု ဖော်ပြသည်။

ဘိုင်ဘယ်ကျမ်းဟောင်းတွင်လည်း တမန်တော် မိုးဇက်သည် ဂန္ဓီရ နံ့သာနစ်မျိုးကို ပိုင်ဆိုင်ထားကြောင်း၊ ထိုနံ့သာနစ်မျိုးကို ဘိသိက်သွန်း အခမ်းအနားတွင် သုံးသည်။ ဆီနှင့်ရောစပ်ထားသော မွှေးရနံ့၏ အစွမ်းသည် အလွန်ကြီးမားသည်ဟု မှတ်တမ်းတင်ထားသည်။

ရှီဗာဘုရင်မသည် ဆော်လမွန်ဘုရင်ကြီးအား အမွှေးနံ့သာ







များစွာတို့ကို လက်ဆောင်ပေးခဲ့သည်။ အလွန်ရှားပါး၍ အဖိုးတန်သော အမွှေးနံ့သာတို့၏ ဇစ်မြစ်ကို မပေးဘဲ ဆော်လမွန်ဘုရင်ကြီးကို သူ၏ အချစ်နှင့် ခန္ဓာကိုယ်ကိုသာ ပေးအပ်ခဲ့သည်။

အတောင်ပံပါသော နတ်နဂါးများစွာတို့ စောင့်သော ရွံ့နွံ့အိုင်အတွင်းမှရခဲ့သော အမွှေးနံ့သာဟုသာ ဆော်လမွန်ဘုရင်ကြီးကို ပြောပြခဲ့ သည်။ ရှေးရှေးက ရာဇဝင်တင်ခံရသော ပုဂ္ဂိုလ်တို့သည် အမွှေးနံ့သာတို့၏ ဖမ်းစားခြင်းကိုခံရပြီး သဇာမူးခဲ့ကြသည်။ တချို့က မွှေးရနံ့ကို ဝိညာဉ်နတ်တို့က ဖန်ဆင်းပေးသည့်အနံ့ဟု ယုံကြည်ကြသည်။

## မော်ဆရာတို့ ဖော်စပ်ခဲ့သည့် ရေမွှေး

ယခုခေတ်တွင် အမျိုးသမီးများ နစ်မြိုက်စွဲမက်စွာ သုံးစွဲနေကြသော ရေမွှေး အတတ်ပညာကို ရှေးခေတ်အီဂျစ်ပြည်၏ မော်ဆရာများက အဆင့်အတန်းမြင့်စွာ ဖော်စပ်နိုင်ခဲ့သောကြောင့် ဖြစ်သည်။ တိုင်းပြည်၏ ရှင်ဘုရင်နှင့် ပြည်သူ့ပြည်သားအားလုံးကို မော်ဆရာများက ရေမွှေးနှင့် အမွှေးနံ့သာတို့ကို ပေးသည်။

ပြုလုပ်ဖော်စပ်နည်းကိုဖြင့် မည်သူ့ကိုမှ မပေးပါ။ အီဂျစ်လူမျိုးများသာမက ရောမလူမျိုးများ၊ ဂရိလူမျိုးတို့ကပါ ရေမွှေး၊ အမွှေးနံ့သာတို့ သုံးစွဲကြသည်။ ဒါပေမဲ့ ဆင်းရဲသားအပါအဝင် ကုန်သည်သူဌေး၊ မှူးမတ်များပင် မသုံးစွဲရပါ။ မင်းစိုးရာဇာများသာ သုံးစွဲခွင့်ရကြသည်။

## မွှေးရနံ့ကို အလွန်ကြိုက်သည့် ရှင်ဘုရင်များ

(၁၉၂၂) ခုနှစ်က အီဂျစ်ဘုရင် တူတန်ခမန်၏ သင်္ချိုင်းဂူကို ဖွင့်



www.burmeseclassic.com

www.burmeseclassic.com





ကြည့်သည့်အခါတွင် အလွန် အဖိုးထိုက်တန်သည့် အမွှေးနံ့သာသေတ္တာကြီးများကို တွေ့ရှိခဲ့သည်၊ ထိုအမွှေးနံ့သာတို့၏ သက်တမ်းမှာ နှစ်ပေါင်း (၅၀၀၀)ကျော်ပြီ ဟု ခန့်မှန်းကြသည်၊

ရက်စက်ကြမ်းကြုတ်လွန်းသောကြောင့် သမိုင်းတွင်ခဲ့သည့် ရောမဘုရင် နီရိုးသည်ပင် အမွှေးနံ့သာကို လွန်စွာကြိုက်၍ ရေချိုးသည့်အခါတိုင်း နှင်းဆီပန်းပွင့်မှ ထုတ်ယူထားသော အဆီနှင့် ရေချိုးတတ်ပြီး သူ ပြုလုပ်သော အခမ်းအနားတိုင်းတွင် နှင်းဆီပန်းများကို သုံးစွဲခဲ့သည်၊

## ညှို့ယူဖမ်းစားနိုင်သည့် မှော်ဝင်ပစ္စည်း


ရောမအင်ပါယာကြီး ကျဆုံးသွားသည်၏နောက်တွင် ရေမွှေးဖော်စပ်သည့် အတတ်သည် နိမ့်ကျသွားပြီး ခရစ်ယာန်ဘာသာ လွှမ်းမိုးလာကာ နတ်ဆရာတို့ပါ လျော့ပါးသွားသည့်အတွက် အမွှေးနံ့သာကို ဦးစားပေးခြင်းမရှိတော့ဘဲ ကာမဂုဏ်ကျူးမှုအတွက် အထောက်အကူဟု အပြစ်တင်ခံခဲ့ရသည်၊

ထိုခေတ်ကာလက အချိန်ပိုင်းတွင် ရေမွှေးနံ့သာ သုံးစွဲခြင်းကို မိစ္ဆာဒိဋ္ဌိ အလေ့ဟု သတ်မှတ်ခဲ့သည်၊ ရေမွှေးသုံးစွဲ၍ မွှေးရနံ့သင်းပျံ့နေလျှင် ထိုမိန်းမများကို စုန်းမ၊ မှော်ပညာရှင်၊ ကဝေမများဟု စွပ်စွဲ၍ ပြင်းထန်သော အပြစ်ကိုပေးသည်၊

မိန်းမများသည် အမွှေးနံ့သာကို သုံးစွဲ၍ ယောကျာ်းများ၏ စိတ်နှလုံးကို ဖြားယောင်းသွေးဆောင် ညှို့ယူဖမ်းစားသည့်အတွက် မှော်ဝင်ပစ္စည်းဟု သတ်မှတ်ခံခဲ့ရသည်၊








ဒါပေမဲ့ ထိုခေတ်ထိုအချိန်မှာပင် အစ္စလာမ်ယဉ်ကျေးမှုကို ဖော်ထုတ်ခြင်းဟုဆိုကာ ရေမွှေးပြုလုပ်မှုကို ပြန်လည်ဖော်ထုတ်ကြသည်၊ ထိုရေမွှေးကို မိန်းမများထက် ယောကျာ်းများက ပို၍သုံးစွဲကြသည်၊ တမန်တော် မိုဟာမက်က ထိုအမွှေးနံ့သာကို ပို၍မြတ်နိုးသဖြင့် တပည့်သားမြေးတို့က ပို၍သုံးစွဲကြခြင်းဖြစ်သည်ဟု ဆိုသည်၊

## မှော်အတတ်များတွင်သုံးသည့် မွှေးရနံ့

အမှန်စင်စစ် မှော်အတတ်ပညာတွင် အမွှေးနံ့သာကို ဝိညာဉ်များနှင့် ဆက်သွယ်ရေးကိစ္စများတွင် အသုံးချခဲ့သည်မှာ အမှန်ဖြစ်သည်၊ ထိုသို့ အကြောင်းကိစ္စတွင် သုံးသော အမွှေးနံ့သာသည် သာမန် အမွှေးနံ့သာနှင့်မတူဘဲ ဆန်းကြယ်စွာ ဖော်စပ်ထားသော အမွှေးရနံ့ကို သုံးစွဲရပါသည်၊ အနံ့ကိုကပင် ထူးခြားလှသည်၊

တဖန် ဂရိ၊ ရောမတို့မှ မှော်ဆရာလက်ကျန် မျိုးဆက်တို့သည် စီဓိတို့၏ ပိုင်နက်နှင့် လက်လှမ်းမီရာတို့တွင် မကောင်းဆိုးဝါး အနှောင့်အယှက်များကို တားဆီးခြင်း၊ အနေအထား မမှန်ကန်မှုဖြစ်ပေါ်ခြင်းများတို့ ပိုင်အရက်၏ အနယ်(အနှစ်)နှင့် အာဆင်းနစ်အဆိပ် (စိန်အဆိပ်)ကို ရောကာ မီးရှို့ကြသည်၊

ထိုသို့ပြုလုပ်ခြင်းသည် စိတ်ကိုနှစ်မျောစေပြီး (ပျာန်ဝင်သည်

www.burmeseclassic.com





ကဲ့သို့) ထူးခြားဆန်းကြယ်မှုများကို မြင်တွေ့ရသည်ဟု ဆိုသည်။

မည်သို့ပင် သုံးစွဲသည် ဖြစ်စေ၊ ပြောဆို သတ်မှတ်ကြသည် ဖြစ်စေ၊ အမွှေးနံ့သာ ရေမွှေးသည် ယောကျ်ားအပေါ်တွင် ဩဇာ လွှမ်းမိုးနိုင်စွမ်းရှိသည့် မိန်းမ၏ အသုံးအဆောင်အဖြစ် တွင်ကျယ် ထင်ပေါ်ခဲ့သည်က တော့ ငြင်းလို့မရသည့် အချက်ပင် ဖြစ်နေပေသည်။

## အပြန်အလှန် ဆွဲဆောင်နိုင်သည့် ရေမွှေး

လူတို့၏ အာရုံခံအင်္ဂါတွင် အနံ့ခံသည့်အင်္ဂါသည် အလွန် ထက်မြက်၏။ ထူးခြားဆန်းကြယ်သော အမွှေးရနံ့သုံးစွဲသော မိန်းမများ၏ ဖြားယောင်းညို့ငင်သောကြောင့် ယောကျ်ားတို့သည် ကာမနတ်ဆိုးထံတွင် ဒူးထောက်ကြရသည်။


ဘာသာရေးနှင့် တခြားသောကိစ္စတို့တွင် အမွှေးနံ့သာ၏ အခန်းတကဏ္ဍသည် အရေးပါခဲ့သည်။ ဗိုမက်ကိစ္စတွင်လည်း စိတ်ကို ကြည်နူးချမ်းမြေ့တက်ကြွစေမှုကို လွန်စွာ အထောက်အကူပြုသည်။

ယနေ့ခေတ်အခါမှာ ရေမွှေးနှင့် အမွှေးနံ့သာဆီတို့ကို ဖော်စပ်သုံးစွဲမှုသည် ပို၍ တိုးတက်လာသလို၊ အမျိုးသမီးများက ယောကျ်ားများကို ဆွဲဆောင်ရာတွင် သုံးစွဲသည့် ရေမွှေး အမွှေးနံ့သာလိုပင် အမျိုးသမီးများကို ယောကျ်ားလေးများက ဆွဲဆောင်ရာတွင် သုံးစွဲသည့် အမွှေးနံ့သာလည်း ပေါ်လာခဲ့သည်။

ထိုအတွက် မိန်းကလေးများက တစ်ပြန်တစ်လှည့် ညို့ယူဖမ်းစားခံရ၍ ယောကျ်ားလေး၏ရှေ့တွင် ဒူးထောက်မည်ပင်ဖြစ်သည်။ တချို့က ယောကျ်ားတစ်ယောက်ထံမှ ထွက်ပေါ်လာသော ရေမွှေးရနံ့သည် မိန်းကလေးတို့အပေါ်ကို ပို၍ဆွဲဆောင် ညှို့တ်နူးမှု ဖြစ်စေသည်ဟု ဆိုကြပါသည်။







## ရန့်ကုထုံးနည်းပညာနှင့် မွှေးရနံ့

အမွှေးနံ့သာသည် ဝိညာဉ်ဘုံ သားတို့အပေါ်တွင် အဘယ်မျှ လွှမ်းမိုးမှုပြုနိုင်သည်ကို ယနေ့ခေတ်တွင် အသေအချာ မသိနိုင်တော့သော်လည်း၊ လောကီဘုံသား ယောကျ်ား၊ မိန်းမတို့ကို ပြုစားနိုင်သည်ကိုတော့ ငြင်း၍မရပါ။ ယနေ့ခေတ်တွင် အမွှေးနံ့သာ (ရေမွှေးထုတ်လုပ်ခြင်း) လုပ်ငန်းက ဝင်ငွေအမြတ်အစွန်း ကုဋေမြောက်များစွာ ရရှိနေပါသည်။

အမွှေးနံ့သာ(ရေမွှေး)သည် ပြုစား ဖြားယောင်းခြင်း၊ စိတ်ကို နှိုးဆွခြင်းအတွက်သာ အသုံးပြုစရာ မဟုတ်ပါ။ ခေတ်၏ ပြောင်းလဲမှုကာလတွင် လည်းကောင်း၊ ဆေးပညာဘက်တွင် လည်းကောင်း၊ အသက်ရှည်ခြင်း၊ ကျန်းမာနုပျိုခြင်း၊ ကြည်နူးလန်းဆန်းခြင်းတို့အတွက်ပါ အမွှေးနံ့သာ (ရေမွှေး)ကို အသုံးပြုနိုင်ပြီ ဖြစ်သည်။

ရန့်ကုထုံး နည်းပညာတစ်ရပ်အဖြစ် ရောဂါတစ်ခုကို (အချို့သော ရောဂါ)ကို အမွှေးနံ့သာဖြင့် ကုသနိုင်သည့် ခေတ်ကာလကို ရောက်ရှိနေပြီဖြစ်ပါသည်။

ထို့ကြောင့် ချမ်းမြေ့ပျော်ရွှင်သော အိမ်ထောင်စုကို ဖန်တီးလိုပါလျှင် တန်ဖိုးကြီးမားသော နံ့သာတို့ကို အသုံးမပြုနိုင်သော်လည်း ပတ်ဝန်းကျင်တွင် လှပမွှေးကြိုင်သော ပန်းပင်ကလေးများ စိုက်ပျိုးထားပါ။ မွှေးရနံ့သည် မှော်အစွမ်းရှိပြီးသားဖြစ်၍ စိတ်နှလုံးကို ကြည်နူးချမ်းမြေ့အောင် ဖမ်းစားပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

# ဆရာမကြီးမြပုဝါ

နတ်လူသစ်





www.burmeseclassic.com

www.burmeseclassic.com





။

"ကောင်းပြီ . . သမီး . .
အခုချိန်ကစပြီး သမီးကို
အရက်တာကွဲ
အကျိုးနည်းအောင်လုပ်ခဲ့တဲ့
အဲဒီဟာမနဲ့
သူ့မိသားစု ဒီနေ့ဒီရက်ကစပြီး
ကာလနာ တိုက်ပြီသာမှတ်"

## မြိုင်သာဈေးအတွင်း တစ်နေ့ရာ

"ဟဲ့ . . ကောင်မ မိငြိမ်းစု"

ခေါ်သံက ရင့်သီးကြမ်းတမ်းလွန်းလှသည်မို့ ဈေးရောင်းသူများကော၊ ဈေးဝယ်သူများပါ ထိုအသံရှင်ကို ကြည့်မိလိုက်ကြသည်။ (၇)လမ်းက ဒေါ်စိန်တုတ် ပိုက်ဆံအိတ်ကြီး ရျိုင်းကြားညှပ်၊ ထမီစွန်တောင် ဆွဲပြီး ခေါ်နင့်မောနင့်။

ဒေါ်စိန်တုတ်ဆိုလျှင် မသိသူမရှိ၊ သူ့အကြွေးနှင့် လွတ်သည့်လူတစ်ယောက်လည်း မရှိဆိုတော့ (ဒေါ်စိန်တုတ် ဖော့) ဆိုလျှင် အကြောင်းသိသူများက ဝေါင်ဝေါင်ရှေး (ဝေးဝေးရှောင်)ပေတော့ပဲ။

ပိုက်ဆံချေးချင်တယ်နော်၊ ဘယ်လောက်ယူချင်သလဲ . . ယူစမ်း၊ ကြိုက်သလောက် ယူ၊ အဲ . . ဒါပေမယ့် တုံးစံအတိုင်းက အတိုး၊ ဒါကိုတော့ မေ့လို့မရ၊ တစ်ဆယ်တိုး၊ နှစ်ဆယ်တိုး၊ နေ့ပြန်တိုး အစုံရှိသည်မို့ ဒေါ်စိန်တုတ်ကို နောက်ကွယ်မှာ "ချစ်တီး မစိန်တုတ်"ဆိုပြီး ခေါ်နေကြတာကိုလည်း မသိ မဟုတ်၊ ဒေါ်စိန်တုတ် သိပြီးသား။

ဒါတွေ သောက်ဂရုစိုက်နေရင် ထမင်းတောင်စားရမှာ မဟုတ်၊





နေတာသာပ လေညာကပဲ၊ ဒါက စိန်တုတ်ရဲ့ မဟာ Method ပဲ။

စောစောက စကားကို ဆက်ကြစို့၊ အတိုး . . ဟုတ်မှန်ပေသည်။ ဒေါ်စိန်တုတ် လိုချင်တာက အတိုးမှန်မှန် လာဆပ်ဖို့ပဲ၊ လိုက်မတောင်းချင်ဘူး၊ ကိုယ့်အသိစိတ်နဲ့ ကိုယ်လာပေး၊ မဟုတ်လို့ကတော့ -

"စိန်တုတ်တဲ့ . . နတ်ပြည်မှာ သိကြား၊ လူ့ပြည်မှာ စိန်တုတ် တစ်တုတ်ထဲရှိတယ်ဟေ့"

အဲဒီလိုဆို ပြီးပြီ၊ ဘီလူးဆိုင်းတီးရောပဲ၊ တကယ့်ကို နှုတ်ကြမ်း၊ အာကြမ်း မိန်းမကြီးဆိုလည်း မမှား၊ သူ့အလုပ်ကလည်း ဒီလိုမျိုး ဘီလူးဆိုင်း တီးနိုင်မှ တော်ကာကျမှာကိုး၊ ဘီလူးဆိုင်းကို ရှေ့သမင်လိုက်အကတစ်ခိုင်းလို့မှ မရတာ သိတယ်မဟုတ်လား။ စိန်တုတ်တဲ့နော်။

ယခုလည်း ကြည့်ဦး၊ ဒေါ်စိန်တုတ်တစ်ယောက် ဈေးထဲကို ဘယ်အချိန်ထဲက ရောက်နေသလဲ မသိ၊ ငါးတန်းမှာ အတိုး လာမပေးတဲ့သူတွေကို ပွဲကြမ်းပြီး ကုန်စိမ်းတန်းဘက်အကူးမှာ သူ့မျက်စိထဲ မြင်မိသွားတာက "မိငြိမ်းစု"၊ (၁၉)လမ်းမှာ မိခင်မုဆိုးမကြီးနှင့်နေပြီး ကုန်စိမ်းရောင်းနေရသည့် အပျိုလေးတစ်ယောက်။

အတိုး လာမပေးတာ လေးရက်ရှိပြီမို့ ဒီကောင်မ မိငြိမ်းစု အင်းတော့လား၊ တွေ့မယ် ဆိုသည့်ပုံစံမျိုးဖြင့် ဒေါ်စိန်တုတ်တစ်ယောက် ကုန်စိမ်းသည်မလေး မငြိမ်းစုနားသို့ ရောက်လာခဲ့သည်။

"ဟဲ့ကောင်မ . . ညည်းက ဘာသောက်ရိုး ရိုးတာလဲ ဟင်"

"ဘာ . . ဘာကိုလဲ ကြီးစိန်ရယ်"

"အံမယ် အခွက်ကိုက . . ညည်းကျွပ်ကို အတိုးလာမပေးတာကို ပြောနေတာ ဟဲ့ကောင်မရဲ့"

"ဟို . . ဟို အဲဒါက ဒီရက်ပိုင်း အရောင်းအဝယ်က ပါး . . ပါး"

"တော် . . ဆင်ခြေ မလိုချင်ဘူး၊ စိန်တုတ်အကြောင်း ညည်းသိတယ်နော်၊ မနက်ဖြန်မှ အတိုးမရရင် ညည်းမျက်နှာကို (. . .)ပွတ်ပစ်မယ်၊ ဒီ ဘာမှတ်နေလဲ ဟင်း"

ဆိုပြီး အယုတ္တ၊ အနတ္တတွေ ဆဲဆိုသည်၊ မိငြိမ်းစု ဆံပင်တွေကို ဆွဲတာ ဆောင့် တွန်းပစ်လိုက်ပြီးမှ ဒေါ်စိန်တုတ် ထွက်သွားတော့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မိငြိမ်းစုမျှာမှာ ရှက်လွန်းလို့ မျက်ရည်များပင် ကျလာလေသည်။ လူတွေ အလယ်မှာ နစ်ပြားမတန်အောင် အပြောခံရပြီး ကိုယ်ထိလက်ရောက်ပါ ကျူးလွန်ခံလိုက်ရသည်မို့ ဈေးဗန်းကိုပင် ပစ်ထားခဲ့ကာ ဈေးထဲမှ နေအိမ် ကို ပြန်ပြေးလေတော့သည်။

မနက်က ဈေးထဲမှာ ဖြစ်ပျက်ခဲ့တာတွေကို မိငြိမ်းစု ပြန်တွေးရင်း မျက်ရည်များက တပေါက်ပေါက်ကျလာသည်။ မနက်ကို ဈေး ဘယ်လိုပင် ထွက်ရမလဲဆိုတာ တွေးတောင် မတွေးတတ်။ ဒီမိန်းမကြီးနှင့် မကင်းသရွေ့ ခံရဦးမှာပဲလို့ မိငြိမ်းစု ကိုယ့်ကိုကိုယ်သာ ပြောနေမိလိုက်သည်။

❖

## နယ်မရွေး လူမရွေးတဲ့ ဒေါ်စိန်တုတ်

ယောကျာ်းဖြစ်သူက အလုပ်မရှိ . . အရက်သမား။ သားသမီးတွေ ကျပြန်တော့လည်း မအေ့အရှိန်အဝါနဲ့ ထင်တိုင်းကြဲ၊ အရပ်ထဲက ဒီမိသား စုကို အထည်ကြီးပျက် မိသားစု၊ ချစ်တီးမိသားစုဆိုပြီး အမည်နာမ ဘွဲ့ထူး ဂုဏ်ထူးတွေလည်း မှည့်ထားကြလေရဲ့။

အဟက် . . မြို့ထဲမှာလည်း ကြက်မွေး၊ ဝက်မွေး အကုသိုလ် အလုပ်ကလည်း လုပ်ကိုင်သေးဆိုတော့ ကြက်ချေးနံ့၊ ဝက်ချေးနံ့တွေ ကြောင့် အရပ်လူကြီးတွေ ခေါ်သတိပေးခံရသည့် အကြိမ်ပေါင်းကလည်း မနည်း။ ဒါပေမယ့် သိတယ်မဟုတ်လား စိန်တုတ်လေ . . စိန်တုတ်၊ ဟင်း ဟင်း . . ဟင်း . . စိန်တုတ်လျှောက်မယ့်လမ်းမှာ ငွေကို ခင်းထားပြီးသား။ ဒီတော့ကာ အရာမှန်သမျှ သဲထဲရေသွန်ပဲပေါ့။

သားသမီးသုံးယောက်ကိုလည်း အကဲခတ်ကြည့်ပါဦး။ သား နှစ်ယောက်လုံးက ဆယ်တန်း မအောင်၊ သမီးအငယ်ဆုံးက (၉)တန်းကို လေးနှစ်ဖြေ၊ အဲဒီလို ပညာတတ်ကြီးတွေပါ။ ဒါ ဒေါ်စိန်တုတ် သားသမီးတွေ ပဲလေ။

ဤသည်ကား ဒေါ်စိန်တုတ်အကြောင်း။ ဒေါ်စိန်တုတ်ရဲ့ မိသားစု အကြောင်းပင် ဖြစ်ပေတော့သည်။ ဩော် . . မေ့လို့ ဒေါ်စိန်တုတ်ရဲ့ မူက တော့ ရှေ့ပိုင်းမှာ ဖော်ပြခဲ့သည့်အတိုင်း ငွေတိုးပေးတယ်၊ အတိုးကိုတော့





မှန်မှန်ဆပ်၊ မဟုတ်လို့ကတော့ စိန်တုတ်က နယ်မရွေးဘူး ဆိုတာပါပဲ။

❖



နောက် တစ် နေ့ မှာ ပေါ့။

မိငြိမ်းစု ဈေးသိမ်းပြီး ပြန်အလာ မြို့ ရှေ့မှာ သူမကို စောင့်ကြို့နေသူ က ဒေါ်စိန်တုတ်၊ ထုံးစံအတိုင်း အတိုးကိစ္စပဲနေမှာပါလို့ မိငြိမ်းစု တွေးလိုက်မိသည်၊ ရှောင်လွှဲလို့ က မရ၊ ရင်ဆိုင်ဖို့ကိုသာ မိငြိမ်းစု အားမွေးလိုက်သည်၊

"ကဲ . . ဘယ်မှာလဲ အတိုး။ ချုပ် ညည်းကို မနေ့က စကားအကုန် ပြောပြီးသားနော် မိငြိမ်းစု"

ဆိုပြီး လက်ညှိုးငေါက်ငေါက်ထိုး ပြောလေတော့သည်။

"ကြီးစိန်ရယ် . . အခုလောလောဆယ် နှစ်ရက်အတိုးပဲ ယူထား လိုက်ပါဦးနော်၊ နောက် . ."

"တော် ! . . ညည်းဆီက ဒီစကားပဲ ကြားရမယ်ဆိုတာ ကျုပ် ကြို သိပြီးသား။ ဒီမယ် ဟဲ့ကောင်မ . . ညည်းတို့ ကျုပ်ဆီကယူတုန်းက ဒီအခွက်၊ ဒီလေသံမျိုး မဟုတ်ပါဘူး။ ဘယ့်နယ့်အေ သူများ ပိုက်ဆံယူပြီးရင် အတိုး တော့ မှန်မှန်ပေးရမှာပေါ့ ဟဲ့ "

ပွဲက ရေရေလည်လည်ကို ကြမ်းလာနေပြီ။ အရပ်ထဲက လူတွေ ငါ ထွက်ကြည့်ကုန်ကြပြီမို့ မိငြိမ်းစု ရှက်စိတ်တွေထက် ဒေါသစိတ်တဝို ဖြစ်လာသည်။

"ကျွန်မ အနူးအညွတ် မေတ္တာရပ်ခံနေတာပါ . . ကြီးစိန်၊ သည်းခံ နေလို့ အဟုတ်မှတ် မနေပါနဲ့" ဆိုပြီး ပြောချလိုက်ရာ -

"အောင်မာ . . ညည်းက ဘယ်လင်အားကိုးနဲ့ ငါ့ကို မိုက်ပြနေတာ လဲ ကောင်မရဲ့" ဟုဆိုကာ မိငြိမ်းစုပါးကို ရိုက်ချလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com


"မြန်း!.."

"မှတ်ထား..အဲဒါ ငါရသင့်တဲ့ အတိုးရဲ့ တစ်ဝက်ပဲ ရှိသေးတယ်။ နင့်လိုကောင်မမျိုးက ငါနဲ့ လာမယှဉ်နဲ့" ဟုပြောဆိုပြီးနောက် ပြန်သွားလေသည်။ မိငြိမ်းစု ပါးကိုပွတ်ရင်း အံကိုကြိတ်လိုက်သည်။ လူတွေရှေ့မှာ ပါးရိုက်ခံလိုက်ရတဲ့ မိန်းမတစ်ယောက်ရဲ့ တုန့်ပြန်မှုကို ရှင် ဘယ်လိုမျိုးခံနိုင်မလဲဆိုတာ..။

မိငြိမ်းစု ဒီရက်ပိုင်း ဈေးမထွက်။ အိမ်ထဲက အိမ်အပြင်ကိုပင် မိငြိမ်းစု မထွက်၊ ရှက်လွန်းလို့။ အရပ်ထဲကလူတွေကို မျက်နှာချင်းပင် ဆိုင်ရမှာတောင် မိငြိမ်းစု ကြောက်နေမိသည်။

အမေကလည်း အစုရက်ပိုင်းကျမှ ရောင်းတွေ ဆိုးလိုက်တာ။ ညညဆို သားအမိနှစ်ယောက်လုံး မအိပ်ရ။ ဆောင်းဝင်ကာစဆိုတော့ ပိုဆိုးသည်။ ပန်းနာ၊ ရင်ကြပ်သည်က အအေးဒဏ်ခံလို့ မရ။ အမေ့ကို ဆေးကုဖို့ကလည်း လက်ထဲငွေ လုံလုံလောက်လောက် မရှိ။ ဒီကြားထဲ ဟို မိန်းမကြီးရဲ့ အတိုးတွေက ရှိသေးသည်မို့ မိငြိမ်းစု ဘာလုပ်လို့လုပ်ရမှန်း မသိဖြစ်နေတော့သည်။

❖

တစ်နေ့..မိငြိမ်းစု အမေ့အတွက် ဆေးဝယ်ပြီးပြန်အလာ လမ်းထိပ်က ထမင်းဆိုင်ရှေ့မှာ အဘွားအိုကြီးတစ်ယောက်ကို ဆိုင်ရှင်နဲ့ စားပွဲထိုးတွေက အတင်းမောင်းထုတ်နေတာကို မိငြိမ်းစု တွေ့လိုက်ရသည်။

"သွား!..သွား..အဖွားကြီး ကျက်သရေတုံးတယ်။ စောစောစီး သွားစမ်းဗျာ"

"ဟို..ဟို..အဖွား ဘာမှမစားရသေးလို့ပါကွယ်။ အဲဒါ နည်းနည်းလောက်ပဲ ဖြစ်ဖြစ်"

"အိုဗျာ..ဘာနည်းနည်းမှ မရဘူး သွားဗျာ" ဆိုပြီး အဖွားကြီးကို ဆောင့်တွန်းလိုက်ရာ အဖွားကြီး လဲကျသွားတော့သည်။ မိငြိမ်းစုက ပြေးသွားပြီး အဖွားကြီးကို ထူလိုက်ကာ –

"ဒီမယ် ရှင်တို့မှာ အမေမရှိဘူးလား။ ဒီလောက်တောင် ရိုင်းလှ





။

"ဆေးဆရာမကြီးဆိုရင် အဘွားက ဆေးကုစားမှာပေါ့ကွယ်။ ဒါလောက်ကတော့ အဖွားအတွက် ရေတစ်ခွက် ခပ်သောက်ရသလောက် မခက်ပါဘူး ဟင်း.. ဟင်း.. ဟင်း"

ချည်လား..ဟင်" ဆိုပြီး ရန်တွေ့တော့သည်။

"ကလေးမ မဆိုင်ရင် ဝင်မပါနဲ့၊ နင်ပါ နာသွားမယ်"

"လုပ်ရဲ လုပ်ကြည့်လေ၊ မိငြိမ်းစုအကြောင်း သိသွားစေရမယ်" ဘာရယ်မဟုတ် ပါးစပ်ထဲရှိရာကို အရဲစွန့်ပြီးပြောလိုက်မိသည်။

"လာ..အဖွား၊ သမီးနဲ့ လိုက်ခဲ့" ဟုဆိုကာ အဖွားကြီးကိုခေါ်ပြီး မိငြိမ်းစုတို့ ဆိုင်မှ ထွက်လာခဲ့လိုက်သည်။ အိမ်ရောက်တော့ ရှိသည့် ထမင်းနှင့်ဟင်းများကို ချကျွေးလိုက်တော့ အဖွားကြီးမှာ စားလိုက်တာမှ ခေါင်းပင် မဖော်နိုင်။ စားပြီးသည်နှင့် အဖွားကြီးက –

"တစ်လုပ်စားဖူး သူ့ကျေးဇူးတဲ့၊ အခုလို အဖွားကို ကျွေးမွေးလို့ တလေးမကို ကျေးဇူးတင်ပါတယ်ကွယ်" ဟုဆိုလေရာ –

"ရပါတယ်..အဖွားရယ်၊ ဪ ဒါနဲ့ အဖွားက ဘယ်သွားမှာလဲ" မိငြိမ်းစု အဖွားကြီးကို မေးလိုက်သည်။

"အဖွားမှာ သွားစရာ၊ လာစရာ မရှိပါဘူးကွယ်။ မြေသလုံး အိမ်တိုင်သမား ဆိုပါတော့"

"အော်..အဖွားရယ်"

မိငြိမ်းစုနှင့်အဖွားကြီး စကားပြောနေခိုက် –

"အဟွတ်..အဟွတ် သမီး၊ ဘယ်သူနဲ့ စကားပြော..ပြောနေတာလဲကွယ်" ဟု အခန်းတွင်းမှ မိခင်ဖြစ်သူရဲ့ အသံထွက်ပေါ်လာလေသည်။

"ညည်းသည်ပါ..အမေ၊ အမေသက်သာရဲ့လားဟင်"

ဟု မိငြိမ်းစုက မေးလိုက်ရာ –

"အသက်ရှူ နည်းနည်းကြပ်နေတယ်..သမီး အဟွတ် ဟွတ်" မိခင်ဖြစ်သူက ပြန်ဖြေလိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com



"သမီးရဲ့အမေက ဘာဖြစ်နေတာလဲ" ဟု အဖွားကြီးက မေးသည်။

"ပန်းနာ၊ ရင်ကြပ်ရောဂါပါ အဖွားရယ် .. အခု ရက်ပိုင်းမှာ အမေ့ရဲ့ ရောဂါ သက်သာလှတယ်ကို မရှိပါဘူး"

"ဆေးမကုဘူးလား .. သမီး"

အဖွားကြီး၏မေးခွန်းကို ငြိမ်းစု ဘယ်လို ရှင်းပြရမည်နည်း။ မတတ်နိုင် .. အခုမှတော့ ရင်ဖွင့်စရာရှိတာတွေကို အကျိုးအကြောင်း အစုံအလင် အဖွားကြီးအား ရင်ဖွင့်ပြလိုက်လေတော့သည်။ မိငြိမ်းစု ရှင်းပြသမျှ အဖွားကြီး နားထောင်ပြီးနောက် -

"ကြားရတာ စိတ်မကောင်းလိုက်တာ .. သမီးရယ်၊ အင်း .. ဒုက္ခ ဒုက္ခ .. အော် .. ဒါနဲ့ သမီးလေးရဲ့မိခင်ကို အဖွားတစ်ချက်လောက် ကြည့်လို့ ရမလားကွယ်" ဟု မိငြိမ်းစုထံ ခွင့်တောင်းလေရာ -

"ဟုတ်ကဲ့ .. ရပါတယ် အဖွား"

ထို့နောက် မိငြိမ်းစုလည်း အဖွားကြီးကိုခေါ်ကာ မိခင်ဖြစ်သူရဲ့ အခန်းထဲ ဝင်လာခဲ့ကြတော့သည်။ အဖွားကြီးက မိငြိမ်းစု မိခင်ဘေးနားမှာ ထိုင်ပြီး မိခင်ဖြစ်သူရဲ့လက်ကိုကိုင်ကာ ပါးစပ်ကနေလည်း တစ်စုံစုံကို ရွတ်ဆိုနေသည်ကို မိငြိမ်းစု တွေ့မြင်နေရသည်။ ဒီအဖွားကြီး ဘာလုပ်နေလဲ ဆိုတာကိုဖြင့် မိငြိမ်းစု နားမလည်၊ မေးလည်းမမေး။ ပြီးတော့မှ အဖွားကြီးက -

"ဒီညအတွက် သမီးအမေရဲ့ရောဂါကို သမီးစောင့်ကြည့်နေလိုက်ပါ။ ချောင်းတစ်ချက် မဆိုးစေရဘူး" ဆိုပြီး ပြောလေရာ မိငြိမ်းစု အံ့သြလွန်းလို့ ဘာပြောရမှန်းတောင် မသိဖြစ်နေတော့သည်။ မိခင်ဖြစ်သူကို ကြည့်လိုက်တော့ အေးအေးချမ်းချမ်းနှင့် အိပ်မောကျနေသည်ကို မိငြိမ်းစု မြင်တွေ့နေရသည်။

"ဟို .. ဟို .. ဒီလိုလုပ်ပါလား၊ အဖွား လတ်တလော သွားစရာ မရှိရင် သမီးတို့နဲ့ အတူနေပါလား ..၊ အဖွားရှိတော့ အမေ့ရောဂါအတွက် သမီး စိတ်ချရတာပေါ့"

"ဟင်း ..ဟင်း .. ဟင်း၊ သမီးလေးက အမေကို သိပ်ချစ်တတ်တာပဲ။ ဒီတော့ အဘွားကလည်း သမီးတို့ သားအမိကို စောင့်ရှောက်ကူညီ ရမှာပေါ့ကွယ်"

> ॥ မိငြိမ်းစု အတော့်ကို ရှက်လှပါပြီ။ ဒီမိန်းမကြီးကြောင့် မိငြိမ်းစု အရှက်ကွဲခဲ့ရပေါင်းလည်း များလှပြီ။ မိငြိမ်းစုစိတ်ထဲ ဒေါ်မိန်တုတ်ကြီးကို အစိမ်းလိုက် ဝါးစားချင်စိတ်များက တဖွဲဖွဲနှင်း

မိငြိမ်းစု အဖွားကြီးကို ယုံကြည်သွားသည်။ ယနေ့မှ တွေ့မြင်ဖူးပေမယ့် ဒီအဖွားကြီးအပေါ် မိငြိမ်းစု လုံးဝကို အကြွင်းမဲ့ ယုံကြည်သွားမိတော့သည်။

ကြည့်စမ်း .. တစ်ညလုံး အမေ ချောင်းတစ်ချက်မှ မဆိုးတာကို မိငြိမ်းစု သတိထားလိုက်မိသည်။ နံနက်ရောက်တော့ မိခင်ဖြစ်သူမျက်နှာ ကြည်လင် ဝင်းပနေသည်ကိုလည်း မိငြိမ်းစု တွေ့မြင်နေရသည်။ မိငြိမ်းစုလည်း အဖွားကြီးကို ကျေးဇူးတင်စကားပြောပြီး မိခင်ဖြစ်သူ နိုးလာသည်နှင့် အဖွားကြီးနဲ့ မိတ်ဆက်ပေးလိုက်လေသည်။

"အဖွားက ဆေးဆရာမကြီးလား ဟင်"

မိငြိမ်းစု သူသိလိုသမျှ အဖွားကြီးအား မေးလိုက်ရာ အဖွားကြီးက ရယ်ကျဲကျဲလုပ်ရင်း -

"ဆေးဆရာမကြီးဆိုရင် အဘွားက ဆေးကုစားမှာပေါ့ကွယ်။ ဒါ လောက်ကတော့ အဖွားအတွက် ရေတစ်ခွက် ခပ်သောက်ရသလောက် ခက်ပါဘူး ဟင်း .. ဟင်း .. ဟင်း"

ဆိုပြီး ပြန်ဖြေလိုက်ရာ မိငြိမ်းစုမျာ နားမလည်နိုင်အောင် ဖြစ်နေမိတော့သည်။ ဒီအဖွားကြီး တော်ရုံအဖွားကြီး မဟုတ်မှန်း မိငြိမ်းစု အကဲခတ်မိသည်။

❖

## ငါ့နာမည် မှတ်ထား .. မြပုဝါ

ရောက်ရှိလာပြန်ပါပြီ။ ဒေါ်မိန်တုတ်ကြီးတစ်ယောက် မိငြိမ်းစု တို့ အိမ်ရှိရာသို့။

"မိငြိမ်းစု ဟဲ့ .. မိငြိမ်းစု ခေါ်နေတာ မကြားဘူးလား .. ဟဲ့ကောင်မ ရဲ့" ဆိုပြီး ထုံးစံအတိုင်း ခုနစ်သံချီ အသံပြဲကြီးနှင့်အော်ခေါ်တော့ရာ အိမ်ထဲ




www.burmeseclassic.com

www.burmeseclassic.com



မှ မိငြိမ်းစု ထွက်လာတော့သည်။

"ရှိမှရှိသေးရဲ့လားလို့ ကျုပ်ကဖြင့် ထွက်ပြေးပြီလို့တောင် ထင်နေတာ"

"ဒီမယ် ကြီးစိန် အတိုးမပေးနိုင်လို့ ထွက်ပြေးတဲ့လူစားမျိုးထဲမှာ ကျွန်မ မပါဘူး"

"အံမယ် လေသံကိုက ပါးတောင်းနေပြန်ပြီပေါ့ ဟုတ်လား၊ ညည်း အတိုးတွေ အတိုးပေါ်ဆင့်နေပြီနော်၊ အဲဒါ ဘယ်လိုလုပ်မှာလဲ"

"လောလောဆယ် ကျွန်မ မပေးနိုင်သေးဘူး . . ကြီးစိန်၊ အဲဒီတော့ ကြီးစိန် ပြန်ပါတော့"

"ဘာ! . . ကောင်မ လူပါးဝလို့ ငါ့ကိုတောင် ပြန်ပြောရဲတယ်ပေါ့၊ လူပါးဝလို့အေ"

"နားကိုညည်းနေတာပဲ ဘာဖြစ်နေကြတာလဲဟဲ့"

ဆိုပြီး အိမ်ထဲက ထွက်လာသူက ညှော်သည်အဖွားကြီး။ မှန်ပေဖွားကွမ်းယာကို တမြုံ့မြုံ့ဝါးရင်းမှ မိငြိမ်းစုတို့အနားသို့ ရောက်လာကာ –

"ဟဲ့ကောင်မ . . ညည်းသောင်းကျန်းချင်တိုင်း သောင်းကျန်းလို့ ရမယ့်နေရာ မဟုတ်ဘူးနော်၊ ပတ်ဝန်းကျင်ရှိတယ်" ဟုဆိုလိုက်ရာ ဒေါ်စိန်တုတ် တစ်ယောက် ရှူးရှူးရှဲရှဲနှင့် –

"ရှင်ကြီးက ဘာဆိုင်လို့ ဝင်ပြောနေရတာလဲ . . ပါးကွဲချင်နေလို့လား" ဆိုပြီး ပြောလိုက်ရာ အဘွားကြီးက ဟက်ဟက်ပက်ပက် ရယ်တော့သည်။

"ဟား ဟား ဟား ဟား . . ငါ့ကိုများ နင့်လိုကောင်မက ဒီမယ် ဟဲ့ကောင်မ . . ငါ့နာမည်မှတ်ထား မြပုဝါတဲ့၊ ကမ္ဘာကိုတောင် ပြောင်းပြန်လှန်ပစ်လိုက်လို့ ရတယ်၊ နင့်လို ကောင်မမျိုးလောက်က လေနဲ့နစ်ခါ မမှုတ်ရဘူး၊ နားလည်လား"

တဒင်္ဂအတွင်း ဒေါသကြောင့် အဖွားကြီးထံမှ ထွက်ပေါ်လာသော အသံမှာ ကြောက်လန့်ဖွယ်ကောင်းလှတော့သည်။ ရန်ပွဲက တော်တော်ကို ကြမ်းနေပြီမို့ ပတ်ဝန်းကျင်က လူတွေ ထွက်လာပြီး ကြားဝင်ဖျန်ဖြေရတော့သည်၊ ဒီတော့မှ ပွဲကငြိမ်သွားပြီး ဒေါ်စိန်တုတ် တစ်ယောက်လည်း





မကျေမချမ်းနှင့် ပြန်သွားလေတော့သည်။

❖

မိငြိမ်းစု အတော့်ကို ရှက်လှပါပြီ။ ဒီမိန်းမကြီးကြောင့် မိငြိမ်းစု အရှက်ကွဲခဲ့ရပေါင်းလည်း များလှပြီ၊ မိငြိမ်းစုစိတ်ထဲ ဒေါ်စိန်တုတ်ကြီးကို အစိမ်းလိုက် ဝါးစားချင်စိတ်များက တဖွဲဖွဲနှင့်။ တစ်ကွေ့တော့ တွေ့ကြဦးမှာပေါ့ ဒေါ်စိန်တုတ်ရယ် . .ဟု မိငြိမ်းစုရင်ထဲ၊ အသည်းထဲဝယ် ကြွေးကြော်နေမိတော့သည်။

ဒေါ်စိန်တုတ် သူမကို အရှက်ခွဲခဲ့သည်များကို ပြန်တွေးရင်း ချက်ရည်များ ကျလာသည်။ မိခင်ဖြစ်သူ မကြားနိုင်အောင် တရှုံ့ရှုံ့နှင့် အသံမထွက်အောင် ငိုနေမိသည်။

"အဲဒီလောက်ကြီးလည်း ဝမ်းနည်းမနေပါနဲ့ သမီးလေးရယ်"

အဖွားကြီးဒေါ်မြပုဝါက မိငြိမ်းစုခေါင်းလေးကိုပွတ်ရင်း အားပေးလိုက်သည်။

"သမီး . . အဲဒီမိန်းမကြီးကို သတ်တောင် သတ်ပစ်ချင်လိုက်တာ အဖွားရယ်"

ဒါ မိငြိမ်းစု ရင်ထဲကလာတဲ့ စကားသံအစစ်။

"သူ့ကို သမီးသတ်ရင် ဘာအကျိုးရှိမှာလဲကွယ်၊ ဒီမယ် သမီးလေး သူတင် မဟုတ်ဘူး။ သူတို့ တစ်မိသားစုလုံးကိုပါ သမီးလက်နဲ့ သတ်စရာမလိုဘဲ အလွယ်ဆုံးနဲ့ အထိရောက်ဆုံး ဒုက္ခရောက်သွားစေမယ့် နည်းလမ်းရှိရင် သမီးယူမလား"

"ဟင်! . ."

ဒီတစ်ခါ အံ့ဩသွားရသူက မိငြိမ်းစု . . အဖွားကြီး ဒေါ်မြပုဝါရဲ့ စကားက ဘာအဓိပ္ပာယ်လဲ၊ ဘာကိုဆိုလိုသလဲ ဆိုတာ . . သူမ လုံးဝ နားမလည်။

"အဖွား ဘာကို ဆိုလိုချင်တာလဲရှင်"

"သမီးလေးသာ သူနဲ့ သူ့မိသားစုကို တကယ် ဒုက္ခရောက်စေချင်သလားပဲ ပြော"



www.burmeseclassic.com

www.burmeseclassic.com



အဘွားကြီးက အပိုင်ပြောနေတော့သည်မို့ မိငြိမ်းစု မျက်ရည်များကိုသုတ်လိုက်ပြီး -

"အဲဒီလိုနည်းလမ်းများရှိရင် သင်းတို့ကို သမီး တကယ် လုပ်ပစ်လိုက်ချင်တယ် အဖွား" ဟု ယတိပြတ်ပင် ဖြေလိုက်သည်။

"ကောင်းပြီသမီး . . အခုချိန်ကစပြီး သမီးကို အရှက်တကွဲ အကျိုးနည်းအောင်လုပ်ခဲ့တဲ့ အဲဒီဟာမနဲ့ သူ့မိသားစု ဒီနေ့ ဒီရက်ကစပြီး ကာလနာတိုက်ပြီသာမှတ်"

"အဘွားက ဘယ်လိုလုပ်မှာလဲ ဟင်"

"နောက်တော့ သမီးသိရမှာပေါ့၊ ဒါနဲ့ သမီးတို့ရဲ့မြိုင်သာမြို့သချိုင်းက ဘယ်နားမှာလဲ"

"ရှင် ! . . ဟို . . ဟို . . အနောက်ဘက် တစ်မိုင်ကျော်ကျော်မှာပါ အဘွား"

"သမီး သရဲ ကြောက်တတ်သလား"

"ရှင် ! . ."

"အော် . . ငါ့သမီးနယ် တရှင်ရှင်နဲ့ ဘာတွေများဖြစ်နေသလဲကွယ်"

"ဟို . . ဟိုလေ"

"ကဲ . . ကဲ . . ငါ့သမီး ဘာမှမပြောတော့နဲ့၊ အဘွား ခိုင်းတဲ့အတိုင်းသာလုပ်လိုက် ဟုတ်ပြီလား၊ သမီးပဲ စိန်တုတ်ဆိုတဲ့ မိန်းမကို နာကျည်းတယ်ဆို"

စိန်တုတ်ဆိုသည့်အသံ ထပ်မံကြားလိုက်ရ၍ မိငြိမ်းစု ရင်ထဲသွေးများက ဗလောင်ဆူလာတော့သည်မို့ အံကိုကြိတ်ပြီး ခေါင်းညိတ်ပြလိုက်တော့သည်။

"ဒီလိုပဲ ဖြစ်ရမှာပေါ့ကွယ် ဟင်း . . ဟင်း . . ဟင်း"

❖

## မြိုင်သာမြို့၏ သချိုင်းထဲဝယ်

ချောက်ချားစရာ ကောင်းလွန်းလှသည်၊ အချိန်အားဖြင့် ည(၁၁)နာရီကျော်၊ ပတ်ဝန်းကျင်တစ်ခုလုံးကလည်း မှောင်နဲ့မည်းမည်း၊ ဒီလိုအချိန်







မျိုးမှာ လူနှစ်ယောက် တရွေ့ရွေ့နှင့် မြိုင်သာ သချိုင်းနားသို့လာနေကြသည်၊ ထိုလူနှစ်ယောက်ကားအဘွားကြီး ဒေါ်မြပုဝါနှင့် မိငြိမ်းစုတို့ပင် ဖြစ်လေတော့သည်။

မိငြိမ်းစု ချော ကြောက်လွန်းလို့ ဘာလုပ်လို့လုပ်ရမှန်းမသိပေ၊ အဘွားကြီးဒေါ်မြပုဝါကတော့ အေးဆေးပင် ရှေ့ကသွားလျက်။

"အူ . . ဝူး . . အူ . . အူ . . ဝူး . . ဝူး"

ရုတ်တရက် သချိုင်းခွေးတွေက ထအူတော့ မိငြိမ်းစုလန့်သွားပြီး အဘွားကြီးဒေါ်မြပုဝါလက်ကို ဆုပ်ကိုင်မိလိုက်သည်။

"မကြောက်ပါနဲ့ သမီးရယ် ဟင်း . . ဟင်း . . ဟင်း" ဆိုပြီး ရယ်ကျဲကျဲနှင့် မိငြိမ်းစုကို အားပေးလိုက်သည်။

"ဂီး . . ဂီး"

"ဂစ်"

ငှက်ဆိုးထိုးသံကြီးကလည်း ချောက်ချားဖွယ်ရာ ပေါ်ထွက်လာပြန်သည်၊ နှစ်ယောက်သား သချိုင်းအစပ်နားရောက်သည်နှင့် -

"ကဲ . . သမီး၊ ဒီသချိုင်းရဲ့အတွင်းပိုင်းမှာရှိတဲ့ မြေကြီးတစ်ဆုပ်ကို ငါ့သမီး ရအောင်ယူလာခဲ့" ဟု အဘွားကြီးက ဆိုလိုက်ရာ -

"ဟို . . ဟို အဘွားကကော မလိုက်ဘူးလားဟင်" ဟု အားငယ်စွာဖြင့် မေးလိုက်မိသည်။

"အဘွား လိုက်လို့မရဘူး . . သမီး၊ ကာယကံရှင် ငါ့သမီး တစ်ယောက်ထဲကသာ သွားရမှာ ဘာမှမကြောက်နဲ့၊ အဘွားရှိနေတယ် သင်းတို့ ဘာမှ နှောင့်ယှက်လို့ မရစေရဘူး၊ ရဲရဲသာသွား"

ဆိုပြီး ပြောလိုက်ရာ မိငြိမ်းစုလည်း ကြောက်ကြောက်နှင့် သချိုင်း



www.burmeseclassic.com

www.burmeseclassic.com



အတွင်းသို့ ဝင်လာခဲ့လိုက်သည်။ မှောင်နဲ့မည်းမည်းမို့ ဘာကို စလုတ်တိုက်မိသလဲ မသိ။

အို ! .. ဘာပဲဖြစ်ဖြစ် ငါမကြောက်ဘူး။ စိတ်ထဲ ရဲဆေးတင်လိုက်သည်။ ရောက်ပါပြီ၊ သချိုင်းရဲ့အတွင်းအကျဆုံးနေရာလား၊ ဘာလားတော့ မသိ။ အနံ့တွေကလည်း နံလိုက်တာမှ ပြောမနေနဲ့၊ ရင်ထဲ ပျို့အန်ချင်လာမိသည်။

"ဝူ .. အူ .. အူ .. အူ"

ခွေးတွေကလည်း အူလိုက်တာမှ လွန်ရော။ မြေပုံတစ်ခုနားရောက်တော့ မိငြိမ်းစု ဆောင့်ကြောင့်ထိုင်ပြီး မြေကြီးတစ်ဆုပ်စာလောက်ကို ပါလာသည့် ကြွပ်ကြွပ်အိတ်ထဲထည့်လိုက်ပြီး ခပ်မြန်မြန်ပင် ပြန်ထွက်လာတော့သည်။

"ရခဲ့လား .. သမီး"

အဘွားကြီးက မေးလိုက်ရာ -

"ဟုတ်ကဲ့ .. ရခဲ့တယ် အဘွား" ဟု ပြန်ဖြေလိုက်လေသည်။

"ဟန်ကျသကွဲ့၊ ဪ .. နေဦး သမီးရဲ့ညှော်နံ့လေးရတယ်၊ ကြည့်ရတာ ညနေလောက်ကမှ မီးရှို့ခံထားရတဲ့ အလောင်းရဲ့ညှော်နံ့မျိုးကွဲ့"

"ဟုတ်တယ် .. အဘွား၊ သမီးလည်း ရတယ်"

"အလောင်းမီးရှို့ရင် ဘယ်မှာရှို့လဲ သမီး"

"ဟိုဘက်နားမှာပါ အဘွား"

"လာ .. သမီး အဘွားကို လိုက်ပြ" ဟု ဆိုကာ မိငြိမ်းစုလက်ကိုဆွဲပြီး အလောင်းများ မီးရှို့သည့်နေရာကိုလိုက်ပြနိုင်းရာ မိငြိမ်းစုလည်း လိုက်ပြလိုက်သည်။

"ထင်တဲ့အတိုင်းပဲ .. ညနေလောက်ကမှ မီးရှို့ထားတာ၊ ဒါနဲ့ သမီး မြို့သာမှာ ဘယ်သူသေတယ်လို့ ကြားလဲ"

"(၄)လမ်းက မကြွယ်ဆိုတဲ့ဗိုက်ကြီးသည် မီးဖွားရင်း ဆုံးတယ်လို့ ကြားတာပဲ။ ဒီနေ့ သင်္ဂြိုဟ်တာဆိုတော့ ဒါ .. ဒါ"

"အစိမ်းသေပေါ့ကွယ်၊ ဒါ မကြွယ်ရဲ့အလောင်းပဲနေမှာပေါ့၊ မှန်းစမ်း"







အဘွားကြီးလက်နှင့် အလောင်း မီးရှို့ခင်ကို ပယ်ပယ်နယ်နယ်၊ ဟိုစမ်းဒီစမ်း လုပ်ရင်းမှ တစ်စုံတစ်ခုကို တွေ့သွားဟန်ဖြင့် -

"ရပြီ" ဟုဆိုကာ စောစောက မြေကြီးထည့်ထားသည့် ကြွပ်ကြွပ်အိတ်ထဲ ထည့်လိုက်ပြီး -

"အလောင်းပိုင်ရှင် နှင့် ပစ္စည်းတို့ ငါယူသွားပြီ၊

နင် ငါ့လက်အောက် ရောက်သွားပြီ၊

နင့်ကို ငါပိုင်တယ်၊ ဒါ ငါ အမိန့်" တု ဆိုကာ ဖနောင့်ဖြင့် သုံးချက်ပေါက်လိုက်ရာ ရုတ်တရက်ကြီး လေပြင်း တစ်ချက်တိုက်သွားကာ ခွေးများလည်း ပြိုင်တူ အူကြတော့သည်။

"အူ .. အူ .. အူ .. ဝူ .. ဝူ .. ဝူ"

ထိုညက မိငြိမ်းစုတို့ လမ်းထဲဝယ် ခွေးများအူလိုက်ကြတာမှ ချောက်ချားဖွယ်ရာ ကောင်းလွန်းလှပြီး မိငြိမ်းစုလည်း တစ်ညလုံးအိပ်လို့မပျော်၊ ဘာကို ဘယ်လိုကြောက်နေမှန်းမသိ၊ မိုးလင်းခါနီးမှ အိပ်ပျော်သွားတော့သည်။ မနက်ကျတော့ အဘွားကြီးဒေါ်မြပုဝါအား သိလိုသမျှတို့ မိငြိမ်းစု မေးလိုက်မိသည်။

"အဘွား .. ဒီလိုတွေ လုပ်နေတာ၊ ဒါ အောက်လမ်း မဟုတ်လားဟင်"

"သမီးက ဘယ်လိုထင်လို့လဲကွယ့်"

"သေချာတော့ သမီးမသိဘူး၊ ဒါပေမယ့် .."

"အဘွား ဒီလိုလုပ်နေတာတွေဟာ သမီးဆီက ခွင့်တောင်းပြီးမှ လုပ်နေတယ်ဆိုတာ သမီးသိထား။ နောက်ကျရင် သမီးသိလာပါလိမ့်မယ်"

အဘွားကြီး ဒီလောက်ပဲ ပြောသည်။ မိငြိမ်းစု ဒီအဘွားကြီးကို



www.burmeseclassic.com

www.burmeseclassic.com





လုံးဝ နားမလည်တော့။ ဒီအဘွားကြီး ဘယ်လို လူစားမျိုးလဲဆိုတာကိုလဲ . . ။

❖

ညရောက်ခဲ့ပြန်ပါပြီ။ အဘွားကြီးဒေါ်မြပုဝါနှင့်အတူ မိငြိမ်းစု ဦးတည်လာနေသည်က (၇)လမ်းထဲမှာရှိသည့် ဒေါ်စိန်တုတ်ကြီး အိမ်၊ ခြံ ရှိရာဆီသို့။

ဒေါ်စိန်တုတ် ခြံရှေ့ရောက်သည်နှင့် -

"ရော့ . . ဒီမြေကြီးတွေကို တစ်ဝက်ကို ခြံထဲပက်လိုက်၊ တစ်ဝက်ကို တော့ အိမ်ရဲ့ခေါင်တိုင်မှာ သွားမြှုပ်ခဲ့" ဟု ဆိုကာ သရီှုင်းအတွင်းမှ ယူလာခဲ့ သည့် မြေကြီးထုပ်ကို မိငြိမ်းစုအား ပေးလေသည်၊

မိငြိမ်းစုလည်း ခိုင်းသည့်အတိုင်း မြေကြီးတစ်ဝက်ကို ခြံထဲလှမ်း ပက်လိုက်သည်။ ကျန်တစ်ဝက်ကိုဖြင့် အိမ်နားထိယူလာပြီး ခေါင်တိုင်မြေ နားမှာ ပက်လိုက်သည်။

လွယ်တော့ မလွယ်လှ။ ခုနေများ အိမ်သားတစ်ယောက်ယောက် နိုးသွားပြီး မြင်လိုက်လို့ကား ပြီးသည်နှင့် ခြံရှေ့ကို ပြန်လာခဲ့လိုက်သည်၊

"ရော့ . . ဒါကို ခြံစည်းရိုးတိုင်မှာ မတွေ့နိုင်အောင် ချည်" ဟု ဆိုကာ မီးကျွမ်းနေသည့် အဝတ်စတစ်စနှင့် အရိုးလိုလို အရာတစ်ခုကို ပေးပြန်ရာ မိငြိမ်းစုလည်း ပြောသည့်အတိုင်း အကုန်လိုက်လုပ်မိသည်။

"ယခုအချိန်မှစ၍ ဤအိမ်၊ ဤခြံသည်
ဘေးဆိုးရန်ဆိုး ကျရောက်စေသား၊





ငါဆရာရဲ့အမိန့်"

ဖနောင့်နှင့် သုံးချက်ပေါက်လိုက်ပြန်သည်။

"အု . . အု . . အု"

"ဝူ . . ဝူ . . ဝူ"

"ဂီး"

"ဂစ်"

ခွေးအူသံတွေ၊ ငှက်ဆိုးထိုးသံတွေက ကြောက်စမန်းလိလိ ပေါ် ထွက်လာလေတော့သည်။

❖

## နှုတ်မဆက်ဘဲ ထွက်ခွာ ဒေါ်မြပုဝါ

တစ်အိမ်လုံးလည်း ရှာပြီးပြီ။ အဘွားကြီးဒေါ်မြပုဝါကို မတွေ့၊ ဘယ်များ သွားနေပါလိမ့်၊ စာတစ်စောင် ရေအိုးစင်နားမှာ ညှပ်ထားသည် တို့တွေ့လိုက်ရ၍ မိငြိမ်းစု ဖတ်ကြည့်လိုက် မိသည်၊

"သမီး . .
နှုတ်မဆက်ဘဲ ထွက်သွားခဲ့လို့
အဘွားကို စိတ်မဆိုးပါနဲ့၊
သမီး ဖြစ်စေချင်တဲ့အတိုင်း
အဘွားအားလုံး ကူညီပေးခဲ့ပြီးပြီ၊
သမီး စိတ်ချမ်းသာလိုက်တော့။
အဘွား မြပုဝါ"

ဒီလိုဆို အဘွားကြီး ထွက်သွားပြီပေါ့၊

သူ ဘယ်ကိုများ သွားတာပါလိမ့်၊ မိငြိမ်းစု တွေးနေမိလိုက်သည်။ နေ့လယ်ပိုင်း မိခင်အတွက် ဆေးသွားဝယ်တော့ သတင်းတစ်ခု ကြားရ သည်။ ဒေါ်စိန်တုတ်ယောကျ်ား အရက်သမားကြီး လေဖြတ်သွားပြီဟု ကြား သိသူများက ပြောနေကြသည်၊

နောက်ဆက်တွဲ သတင်းဆိုးကား . .

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စိန်တုတ်သား အလတ်ကောင် မူးယစ်ဆေး လက်ဝယ်တွေ့ရှိမှုနှင့် ရဲဖမ်းသွားသည့် သတင်း၊ တစ်ရက်ထဲ သတင်းဆိုးက နှစ်ခု၊ ဒေါ်စိန်တုတ်ကြီး အရှုံးမီးပိုင်းသလိုနယ်။ တချို့က ဝမ်းသာကြလျက်၊ စိတ်မကောင်းကြလျက်၊

ပို၍ထူးဆန်းသည်က ညဘက်ဆိုလျှင် ခွေးတွေက ဒေါ်စိန်တုတ်အိမ်တစ်အိမ်ထဲကိုသာ လှည့်ပြီး စူးစူးဝါးဝါး အူနေကြကာ တစ်ခါတရံဆိုလျှင် အိမ်ခေါင်မိုးပေါ် ခဲများကျသံ၊ သဲများဖြင့်ပက်သံများက ပေါ်လာရာ ထွက်ကြည့်လိုက်လျှင် ဘာမှမရှိ။

ခြံထဲမှာ မွေးထားသည့် ကြက်တွေ၊ ဝက်တွေဆိုတာလည်း တစ်ခုခုကို မြင်ပြီး ကြောက်လန့်နေသလိုနယ်၊ ဝရန်းသုန်းကားနှင့် မနက်ကျတော့ လက်သည်မပေါ်၊ တစ်စုံတရာ ရောဂါမရှိပါဘဲလျက် အကုန်လုံးသေဆုံးနေသည်ကိုလည်း အံ့သြစွာ တွေ့မြင်ကြရသည်။

တချို့ကဆိုလျှင် ညဘက်တွေမှာ ဒေါ်စိန်တုတ်ခြံထဲဝယ် မိန်းမတစ်ယောက်ကို မြင်တွေ့ကြရပြီး တစ်ခါတစ်ခါမှာ လူရိပ်များသဏ္ဍာန် အရိုးအခွေများကို တွေ့မြင်ကြရကြောင်း ပြောကြလေရာ ဒေါ်စိန်တုတ်နှင့် သူ့သားကြီးက နောက်တစ်ခါ ဒီလိုပြောရင် ပြောတဲ့လူတွေကို တရားစွဲမယ် ဆိုပြီး ခြိမ်းခြောက်လေသည်။

တစ်ည ..။

"ဒုန်း .. ဒုန်း .. ဖြောင်း"

အသံများက ခေါင်မိုးပေါ် ခဲကြီးကြီး ကျလာသံများ။ တစ်ဆက်တည်းဆိုသလို အိမ်တစ်အိမ်လုံး လှုပ်ခါသွားပြီး –

"အား ! .. အမေရေ" အငယ်ဆုံးမ အော်သံက ထွက်ပေါ်လာသဖြင့် –

"ဟဲ့ .. ဟဲ့ .. သမီး ဘာဖြစ်တာတုန်း"

"ညီမလေး ဘာဖြစ်လို့လဲ ဟင် .. အစ်ကိုကြီးကို ပြောစမ်း" ဆိုပြီး အမေကော၊ အစ်ကိုပါ အငယ်ဆုံးမကို မေးလိုက်သည်။

"ဟို .. ဟို ပြတင်းပေါက်နားမှာ မိန်းမကြီးတစ်ယောက်၊ မျက်နှာကြီးကလည်း ကြောက်စရာကြီးနဲ့ အီး .. ဟီး .. ဟီး"





အကြီးကောင်ထပြီး ပြတင်းပေါက်အပြင်ကို ကြည့်လိုက်သည်။ ဘာမှမရှိ။

"ညီမလေး .. စိတ်ထင်လို့ နေမှာပါ၊ ဘာမှ မရှိပါဘူးကွယ်"

"ကဲ .. ကဲ .. သမီး မေမေနဲ့ လာအိပ်ချေ။ သားကြီး တံခါးတွေသေချာပိတ်လိုက်ကွယ်"

"ဟုတ်ကဲ့ .. မေမေ"

❖

ညက ဘာကို ဘယ်လိုမြင်လိုက်မိလဲ မသိ၊ ဒေါ်စိန်တုတ်သမီးအငယ်မ မနက်ကျတော့ လန့်ဖျား ဖျားတော့သည်။ သတိရတစ်ချက်၊ သတိရတစ်ချက်နှင့် ပါးစပ်ကလည်း ဂယောင်ဂတမ်းတွေ အော်ပြောနေတော့သည်မို့ ဆရာဝန်ပင့်ထားရသည်။

အခုရက်ပိုင်း ဘာတွေဖြစ်နေမှန်း မသိ၊ ယောကျ်ားဖြစ်သူကလည်း ရောဂါ ပိုဆိုးလာသည်၊ သားလတ်ကိစ္စကလည်း အယူခံဝင်လို့ မရသေး .. အခု ဖြစ်ပြန်ပြီ သမီးငယ်၊

စီးပွားရေးတွေလည်း တစတစကျလာသည်မို့ လူလည်း စားမဝင်၊ အိပ်မပျော်တော့၊ ကံဆိုးမသွားရာ မိုးလိုက်လို့ရွာဆိုသည့်အတိုင်း ဒေါ်စိန်တုတ် တစ်ယောက် ရေကပြင်မှာ ချော်လဲတော့သည်၊ ညာဘက်လက် ကျိုးသွားခဲ့ပြီ၊

အဲဒီနေ့ညမှာပင် ဒေါ်စိန်တုတ် ယောကျ်ားဆုံးသည်၊ မဆုံးခင်မှာပင် တစ်ခုခုကို ချောက်ချားဖွယ်ရာ တွေ့မြင်ခဲ့ရပုံနယ်၊ မျက်လုံးကြီးပြူးလျက် လာကြည့်တဲ့လူတွေပင် သေချာမကြည့်ရဲ၊

တချို့က ဒေါ်စိန်တုတ်အိမ် "ဘီလူးတိုက်ပြီ" ဟုလည်း ပြောကြသည်၊ "အာဠာဝက စီးသည်" ဟုလည်း ဆိုကြပြန်ရာ ဆရာကောင်းပင့်ရန် စေတ်ဝန်းကျင်က တိုက်တွန်းကြသည်၊

ဒါတွေကိုလည်း ဒေါ်စိန်တုတ် နားမဝင် အယူမသီး၊

ဤနောက်ဆက်တွဲက ယောကျ်ားဖြစ်သူရဲ့ အသုဘချသည့်နေ့မှာပင် သားကြီးဆိုင်ကယ်မှောက်ပြီး ဆုံးပြန်သည်မို့ ဒေါ်စိန်တုတ် မပျော



www.burmeseclassic.com

www.burmeseclassic.com



မြေလူ၊ အရှုံးမိုးပိုင်းသလိုနယ်၊

တစ်နေ့ထဲ ယောကျ်ားနှင့်သားကိုပါ အသုဘ နှစ်လောင်းချလိုက်ရသည်၊ ဒါတွေကို ဒေါ်စိန်တုတ် သိပ်မသက်သာချင်တော့၊ ပတ်ဝန်းကျင်က ပြောသည့်အတိုင်း ဆရာသမားကောင်းကို အမြန်ရှာဖွေရသည်၊

❖

## လာပြီ.. လာပါပြီ ဆရာညို

ဆရာညို..၊

ဒီခြံထဲ စဝင်ကတည်းက မကောင်းတဲ့ အနံ့၊ မကောင်းတဲ့ အာရုံ အထိအတွေ့ကို ရပြီးသား၊ ဒါပေမဲ့ မပြောသေး၊ ခြံထဲကို အသေအချာ ပတ်ကြည့်လိုက်သည်၊

နောက်ပြီး အိမ်ပေါ်မှာ ကန်တော့ပွဲသုံးပွဲကို အမြန်ဆုံး စီစဉ်နိုင်းလိုက်သည်၊ အိမ်သားမှလွဲ၍ ကျန်သူများ ခြံပြင်ထွက် ဒါ ဆရာညိုအမိန့်၊

“တော်တော်ကို ဆိုးဆိုးဝါးဝါး လုပ်ထားတာပဲ”

“ဘယ်လိုတွေများ လုပ်ထားလို့လဲ .. ဆရာရယ်”

“စုန်း၊ ကဝေ အတတ်ထဲမှာ အမြင့်ဆုံးပဲ၊ ကျုပ်ရအောင် ဖယ်ရှားပေးပါ့မယ်” ဟုဆိုကာ ဘုရားစင်ရှေ့ဖယောင်းတိုင်ထွန်း၊ အမွှေးတိုင်ပူဇော် ပရိတ် ရေကိုချပြီး -

“ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး
ဂုဏ်ကျေးဇူးတော်ကြောင့်
ဤခြံအတွင်း၊ ဤအိမ်အတွင်းမှာရှိနေသည့်
အမှောင့်ပယောဂများ၊
ငါ့ဆရာအမိန့် အထက်ဆရာကြီးများအမိန့်
အခရိုန်မှစပြီး ငါထိန်းချုပ်ထားလတ္တံ့”

ဟုဆိုကာ ပရိတ်ရေကိုယူပြီး ခြံထဲအနှံ့ လိုက်ပက်လိုက်သည်၊ ဆက်၍ -

“လုံးဝ မကြောက်တတ်တဲ့
အမျိုးသမီးတစ်ယောက်







ကူညီနိုင်ရင် ဆရာ့ကို ကူညီပါ”

ကလေးနှစ်ယောက် အမေ မုဆိုးမ မိညွက်က -

“ကျွန်မ ကူညီပါ့မယ်ရှင်” ဟုဆိုကာ ဆရာညိုနောက်မှာ ထိုင်ပြီး ဘုရားကို ကန်တော့လိုက်သည်၊

“သမီး ဘာမှမကြောက်နဲ့ ဆရာရှိနေတယ် ဟုတ်ပြီလား၊ ကဲ .. မျက်လုံးမှိတ်” ဆရာညိုပြောသည့်အတိုင်း မိညွက် မျက်လုံးမှိတ်လိုက်ပါသည်၊

“ဘုရားရှင်ရဲ့တန်ခိုးတော်နှင့်အတူ
အထက်ဆရာကြီးများအမိန့်
ငါ့ဆရာ အမိန့်နှင့် ဤခြံကို
နှောင့်ယှက်သည့် ပုဂ္ဂိုလ်
ယခုချက်ချင်း ဝင်ရောက်လာခဲ့”

ပြောလို့ပင် မဆုံးသေး .. မိညွက်တစ်ကိုယ်လုံး ယိမ်းထိုးလာတာ ဆံပင်ကို ဖားလျားဖြေချလိုက်သည်၊ မျက်လုံးကြီးပြူးပြီး ဆရာညိုကို ကြည့်ကာ အံတကြိတ်ကြိတ်နှင့်၊

“အခုရောက်ရှိလာတာ ဘယ်သူလဲ .. ဆရာ့ကိုပြောပါ”

“မပြောဘူးပေါ့ ရပါတယ်လေ၊ ဟောဒီမှာ သိမ်ဝင်ပုတီးနဲ့ ရေမန်း ဒါဆိုရင် သဘောပေါက်တယ်နော်”

ဟု ပုတီးနှင့်ရေမန်းကို ပြလိုက်တော့မှ -

“မကြွယ်”



www.burmeseclassic.com

www.burmeseclassic.com



အသံကြီးက ဩဩကြီးနှင့်၊ မိညွှက်အသံတော့ မဟုတ်၊

"မင်းကို ဘယ်သူက စေခိုင်းတာလဲ"

"ဆရာမကြီး မြပုဝါ"

"ဘာကြောင့် ဒီလိုလုပ်ရတာလဲ"

"....."

"ဘာလို့ဒီလို လုပ်ရတာလဲ"

"....."

"မင်းနဲ့ သက်ဆိုင်တဲ့ ပစ္စည်း၊ ဒါမှမဟုတ် သူစီရင်ခဲ့တဲ့ အဆောင် ရှိလား"

"ရှိတယ်"

"ဘယ်နားမှာလဲ"

မိညွှက်ခန္ဓာကိုယ်ရှိ ပရလောကသားမိကြွယ်က မြံစည်းရိုးတိုင်ကို လက်ညှိုးထိုးပြသည်၊ ဆရာညို သဘောပေါက်လိုက်ပြီ၊

"နောက် ဘာလုပ်ထားသေးလဲ"

အိမ်ခေါင်တိုင်ကို ပြသည်၊

ရပြီ .. ဒီလောက်ဆိုလုံလောက်ပြီ၊

"မင်းနဲ့ သက်ဆိုင်တဲ့ပစ္စည်းကို ဆရာ ပြန်ထားပေးပါ့မယ်၊ ဒီအိမ်သားတွေကို ဆက်ပြီးမနှောင့်ယှက်ပါနဲ့လို့ ကတိပေးပါ"အစိမ်းသရဲမ မိကြွယ်က ခေါင်းညိတ်ပြသည်၊

"ပရလောကသား မကြွယ်
အထက်ဆရာကြီးများ အမိန့်၊
ငါဆရာ အမိန့်၊ ယခုချက်ချင်း
ဤခန္ဓာကိုယ်ပိုင်ရှင်ထံမှ စွန့်ခွာပေလော့"ဟုဆိုကာ မိညွှက် ခေါင်းကိုကိုင်ပြီး ပြောလိုက်သည်၊

မိညွှက် ခေါင်းငိုက်စိုက်ကျသွားသည်၊ သတိရလာတော့ သူ့ကိုယ်သူ ဘာဖြစ်မှန်းမသိ၊

"ကဲ .. ဒေါ်စိန်တုတ်၊ ခင်ဗျား ကြားတယ်နော်"

"ဟုတ်ကဲ့ပါ .. ဆရာရယ်၊ ကျွန်မဖြင့် ယုံတောင်မယုံနိုင်ဘူး"





# ၂

**"ခင်ဗျားတို့အိမ်ကို အစိမ်းတိုက်သွားတဲ့ ဒေါ်မြပုဝါဆိုတာ နယ်နယ်ရရ မဟုတ်ဘူး၊ ပဓာန (..)နယ်ဘက်က၊ ဒီမိန်းမကြီး မျောက်နေတာကြာပြီ ဘယ်က ဘယ်လို ပြန်ပေါ်လာပြီး.."**

---

"ကျုပ်တို့ မြံစည်းရိုးတိုင်တွေကို တစ်ချက်သွားကြည့်ရအောင်"

ထို့နောက် မြံစည်းရိုးတိုင်တွေကို သေချာစစ်ဆေးကြည့်ရှုရာမှ -

"ထင်တဲ့ အတိုင်းပဲ၊ ဒီမှာကြည့် .."

ဆရာညိုပြသည်က မီးကျွမ်းနေသည့်အဝတ်စတစ်စနှင့် အရိုးတစ်ခုကို အထက်ဆင်နှင့်ချည်ပြီး မြံစည်းရိုးတိုင်ခေါင်းမှာ ချည်ထားသည်ကို တွေ့မြင်လိုက်ကြရသည်၊

"ဒါ ခုနက ပရလောကသားရဲ့ပစ္စည်းတွေပဲ၊ လာ .. ခင်ဗျားတို့ အိမ်ခေါင်တိုင်အောက်သွားကြည့်ရအောင် ဘာများတွေ့ရမလဲလို့"

ဆက်လက်ပြီး အိမ်ရဲ့ခေါင်တိုင်နားကို ရောက်လာခဲ့ကြပြန်သည်၊ ကြည့်လိုက်တော့ ဘာမှမရှိ၊

"ဘာမှလဲ မရှိပါလား ..ဆရာ" ဟုဒေါ်စိန်တုတ်က မေးလိုက်ရာ -

"ခင်ဗျားလို သာမန်လူတစ်ယောက်ကြည့်ရင် ဘယ်မြင်ရပါ့မလဲဗျာ၊ ဒါမျိုးတွေ ခင်ဗျားမြံထဲမှာ အများကြီး" ဆိုပြီး ပြောလိုက်တော့ -

"ရှင် !.." ဆိုပြီး ဒေါ်စိန်တုတ်တစ်ယောက် အံ့ဩသွားရသည်၊

"ကဲ .. ခင်ဗျားလည်း မြံပြင်ထွက်ပေး၊ ဒါတွေရှင်းရမယ့် အချိန်တန်ပြီ"

ထို့နောက် ဆရာညိုက မြံထဲမှာ စည်းဝိုင်းတားပြီး ဝိတ်မြုတစ်ခုကို ခင်းလိုက်သည်၊ လာရောက်ကြည့်ရှုကြသည့် လူတွေကလည်း အပြည့်အကျပ်လုံး ဆရာညိုလုပ်သမျှကို စိတ်ဝင်စားစွာ ကြည့်နေကြလျက်၊

"ဘုရားရှင်ရဲ့တန်ခိုးအာနုဘော်နှင့်
အထက်ဆရာ ဆရာကြီးများ အမိန့်၊
ငါဆရာအမိန့်နှင့်တကွ ဤမြံထဲရှိ



www.burmeseclassic.com

www.burmeseclassic.com



မသန့်စင်သောအရာများ

ဤပိတ်ဖြူပေါ် လာရောက်စုစေအံ့"

ဆိုပြီးပြောလိုက်ရာ ရုတ်တရက် လေညှင်းလေးများတိုက်လာပြီး မြုံထဲမှာရှိသည့် မြေမှုန်များ ဟိုနေရာတစ်စု၊ ဒီနေရာတစ်စုနှင့် ပိတ်ဖြူပေါ် လာရောက်စုလေသည်ကို အားလုံး ထူးဆန်းအံ့သြဖွယ်ရာ တွေ့မြင်လိုက်ကြရသည်။

မြုံဝန်းထဲမှာ သဲများသာရှိပါလျက် ပိတ်ဖြူပေါ်မှာ ရှိနေသည်များတတော့ -

"ဒါကို သင်္ချိုင်းမြေလို့ ခေါ်တယ်၊ စောစောက မြုံစည်းရိုးမှာ တွေ့ခဲ့တာက အစိမ်းသေရဲ့အဝတ် (သို့မဟုတ်) ထမီစ၊ အရိုးကတော့ အစိမ်းသေရဲ့ ခန္ဓာကိုယ် အစိတ်အပိုင်းတစ်ခု၊ ဒီတော့ ဒေါ်စိန်တုတ် ခင်ဗျားတို့မိသားစုကိုလုပ်တဲ့ ပညာရပ်ဟာ ဘယ်လိုပညာရပ်လဲဆိုတာ သိလားဗျာ"

ဟု ဆရာညိုက မေးလိုက်ရာ -

"မသိပါဘူး ရှင် .. ဆရာသိရင် ရှင်းပြပေးပါလား" ဟု ခွင့်တောင်းလိုက်သည်။

"အဲဒီပညာကို အစိမ်းတိုက်လို့ခေါ်တယ်။ အမြင့်ဆုံး ကဝေပညာရပ်ထဲမှာ ပါတယ်၊ ဒီပညာရပ်ကို စီမံပေးတဲ့သူကလည်း ကဝေပညာ အရာမှာ တကယ့်ဆရာကြီးအဆင့်လောက်ရှိမှ ဒါမျိုးကို လုပ်နိုင်တာ"

"နံပါတ် ၁) သင်္ချိုင်းအလယ် (သို့) အတွင်းပိုင်းအကျဆုံးက မြေကိုယူမယ်၊

နံပါတ် ၂) အစိမ်းသေရဲ့အဝတ် (သို့) ထမီကို အဲဒီအစိမ်းသေရဲ့အရိုးနဲ့ပတ်ပြီးတော့ အထက်ဆင်နဲ့ချည်၊

နံပါတ် ၃) ကိုယ်လုပ်ချင်တဲ့ အိမ်မြုံထဲကို စောစောက ယူလာတဲ့ သင်္ချိုင်းမြေနဲ့ပက်၊

နံပါတ် ၄) အဆိုးဆုံးပဲ .. အိမ်ရဲ့ခေါင်တိုင်မှာ အဲဒီသင်္ချိုင်းမြေကို မြှုပ်၊ ဒါဆို အိမ်ထောင်ဦးစီးသေတယ်ပေါ့ဗျာ၊

နံပါတ် ၅) ခုနက အစိမ်းသေရဲ့ပစ္စည်းတွေကို မြုံစည်းရိုးတိုင် (သို့မဟုတ်) အိမ်ခေါင်တိုင်မှာ မြှုပ်ရင်လည်း အိမ်ထောင်ဦးစီးသေပြီး အကြီး





အကျယ် ဒုက္ခရောက်တာပဲ"

ဟု ဆရာညိုက ရှင်းပြလေသည်။

"ဒါနဲ့ အစိမ်းသေကို ချုပ်တယ်ဆိုတာကကော ဆရာ"

"အဲဒါကြောင့် ကျုပ်ပြောတာ .. ခင်ဗျားတို့အိမ်ကို အစိမ်းတိုက်သွားတဲ့ ဒေါ်မြပုဝါဆိုတာ နယ်နယ်ရရ မဟုတ်ဘူး၊ ပစ္စက္ခ(...)နယ်ဘတ်တာ၊ ဒီမိန်းမကြီး ပျောက်နေတာ ကြာပြီ၊ ဘယ်က ဘယ်လို ပြန်ပေါ်လာပြီး ခင်ဗျားကိုမှ ဒုက္ခပေးသွားသလဲတော့ မသိဘူး။ သူတို့လို ဆရာကြီးမျိုးတွေက ရန်ငြိုး၊ ရန်စရှိတော့မှသာ လုပ်တာပါ။ ခင်ဗျားနဲ့ ရန်စ ရှိခဲ့ဖူးလို့လား"

"မရှိပါဘူး .. ဆရာရယ်၊ မြင်လည်း မမြင်ဖူးပါဘူး"

"အေးဗျာ .. ဒါဆို စဉ်းစားစရာပဲ၊ ဒေါ်မြပုဝါဆိုတာ အစိမ်းသရဲကို တောင်ချုပ်နိုင်တဲ့ ဆရာမကြီးပဲ၊ ခင်ဗျားလည်း ဒီနေ့ကစပြီး ဘုရားတရားလုပ်၊ အရင်လို မနေနဲ့တော့၊ ခင်ဗျားအလုပ်က အရမ်း ရန်များတဲ့ အလုပ်ပဲလေ"

"ကျွန်မ နားလည်ပါပြီ .. ဆရာရယ်" ဟုဆိုကာ ညှိုးငယ် စိုးထိတ်နေသော မျက်နှာထားဖြင့် ဒေါ်စိန်တုတ်သည် ဆရာညိုကို ထိုင်ကန်တော့လိုက်လေတော့သည်။

ထိုစဉ် ဘယ်သူမှ မသိလိုက်ကြသော အဖြစ်အပျက်ကား ..။

ဆရာညို .. ဒေါ်မြပုဝါ အကြောင်း ပြောပြနေစဉ် အားလုံးကို ကြားပြီး လူအုပ်ထဲမှ မျက်လုံးပြူးအံ့သြသွားရသူက မိငြိမ်းစုပင်တည်း။

နတ်လူသစ်



www.burmeseclassic.com

www.burmeseclassic.com



# သေဆုံးသူတို့နှင့် သင်္ဂြိုဟ်နည်းလမ်းများ



လူတွေသေဆုံးတဲ့အခါမှာ သင်္ဂြိုဟ်နည်းလမ်း အမျိုးမျိုးရှိပါတယ်။ ဒါတွေကို သိထားဖို့ လိုပါတယ်။ လောကမှာ လူမသေဖူးတဲ့ မိသားစု၊ အိမ်ဆိုတာ မရှိပါဘူး။

လူတစ်ယောက်ဟာ ပကတိဖျားနာပြီး မသေဘဲ ဥပစ္ဆေဒရက် (သူတစ်ပါး လုပ်ကြံ၍ သေဆုံးခြင်း၊ သစ်ပင် သစ်ကိုင်းပိပြီး သေဆုံးခြင်း၊ ကားတိုက်၊ နွားဝှေ့ခံရပြီး သေဆုံးခြင်း)များ ဖြစ်ပါက မီးမသင်္ဂြိုဟ်အပ်၊ မြေ၌သာ မြှုပ်နှံအပ်လို့ ရှေးဟောင်းကျမ်းများက ဆိုထားပါတယ်၊

နောက်တစ်ချက်ကတော့ တစ်အိမ်တည်းမှာ တစ်နေ့တည်း၊ နှစ်ယောက်သေဆုံးပါက နောက်ကျမှ သေဆုံးသူကို အရင်ချပြီး ပထမဆုံး သေသူကိုတော့ နောက်ကျမှချရမယ်လို့ သိမှတ်ရပါတယ်။ တစ်လတည်း တစ်အိမ်ထဲမှာ နှစ်ယောက်သေတဲ့အခါ ရက်လည်ပြီးမှ သေရင် အကူငွေ လက်ခံနိုင်ပြီး ရက်မလည်ခင် သေဆုံးပါက အကူငွေ လက်မခံအပ်လို့လည်း သိရပါတယ်၊

ရပ်ထဲ ရွာထဲမှာ လဆန်းတစ်ရက်၌ လူသေသော် လည်းကောင်း၊ လဆုတ်တစ်ရက်နေ့၌ လူသေသော် လည်းကောင်း၊ အလောင်းကို ညဥ့်







မသိပ်အပ်ပါ။ ညဥ့် သိပ်ခဲ့ပါက အနာရောဂါ နှိပ်စက်တတ်ပါတယ်။ ပြီးတော့ လူ အသေပျောက်လည်း ပို များတတ် ပါတယ်၊ သေတဲ့ နေ့မှာ အလောင်းကို ချက်ချင်း သင်္ဂြိုဟ်နိုင်ရင် သင်္ဂြိုဟ်ပါ၊ မသင်္ဂြိုဟ်ဘဲ မိမိအိမ်မှာ တစ်ရက်ထက်လွန်ပြီး ထားပါက အဲဒီအိမ်မှာ အပြစ်ခပ်သိမ်း ရောက်ပါတယ်၊

မြို့ပြအရပ်မှာ သုံးရက်ကြာ၊ ရေခဲတိုက်မှာ ထားပြီးမှ သင်္ဂြိုဟ်ကြပါတယ်၊ ဒါဟာ ရပါတယ်၊ အဓိက,က ကိုယ့်အိမ်မှာတော့ ရုပ်အလောင်းကို ညဥ့်သိပ်ခြင်းမပြုဖို့ တားမြစ်တာ ဖြစ်ပါတယ်၊ ပြီးတော့ အသက်(၂၀) မပြည့်ဘဲ သေသူရဲ့ရုပ်အလောင်းကိုလည်း အိမ်မှာ ညသိပ် မထားကောင်းပါဘူး၊

(၂၀)မပြည့်မီ သေသူရဲ့ရုပ်အလောင်းကိုလည်း မီး မသင်္ဂြိုဟ်သင့်ပါ၊ (၁၀)နှစ်အတွင်း သေသူရဲ့အလောင်းရှိနေစဉ်အတွင်းမှာ ခိုက်ရန်မဖြစ်ကောင်းပါ၊ ခိုက်ရန်ဖြစ်ပွားခဲ့ပါက သေသူကို နေ့မွန်းလွန်သော အချိန်မှသာ သုသာန်သို့ ယူဆောင်ရပါမယ်၊ အကြင်သူဟာ လကွယ်နေ့မှာ သေပြီး လဆန်း တစ်ရက်နေ့မှ သင်္ဂြိုဟ်သော် လည်းကောင်း၊ လပြည့်နေ့၌ သေပြီး လဆုတ် တစ်ရက်နေ့၌ သင်္ဂြိုဟ်သော် လည်းကောင်း၊ အပြစ်ခပ်သိမ်း ရောက်နိုင်ပါတယ်၊

လဆန်းတစ်ရက်နေ့၊ လဆုတ်တစ်ရက်နေ့၌ သေဆုံးသူများကို နေမကူးဘဲ တစ်ခါတည်း သင်္ဂြိုဟ်လိုက်တာ အကောင်းဆုံးဖြစ်ပါတယ်၊ ဒီလိုမှ မဟုတ်ဘဲ နှစ်ရက်ဆက်ထားမယ်ဆိုရင် မကောင်းပါဘူး၊ သက်ပျောက်ရွှမ်းကိုတော့ လူသေပြီးတာနဲ့ ကိုးကွယ်ရာ ဘုန်းတော်ကြီးတစ်ပါးပါးကို ဆက်ကပ်လှူဒါန်းခြင်းဟာ အကောင်းဆုံးပါပဲ၊

မိမိအိမ်မှာ ညဥ့်မသိပ်အပ်တာဟာ ဥပစ္ဆေဒရက်ကြောင့်အစိမ်းသေ.သေသူများ၊ အသက်(၂၀)မပြည့်သေးသူများ၊ လဆန်းတစ်ရက်၊

www.burmeseclassic.com

www.burmeseclassic.com





လဆုတ်တစ်ရက်နေ့တွေမှာ သေဆုံးသူများ ဖြစ်ကြပါတယ်။ ပြီးတော့ အစိမ်းသေ၊သေသူကို မီးမသင်္ဂြိုဟ်အပ်၊ ညှို မသိပ်အပ်၊ အကူငွေ လက်မခံအပ်ပါ။

ဖြစ်ရိုးဖြစ်စဉ် ပကတိရောဂါအခံ၊ ဖျားနာ၊ အသက်ကံကုန်လို့ သေဆုံးသူများကိုတော့ လုပ်ရိုးလုပ်စဉ်အတိုင်း ဆောင်ရွက်နိုင်ပါတယ်။ သေသူအတွက် ရည်စူး အလှူဒါနကိုတော့ တတ်အားသမျှ အချိန်တိုင်း ပြုလုပ်ပေးရင် အကောင်းဆုံး ဖြစ်ပါတယ်။

နောက်တစ်ချက်က အသုဘလိုက်ပို့သူများဟာ အလောင်းချရာ ခရီးစဉ်အတိုင်း ကိုယ့်အိမ်ပြန်ရောက်ပြီးမှ မိမိအလုပ်အကိုင်များကို ပြန်လုပ်သင့်ပါတယ်။ ဒီလိုမှ မဟုတ်ဘဲ အသုဘလိုက်ပို့ပြီး အပြန်လမ်းမှာ တစ်နေရာရာကို ဝင်ပြီး လုပ်စရာရှိတဲ့ ကိုယ့်အလုပ်များကို ဆက်လုပ်တာမျိုး မလုပ်သင့်ဘူးလို့ ရှေးဟောင်းကျမ်းများမှာ ဖော်ပြထားပါတယ်။

တောရွာများမှာဆိုရင် သေလူကို အိမ်၌ ထားရပါက ခေါင်းရင်းက ထရံကဲလားကို မဖွင့်အပ်ပါဘူး။ အလောင်းမြေချတဲ့နေ့မှသာ ကဲလားဖွင့်အပ်ပါတယ်။ မြို့အရပ်မှာတော့ လူသေရင် အိမ်ရဲ့တံခါးတွေကို ဖွင့်လှစ်ထားရပါတယ်။ နတ်အုန်းကို စွန့်ထားရပါတယ်၊ ဒါမှသာ ခုနစ်ရက်မပြည့်မီ အိမ်ထဲကို သေသူရဲ့ဝိညာဉ် လွတ်လပ်စွာ ဝင်ထွက်ခွင့်ပြုထားတာ ဖြစ်ပါတယ်။

မိမိအိမ်မှာ နေထိုင်တဲ့ အစေအပါး ကျေးကျွန်တို့ သေဆုံးပါက အကူငွေ လက်ခံအပ်သော်လည်း သားမြေးအရင်းအချာများကဲ့သို့ ခမ်းနားအောင် မထားကောင်းပါဘူး။ အတင့်အတယ်မခံအပ်လို့ သိရပါတယ်။ သင်္ဂြိုဟ်စရိတ်များကိုလည်း ဘယ်တော့မှ အကြွေးမထားအပ်ပါဘူး။ ပြီးတော့ ကိုယ် ဘယ်လောက်ပဲ ချမ်းသာပါစေ၊ ကူငွေကို လက်ခံပါ။

လက်ခံရရှိထားသော ကူငွေများကို အသုဘကိစ္စအတွက် စရိတ်







တများအတွက် ကုန်စင်အောင် သုံးပါ။ ကူငွေကို တခြားကိစ္စများမှာ မသုံးအပ်သလို သေသူအတွက် ရည်စူးပြီး ပေးထားတဲ့ ပစ္စည်း (သင်္ကန်း) စသည်တို့ကို အိမ်၌ ကြာကြာ မထားကောင်းပါဘူး။ မြန်မြန် ပေးလှူရပါတယ်။

နောက် တစ် ချက် ကတော့ သင်ဟာ သင်္ချိုင်းမြေကို ရောက်တဲ့အခါမှာ အောက်သို့ကျသွားပြီးသား ပစ္စည်းကို ဘယ်တော့မှ ပြန်ကောက်ပြီး ယူမလာကောင်းပါဘူး။ သင်္ချိုင်းမှာ ထားခဲ့ရမယ့်၊ သုသာန် ရောက်ပြီးသား ပုဆိုး၊ ဖျဉ်၊ လက်ဖက်၊ ကွမ်း၊ အရက်တို့ကို ဘယ်တော့မှ ပြန်မယူလာပါနဲ့။

အလောင်းမြေမချမီ၊ မီးမသင်္ဂြိုဟ်မီမှာ လျှော်လှုပ်ပါက အလောင်းကို လျှင်မြန်စွာ ချရပါတယ်။ သေသူရဲ့အလှူအတန်းဝတ်တို့မှာ လေခွေဝတ်လို့သော် လည်းကောင်း၊ မီးလောင်သော် လည်းကောင်း၊ ပြိုလဲပျက်စီးမှုများ ကြုံပါက ဆွေမျိုးစဉ်ဆက် ဒုက္ခတွေ့တတ်ပါတယ်။ ကျန်ခဲ့တဲ့အမျိုးတို့ သေကွဲ့ကွဲရတတ်ပါတယ်။

သေသူရဲ့ရုပ်အလောင်း၊ အလောင်းစင်ကို မရောက်မီ မိုးကြိုးပစ်ခံရပါက သားစဉ်မြေးဆက် အသက်မရှည်တတ်ပါ။ အိမ်အောက်၊ ကျောင်းအောက်မှာ လူမသေအပ်ပါ။ မသေကောင်းပါ။

ရဟန်းသာမဏေတို့ အမိအဖ အိမ်မှာ သေဆုံးပါက စည်မောင်း၊ ဆိုင်းဝိုင်းတို့ကို ရွာရဲ့ဥပစာအတွင်းသို့ သွင်းပြီး မတီးအပ်ပါ။ ပဉ္စင်း၊ ရဟန်း၊ သာမဏေတို့ကို အစုံကိရိယာဖြင့်သာ သင်္ဂြိုဟ်အပ်ပါတယ်။ ရွာပြင်မှာ သေသောသူကို ရွာတွင်းသို့ မယူအပ်ပါ။ ယူခဲ့ပါက ထိုမြို့ ထိုရွာတို့မှာ အနာရောဂါတို့ ထူပြောအပ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



# လှည့်စားရက်သူ

## (စုန်းတိုက်)

မောင်လေးအောင် (သန်လျင်)



"ပူတယ် ! . . ပူတယ် ! . . ရင်ထဲမှာ ပူတယ်"ဟု စုးစုးဝါးဝါး အော်လိုက်သည်။ အင်္ကျီကို ဆွဲချွတ်လိုက်၏။ ပြီး အဝေးသို့ ပစ်လိုက်၏။ တခဲက်တည်းမှာပင် ခေါင်းအုံး၊ စောင်၊ အိပ်ရာခင်းများကို အိမ်ပေါ်မှာ ပင် လွှင့်ပစ်နေသည်။

ဦးလေး၊ အဒေါ်နှင့် အိမ်နီးချင်းများသည် အောင်အောင်အနား တွင် ရှိနေကြသည်။ ဝိုင်းရံနေကြ၏။

"ငါ့တူ ဘယ်လိုဖြစ်နေလဲ ဟင် ! . . ပြောစမ်းပါ။ ဒေါ်လေးကို ပြောပြစမ်းပါ . ."

www.burmeseclassic.com

www.burmeseclassic.com





တူဖြစ်သူ အနားကပ်၍ အဒေါ်ဖြစ်သူမှ မေးလိုက်ခြင်းဖြစ်သည်။

"ကျွန်တော့် ရင်ထဲမှာ ပူတယ် . . ဒေါ်လေးရာ၊ သိပ်ကို ပူနေတယ်၊ ကျွန်တော် မခံစားနိုင်တော့ဘူးဗျာ" ပြောပြီး -

"ကျွန်တော် ရေသောက်ချင်တယ် . . ရေသောက်ချင်တယ်"

ဟု အောင်အောင်သည် သနားစဖွယ် ပြောရှာသည်။

အောင်အောင် အနီးတွင် ပူးပူးကပ်ကပ် ထိုင်နေသော မမြင့်ဆိုသူ မိန်းကလေးမှ ပြာပြာသလဲပင် အနီးရှိ သောက်ရေအိုးမှ ရေတစ်ခွက်ကို ဖန်ခွက်ဖြင့် ခပ်လာပြီး အောင်အောင်ကို ပေးလိုက်၏။

အောင်အောင်သည် ရေဖန်ခွက်ကိုကိုင်၍ မော့ချလိုက်သည်။ တစ်ကျိုက်၊ တစ်မော့၊ တစ်ငုံစာသည် လည်ချောင်းမှတဆင့် ဝမ်းထဲသို့ ရောက်သွားမည်ထင်၏။ ကျန်ရှိသော ရေများသည်ကား။

"ဖူး . . ဖူး . . ဖူး . ."

ပါးစပ်တွင်း၌ ငုံ၍ တဖူးဖူး မှုတ်ထုတ်နေတော့သည်။ ဖန်ခွက်တွင်းမှ ရေများကုန်သည်အထိ၊ အနီးတွင် ထိုင်နေကြသော လူအားလုံး ရေများ စိုကုန်သည်။ ခက်ပြီ၊ ခက်တော့ ခက်နေပြီ။

အဖတ်မှန်သမျှ မစား၊ ထမင်းဆိုတာ ဝေလာဝေး။ ရေကိုတော့ ခဏ၊ ခဏ တောင်းသည်။ တစ်နေကုန် တောင်းသည်။ သောက်ပြန်တော့လည်း ရေတစ်ဖန်ခွက်လျှင် တစ်ကျိုက်၊ တစ်ငုံစာမျှသာ ဝမ်းထဲရောက်၏။ ကျန်ရေများသည် ပါးစပ်အတွင်းမှ မှုတ်ထုတ်ပစ်၍ ကုန်သွားသည်သာ ဖြစ်သည်။ တစ်ခါ၊ တစ်ခါ အောင်အောင်သည် သူ၏ရင်ဘတ်ကို ထု,ထုနေတတ်သည်။





။

**"ကျွန်မ . . ကျွန်မ . . အမေကြီးကို ကြောက်ပါတယ်။**
**ကျွန်မကို ပြန်လွှတ်ပေးပါ အမေကြီးရယ် . .၊**
**ကျွန်မ တစ်ကိုယ်လုံး ပူနေပါတယ်။ ပြန်လွှတ်ပေးပါနော် . . အမေကြီး"**

---

"ပူတယ်ဗျ . . ပူတယ် . . ပူလွန်းလို့ပါဗျာ။ ကျွန်တော့်ကို ကယ်ကြပါဦး . ." ဟုအော်နေသည်။

သူ့အကြောင်းသိကြသူ အားလုံးသည် အောင်အောင်ကို သနားနေကြသည်။ အောင်အောင်ကို မခင်သူ မရှိ၊ အားလုံးက ခင်မင်ကြသည်။ အပိုကြီး မမြင့်ဆို အောင်အောင်ကို အခင်ဆုံး ၊ မိုးလင်းသည်နှင့် အောင်အောင်ဆီသို့ ရောက်လာပါပြီ။ တင်ကြည်တို့၊ တင်မိုးတို့ဆိုရင်လည်း အောင်အောင်ကို ခင်တာမှလွန်ရော။

အောင်အောင်သည် ထိုသို့ ဖြစ်နေခဲ့သည်မှာ သုံးလေးရက်ရှိပြီ၊ ဦးလေးနှင့်အဒေါ်တို့ စိတ်မကောင်းကြ။ ခေါင်းခဲနေကြပြီလေ။ သည်ရပ်ကွက်တွင် အရေးပေါ် ပြေးခေါ်မည့် ဆရာဆိုလျှင် ဆရာတစ်ယောက်တော့ ရှိသည်။

ဆရာနာမည်သည် ဦးစိန်ပန်း ဖြစ်၏ ၊ ပယောဂဆရာ။ ရပ်ကွက်အဝေးတစ်နေရာ ကွင်းစပ်တွင် နေထိုင်သည်။ သီးခြား နေထိုင်ခြင်း ဖြစ်ပါလိမ့်မည်၊ မည်သူနှင့်မျှ ရောရောနှောနှော နေထိုင်ခြင်းမရှိ။

မတတ်နိုင်တော့၊ ယုံကြည်သည် ဖြစ်စေ မယုံကြည်သည် ဖြစ်စေ၊ အနီးအနား ပြေးခေါ်စရာဆိုလို့ သည်ဆရာပဲ ရှိသည်လေ။ ခေါ်ရတော့မည်၊ ပင့်ရတော့မည်ပေါ့၊ သည်လိုနှင့် ပယောဂဆရာ ဦးစိန်ပန်း ပင့်ဖြစ်ခဲ့ကြသည်။ ဆရာအိမ်သို့ ကြွလာပြီး အောင်အောင်ကို စမ်းသပ်ပြီး သောက်ဆေးပေးသွားသည်။ ဘာမျှ ထွေထွေထူးထူး မလုပ်။

သုံးလေးရက် ဆက်တိုက် ကြွလာသည်။ ဟုတ်တော့ ဟုတ်သား။ အောင်အောင် သိသိသာသာ သက်သာလာ၏ ၊ ယခင်ရက်ကလောက်



www.burmeseclassic.com

www.burmeseclassic.com





မဆိုးတော့၊ မကြမ်းတော့၊ မအော်တော့ချေ။ ရေကိုတော့ တောင်းမြဲတိုင်း တောင်းသည်။ မကြာ မကြာ တောင်းသည်။

အောင်အောင်မှ ရေတောင်းသည့်အခါ ဦးလေး စီစဉ်ပေးထားသည့်အတိုင်း ရေဖန်ခွက်တွင် ပိုက်သေးသေးလေးကို တပ်၍ တစ်ယောက်မှ ကိုင်ထားပေးရ၏။

ပိုက်၏အဖျားကို အောင်အောင် ပါးစပ်တွင် ငုံထားစေပြီး ရေကို စုပ်ယူစေသည်။ သို့မှသာ ရေသည် ဝမ်းထဲသို့အကုန်ရောက်တော့သည်။ အောင်အောင်သည် ရေကို မှုတ်ထုတ်၍ မရတော့ပေ။ ရေသောက်နိုင်ပြီပေါ့၊ ဝမ်းသာ စရာပဲ။

လုံးလုံးကြီးတော့ ကောင်းမလာသေး၊ မကြမ်းတာ၊ မအော်တော့ သာတစ်ခုပါပဲ။ ရေတော့ အကုန် သောက်နိုင်ပြီ၊ ထမင်းစား၍ မရနိုင်သေး။ ကိုးရက်၊ ဆယ်ရက်ရှိပြီ၊ ကောင်းလာသင့်ပြီပေါ့၊ အခုတော့ ဆရာကုနေပါလျက်နှင့် ဘာကြောင့် လုံးလုံးကြီး မကောင်းသေးတာလဲ၊ ဦးလေးနှင့် ဒေါ်လေး စိတ်ညစ်ရပြီး ညစ်မယ်ဆိုလည်း ညစ်စရာပါပဲ၊ သည်အတိုင်းဆို မလွယ်ဘူး။

အောင်အောင် အားပြတ်နေပြီလေ၊ ဦးလေးနှင့်ဒေါ်လေး ခေါင်းချင်းဆိုင် တိုင်ပင်ရပြီပေါ့။

"မမ အမြန်လာ . .
အောင်အောင် အသည်းအသန်ဖြစ်
သံကံကုန်း ရပ်ကွက်၊
ရေနံချောင်းမြို့"

❖

အောင်အောင် ပယောဂ မစွဲကပ်မီ တစ်ရက်အလိုတွင် ဦးလေး







ဖြစ်သူနှင့် မြို့အစွန်သို့ ထွက်ခဲ့သည်၊ အချိန်သည် နေဝင်ရီရောအချိန်၊ နွားရိုင်းသွင်းချိန်၊ အရေးပေါ်ကိစ္စတစ်ခုဖြင့် ထွက်ခဲ့ကြခြင်းဖြစ်သည်၊ မြေလှမ်း သုတ်သုတ်ဖြင့် သွားနေရင်းကပင် မှောင်စပျိုးလာသည်၊

လဆန်းရက်မို့ ထင်၏။ လလေးက တစ်ခြမ်းပဲ့၊ လသည် သော့တသာ၊ ကြယ်ရောင်များက လင်းလက်၍ နေသည်၊ သွားရင်းက ထင်ကြယ်၏ အလင်းရောင်အောက်၌ အုတ်ဂူတစ်ခုကို အဖွေးသား မြင်လိုက်ရ၏။

"အခု ဦးလေးတို့ရောက်နေတာ ဘုန်းကြီးသင်္ချိုင်းကွ . . ငါ့တူရ၊ အခု ငါ့တူမြင်နေရတဲ့ဂူက ဘုန်းကြီး ဦးဥတ္တမဂူ၊ တလောကမှ ပြန်လွန်တော်မူသွားတာလေ၊ မြေမြှုပ်ပြီး ဂူသွင်းထားတာ" ဟု ဦးလေးက ပြောသည်၊

အောင်အောင်သည် အုတ်ဂူကို မြင်လိုက်ထဲကိုက ထိတ်ကန်ဖြစ်သွားသည်၊ ရင်တုံ၊ပန်းတုံ ဖြစ်သွား၏။ ဦးခေါင်းမှ ဆံပင်များသည် ထိုးထိုးထောင်ထောင် ဖြစ်သွားသလားဟုပင် ထင်မှတ်လိုက်မိသည်၊ အောင်အောင် လန့်သွားသည်မှာ အမှန်၊

ဦးလေးပြောလိုက်သော စကားကိုကြားမှ ပို၍ ပို၍ ကြောက်လာ၏၊ ကြက်သီးများပင် ထုန်လာသည်၊ အိမ်ကို အမြန် ရောက်ချင်နေပြီလေ၊

"ငါ့တူ ကြောက်နေသလားကွ၊ မကြောက်ပါနဲ့ကွာ"

"မကြောက်ပါဘူး . . ဦးလေးရာ" ဟုသာ ပြောလိုက်ရသည်၊

ကြောက်စိတ်က ပိုလို့တောင် ကဲလာ၏။ ဦးလေးလက်ကို ဖမ်းဆွဲ၍ ခြေလှမ်းသွက်သွက် လှမ်းလာမိသည်၊ ဦးလေးပြောတော့မှ အောင်အောင် မျက်စိတဆုံး ကြည့်မိ၏။

ဂူတွေ . . ဂူတွေ . . ဂူတွေ . . အများကြီးပဲ၊



www.burmeseclassic.com

www.burmeseclassic.com



"ဘုန်းကြီး သရိုင်းတဲ့"

အောင်အောင်နားမှာ ကြားနေမိသည်၊ မမှောင်တမှောင်၊ မလင်းတလင်းဖြစ်နေသော ကြယ်တို့၏ အလင်းရောင်အောက်တွင် ဦးလေးဖြစ်သူနှင့် တူဖြစ်သူ အောင်အောင်တို့နှစ်ယောက်သည် ခြေလှမ်းသွက်သွက်ဖြင့် လာလိုက်ကြသည်မှာ အိမ်ရောက်တော့ ည(၁၁)နာရီတောင် ထိုးနေပါပြီကော။

❖

အောင်အောင်၏ အမေ၊ ဒေါ်လေး၏မမနှင့်အတူ၊ မေမေနှင့် ဒေါ်လေးတို့၏ မိခင်၊ အောင်အောင်၏ အဘွားတို့နှစ်ယောက်သည် သံကြိုးစာ ရရချင်း နေထိုင်ရာ ရန်ကုန်မှ ရေနံချောင်းမြို့၊ သံကံကုန်းရပ်ကွက်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာကြပြီ ဖြစ်သည်။

အောင်အောင်၏ အဘွားဖြစ်သူသည် အိမ်ပေါ်သို့ ရောက်ရောက်ချင်းပင် အမောမဖြေအား၊ မြေးဖြစ်သူ၏ ပုံပန်းသဏ္ဍာန် အနေအထားကို စူးစူးစိုက်စိုက် ကြည့်၏ ။ အကဲခပ်၏ ။ လက်ဖျံသွေးကို စမ်းကြည့်သည်၊ မျက်လုံးကို ဖွင့်ကြည့်သည်၊ ဖြဲကြည့်သည်၊

"ကဲ . . ကဲ . . မိဌေးရေ၊ ဖယောင်းတိုင် (၉)တိုင်နဲ့ အမွှေးတိုင် (၉) တိုင်ပေး၊ မြန်မြန် လုပ်စမ်းအေ . ."

အောင်အောင်၏ အဘွားဖြစ်သူမှ သမီးငယ်ဖြစ်သူ အောင်အောင်၏အဒေါ်ကို ပြောလိုက်ခြင်းဖြစ်သည်။


အိမ်ပေါ်တွင် လူများ ပြည့်ကျပ်နေ၏ ။ အိမ်အောက်ခြံဝင်းထဲတွင်လည်း လူများ တရုံးတစ်ဝက် ရှိနေကြသည်။ အောင်အောင်အဘွားကို ကြည့်၍ စိတ်ဝင်စားနေကြသည်။ လေ့လာ အကဲခတ်နေကြသည်မှာ အမှန်ပင်၊

အောင်အောင်သည် အိပ်ရာပေါ်တွင် မေ့နေသည်၊ အဘွားဖြစ်သူသည် ဆီမီး ဖယောင်းတိုင်(၉)တိုင် ၊ အောင် အမွှေးတိုင်(၉)တိုင်ကို ဘုရားတွင် မီးပူဇော်သည်၊ ဘုရား ရှိခိုးသည်၊ မေတ္တာ ပို့သည်၊ မေတ္တာ ကမ္မဋ္ဌာန်း စီးဖြန်းသည်၊ ပြီးတော့ ပုတီးစိပ်သည်၊

သိပ် မကြာလိုက်ပါ၊ ပုတီး ဘယ် နပတ်ပြည့်သည်ကို အဖွားသာ







အသိဆုံး ဖြစ်ပါလိမ့်မည်၊ အဘွား၏အသံ ပေါ်ထွက် လာသည်၊ မူလပင်ကိုယ် အသံ မဟုတ်၊ ခပ်ဝဲဝဲဖြစ်နေ၏ ။ ရှမ်းသံလား မပြောတတ်၊

"ညည်းတို့ . . ညည်းတို့ . . ဖို့မြေးကို ဘယ်ခေါ်သွားလဲ၊ သရိုင်းမှာ လန့်လာတာအေ့၊ ကံနိမ့်ရာစံ၊ မြေနိမ့်ရာ လှံစိုက်ဆိုတာ မကြားဖူးဘူးလား၊ အညှီရှိတော့ ယင်အုံတာပေါ့အေ၊ ညည်းတို့နဲ့တော့ ခက်ပါတယ်"ဟု ပြောပြီး အဘွား အသံ တိတ်သွား၏ ။

အိမ်ပေါ် အိမ်အောက်ရှိ လူအားလုံး တုတ်တုတ်မျှ မလှုပ်၊ စူးစူးစိုက်စိုက် ရှိနေကြ၏ ။ သို့လော၊ သို့လောဖြင့် အဘွားကိုတစ်လှည့် . .၊ အောင်အောင်ကို တစ်လှည့် မျက်တောက်မခတ် ကြည့်နေကြ၏ ။ မှင်သက်နေကြသည်၊

"ခင်းက ငါ့မြေးကို လုပ်တယ်ပေါ့လေ . . လုပ်ရက်တယ်၊ လှည့်စားရက်တယ်၊ ငါ့မြေးကိုမှရွေးပြီး လုပ်ရက်ပလေ၊ ကဲ . . ငါ သည်ပုတီးနဲ့ပဲ ခင်းကို တုတ်ပြီးသား၊ ချုပ်ပြီးသား ဖြစ်စေရမယ်၊ ခင်း . . ဘယ်ပြေးမလဲ၊ ခင်း . . ဘယ်မှာလဲ"

ပုတီးကို လက်တွင်ကိုင်၍ လည်းကောင်း၊ ဝှေ့ရမ်း၍ လည်းကောင်း၊ မြူလုပ်၍ ပြောဆိုအပြီး . .၊

အောင်အောင် ဝေါက်ခနဲ ထထိုင်သည်၊

ယောကျ်ားထိုင် မဟုတ်၊ မိန်းမထိုင် ဖြစ်သည်၊ မိန်းကလေးလို ထိုင်နေသည်၊ လက်အုပ်လေးချီလျက်၊ ရုပ်သည် ပြောင်းလဲသွား၏ ။ မိန်းမရုပ်၊ အသံသည် မိန်းမသံ၊


"ကျွန်မ . . ကျွန်မ . . အမေကြီးကို ကြောက်ပါတယ်၊ ကျွန်မတို့ ပြန်လွှတ်ပေးပါ အမေကြီးရယ် . .၊ ကျွန်မ တစ်ကိုယ်လုံး ပူဇော်ပါတယ်၊ ပြန်



www.burmeseclassic.com

www.burmeseclassic.com





လွှတ်ပေးပါနော် . . အမကြီး”ဟု သနားစဖွယ် ငိုသံပါကြီးဖြင့် ပြောနေရှာသည်။

“ဘာ ! . . အစုမှ ကြောက်ပါပြီလဲ။ ငါ့မြေးကို ညည်းတို့ လုပ်ထားတာ အခုထိ ခံနေရတုန်း။ လုပ်တုန်းတလုပ်ပြီး အခုမှ ဘာလို့ကြောက်နေရတာတုန်း။ ပြော . . ညည်း ဘယ်သူလဲ . . ဘယ်ကလဲ၊ ငါ့မြေး ကို ဘာလို့လုပ်တာလဲ . . ပြော . . ပြော . . အခုပြော . .”

“ကျွန်မ ပြောပါ့မယ်၊ အမကြီးရယ် . . ကျွန်မကလေ သံကဲကုန်း ရပ်ကွက်နဲ့ဝေးဝေး တစ်နေရာ၊ ကွင်းစပ်မှာ ရှိနေတဲ့ တဲကပေါ့။ တစ်လုံးထဲမှ တစ်လုံးထဲပါ။ အခြားတဲတွေက ကျွန်မတို့တဲနဲ့ ဝေးပါတယ်။ အဲဒီမှာ ကျွန်မနေတာပါ”

ရှာသူစုန်းမ လွန်စွာမှ မောနေဟန်ရှိ၏ ၊ စကားပြောသည်ကို နားထောင်ကြည့်ရုံနှင့် သိနိုင်သည်။

“ကျွန်မ ယောကျ်ားက အမကြီးမြေးကို ဆေးကုနေတာလေ”

“ဘာ ! . .”

အောင်အောင်၏အဘွားအသံသည် ဒေါသကြောင့် ကျယ်လောင်သွားသည်။

“ဘာ ! . .”ဟူသော အသံသည် ခပ်မာမာဖြစ်သည်။

“မိဒွေးတို့ တော့ အံ့ပါ့အေး အံ့ရော . . အံ့ရော . . မိန်းမဖြစ်သူက စုန်းနဲ့တိုက်၊ ပြီးရင် ယောကျ်ားဖြစ်သူက ဆေးကု။ ကုလိုက်၊ တိုက်လိုက်၊ တိုက်လိုက်၊ ကုလိုက်ပေါ့ . . ဟုတ်လား။ လုပ်ရက်လိုက်တာအေး ဒါ့ကြောင့် ငါ့မြေး ကောင်းလိုက်၊ မကောင်းလိုက်ဖြစ်နေတာကိုး။ ကဲ . . ကဲ ဆက်ပြောစမ်းပါဦး”







“ပြောပါ့မယ်၊ အမကြီးရယ် . . ပြောပါ့မယ်။ အမကြီးကို ကြောက်လွန်းလို့ အမှန်တိုင်း ပြောနေတာပါ။ ကျွန်မဘဝကလေ . . နေ့ဘက်မှာ စုံပြီး ညဘက်မှာတော့ လူမသိ၊ သူမသိအောင် သင်္ချိုင်းမြေတစ်ကြောမှာ၊ အပုပ်နံ့လှိုင်နေတဲ့ အပုပ်တောမှာ . . အပုပ်၊ အစပ်စားပြီး ကျင်လည် ကျက်စားနေရတဲ့သူပါ။ အမကြီးမြေးကို သင်္ချိုင်းထဲမှာတွေ့ပြီး ချစ်လို့ နောက်က အကောက်ကောက်လိုက်ပြီး ပြုစားမိခဲ့တာပါ။ လှည့်စားမိခဲ့တာပါ”

“ချစ်လို့ လုပ်တယ် . . အံ့ပါ့ . . အံ့ပါ့ . .”

အဘွားက သည်သို့ ပြောလိုက်၏ ၊ အိမ်ပေါ် အိမ်အောက်ရှိ လူများသည် တုတ်တုတ်မျှ မလှုပ်၊ စိတ်ဝင်စားစွာ ကြည့်နေကြသည်၊ နားထောင်နေကြသည်၊ အံ့ဩခြင်းမက အံ့ဩနေကြသည်မှာ အမှန်။

အဘွားသည် လက်တွင်ရှိနေသော ပုတီးကို မိန်းမထိုင်. ထိုင်နေသော အောင်အောင်၏လည်ပင်းကို စွပ်ချလိုက်သည်၊

“အမလေး ! . . ပူလိုက်တာ အမကြီးရယ် ပူလိုက်တာ၊ မီးလို ပူတာပါ . . လှုပ်မရအောင်လည်း အမကြီးက ရက်ရက်စက်စက်ကို ကျွန်မကို တုတ်ထားလိုက်တာ၊ ကျွန်မလေ . . ကျွန်မ လုံးဝ လုံးဝကို လှုပ်မရတော့ဘူး၊ ကျွန်မကို လွှတ်ပေးပါ အမကြီးရယ်၊ ကျွန်မ အမှန်ကို အမှန်တိုင်းလည်း ပြောပြီးပါပြီ၊ လွှတ်ပေးပါ အမကြီးရယ် . . လွှတ်ပေးပါနော်”

သနားစဖွယ် ပြောလာ၏ ၊ အသံသည် ငိုသံပါနေသည်၊

“ကဲ . . ညည်းကို ငါလွှတ်ပေးမယ်၊ ငါ့မြေးကို အကောင်းပကတိ ဖြစ်အောင် ပြန်လုပ်ပေး၊ နောက်နောင်ကို ငါ့မြေးတင် မဟုတ်ဘူး၊ ဘယ်သူ ဘယ်ဝါ့ကိုမှ ဘယ်(၇)ရက်သားသမီးကိုမှ မလုပ်တော့ပါဘူးလို့ ကတိပေးရမယ်၊ ပြီးတော့ ညည်းတတ်တဲ့ စုန်းပညာတွေကို ဘုရားကိုလှူရမယ်၊ ဘယ့်နယ့်လဲ . . ကတိပေးနိုင်မလား၊ လှူနိုင်မလား”

“ကျွန်မ ကတိပေးပါတယ်၊ ရဲရဲကြီး ကတိပေးပါတယ်၊ ကျွန်မတတ်တဲ့ စုန်းပညာတွေကိုလည်း ဘုရားကိုလှူပါတော့မယ်”



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . ဒီလိုဆိုရင် အရင်ဆုံး ငါ့မြေးကို ကောင်းအောင်လုပ်ပေး ပေတော့"

"အမေကြီးကို ကြောက်လွန်လွန်းလို့ပါ . . ။ အမေကြီးစကားကို နားထောင်သောအားဖြင့် ကျွန်မကတိစကားအတိုင်း အမေကြီးရဲ့မြေးကို ပြုစားတဲ့၊ တိုက်ထားတဲ့ စုန်းပညာတွေကို ကျွန်မ ပြန်နုတ်ပြီးပါပြီ။ အမေကြီး ကျွန်မကိုလွှတ်လို့ ကျွန်မလွတ်သွားတဲ့အချိန်မှာ အမေကြီးမြေး အကောင်း ပကတိ ဖြစ်နေပါပြီ . . အမေကြီး"

စုန်းမ၏အသံသည် တုန်နေသည်။ အကြောက်ကြီး ကြောက်နေပုံလည်း ရသည်။

"ကောင်းပြီလေ၊ ညည်းတတ်တဲ့ စုန်းပညာတွေကို ဘုရားမှာ လှူမှာနော်"

"လှူပါ့မယ်လို့ အမေကြီးကို ပြောပြီးပြီပဲ"

"ကဲ . . ဒီလိုဆို ဘုရားကို ဦးသုံးကြိမ်တိုက်၊ ငါက ရှေ့ကဆိုမယ်၊ ညည်းက လိုက်ဆိုပေတော့"

စုန်းမသည် ဘုရားကို ဦးသုံးကြိမ်တိုက်၏ ။ အမေကြီးရှေ့က ဆိုသွားသည့်အတိုင်း နောက်ကလိုက်ဆိုနေသည်။

"ဘုရားတပည့်တော်မသည် သည်နေ့၊ သည်ရက်၊ သည်အချိန်ကစ၍ တပည့်တော်မ တတ်ကျွမ်းသော စုန်းပညာကို အကြွင်းအကျန်မရှိရအောင် အကုန်အစင် လှူပါသည် အရှင်မြတ်ဘုရား။ ဘယ်သောအခါမှ မည်သူ၊ မည်ဝါကိုမှ (၇)ရက်သားသမီးများကို မပြုစားပါ အရှင်ဘုရား။ စည်းဖောက်၍ ပြုစားမိခဲ့သည်ရှိသော် ယခုဘဝမှာပင် လင်နှင့်သားနှင့် ရှင်ကွဲ. ကွဲ၍၊ အသေဆိုးနှင့် သေရပါစေသား အရှင်မြတ်ဘုရား"

အမေကြီးသည် ခဏနားလိုက်၏ ။ စုန်းမဖြစ်သူကို အကဲခတ်၏ ။ စုန်းမသည် လက်အုပ်ချီထားလျက် ခေါင်းကိုငုံ့ထားသည်။ အမေကြီးသည် စုန်းမဖြစ်သူကို စူးစူးစိုက်စိုက် လေ့လာအကဲခတ်ပြီးမှ ဆက်၍ တိုင်ပေးသည်။

"ဤသို့ . . ဘုရားတပည့်တော်မ တတ်ကျွမ်းသော စုန်းပညာကို တစ်စမကျန်၊ အကုန်အစင် လှူဒါန်းရသော ကုသိုလ်ကံ၊ စေတနာ၊ သဒ္ဓါ





စွမ်းအားများကြောင့် ယခုဘဝတွင် လည်းကောင်း၊ နောင်ဖြစ်လေရာ ဘဝ၊ ဘဝဆက်တိုင်းမှာ ပြုစားသူ မဖြစ်လိုပါ။ ကုစားနိုင်သူ၊ (၇)ရက်သားသမီးများကို ကယ်တင်၊ ကယ်မနိုင်သူသာ ဖြစ်ရပါလို၏ ။ ထို့ပြင်တစ သာသနာပြုနိုင်သော ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ် ဖြစ်ရပါလို၏ အရှင်မြတ်ဘုရား"

အမေကြီးသည်ရှေ့ကဆို၍ ပြီးသွားပြီ ဖြစ်၏ ။

"ကဲ . . ဘုရားကို ဦးသုံးကြိမ်ကန်တော့ ပြီးရင် ငါ့ကို ကန်တော့"

စုန်းမဖြစ်သူသည် အမေကြီးပြောသည့်အတိုင်း ဘုရားကို သုံးကြိမ်တိုင်တိုင် ကန်တော့သည်။ ပြီးတော့ အမေကြီးကို ကန်တော့သည်။

"သာဓုပါတော် . . သာဓုပါ . . သာဓုပါ . . ခုချိန်ကစပြီး ငါတားထားတဲ့စည်းကို ဖျက်လိုက်ပြီ၊ ငါတုတ်ထား ချုပ်ထားတဲ့ ကြိုးကို ဖြည်လိုက်ပြီ၊ ညည်း သွားလိုရာကို သွားနိုင်ပြီကွယ်"

ဟုပြောပြီး လည်ပင်းတွင် စွပ်ထားသောပုတီးကို အမေကြီး ပြန်ယူလိုက်ပါတော့သည်။

ချက်ချင်းဆိုသလိုပင် မိန်းမထိုင်,ထိုင်နေသော အောင်အောင် "သုံးစနဲ" အိပ်ရာပေါ်တွင် ခွေခွေလေး လဲကျသွား၏ ။

ကြည့်နေကြသူအားလုံး လှုပ်လှုပ်ရှားရှား ဖြစ်ကုန်ကြသည်။ အနီးတွင်ရှိနေသော အောင်အောင်မေမေ၊ ဦးလေး၊ ဒေါ်လေးတို့နှင့် အိမ်နီးချင်းဖြစ်သူ မမလှမြင့်၊ မတင်ကြည်၊ မတင်မိုတို့အားလုံး ပျာပျာသလဲ အောင်အောင်နား တိုးကပ်လာပြီး ချွေးသုတ်ပေးသည်။ ယပ်ခပ်ပေးကြ၏ ။

"ဘာများ ဖြစ်သွားပြီလဲ" ဟူသော အတွေးတွေးကုန်ကြသည်။

"ငါ့မြေး . . ဘာမှ မဖြစ်တော့ဘူး။ ခဏ မေ့သွားတာပါ။ မကြာပါဘူး။ ထထိုင်ပါလိမ့်မယ် . . ဘာမှ စိတ်မပူကြနဲ့တော့"

အောင်အောင်ဘွားဘွား ပြောတာမှန်သည်။ မကြာလိုက်ပါ။ အလွန်ဆုံး(၁၀)မိနစ်မျှသာ ရှိမည်ထင်၏ ။ အောင်အောင် ဝုတ်တုတ် ထထိုင်သည်။

"ဟင် ! . . ဘွားဘွား ရောက်နေတယ်၊ ဟော . . မေမေကော ပါတယ်၊ မမမြင့်နဲ့ မတင်ကြည်၊ မတင်မိုတို့လည်း ရောက်နေကြတာပဲ။ အိမ်ပေါ်နဲ့ အိမ်အောက်မှာလည်း လူတွေကလည်း အများကြီးပဲ၊ ဘွားဘွား . . ဘွားဘွား၊ သား ဘာဖြစ်လို့လဲ ဟင် . . ပြောပါ ဘွားဘွားရဲ့ ပြောပါ"

www.burmeseclassic.com

www.burmeseclassic.com



ဒေါင်ဒေါင်သည် ပြူးတူးပြဲတဲဖြင့် လူများကိုကြည့်ပြီး တအံ့တသြဖြစ်နေဟန် ရှိသည်။ မိမိတိုယ် မိမိ၊ ဘာဖြစ်လို့ဖြစ်မှန်း မသိတဲ့အဖြစ်ဆိပ်ကြောင်ကြောင် ဖြစ်နေသည်။

"ငါ့မြေး ဘာမှ မဖြစ်ပါဘူး။ နည်းနည်း နေမကောင်းဖြစ်တာပါ။ အခု ဘွားဘွားကုပေးလို့ ကောင်းသွားပါပြီ။ လုံးဝကို ကောင်းသွားပါပြီ။ ငါ့မြေးရယ်"ဟုပြောပြီး တစ်ဆက်တည်းပင် –

"မိငွေး . . ညည်းတူ သောက်ဖို့ ကြက်စွပ်ပြုတ်လေး၊ အမြန်လုပ်စမ်းအေ . . ညည်းတူမှာ ဘာရောဂါ၊ ဘာပယောဂမှ မရှိတော့ဘူး။ ဘယ်အညှီအဟောက်မှလည်း မကပ်တော့ဘူး။ လုံးဝ ကင်းစင်သွားပြီ"

"အားရှိဖို့ပဲ လိုတော့တယ်။ အားရှိအောင် အမြန်ဆုံး အားအင်ပြည့်လာအောင် ညည်းတူကို ကြက်စွပ်ပြုတ်၊ ကြက်သားဆန်ပြုတ်ကို များများတိုက်၊ ငါ့မြေး အားရှိလာဖို့ အရေးကြီးတယ်"ဟုပြောပြီး ဘုရားစင်ပေါ်တွင် အဆင်သင့်တင်ထားသော ရေစင်ရေမန်းခွက်ကိုယူ၍ –

"ကဲ . . ငါ့မြေးလေး ဘွားဘွားတိုက်တဲ့ ရေမန်းကို သောက်လိုက်၊ ငါ့မြေး ကောင်းသွားမယ်၊ စိတ်တွေ ကြည်လင်သွားလိမ့်မယ်၊ သောက်လိုက်ပါ မြေးလေးရယ်"

ဒေါင်ဒေါင် သူ၏ဘွားဘွား ကမ်းပေးသော ရေမန်းခွက်ကို ယူပြီး ကုန်စင်အောင်မော့ပြီး သောက်ချလိုက်လေ၏ ။

"ငါ့မြေးက လိမ္မာသားပဲ၊ ငါ့မြေး အိပ်ချင်လာလိမ့်မယ်၊ အိပ်ပျော်အောင်သာအိပ်တော့ မြေးလေးရယ်"


အဘွားတိုက်သော ရေမန်းကိုသောက်ပြီး မကြာလိုက်ပါ။ မြေးဖြစ်သူ ဒေါင်ဒေါင် နှစ်နှစ်မြိုက်မြိုက် အိပ်ပျော်သွားပါပြီ။

"သမီး မိတင်ရွှေ . . ညည်းသား အိပ်ရာကနိုးရင်၊ လန်းလန်းဆန်းဆန်း ဖြစ်သွားမှာပါ၊ စိတ်တွေ ကြည်ကြည်လင်လင်ဖြစ်ပြီး အားတွေပြည့်လာမှာပါအေ"ဟု ပြောပြီး စကားကို ခဏရပ်လိုက်၏ ။ အိမ်ပေါ်၊ အိမ်အောက် ရှိ လူအားလုံးကို အကဲခတ်သလိုကြည့်သည်။

"သမီး မိငွေးနဲ့ မိတင်ရွှေတို့ရေ . . အမေပြောမယ်၊ အမေ့ အာဏာစက်ထက် ဒီပုတီးရဲ့ သိဒ္ဓိ၊ အစွမ်း၊ တန်ခိုးစက်က ပိုထက်တာကွဲ့၊ ဒီ







ပုတီးကလေ သာမညာ . . ပေါ့ပေါ့တန်တန် ပုတီးမှ မဟုတ်ဘဲ၊ ရာဇထူးထူးကဲကဲ ထူးထူးခြားခြား ပုတီးပါ

"တစ်ချိန်က သမီးတို့ အမေ့အရွယ်ကပေါ့၊ စွန်းလွန်းဆရာတော် ဘုန်းတော်ကြီးတစ်ပါး ပျံလွန်တော်မူခင် ဒီပုတီးကို အမေ့ကိုစွန့်ခဲ့တာလေ၊ ဆရာတော်ဘုန်းဘုန်း အစဉ်အမြဲ ကြိုးစား၊ ကျင့်ကြံ၊ အားထုတ်ခဲ့တဲ့ ပုတီးမို့ သိဒ္ဓိ၊ အစွမ်း၊ တန်ခိုးတွေ ထက်နေတာပေါ့"

"ဒါတင် ဘယ်ဟုတ်ပါ့မလဲ၊ ဒီပုတီးက သိမ်ဝင်ထားတဲ့ သိမ်ဝင်ပုတီးကွဲ့ သမီးတို့ရဲ့ . . ၊ ဒါကြောင့်လည်း သိဒ္ဓိ၊ အစွမ်းတန်ခိုးတွေ တက်ပြီးရင်းတက်၊ ထက်ပြီးရင်း ထက်နေတာပေါ့ကွယ်"

"ဒါကြောင့်လည်း ရွာသူ၊ စုန်းမ ပုတီးဒဏ်မခံနိုင်လို့ အရှုံးပေးရတာပေါ့၊ ဘုရားကိုကန်တော့ပြီး အမေ့ကို ထိုင်ကန်တော့တာပဲ . . ကြည့်ပေတော့၊ သူတတ်တဲ့ စုန်းပညာတွေကိုတောင် ဘုရားကို လှူလိုက်ပြီဆိုတတည်းက အမေတတ်တဲ့ပညာက နည်းနည်းရယ် . . ဆရာတော် ဘုန်းဘုန်းပေးတဲ့ပုတီးက သိဒ္ဓိ တန်ခိုးအစွမ်းက များများရယ်ပါ၊ ဒါကြောင့် ဒီအစွမ်းထက်တဲ့ သိမ်ဝင်ပုတီးနဲ့ အမေ ကြိုးစား၊ ကျင့်ကြံ အားထုတ်လာခဲ့တာ ကြာခဲ့ပြီပေါ့ သမီးတို့ရယ်"

စကားကို ရှည်ရှည်ဝေးဝေး ပြောလိုက်ရ၍ မောသွားဟန်တူ၏ ။ မျက်နှာတွင် စို့တက်လာသောချွေးစများကို လက်ကိုင်ပုဝါဖြင့် ခပ်ဖွဖွ သုတ်သည်၊ အနီးတွင်ရှိသော ရေနွေးပူပူလေးကို မှုတ်၍ သောက်သည်။

"မိငွေး . . သမီး အစ်မ မိတင်ရွှေကို မေးကြည့်ပါလား။ ဒီကိုလာတုန်း အာရုံရလို့ ကားပေါ်မှာတင် ကြိုပြောပြီးသား၊ သမီး . . ညည်းသား ဒေါင်



www.burmeseclassic.com

www.burmeseclassic.com



အောင် ရှာသူ စုန်းမရဲ့အပြုစားခံနေရပြီလို့၊ ကဲ . .ခုတော့ ငါ ကြိုပြောထားတာ ကွက်တိဖြစ်နေပါလား"

အောင်အောင်၏ ဘွားဘွားသည် ဈေးက ပန်းလာသည်။ သည်ကျတော့ အနားမယူနိုင်၊ မြေးအတွက် လုပ်ပေးနေရ၏ ။ သည့်ကြောင့် စကားလည်း ပြောပြီးပြီ၊ ညောင်းညာ ကိုက်ခဲမှုတွေလည်း ဖြစ်နေပြီ၊ တရေးတော့ မှေးဦးမည်ဟုဆိုကာ အိပ်ရာတွင် ကျောခင်းလိုက်လေ၏ ။

အိမ်ပေါ်တွင်ရှိနေသော မမမြင့်၊ မတင်ကြည်၊ မတင်မို၊ ညီအစ်မနစ်ယောက်နှင့်အတူ အိမ်နီးချင်းမိတ်ဆွေညှသည်တို့နှင့် အိမ်အောက်ရှိ အိမ်နီးချင်းမိတ်ဆွေများသည် အောင်အောင်၏အဘွားဖြစ်သူ ဒေါ်အမာ၊ အမေဖြစ်သူ ဒေါ်တင်ရွှေနှင့် အောင်အောင်၏ဦးလေး ဦးထွန်းရင်၊ ဒေါ်လေး ဒေါ်ဌေးတို့ကို တစ်ဦးချင်း နှုတ်ဆက်စကားဆို၍ မိမိအိမ်ရှိရာသို့ အသီးသီး ပြန်ကြလေတော့သည်။

သည်နေ့သည်ကား အောင်အောင်အတွက် မင်္ဂလာ အရှိဆုံးနေ့ အပျော်ရွှင်ဆုံးနေ့၊ မိသားစုများ ဝမ်းမြောက်ဝမ်းသာ အဖြစ်ဆုံးနေ့ဟုဆိုလျှင် မှားမည် မဟုတ်ချေ။

ဤသို့ ပျော်ရွှင်ခြင်း ဝမ်းမြောက်၊ ဝမ်းသာဖြစ်ခြင်းသည် မည်သည့် ပျော်ရွှင်မှုမျိုးနှင့်မှ အစားထိုးမရနိုင်သော ပျော်ရွှင်ခြင်း၊ ဝမ်းမြောက်ဝမ်းသာဖြစ်ခြင်းသာ ဖြစ်သည်ဟုဆိုခဲ့ပါလျှင် . .။

မှတ်ချက်။ ။ စာရေးသူ (၁၄)နှစ်၊(၁၅)နှစ် အရွယ် ရေနံချောင်းမြို့ သံကံကုန်းရပ်ကွက်တွင် ဦးလေး၊ ဒေါ်လေးတို့နှင့် ခေတ္တနေထိုင်စဉ်ကာလ စာရေးသူကိုယ်တိုင် ရှာသူ၊ စုန်းတိုက်ခြင်းကို ခံခဲ့ရသော ဖြစ်ရပ်အမှန်ကို မှတ်တမ်းတင်ခြင်းအားဖြင့် ဇာတ်လမ်းဆင် ရေးသားလိုက်ရပါသည်။

"သုခိ၊ အတ္တာနံ၊ ပရိဟရန္တု"
မောင်လေးအောင် (သန်လျင်)



# သွေးစုတ်ဖုတ်ကောင်

သန်လျင် ချစ်မိုးညို



www.burmeseclassic.com

www.burmeseclassic.com





။

**ကိုငြိမ်းမောင်ကို**
**အမြဲနှိပ်ပေးနေရသည်။**
**အဲဒီလို နှိပ်ပေးမှ**
**သူကျေနပ်သည်။**
**မနှိပ်ပေးလျှင် အမျိုးမျိုးပဲ**
**ကြိမ်းမောင်းသည်။**

ကိုငြိမ်းမောင်မှာ အညာမှသန်လျင်ကို ပြောင်းလာပြီး ဆိုက်ကားဟောင်းတစ်စီးဝယ်၍ ဆိုက်ကားနင်းသည်၊ ဆိုက်ကားနင်းရင်းမှ မုဆိုးမ၊ ကလေးတစ်ယောက်အမေဖြစ်သော မတင်မြနှင့် အိမ်ထောင်ကျသည်။

ကိုငြိမ်းမောင်မှာ သူတစ်ယောက်ဝမ်းမှ ယခု(၃)ယောက်စာ ရှာရတော့သည်။ ဆိုက်ကားခမှာ ပဲခူးစုဘုရားလေးဂိတ်မှ သန်လျင်ဈေးအထိ တစ်ယောက်ကို (၂၅)ပြားသာ ရသည်၊ နေ့ရောညပါ နင်းမှ မိသားစု စားလောက်သည်၊ ဒီကြားထဲ နောက်တစ်ယောက် သားလေးတိုးလာသည်၊ သားအဖ(၄)ယောက် စားဖို့အတွက် ဆိုက်ကား နင်းရတာ မလွယ်လှပေ။

"ကိုငြိမ်းမောင် .. ကျွန်မ ဈေးထွက်ရောင်းရမလား"

"မရောင်းပါနဲ့ကွာ .. ဈေးရောင်းဖို့ အရင်းမှမရှိတာ"

ကိုငြိမ်းမောင် စကားကြောင့် မတင်မြ ဘာမှထပ်မပြောတော့ပါ။ ကိုငြိမ်းမောင်တစ်ယောက် အပိုဝင်ငွေ ရှာရသည်၊ ဈေးထဲ အုန်းသီးရောင်းသော ဆိုင်တွေမှ အုန်းဆံခွံများ ဆိုက်ကားနှင့် အိမ်သယ်လာပြီး အုန်းဆံ ကျစ်၍ ရောင်းသည်၊ ရေပုံးဆွဲ အုန်းဆံကြိုးတစ်ချောင်းကို (၂၀-၂၅)ကျပ် ရသည်၊ ကိုငြိမ်းမောင်လုပ်သော အုန်းဆံကြိုးမှာ မာ၍ ခိုင်ခံ့သည့်အပြင်







ကြာရှည်ခံသည်၊

ထို့ကြောင့် ရေပုံးကြိုးများ လက်မလည်အောင် ရောင်းကောင်းသည်၊ ကလေးများမှာလည်း ကျောင်းထားရသည့် အရွယ်များ ရောက်လာသဖြင့် ကလေးတွေ ပညာရေးအတွက် မနားမနေရှာရသည်၊ မတင်မြ ပြောယူရသည်၊

"ကိုငြိမ်းမောင်ရယ် .. နားပါဦးလား၊ ရှင့်မှာ နေ့မနား၊ ညမနား အလုပ်လုပ်နေရတယ်၊ ကြာရင် ကျန်းမာရေး ထိခိုက်နေမယ်"

"နားလို့ မဖြစ်သေးပါဘူး၊ ကလေးတွေ ပညာရေးအတွက် အခု တတည်းက ရှာထားမှ ဖြစ်မှာ"

❖

ဤကဲ့သို့ ပင်ပန်းဆင်းရဲကြီးစွာ ရှန်းကန် ရှာဖွေ စားသောက်နေရသည်ကို သားကြီးဖြစ်သူ(မတင်မြမှပါလာသော သား) မောင်ညွန့်မိုးမှာ မိဘများက ဆင်းရဲသည်၊ နေတော့ တဲစုတ်၊ စားရတော့ ပဲပြုတ်၊ အနေစုတ်သုတ် ပင်ပန်းလှသဖြင့် မိဘများဖြင့် မနေနိုင်၍ တစ်လမ်းတည်းနေ အဘွားအိမ် သွားနေသည်၊

သူ့အဘွားမှာ ချမ်းသာသည်၊ သူ့သားနှင့်ရသော ကလေးဖြစ်၍ လက်ခံထားသည်၊ မိသားစု (၄)ယောက်၊ တစ်ယောက်လျော့သွားသဖြင့် မိသားစု(၃)ယောက်အတွက် ကိုငြိမ်းမောင် ရှန်းကန်ရသည်မှာ ကြာခဲ့ပြီ၊

ကိုငြိမ်းမောင် ကြာရှည်မခံနိုင်၊ ကိုယ်လက်ကိုက်ခဲ ညောင်းညာသော ရောဂါရလာသည်၊ မကြာခဏ ဖျားသည်၊ ရောဂါကုသရန်လည်း ဆေးဖိုး မရှိ၊ ဆေးမြီးတိုနှင့်သာ ကုနေရသည်၊ အစာအာဟာရကလည်း နေ့စဉ် ပဲပြုတ်နဲ့သာ စားနေရသဖြင့် အားမရှိ၊ သားကလည်း အလုပ်ကို ခေါ်မယ်ရရ မလုပ်နိုင်၊ ကိုငြိမ်းမောင် ဆိုက်ကားနင်းရင်း ဆိုက်ကား



www.burmeseclassic.com

www.burmeseclassic.com





မှောက်သဖြင့် အိပ်ရာထဲ လဲတော့သည်။

ကိုငြိမ်းမောင်မှာ ဆိုက်ကားလည်း မနင်းနိုင်၊ အနှန်းဆံကြိုးလည်း မကျစ်နိုင်တော့ပါ။ မတင်မြမှာ ကိုငြိမ်းမောင် အိပ်ရာထဲ လဲတော့ သူ့အလုပ်ထွက်လုပ် ရတော့မည်။ သားငယ်လေးရဲ့ ပညာရေးက ရှိသေးသည်။ ထို့ကြောင့် မတင်မြ ဈေးထဲမှ စားတော်ပဲ တစ်ပြည်၊ နေ့ပြန်တိုးနှင့်ယူ၍ ပဲပြုတ်ရောင်းသည်။ မတင်မြ ပဲပြုတ်ရောင်းပြီး အိမ်ပြန်ရောက်တော့ လူမမာကို ပြုစုရသည်။

"ကိုငြိမ်းမောင် ထမင်းစားမယ်"

"ဘာဟင်းလဲ"

"ဘာဟင်းရှိမှာလဲ..ပဲပြုတ်ပဲပေါ့"

"ရှင် ဘာစားချင်လို့လဲ"

"အမဲသား စားချင်တယ်"

မတင်မြ အံ့သြသွားသည်။ တစ်ခါမှ ယခုလို မတောင်းဖူးဘူး။ မတင်မြ စိတ်ထဲမှာ -

"သြော်..တစ်ခါတလေတော့လည်း သူ ဟင်းကောင်း စားချင်မှာပေါ့လေ။ ကျွန်မ မနက်ဖြန် ရှင်စားချင်တဲ့ အမဲသားဟင်းချက်ကျွေးမယ်"

"အခုတော့ ပဲပြုတ်နဲ့ပဲ စားဦးနော်"

ကိုငြိမ်းမောင် ထမင်းမစားချင်၊ စားချင်နှင့် စားနေသည်။ ကိုငြိမ်းမောင် ဆိုက်ကားမှောက်စဉ်က ဆေးရုံတက်ရသည်။ ဆေးရုံက တစ်ပတ်နေတော့ ပြန်ကောင်းလာသဖြင့် အိမ်ကိုခေါ်လာပြီး အိမ်မှာ ဆက်ကုသည်။ ကိုငြိမ်းမောင်မှာ ဘာရောဂါမှမရှိသော်လည်း အိပ်ရာထဲကနေ မထနိုင်။ ကိုငြိမ်းမောင်က အိမ်ရှေ့မှာအိပ်ပြီး မတင်မြက အိမ်ခန်းထဲမှာ အိပ်သည်။

"မတင်မြ..မင်းသား အငယ်ကောင်ရော"

"ရှိပါတယ်"

"ခေါ်လိုက်ပါ..ငါ ကိုယ်လက်တွေ ကိုက်လို့ နှိပ်နိုင်းမလို့"





၂

**ကိုငြိမ်းမောင်အိပ်သော အိပ်ရာအောက်တွင် သူမသိအောင်**
**ဩဇာရွက်(၇)ရွက်ထပ်၍ ထည့်ထားလိုက်သည်။**
**ကိုငြိမ်းမောင် ထမင်းစားပြီး အိပ်ရာပေါ် အိပ်ချလိုက်သောအခါ မအိပ်နိုင်။**

ကိုငြိမ်းမောင်ကို အမြဲ နှိပ်ပေးနေရသည်။ အဲဒီလိုနှိပ်ပေးမှ သူ တော့နေပ်သည်။ မနှိပ်ပေးလျှင် အမျိုးမျိုးပဲ ကြိမ်းမောင်းသည်။ မတင်မြမှာ ဈေးရောင်းရ၊ လူမမာ ပြုစုရ၊ အိမ်အလုပ်လုပ်ရနှင့် မနားအောင် လုပ်နေရသဖြင့် တဖြည်းဖြည်း ပိန်လာသည်။ သားအငယ်လေးမှာလည်း ကျောင်းသွားရ၊ ပြန်လာတော့လည်း ဖအေကို နှိပ်နယ်ပေးနေရသဖြင့် ပိန်လာသည်။

❖

မတင်မြ ဈေးရောင်းအပြန် ကိုငြိမ်းမောင်စားချင်သော အမဲသား ယ်လာပြီး ချက်ကျွေးသည်။

"ကိုငြိမ်းမောင်..ရှင်စားချင်တဲ့ အမဲသားချက်ထားတယ်..စား"

ကိုငြိမ်းမောင်မှာ အမဲသားဆို၍ မျက်နှာဝင်းလက်သွားသည်။ မတင်မြမှာ ကိုငြိမ်းမောင်ကို အမဲသားတစ်ပန်းကန်ထည့်ပေးပြီး ကျန်တာကို သူတို့မစားဘဲ ကိုငြိမ်းမောင် နောက်တစ်နေ့စားရန် အိုးထဲထည့်၍ သိမ်းထားသည်။ ဒီနေ့ မတင်မြ မလှုပ်ချင်အောင် ပင်ပန်းနေသဖြင့် အစောကြီး ပင်အိပ်သည်။ ည(၁၂)နာရီလောက်တွင် မီးဖိုထဲမှ အသံတွေကြားရသည်။

"ဂလုံ..ဂလွမ်"

မတင်မြ အသာလေး နားထောင်နေသည်။ ခဏကြာတော့ အသံ တိတ်သွားသည်။

"ဟင်းအိုးတွေ ကြောင်လှန်တာ နေမှာပါ"


မတင်မြ ပြန်အိပ်လိုက်သည်။ မနက်မိုးလင်းတော့ ပဲပြုတ်နှင့် ဖိုထဲဝင်ပြီး အိုးတွေလှန်ကြည့်လိုက်ရာ အမဲသားဟင်းတွေ တစ်ကိုးမျှ မရှိတော့သည်ကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com





"သားရေ..အမေ့ ဆီလာပါဦး"

"ဘာလဲ..အမေ"

"သား..အမဲသား ဟင်းတွေ ယူစားသေးလား"

"ကြဲကြဲဖန်ဖန် အမေရာ..သားမစားပါဘူး"

"အင်း..ကြောင်စားတာပဲ နေမှာပါ"

နောက်နေ့တွေမှာလည်း ညဘက် ထမင်းဟင်းတွေ ချန်ထားသော်လည်း မနက်ကြည့်လိုက်ရင် မရှိတော့ပါ။ မတင်မြ စဉ်းစားရကြပ်နေသည်၊ မတင်မြတို့ သားအမိမှာ တစ်နေ့တခြား ပိန်လာသော်လည်း ကိုငြိမ်းမောင်မှာ တစ်နေ့တခြား ဝဖြိုးလာသည်၊ မတင်မြ အိမ်နီးချင်းတွေကို ပြောပြသည်၊ အိမ်နီးချင်းတွေက -

"ညည်းယောကျ်ား..ရိုးမှရိုးရဲ့လား၊ လူမမာသာဆိုတယ် အစားကို အငမ်းမရစားပြီး ဝဖြိုးနေတာပဲ၊ ဖုတ်များဝင်နေလား မသိဘူး၊ ဆရာတွေနဲ့ ပြကြည့်ပါလား"

"ဟုတ်မယ် မထင်ပါဘူး၊ နေကောင်းကာစ နလန်ထလို့ နေမှာပါ"

ကိုငြိမ်းမောင်မှာ အသားငါးဟင်းနှင့်ကျွေးလျှင် ထမင်း အများကြီး စားပြီး ဟင်းသီးဟင်းရွက်နှင့်ကျွေးလျှင် မစားနိုင်၊ မတင်မြမှာ သူ့ယောကျ်ား ထမင်းမစားနိုင်လျှင် စိတ်မကောင်း၊၊ ထို့ကြောင့် တစ်ရက်ခြားနစ်ရက်ခြား အသားဟင်း၊ ငါးဟင်း ဝယ်ချက်ကျွေးသည်၊

ဒီနေ့လည်း အမဲသားဟင်းချက်သဖြင့် တစ်ဝက်ကို မနက်အတွက် ချန်ထားသည်၊ ဒီနေ့ည မတင်မြ အိပ်မပျော်၊ မနက်ကြွေးတွေ ပေးရမည့်အရေး တွေးမှုပြီး အိပ်မပျော်၊ ည (၁၂)နာရီရောက်တော့ မီးဖိုထဲက အသံတွေကြားရသည်၊

"ဂလုံး..ဂလွမ်..ဝုန်း!.."







မတင်မြ အသာလေး ထပြီး အခန်းထောင့်တွင် ထောင်ထားသော တုတ်ကို ယူပြီး ကြောင်ကိုရိုက်ရန် မီးဖိုထဲသို့ အသာလေး ဝင်လာပြီး မီးဖိုထဲကို အသာလေး ချောင်းကြည့်လိုက်သည်၊

မတင်မြ အော်ဆည်လုပ်ပြီးမှ သူ့ပါးစပ်ကို အလျှင်အမြန် ပိတ်လိုက်ရသည်၊

မီးဖိုထဲတွင် ကိုငြိမ်းမောင်တစ်ယောက် ထမင်းအိုးထဲ ဟင်းတွေထည့်ပြီး ပလုတ်ပလောင်း စားနေသည်ကို တွေ့ရသည်၊ အိပ်ရာထဲက မထနိုင်တဲ့လူက အခု မီးဖိုထဲဝင်ပြီး ထမင်းဟင်းတွေ ရှုးစားနေသည်၊

မတင်မြ အံ့သြနေသည်၊ ကြောက်လည်း ကြောက်လာသည်၊ ယခင်နေ့တွေက ပျောက်သွားသော ထမင်းဟင်းတွေလည်း သူ စားတာပဲနေမည်၊ မတင်မြ သူ့အခန်းထဲကို အသာလေးဝင်သွားသည်၊

❖

နောက်နေ့ မနက်မိုးလင်းတော့ မတင်မြ ပဲပြုတ်ရောင်းရာမှ ပြန်လာပြီး သူ့အမျိုးတွေနှင့်တိုင်ပင်၍ ပယောဂဆရာဆီသွားကာ အကျိုးအကြောင်း ပြောပြသည်၊ ဆရာက -

"ခင်ဗျားယောကျ်ား..ဖုတ်ဝင်နေတာ ဖြစ်လိမ့်မယ်၊ အဲဒီတော့ ဖုတ်ဝင်တာ ဟုတ်၊ မဟုတ် သိရအောင် သူ့အိပ်ရာအောက်မှာ ဩဇာရွက် (၇)ရွက် ခင်းထားရင် ဖုတ် ဟုတ်၊ မဟုတ် သိလိမ့်မယ်"

မတင်မြသည် ဆရာပြောသည့်အတိုင်း ကိုငြိမ်းမောင်အိပ်သော အိပ်ရာအောက်တွင် သူ မသိအောင် ဩဇာရွက်(၇)ရွက်ထပ်၍ ထည့်ထား



www.burmeseclassic.com

www.burmeseclassic.com





လိုက်သည်။ ကိုငြိမ်းမောင် ထမင်းစားပြီး အိပ်ရာပေါ် အိပ်ချလိုက်သော အခါ မအိပ်နိုင်။ ပူ၍ ဟိုလှည့်၊ ဒီလှည့် လုပ်နေသည်။

"ငါ့ကို နေရာပြောင်းပေး၊ ဒီအိပ်ရာမှာ မအိပ်ချင်ဘူး"

"အိပ်ရာပြောင်းပေးရအောင် ပြောင်းစရာ နေရာမှမရှိတာ"

ကိုငြိမ်းမောင်သည် သူ့ကို အိပ်ရာမပြောင်းပေး၍ ဆဲဆိုအော် ဟစ်နေသည်။ မတင်မြ ဆရာကို ပြေးခေါ်ရသည်။

ဆရာကိုလည်း ဖုတ်ထုတ်ပေးရန် ပြောရတော့သည်။ ဆရာရောက် လာပြီး ကိုငြိမ်းမောင်ကို စစ်ကြည့်သောအခါ ဆရာက -

"ဦးငြိမ်းမောင် ဖုတ်ဝင်နေတာကြာပြီ၊ ဖုတ်ကလည်း ကြီးလာနေ ပြီ။ ခင်ဗျားတို့ကို နှိပ်စိုင်း၊ နှင်းစိုင်းတာ၊ သူညောင်းလို့ မဟုတ်ဘူး၊ ခင်ဗျား တို့ဆီက သွေးတွေကို စုပ်ယူနေတာ။ အဲဒါကြောင့် ခင်ဗျားတို့ သွေးတွေ ကုန်ခမ်းပြီး တဖြည်းဖြည်း ပိန်လာတာ၊ ကြာရင် ခင်ဗျားတို့ ဒုက္ခရောက် လိမ့်မယ်"

ထိုစကားကိုကြားတော့ မတင်မြတို့ သားအမိမှာ အရမ်းကြောက် ရွံ့ထိတ်လန့်သွားလေသည်။ တစ်ခါမှ မကြုံဘူးသဖြင့် အရမ်းလည်း အံ့သြခဲ့ ကြသည်။ ထို့ကြောင့် ဆရာဖြစ်သူကို ကိုငြိမ်းမောင် ကိုယ်ထဲဝင်နေသော ဖုတ်ကိုထုတ်ပေးရန် တောင်းဆိုရတော့သည်။

ဆရာမှာ ကိုငြိမ်းမောင်ကိုယ်ထဲမှ ဖုတ်ထုတ်နိုင်ရန် အရင်ဆုံး ကို ငြိမ်းမောင်ကို မလှုပ်ရှားနိုင်အောင် ကြိုးနှင့်တုတ်နှောင်ထားပြီး ဖုတ်ထုတ်





ဂါထာကို ရွတ်ဖတ်တော့သည်။

❖

ဖုတ်ထုတ်ဂါထာ မန်းနည်း

"ဥုံ . . သမ္မုဒ္ဒေါ၊ သမ္မုဒ္ဒေါ၊
သဗ္ဗေဗုဒ္ဓေါ၊ သဗ္ဗမ္မော
သဗ္ဗေသံဃာ၊ သဗ္ဗေဒေဝါ၊
စမောတိ၊ သောသော၊ အ - အ - နီ - နီ - ဂစ္ဆာဟိ
ဂစ္ဆာဟိ၊ အမုမှိ ဩကာသေ တိဋ္ဌာဟိ"

ဆရာလည်း ဖုတ်ထုတ်ဂါထာ မန်းထားသော ရေမန်းဖြင့် ကို ငြိမ်းမောင် ကိုယ်ပေါ်သို့ လောင်းချလိုက်သည်။ ရေမန်းအစွမ်းကြောင့် ကို ငြိမ်းမောင် ကိုယ်ထဲတွင်ဝင်နေသော ဖုတ်ကောင်ကြီးမှာ ကြောက်စရာ ကောင်းသော အသံကြီးဖြင့် အော်ပြီးထွက်သွားသည်။

တစ်ခန်းလုံးလည်း အပုပ်နံ့တွေ လှိုင်သွားသည်။ ဖုတ်ကောင် ကြီး ထွက်သွားသဖြင့် ပုပ်ပွနေသော ကိုငြိမ်းမောင်၏ အလောင်းသာ ကျန်ခဲ့သည်။ ကိုငြိမ်းမောင်၏ အလောင်းအား ချက်ချင်းသင်္ဂြိုဟ်လိုက်ပါ သည်။

ထိုအချိန်မှစ၍ မတင်မြတို့သားအမိမှာ နင်းနှိပ်ပေးခြင်းမှ လွတ် မြောက်သွားပါလေတော့သတည်း။

သန်လျင် ချစ်မိုးညို




www.burmeseclassic.com

www.burmeseclassic.com



# ထူးကဲတဲ့ ကြောင်အော်သံနိမိတ်များ



ကြောင်၊ ကျီးကန်း၊ ဇီးကွက်တို့ဟာ မှော်ဆန်တဲ့ တိရစ္ဆာန်များ ဖြစ်ပြီး သူတို့မှာ သာမန်ထက် ထူးခြားတဲ့ ကြိုတင်သိမြင်နိုင်စွမ်းတွေကို ပိုင်ဆိုင်ထားကြပါတယ်။ ကြောင်တွေဟာ အလဟဿ မအော်တတ်ပါဘူး။

သူတို့ အစာတောင်းတဲ့အချိန်ကလွဲလို့ သူတို့မှာ ထူးထူးခြားခြား အော်မြည်နေပြီဆိုရင် သတိထားနိုင်ဖို့အတွက် ရှေးလူကြီးများ ပြောခဲ့ကြတဲ့ ကြောင်အော်သံနဲ့ ပတ်သက်လို့ ထူးခြားတဲ့ နမိတ်အယူအဆများကို ဖော်ပြလိုက်ပါတယ်။

မွန်းတည့် နေ့လယ်(၁၂)နာရီတိတိမှာ ကြောင်အော်မြည်သံ ကြားပါက အမှုကြီးငယ် ရောက်လာတတ်ပါတယ်။ ညနေချမ်း အချိန်အခါမှာ အော်မြည်သံကတော့ တစ်ခုခုနဲ့ ပတ်သက်လို့ သတိပေးအော်မြည်သံ ဖြစ်ပါတယ်။

နေဝင်မိုးချုပ် အကြောင်းမရှိဘဲ အော်နေပါက အိမ်ရှင်ယောကျ်ား ဖြစ်သူ ဘေးသင့်တတ်ပါတယ်၊ သန်းခေါင်ယံအချိန်၊ ည(၁၂)နာရီတိတိမှာ အော်မြည်ပါက အိမ်ထောင်ရှင် မိန်းမ ဘေးသင့်တတ်ပါတယ်၊

မိုးသောက်ချိန် နံနက်(၆)နာရီမှာ အော်မြည်ပါက သင့်အိမ်မှာ ရှိနေတဲ့ ကျွေးကျွန်အစေအပါး ပြေးတတ်ပါတယ်။ နေတက်ချိန် အော်







မြည်ပါက သင့်အိမ်မှာ သူမိုးခိုးခံရ တတ်ပါတယ်။ ကြောင်အော်သံ ကြား ခြင်းသာမက တစ်ခါတရံမှာ ကြောင်ဟာ နှာချေတတ်သေးပါတယ်၊

ကြောင်နှာချေခြင်းမှာ လည်း နမိတ်ကောင်းခြင်း၊ မကောင်းခြင်း နှစ်မျိုးရှိပါတယ်၊ ကြောင်ဟာ လက်ထပ်ပွဲမှာ သတို့သမီးအနား ထပ်ပြီး နှာချေပါက အဲဒီသတို့သမီးဟာ သာယာပျော်ရွှင်မယ့် အိမ်ထောင်သည်ဘဝကို ရမယ့် အတိတ်နမိတ်ကောင်းလို့ ယူဆကြပါတယ်၊ ဒါပေမယ့် တခြားအချိန်တွေမှာ ကြောင်နှာချေရင်တော့ မိုးရွာမယ့် နမိတ်လို့ သတ်မှတ်ကြပါတယ်။

ကြောင်များဟာ မိုးလေဝသအခြေအနေကိုလည်း ဟောကိန်းထုတ်နိုင်ကြပါတယ်။ ကြောင်များဟာ အိမ်ထဲမှာ ဂနာမငြိမ်နိုင်အောင် ချာလာခတ်ပြေးလွှားနေခြင်း၊ တစာစာ အော်သံပြုခြင်း၊ ကုတ်ခြစ်ခြင်း အတွေ့ကာများကို မြင်တွေ့ရပါက မကြာမီမှာ လေပြင်းမုန်တိုင်းကျခြင်း၊ မြေငလျင်လှုပ်ခြင်းတို့အတွက် ကြိုတင် နမိတ်ပြမှုများ ဖြစ်ပါတယ်၊

ကြောင်များဟာ ဂန္ဓရီမှော်အတတ်မှာ နတ်ဆိုးများနဲ့ ဆက်နွယ်နေသူ၊ စုန်းများနဲ့ ဆက်နွယ်နေသူများဖြစ်တဲ့အတွက် အလိုအလျောက် သိမြင်ခြင်းဆိုတဲ့ ဆဋ္ဌမအာရုံစွမ်းအင်ကို ပိုင်ဆိုင်ထားကြသူများဖြစ်ပြီး သူတို့ရဲ့ထူးကဲတဲ့ ကြောင်အော်နိမိတ်သံများကိုတော့ အထူး အလေးအနက် ထားနိုင်ဖို့ ဖော်ပြလိုက်ရပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



# မဖဲဝါနှင့် သုံးထောင်ပြန်ဘောင်မောင်း

ကျော်မင်းနိုင်



www.burmeseclassic.com

www.burmeseclassic.com





||

မသာအခေါင်းကိုဖြတ်ပြီး
ဝင်လာသော မိန်းမ၏သဏ္ဍာန်မှာ
ပေါ့ပေါ့တန်တန်တော့ မဟုတ်။
"တခြား မိန်းမတွေကိုသာ
နင် ပေါ့ပေါ့တန်တန်
သဘောထားလို့ရမယ်။
ငါ့ကို စမ်းလို့မရဘူး
အောင်မောင်းရဲ့..
ဒါ ပဏာမပဲ ရှိသေးတယ် ဖွန်း"

(၁)

"ဟဲ့..အကောင်၊ နင် ကတိ မတည်ဘူး။ ငါ့ကို ဆယ့်နှစ်နာရီ ကျော်ရင် ပြန်ပို့မယ်ဆိုပြီး ခေါ်လာတာ၊ ခုတော့ နင်က ဒီမသာဖဲဝိုင်းမှာ ထမင်းမေ့၊ ဟင်းမေ့"

"ကဲ..ဒီလောက် ကတိမတည်တဲ့ကောင်၊ ကဲဟာ..ကဲဟာ"

"ဖြန်း..ဖြန်း.."

"ဗြိ..ဗြိ..ဖြစ်.."

မသာအိမ်မှာ ဖဲရိုက်ကောင်းနေတုန်းအချိန် အရွယ်လတ်လတ်၊ ချောချောတောင့်တောင့် မိန်းမတစ်ယောက် ဖဲဝိုင်းမှာ ဒိုင်ကိုင်နေသော အောင်မောင်း၏ပါးကို ဘယ်ပြန်ညာပြန် နှစ်ချက်ဆင့်ရိုက်သည်။ ပြီးတော့ အောင်မောင်း ဒိုင်ကိုင်၍ ထိုးသားတွေဆီက နိုင်ထားသော သူ့ရှေ့ဖျာကြမ်းပေါ်က ငွေစက္ကူတွေကို ဆွဲဖြဲသည်။

"ဟာ !..မလုပ်ပါနဲ့..မလုပ်ပါနဲ့.."

အားလုံး တစ်သိန်းကျော်ကျော်ရှိသည့်မို့ အောင်မောင်း ကပျာကယာ လှမ်းတားလိုက်ပေမယ့် မရလိုက်။ ထိုမိန်းမရွယ်၏ လှုပ်ရှားပုံက





ခြန်မှခြန်။ ပြီးမှ ထိုမိန်းမရွယ်က အောင်မောင်းကို ဒေါသအစိုး အလျှံတက်နေသော မျက်ထောက်နီကြီးနှင့် ကြည့်၏။

"ဘာ မလုပ်ပါနဲ့လဲ၊ လာခေါ်ပြီး ကတိတွေပေး၊ ပြန်ပို့ဖို့ကျတော့ ငါ့ကိုမလေးမစားလုပ်တဲ့ကောင် မှတ်ထား။ ဒါ နမူနာပဲ ရှိသေးတယ်"

အောင်မောင်းရှေ့မှာ ရန်ထောင်နေသော မိန်းမရွယ်မှာ အသတ်အားဖြင့် အစိတ် သုံးဆယ်အရွယ်၊ ငါးရဲ့ကိုယ်လုံးနှင့် စွဲမက်စရာ၊

ဒါပေမယ့်..ထိုမိန်းမရွယ်လုပ်ပုံက အော့နလုံးနာစရာ၊

လူမိုက်၊ ဖဲသမား၊ ထောင်ထွက် အောင်မောင်းသည် ခါးကြားထဲမှာ ဓားမြှောင် အမြဲဆောင်ထားတတ်သည်ကို သူ့အား ရဲထားသည့် တပည့်ကျော် စိုးကြီးနှင့် ရွှေသီးတို့အသိ။

ဒီမိန်းမ လုပ်ပုံမျိုးနှင့်တော့၊ အောင်မောင်း ခါးကြားက ဓားမြှောင်ကို ထုတ်၍ ထိုးလိုက်လေမည်လားဟု စိုးရိမ်သွားကြသည်။ အဲဒီလို ဓားမြှောင်နှင့်ထထိုးလိုက်လျှင် ထိုမိန်းမရွယ်လေးအတွက် နမြောစရာ၊

သူ့အလှအပ၊ သူ့အရွယ်ကောင်းလေးနှင့် လူ့လောကကြီးမှာ လူလုပ်ဖို့ အချိန်တွေ အများကြီးရှိသေးသည်လေ၊

သို့သော်..၊

လူမိုက် အောင်သောင်း ဘာမျှမလုပ်၊

သူ့ရှေ့မှ မိန်းမလှလှကို အံ့သြမှင်တက်သလို လှမ်းကြည့်နေသည်၊ မသာအိမ်မှလူအားလုံးကလည်း ထိုမိန်းမနှင့် အောင်မောင်းတို့ကို လှမ်းအာရုံစိုက်နေကြပြီ၊

မသာက မျက်နှာကြီးမသာမို့ ဖဲဝိုင်း အတော်စည်သည်၊ အိမ်ရှေ့တနားဖျင်းထိုးပြီး ကာလသားတို့၏ ဖဲဝိုင်းကချည်း သုံးဝိုင်း၊ အိမ်ပေါ်မှာတော့ လူရှိသေ၊ ရှင်ရှိသေ လူကြီးတွေ ကြိတ်ဝိုင်းက တစ်ဝိုင်း၊ အိမ်ရှေ့ကနားဖျင်းပေါ်မှာ ဖျာကြမ်းခင်း၍ အသုဘစောင့် နာမည်တပ်ကာ အသုဘတွင် ဖဲဝိုင်းလုပ်သည်မှာ ရပ်ရွာထုံးစံ၊

အသုဘအိမ်အစပ် ခြံစည်းရိုးအလွန်မှာ သေဆုံးသူ ဦးပေလှ၏ အခေါင်းကိုပြင်ထားသည်မှာ ဒီနေ့နှင့်ပါဆို နှစ်ရက်မြောက်၊ အဲ..ခုညဆယ့်နှစ်နာရီကျော်ပြီဆိုတော့ သုံးရက်ကို စွန်းလာလေပြီ၊



www.burmeseclassic.com

www.burmeseclassic.com





မနက်ဖြန် နေ့လယ် (၁၂)နာရီ ဆိုလျှင် ဦးပေတလူ၏ မသာကို ပိတုန်းစမ်းရွာသုသာန်မှာ သင်္ဂြိုဟ်လေတော့မည်။ ဦးပေတလူ၏ မသာ အခေါင်းပေါ်က ခုတင်တိုင်မှာ မီးရောင် နီကျင့်ကျင့်လေး တစ်လုံးဆွဲထား၍ အခေါင်းတင်ထားရာ အလောင်းစင် ခုတင်တစ်ဝိုက်သာ မီးအလင်းရောင် မစို့မပို့ဘဲ ရှိ၏။ ကျန်သော နေရာတွေက လမ်းမီးမရှိသဖြင့် မှောင်မည်းမည်း။

ထို မှောင်မည်းမည်းကြီးထဲမှာ မသာ အခေါင်းကိုဖြတ်ပြီး ဖဲဝိုင်းသို့ဝင်လာသော ထိုမိန်းမ၏ သတ္တိမှာ ပေါ့ပေါ့တန်တန်တော့မဟုတ်။ ပြီးတော့ အောင်မောင်း ဆိုသည့် ကောင်။ ဒီကောင်က ပေါ့သေးသေးကောင် မဟုတ်။ မိဘက ပိုက်ဆံရှိသည်။ ပိုက်ဆံအရှိန်နှင့် မိုက်နေသည့် ထောင်ထွက်။ မိန်းမကိစ္စ မျိုးစုံရှုပ်နေကျ ကောင်။

ကားဒရိုင်ဘာဘဝနှင့် မိဘထောင်ထားသော ဈေးကားမောင်းနေပြီး ဈေးသည်မတွေနှင့် ရှုပ်လိုရှုပ်၊ ရွာနှင့် မြို့မဈေးကြီးသို့ ခရီးသည်အတင်အပို့လုပ်ရင်း ခရီးသည်မိန်းမတွေနှင့် ပွေလိုပွေ။

အဲ .. အဆိုးဆုံး နာမည်ပျက်က ညဘက် ကားမောင်းလျှင် ကားလမ်းမ တစ်ဝိုက်မှာ ကျက်စားလျက်ရှိသည့် ဟိုအဂုမကလေးတွေကိုပင် အလွတ်မပေးတတ်သည့်ကောင်။

အဲဒီတော့ .. ဒီအကောင် အောင်မောင်း၊ ဒီမိန်းမနှင့် ဘယ်မှာဘယ်လိုရှုပ်ပြီး ဘာဇာတ်တွေခင်းခဲ့သလဲပေါ့။ မသာအိမ် တစ်အိမ်လုံးက အောင်မောင်းနှင့် ထိုမိန်းမကို လှမ်းအကဲခတ်နေစဉ် –

"တခြား မိန်းမတွေကိုသာ နင် ပေါ့ပေါ့တန်တန် သဘောထားလို့ရမယ်။ ငါ့ကို စမ်းလို့မရဘူး အောင်မောင်းရဲ့ .. ဒါ ပဏာမပဲ ရှိသေးတယ် ဟွန်း"

ထိုမိန်းမက ရန်ထောင် ဖေါက်ငန်း သဟောက်သဟမ်းပြုပြီး





မသာအိမ် ဖဲဝိုင်းကနေ ဘယ်သူ့ကိုမှ ဂရုမစိုက်သည့်ပုံစံမျိုးနှင့် ဆောင့်ဆောင့် အောင့်အောင့်လုပ်၍ ပြန်ထွက်သွားသည်မှာ တကယ့် မိန်းမကြမ်းကြီးပုံစံ။

ထိုမိန်းမ ဆောင့်ကြီး၊ အောင့်ကြီးလုပ်၍ ခေါင်းပေါ်မှာ ထိုမိန်းမ ကြမ်းပန်ထားသော ပန်းတစ်ပွင့် ဖဲဝိုင်း ဖျာကြမ်းပေါ်သို့ ပြုတ်ကျ ကျန်ရစ်သည်။

ခေါင်ရမ်းပန်း နီနီရဲရဲ တစ်ပွင့်။

(၂)

အဲသည့် ခေါင်ရမ်းပန်း နီနီရဲရဲဆိုတာ ..

ရွာတွေမှာ ရိုးရိုးသားသား မိန်းမပျိုလေးတွေ ပန်လေ့ပန်ထ မရှိ။ မိန်းမပျိုလေးတွေကို မပြောနှင့်၊ အိမ်ထောင်သည် မိန်းမရွယ်တွေပင် မပန်ရဲကြ။

"ခေါင်ရမ်းပန်းဆိုတာ မသာတွေမှပန်ကြတာ"

အဲဒီ အစွဲကြောင့်ပေါ့။

သက်မဲ့ မသာအလောင်းကို အကျႌ နောက်ပြန်ဝတ်ပေး၊ လုံချည်နောက်ပြန်စည်းပေးကာ ခေါင်ရမ်းပန်းပန်ပေး၍ မှော်ဆရာတို့သုံးသော ဂါထာကိုရွတ်၊ မန်းမှုတ်ပါက ဖုတ်ဝင်ပြီး လိုရာ စေခိုင်းနိုင်သည် ဆိုသော စကားတွေကလည်း ရှိထားသည်။

အဲဒီအစွဲ .. အဲဒီစကားတွေကြောင့် ဖျာကြမ်းပေါ်ကျ ကျန်ရစ်သော ခေါင်ရမ်းပန်း နီနီရဲရဲကို အောင်မောင်းရဲ့လက်ရင်းတပည့် စိုးကြီးနှင့် ရွှေသီးတို့ ကြည့်ပြီး တုန်လှုပ်သွားကြသည်။

မသာအိမ်မှာ ဖဲရိုက်နေသူတွေပင် ထိုမိန်းမ ကြမ်းသွားပုံကြောင့် ကစားလက်စဖဲကို ဆက်မကစားနိုင်ကြ။ တချို့က ထိုမိန်းမ ထွက်သွားရာ အလောင်းစင်ပြင်ထားသည့် ခြံအပြင်ဘက်ကို လှမ်းကြည့်သည်။

မီးရောင် ခပ်မှဲ့မှဲ့ နီကျင်ကျင်အောက်မှာ အလောင်းစင်ပြင်ထားသည့် ခုတင်ပေါ်မှာ သေဆုံးသူ ဦးပေတလူ၏အခေါင်းကိုသာ လှမ်းတွေ့ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



စောစောက မိန်းမကို မတွေ့ကြရတော့၊ စိုးကြီးနှင့် ရွှေသီးတို့က လည်း ဈာကြမ်းပေါ်မှာ ကျကျနန်ရစ်သော ခေါင်ရမ်းပန်းကို ကြည့်နေရာက ထိုမိန်းမထွက်သွားရာ ခြံအပြင်ဘက်သို့ လှမ်းကြည့်မိကြပြန်သည်။

"အဲ.."

"ဟာ!.."

သူတို့နှစ်ယောက်စလုံးဆီမှ အာမေဍိတ်တွေ ပေါ်ထွက်သွားကြ၏။ မသာအခေါင်းတင်ထားပြီး ခုတင်ပေါ်မှာ ချိတ်ဆွဲပြင်ဆင်ထားသော ခေါင်ရမ်းပန်း နီနီရဲရဲတွေကို နှစ်ယောက်လုံး သတိထားမိခြင်းက သူတို့နှစ်ယောက်စလုံးအား တုန်လှုပ်ချောက်ချားသွားစေသည်။

"တော်တော်တော့ ထူးခြားတာပဲ"

ပထမဆုံး အသံထွက်လာတာက စိုးကြီး။

"ဟုတ်တယ်ကွ၊ ဒီမိန်းမဟာ ရိုးရိုးမိန်းမမှ ဟုတ်ရဲ့လား၊ ခေါင်ရမ်းပန်းနီနီ ပန်လာပုံထောက်တော့ တစ်ယောက်ယောက်က ဖုတ်သွင်းပြီး လွှတ်လိုက်တဲ့ မသာမ လား"

"ဖုတ်သွင်းပြီး လွှတ်လိုက်တဲ့ မသာမ ဖြစ်ရအောင် ဒီမိန်းမက အင်္ကျီတွေ၊ လုံချည်တွေ နောက်ပြန်ဝတ်ထားတာမှ မဟုတ်တာဘဲ၊ ဖုတ်ကောင်၊ အဲ.. ဖုတ်ကောင်မတော့ မဖြစ်နိုင်ဘူး"

"ဖုတ်ကောင်မ မဖြစ်နိုင်ပေမယ့် ဒီမိန်းမက တော်တော်ကြောက်စရာကောင်းပြီး ထူးခြားတယ်ကွ"

"အဲဒါတွေထက် ပိုထူးခြားတာက တို့ဆရာ အောင်မောင်းပဲ၊ လူတွေရှေ့မှာ သူ့ကို ပါးရိုက်ပြီး စော်ကားလိုက်ပေမယ့် သူဆောင်ထားတဲ့ ဓားမြှောင်နဲ့ ထပြီး မထိုးလိုက်တာပဲ၊ ဒီပြင်ပွဲတွေမှာဆိုရင် ပါးစပ်နဲ့ စော်ကားရုံနဲ့ ဓားနဲ့ထထိုးတဲ့လူ"

ရွှေသီးပြောရင်း သူ့ဆရာ အောင်မောင်းကို လှမ်းကြည့်သည်။

အောင်မောင်းမှာ ယခုတိုင် ငုတ်တုတ်ကြီး။

ဘာမျှလည်း မပြော၊ လှုပ်လှုပ်ရှားရှားလည်း မရှိ။

သူနှင့် ဖဲအတူရိုက်နေသော လူတွေသာ နေရာပြင် ထိုင်သူထိုင် ထရပ်သူ ရပ်၊ ဗိုင်းပြောင်းမည့်ပုံ လုပ်သူ လုပ်၊ တခြားဗိုင်းတွေဆီ







ပြန်ကစားရန် စနေလေပြီ၊ တချို့ကလည်း ထူးထူးခြားခြား ပြဿနာပေါ်သွားသည့် အောင်မောင်းဆီ လှမ်း၍ ကြည့်နေကြဆဲ၊ ထင်ကြေးလည်း အမျိုးမျိုးပေးနေကြ၏။

"အဲဒီမိန်းမတော့ အောင်မောင်းဓားချက်နဲ့ အသက်ပျောက်တော့မှာပဲ"

"အောင်မောင်း ဓားချက်နဲ့ အသက်ပျောက်ဖို့နေနေသာသာကွာ၊ အဲဒီမိန်းမက အောင်မောင်းပါးကို နှစ်ချက် ဆော်သွားသေးတာပဲ"

"ဒီကောင် လူသတ်မှုတယ်၊ ထောင်ထွက်၊ ထောင်ကျတာမှ သုံးခါတောင်၊ နောက်ဆုံးလူသတ်မှုမှာ လွတ်ငြိမ်းချမ်းသာခွင့်နဲ့ ထောင်ထွက်လာတဲ့ကောင်၊ အဲဒီကောင်မကို လိုက်သတ်လိမ့်မယ်"

"လိုက်သတ်ဖို့ နေနေသာသာ မင်းကောင် .. ထတောင် မထနိုင်တော့ဘဲ ငုတ်တုတ်ကြီးကျန်ခဲ့တာ မမြင်ဘူးလား"

"ဒါမျိုး မကြုံဖူးဘူး၊ ဓါတ်ပိုင်း ကြက်ခေါင်းဆိတ် မခံတဲ့ကောင်တ ဘာလို့ ငုတ်တုတ်စင်းခံခဲ့ပါလိမ့်"

ထိုစဉ် အိမ်ပေါ်မှ မသာရှင် ဒေါ်ငြိမ်း၏ အသံကို ကြားလိုက်ရ၏။

"ကဲ.. ကဲ၊ ဒီညတော့ ဖဲဝိုင်း သိမ်းလိုက်ကြပါကွယ်၊ အားလုံးကို အားနာရပါတယ်၊ ဒီည အခြေအနေမကောင်းတာ မင်းတို့အမြင်ပဲ"

ဒေါ်ငြိမ်းမှာ သေဆုံးသူ ဦးပေတလူ၏ ကျန်ရစ်သော ဇနီးသည်။

ဦးပေတလူ၏ဇနီး မသာရှင် ဒေါ်ငြိမ်း၏ စကားနားထောင်ပြီး ဆက်ကစားတော့မည့် ဖဲဝိုင်းကိုရပ်လိုက်သော်လည်း အမှုသမားမောင်ဦးတို့ ဝိုင်းကိုက လက်စံချင်ပုံမရ။

မောင်ဦးသည် ခပ်ရွတ်ရွတ် အကောင်စား၊ သူကလည်း အောင်မောင်းလောက် နာမည်မထွက်ပေမယ့် အောင်မောင်း၊ ထောင်ထဲရောက်



www.burmeseclassic.com

www.burmeseclassic.com



နေစဉ် ပိတုန်းစမ်းရွာတစ်ဝိုက်မှာ မိုက်ပြနေတဲ့အကောင်၊

ရိုးသွေးစ နပို (နွားပို) လေးလို ဟိုနေရာ ထောင်ထောင်၊ ဒီနေရာ ထောင်ထောင်၊ အင်မတန် လုပ်ချင်တဲ့ကောင်၊

"မသာမှာ ပြဿနာဖြစ်တာ ဆန်းလားဗျာ၊ သူ့ပြဿနာ သူရှင်း၊ ကိုယ့်ပြဿနာ ကိုယ်ရှင်းပဲ၊ ခု ကျုပ်တို့ဝိုင်းကဖြစ်တဲ့ ပြဿနာမှ မဟုတ်ဘဲ၊ ကျုပ်တို့က ဆက်မကစားဘဲ ဘာလို့ပြန်ရမှာလဲ"

မောင်ဦးဝိုင်းမှာ ထိုင်နေသူတွေကလည်း မောင်ဦးအရှိန်နှင့် ပေကပ်၍ ထိုင်နေကြသည်၊ နောက်တက်လာမည့် လူမိုက်လောင်းလျာ မောင်ဦးကို မည်သူမျှ ပြောရဲပုံ မရှိကြ၊

## (၃)

မောင်ဦး ဖဲဝိုင်းပြန်စရန် ဖဲထုပ်ကို ကုလားဖန်ထိုးသည်၊

ထိုအချိန်မှာ အိမ်ထဲတွင် ကြိတ်ဝိုင်းလုပ်နေသော သူကြီးဦးဖေသောင်း အိမ်ရှေ့ထွက်လာကာ မောင်ဦးကို လှမ်းပြောသည်၊

"ဒီည .. ဖဲဝိုင်းဆက်မလုပ်ဖို့ ငါတို့လူကြီးတွေ ဒေါ်ငြိမ်းနဲ့တိုင်ပင်ပြီး ပြောရတာပဲ မောင်ဦးရဲ့၊ မင်းလည်းစောစောက ဖြစ်သွားတာ အမြင်ပဲ မဟုတ်လား၊ တော်ကြာ ဟိုမိန်းမထပ်လာလို့ ပြဿနာ မဖြစ်ဘူးလို့ မပြောနိုင်ဘူး၊ အောင်မောင်း "ဇ" ကိုလည်း မင်းတို့သိသားနဲ့"

"ဒီ့ပြင်နေရာဆိုရင် အောင်မောင်းက ဓားနဲ့ထထိုးလို့ အဲဒီမိန်းကလေး သေတာ ကြာပြီ၊ ထစ်ခနဲဆို လူထရိုက်၊ ဓားနဲ့ထိုး၊ နောက်ဆုံး လူသတ်မှုနဲ့ ကံကောင်းလို့ ထောင်ထဲကနေ ပြန်လာတဲ့ကောင်"

"ကျုပ်ဆိုရင်လည်း အဲ့ဒီကောင်မ ပါးမရိုက်ခင်ကတည်းက ဓားနဲ့ အရင် ရှင်းပစ်တာကြာပြီ၊ ကိုကြီးအောင်မောင်းက လက်ကျ သိပ်နေးတော့ ပါးရိုက်ခံလိုက်ရတာပေါ့"

"လက်ကျ သိပ်နေးဆို သူတို့ရှင်း အကြောင်းရင်းတွေ ရှိမှာပေါ့"

"ဟေ့ကောင်တွေ .. မင်းတို့ သောက်ပါးစပ်တွေ အားလုံး ပိတ်ထားလိုက်စမ်း"

မောင်ဦးတို့ဝိုင်းက အချီအချစကားသံတွေ အားလုံးကြားတ





ဖောက်ဝင်လာသော အသံကျယ်ကြီးကြောင့် မောင်ဦးတို့ဝိုင်းမှ စကားသံတွေ တိတ်သွားရသည်၊ ဒါတောင်မှ အောင်မောင်း၏ အသံမဟုတ်၊ အောင်မောင်းတပည့် စိုးကြီး၏အသံ၊

အောင်မောင်းကတော့ ခုတိုင် ဘယ်လိုမှ မလှုပ်ရှားသေး၊

ဘာစကားမှလည်း ဝင်၍မပြောသေး၊ ဂုတ်တုတ်ကြီး ရှိနေဆဲ၊ ရက်စိတ် ငယ်ထိပ်တက်ကပ်ပြီး ကြိတ်မနိုင်၊ ခဲမရဖြစ်နေသည့်ပုံ၊ သူ့ရှေ့မှာ ငွေစက္ကူအပြဲတွေနှင့် ဖဲချပ်တွေ ပြန့်ကျဲလျက်၊

သူ့ဝိုင်းမှာ စောစောက ထိုင်ကစားနေသည့် ထိုးသားတွေ တစ်ယောက်တစ်လေမျှ ရှိမနေတော့၊ ကျိုထောင်နေသော မောင်ဦးကို အောင်မောင်း၏အရှိန်နှင့် လှမ်းဟောက်နေသော စိုးကြီးနှင့်ရွှေသီးတို့ပဲ ရှိသည်၊

"ဟေ့ကောင်တွေ .. မင်းတို့ အောင်မောင်းက ဒီညဖဲဝိုင်းဆက်မလုပ်တော့ဘူးဆိုမှ .. ဘာဖြစ်လို့ ဆက်ထိုင်နေတာလဲ၊ သူက ဆက်ကစားချင်သေးလို့လား"

သူကြီးဦးဖေသောင်း လှမ်းအပြောမှာ မသာရှင် ဒေါ်ငြိမ်းကလည်း သံယောင်လိုက် ဝင်လိုက်သည်၊

"ဟုတ်သားပဲ၊ စိုးကြီးနဲ့ရွှေသီးရဲ့ .. မင်းတို့လူကိုခေါ်ပြီး ပြန်ကြလေ"

စိုးကြီးသည် စိတ်မရှည်သောလေသံဖြင့် အိမ်ကပြင်ပေါ်မှ လှမ်းပြောနေသော ဒေါ်ငြိမ်းကို ဘုတောသည်၊

"ခင်ဗျားကြီးက ဘာဖြစ်နေတာလဲ၊ မသာရှင်ဖြစ်ပြီး အေးအေးနေဗျာ၊ ကျုပ်တို့ဆရာ တစ်ခါမှ ဒီလိုဖြစ်ဖူးတာ မဟုတ်ဘူး"

ရွှေသီးကလည်း အခြေအနေ စောင့်ကြည့်ရင်း ပြောသည်၊

"ဘယ်ပွဲမှာမှ လက်ကျမနေးတဲ့ ကျုပ်တို့ဆရာ ဒီပွဲမှာ ငြိမ်ခံလိုက်တာ ခင်ဗျားတို့ အိမ်ရှင်တွေရဲ့မျက်နှာကို ထောက်လို့ ဖြစ်ရမယ်ဗျာ၊ ဆက်ပြီး ဖဲကစားဖို့ မကစားဖို့ သူ့အပေါ် မူတည်တယ်၊ ကျုပ်တို့က ကျုပ်တို့ဆရာရဲ့ဆန္ဒကို လွန်ဆန်ရဲကြတာ မဟုတ်ဘူး"

ပြောရင်းက ရွှေသီးသည် အောင်မောင်း၏သဘောထားကို သိရန် အောင်မောင်း ပုခုံးကို ပုတ်သည်၊



www.burmeseclassic.com

www.burmeseclassic.com



အောင်မောင်း တုတ်တုတ်မှ မလှုပ်။

သတိလစ်နေသည့် ပုံစံ။

အောင်မောင်း၏ ရှေ့တည့်တည့်တွင် ထိုင်ပြီး အောင်မောင်း မျက်နှာစေ့စေ့ ကြည့်သည်၊ အောင်မောင်းမျက်နှာမှာ လူသေမျက်နှာကြီးလို ခြောက်စရာကောင်းနေ၏ ။ မျက်လုံးကြီးနှစ်လုံးမှာ မျက်တောင်ပင် မခတ်ဘဲ ပြူးကျယ်နေသည်။

ထူးထူးခြားခြား ဖြစ်နေသော သူ့ဆရာ အောင်မောင်း အခြေအနေကို ကြည့်ပြီး ရွှေသီးမှာ အားမလို၊ အားမရဖြစ်ကာ ပုခုံးကို ကိုင်လှုပ်၍ နာမည်ခေါ်သည်။

"ဆရာအောင်မောင်း . . ဆရာအောင်မောင်း"

အဲဒီတော့မှ အောင်မောင်း သတိပြန်ဝင်လာသလို၊ မျက်လုံးကြီးတွေပြူးနေရာက သူ့ရှေ့မှ ရွှေသီးကို စိုက်ကြည့်သည်။

အောင်မောင်း မျက်လုံးထဲမှာ ရွှေသီးဟု မမြင်။

ထမိန်ရင်လျားကြီးနှင့် ဆံပင်ဖားလျားချထားသော ပုံဆိုးပန်းဆိုး မိန်းမကြီးဟု မြင်လိုက်ရသည်။ ထိုသို့ မြင်လိုက်သည်နှင့် ဒေါသတွေ ပေါက်ကွဲထွက်ပြီး သူ့ရှေ့မှာ ထိုင်နေသော ထမိန်ရင်လျား ဆံပင်ဖားလျားနှင့် မိန်းမကြီးကို ထိုင်လျက်ကပင် ဆောင့်၍ကန်ထည့်လိုက်သည်။

"ဖြောင်း ! . ."

"ဘုန်း ! . ."

"အမလေးဗျာ . ."


ရွှေသီးအသံနှင့်အတူ လွင့်ထွက်သွားသည်မှာ ကျိုထောင်နေသော မောင်ဦးတို့အနီး ရောက်သွားသည်။

ကျိုသွေးစ မောင်ဦးတို့လည်း ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်။ ရွှေသီး ခွေလဲလျက်က သူ့ဆရာအောင်မောင်းအား ထိတ်လန့်တကြား လှမ်းကြည့်သည်။ အောင်မောင်း သူဘာလုပ်၍ လုပ်မိမှန်း မသိသလို၊ ဖြုန်းကနဲ မတ်တပ်ထရပ်သည်။ ပြီးတော့ ခါးကြားမှ ဓားမြှောင်ကိုထုတ်ပြီး အသံနက်ကြီးနှင့် အရူးကြီးတစ်ယောက်လို အော်ဟစ်သည်။

"မိဖဲဝါ . . မသာမ၊ ငါ မတော်တဆ သတိလစ်သွားတာကို နင်က







လိုက်ပြီး ငါ့ကို စော်ကားတယ်ပေါ့လေ၊

ငါ မကြောဘူး၊

ငါက သုံးထောင်ပြန် အောင်မောင်း။

နင်နေတဲ့ သချိုင်းကို လိုက်ပြီး နင့်ကို ငါသတ်မယ်၊ ငါ သတ်မယ်"

အောင်မောင်း ဒေါသတကြီး အော်ဟစ်ရင်း လက်ထဲမှ ဓားမြှောင်ကို ဝှေ့ရမ်းထိုးဝိုက်လျက် အသုဘအိမ်မှ မြို့ပြင်သို့ ပြေးထွက်သွားသည်။

(၄)

အောင်မောင်း ပြေးထွက်သွားရာကို ဘယ်သူမှ လိုက်မဆွဲရဲ၊ သူနှင့် ပုလင်းတူဖူးဆို့ တပည့်နှစ်ယောက်ဖြစ်သော စိုးကြီးနှင့် ရွှေသီးတို့ပင် အနားမကပ်ရဲကြ။

အောင်မောင်း ဓားမြှောင်နှင့် အသုဘအိမ်မှအထွက် ကမူးရှူးထိုးနိုင်လှသဖြင့် ဦးဖေတလူ အလောင်းတင်ထားသည့် ခုတင်ကြီးကို ဝင်တိုက်မိသည်။

"ဝုန်း ! . ."

အခေါင်းတင် ခုတင်ကိုဝင်တိုက်ပြီး အခေါင်းကြီးပေါ် မှောက်လျက်လဲကျသွားသည်။ အခေါင်းပျဉ်နှင့်မျက်နှာကို ရိုက်မိပြီး "ဝုန်းခနဲ" မြည်သွားသလို၊ အလောင်းခုတင်ရှိရာသို့ သွယ်တန်းထားသော လျှပ်စစ်မီးဓါတ်ကြိုး ပလပ်ပြုတ်ထွက်သွားကာ မှောင်ကျသွားပြန်သည်။

"ဒုက္ခပါပဲ၊ အောင်မောင်းရယ် . . မူးမူးရူးရူးနဲ့ သေတဲ့လူတောင် အေးအေး မသေရဘူး"

ဒေါ်ငြိမ်း အော်ဟစ်သံ တစာစာနှင့် ပေါ်ထွက်လာသည်။

ထိုအထဲ မောင်ဦးတို့ကလည်း တစ်မှောင့်။

"ဒါပေါ့ဗျ . . သူနိုးပြေးမှ ထိုးကွင်းထတယ်ဆိုတာ စောစောက



www.burmeseclassic.com

www.burmeseclassic.com



မိန်းမရှိနေတုန်းကတော့ ဘာမှမလုပ်ရဲဘဲ ဒီအတိုင်း ငြိမ်ခံနေပြီးတော့ ..၊ အဲဒီမိန်းမထွက်သွားမှ "ဇ"တွေ ပြနေလိုက်တာ"

"ဖြောင်း!.."

"ခွပ်!.."

"အမယ်လေး!.."

"ဖြောင်း!..ဖြောင်း!.."

"ခွပ်!..ခွပ်!.."

"ရိုက်ကုန်ကြပြီ!..၊ ရိုက်ကုန်ကြပြီ!..၊ လုပ်ကြပါဦး!..အရိုက်ခံရတဲ့ မောင်ဦး သွေးအိုင်ထဲမှာ လဲနေပြီ။

"ဘယ်သူရိုက်တာလဲ ..ရဲကို ဖုန်းဆက်အကြောင်းကြားမှ"

သူကြီး ဦးဇေသောင်းတို့အပါအဝင် အိမ်ပေါ်မှ လူကြီးပိုင်း များယာခတ်သွားသည်။ သို့သော် အတွေ့အကြုံရှိသော လူကြီးတွေပီပီ ရိုက်ပွဲဖြစ်နေသော ကနားဖျင်းအောက်သို့ ချက်ချင်း မဆင်းလာရဲကြသေး။

သူရိုက်၊ ကိုယ်ရိုက်၊ သူထိုး၊ ကိုယ်ထိုး အပြန်အလှန် ဖြစ်နေသည့်ကြားမှ အောင်မောင်းတပည့် စိုးကြီးနှင့်ရွှေသီးကို မမြင်ကြရတော့။

"ဟော့ကောင်တွေ ..ခုချက်ချင်း ရပ်ကြစမ်း"

သူကြီးသောင်းဇေ ထပ်အော်သည်။

သို့သော် ကနားဖျင်းထဲမှ ရန်ပွဲကား တော်တော်နှင့် ရပ်မသွား။

သည်းသည်းမဲမဲ တိုက်ခိုက်ထိုးကြိတ်နေကြတုန်း။

တစ်ဘက်နှင့်တစ်ဘက် သူ့လူ၊ ကိုယ့်လူ တိုက်ခိုက်နေခြင်းမျိုးမဟုတ်။ ကိုယ်နှင့် မျက်နှာချင်းဆိုင်ရာကို ထိုးကြိတ်နေကြသည်။ ကန်ကြကြောက်ကြသည်။

သိုင်းသမားယောင်ယောင်၊ ဗမာ့လက်ဝှေ့သမား ယောင်ယောင်ကောင်တွေ ပါသဖြင့် အခုန်အပျံတွေနှင့် အတိုက်အခိုက် ပေါင်းစုံသည်။ သူတို့ကိုကြည့်ရသည်မှာ မည်းမည်းမြင်ရာ လှမ်းကိုက်ကြသည့် ခွေးအုပ်ကြီးသဖွယ်။

လဲသူလဲ၊ ကွဲသူကွဲ၊ သွေး ရဲရဲ ..သံရဲရဲ။

ထိုအထဲမှာ ကနဦးဆုံး အရိုက်ခံလိုက်ရသော နွားပျို ရျိုသွေး





မောင်ဦးမှာ သွေးအိုင်ထဲမှာ မှောက်လျက်သားကြီး။



အသုဘအိမ်မှ ရန်ဖြစ်သံတွေက ရှည်လှသဖြင့် ပတ်ဝန်းကျင် ခြံထဲက အိမ်တွေဆီမှ လူတွေနိုးလာသည်။

"ဟော့!..ဘာဖြစ်ကြတာလဲ၊ ဘာဖြစ်ကြတာလဲ"

"ရွာထဲကို သူခိုး၊ ဓားပြ ဝင်တာတောင် ဒီလောက် မဆူဘူး"

ပိတုန်းစမ်းသားတွေမှာ သွေးမနည်းကြသူတွေမို့ ယောကျ်ားသားတွေ ဓားဆွဲ၊ တုတ်ဆွဲ၊ လှံဆွဲနှင့် အသုဘအိမ်ရှေ့သို့ အလျှိုလျှို ရောက်လာကြသည်။

"အို!..တစ်ယောက်ကလည်း လဲလို့၊ ကျန်တဲ့ကောင်တွေမှာလည်း ဒဏ်ရာတွေရလို့၊ ဒါတောင်မှ မရပ်ကြသေးဘူး"

"ဟုတ်ပါရဲ့..ကိုယ့် တစ်ရွာတည်းသားတွေချည်း ဖြစ်နေကြတာ၊ အပြင်က တစ်စိမ်းတစ်ယောက်မှ မပါဘူး၊ ဖြစ်နေလိုက်ကြတာ"

"သူကြီးရှိနေလျက်နဲ့ သူကြီးတောင် မနိုင်တော့ဘူး"

"သူကြီးကမနိုင်လို့ ရဲစခန်းကို ဖုန်းဆက်ထားတယ်"

"မဟုတ်မှလွဲရော အပမှီပြီး တစ္ဆေသရဲတွေ ဝင်စီးနေကြတာနဲ့ တူတယ်"

အိမ်ပေါ်မှ မဆင်းရဲသေးဘဲ ကြောက်လန့်တကြားဖြစ်နေသော ဒေါ်ငြိမ်းနှင့် ရွှေမျှားမိန်းမတစ်သိုက်က ဝင်ပြောသဖြင့် သူကြီး ဦးဇေသောင်း သတိရလိုက်သည်။

"ဒါမျိုးကို ဆရာကြီး နတ်စက်ရှိန်ကပဲ နိုင်တာပဲ၊ ဒီခြံတစ်ခြံ ကျော်မှာ ဆရာကြီး နတ်စက်ရှိန် နေတာပဲ၊ ခြံပြင်မှာရှိနေတဲ့ လူတစ်ယောက်ယောက်က ဆရာကြီး နတ်စက်ရှိန်ကို သွားပင့်ခဲ့ကြစမ်းပါ၊ နို့မို့ရင် ရဲတွေ



www.burmeseclassic.com

www.burmeseclassic.com



ရောက်မလာခင် မသာတွေ ထပ်ပေါ်နေဦးမယ်"

သူကြီး ဦးဖေသောင်းမှာ ဦးတည်ရာမဲ့ ရန်ပွဲကြီးကို ဝင်မဆွဲရ သည့်အပြင် ဝရုန်းသုန်းကား ဖြစ်နေသူကြားကပင် ဖြတ်မဝင်ရဲ၍ အသုဘ အိမ်ခြံပြင်မှ လူတွေကို လှမ်းအော်ပြောရသည်။

"ဟေ့ကောင် ..အေးမြင့်၊ ဆရာကြီး နတ်စက်ရှိန်က မင်းနဲ့ ရင်းနှီး တာပဲ၊ မင်းသွားပင့်ကွာ .."

"ရင်းနှီးတာတော့ ဟုတ်တယ်၊ ခုလို ဇရတ်သုက္ခ ဘာမှန်းမသိ၊ ညာမှန်းမသိဖြစ်နေတဲ့ အချိန်မှာ ငါတစ်ယောက်တည်း မသွားရဲဘူးကွ .. မင်းပါလိုက်ခဲ့"

ခြံကြီးတွေမှာ ထိုစဉ်က ဥယျာဉ်ခြံမြေကွက်တွေချည်းမို့ တစ်ခြံ နှင့်တစ်ခြံ စိုက်ခင်းတွေ၊ သစ်ပင်ဥယျာဉ်တွေ ကြားခံနေသဖြင့် အလှမ်း ကွာလှသည်။

အေးမြင့်က အဖော်ခေါ်နေသဖြင့် မြင့်ဦးမှာ မနေသာဘဲ လိုက်ခဲ့ ရသည်။ အေးမြင့်လက်ထဲမှာ ငှက်ကြီးတောင် ဓားတစ်လက်ပါသလို၊ မြင့်ဦး လက်ထဲမှာလည်း လှံတစ်ချောင်းကပါလာသည်။

(၅)

ဥယျာဉ် ခြံမြေကြားမှာ လမ်းဖောက်လုပ်ထားခြင်းကြောင့် (၁၀) ပေလမ်းသာရှိသည်။ ထို (၁၀)ပေလမ်းမှာ နှစ်ယောက်သား လျှောက် လှမ်းလာခဲ့ကြရာ အေးမြင့်နှင့်မြင့်ဦး ကြောက်စိတ်တွေကြောင့် သူရှေ့ကား ငါရှေ့က လုပ်မနေဘဲ နှစ်ယောက်သားယှဉ်လျက် လျှောက်လှမ်းလာခဲ့ကြ သည်။ ဘေးဘီကို လက်နှိပ်ဓာတ်မီးနှင့် မထိုးရဲကြ။

နှစ်ယောက်စလုံးလက်ထဲမှာ အရေးပေါ် ညသုံး လက်နှိပ်ဓာတ် မီး တစ်လက်စီပါလာခဲ့ကြသဖြင့် သူတစ်လှည့်၊ ငါတစ်လှည့် လမ်းပေါ် ထိုး ရင်း တွင်တွင်လျှောက်လာခဲ့ကြသည်။

ဘေးဘီကို လက်နှိပ်ဓာတ်မီးနှင့် မထိုးရဲကြ။

ခြံထဲရှိ သစ်ပင်ကြီးတွေပေါ်မှ မကောင်းဆိုးရွားကောင်တွေ ပေါ် လာမည်လားဟု နှစ်ယောက်သား မတိုင်ပင်ရဘဲ ပြိုင်တူစိုးရိမ်စိတ်အစ်





အသုဘအိမ်ထဲမှာ ရုတ်ရုတ်သဲသဲ ဆက်ဖြစ်နေတုန်း။
"ခွေးမသားတွေ ချ..ချ။ အကုန်သတ်ပစ်..အကုန်သတ်ပစ်"
လဲသူလဲ၊ အတ်ရာရသူရဖြစ်နေသော်လည်း ဒေါသသံတွေနှင့်..။

တွေက ရှိထားကြသည်။

"ည(၁၂)နာရီလောက်တည်းက တစ်ရွာလုံး ခွေးသံတွေ ဆူညံ နေတာကွ"

"ဟုတ်ပါ့ကွာ၊ ခွေးအူသံတွေဟာ ဝိတုန်းစမ်းသချိုင်းဘက်က နေ ဒီသိမ်ကုန်း ..ဦးဖေတလူ အသုဘအိမ်အထိ တက်လာတော့ အသုဘ အိမ်မှာ အမှောင့်ပယောဂ တစ်ခုခုဝင်တော့မယ်လို့ ထင်သား .."

"မင်းက ထင်ရုံထင်တာ၊ ငါက တကယ့်ကို တစ်ခုခုဖြစ်တော့မယ် လို့ မြင်ပြီး ဖဲသွားရိုက်မလို့ဟာတောင် မရိုက်တော့ဘဲ အိမ်မှာ ပေအိပ်နေ လိုက်တယ်"

"အေးမြင့်ရာ ..မင်းက ဆရာကြီး နတ်စက်ရှိန်ဆီ တပည့်ခံပြီး ဆေးတွေ၊ ဘာတွေထိုးထားလို့ ဒီလိုအန္တရာယ်တွေ ကြိုသိ ကြိုမြင်နေတာ များလားကွာ"

"ဟုတ်မယ် ထင်တယ်ကွ။ ဆရာကြီးဆီမှာ ပွဲတက်ဆေးထိုးပြီး တတည်းက အန္တရာယ်တစ်ခုဖြစ်တော့မယ်ဆိုရင် ငါ့စိတ်ကို တစ်စုံတစ် ယောက်ကလာပြီး သတိပေးလိုက်သလိုပဲ"

"ဆေးစောင့်ပုဂ္ဂိုလ် ဆိုင်ရာပိုင်ရာ တစ်ယောက်ယောက်က ပေါ ..ပေါ ..ဟိုမှာ .."

အေးမြင့်နှင့်စကားပြော၍ လျှောက်လှမ်းလာသော မြင့်ဦးမှာ သူ့ စကားကို သူဆုံးအောင် မပြောနိုင်တော့ဘဲ ခြံရှေ့တစ်နေရာသို့ လက်နှိပ် ဓာတ်မီးနှင့်ထိုးရင်း စကားရပ်သွား၏။

သူ လက်နှိပ်ဓာတ်မီးနှင့် ထိုးထားရာသို့ လှမ်းကြည့်လိုက်တော့ ဥဝတ်ရုပ် ကောင်းကောင်း၊ ဆံပင်ရှည်ရှည်နှင့် အသားဖြူဖြူ အရပ်မြင့်မြင့်

www.burmeseclassic.com

www.burmeseclassic.com



လူကြီးတစ်ယောက်ကို လှမ်းတွေ့လိုက်ကြရသည်။

"ဟာ..ဆရာကြီး နတ်စက်ရှိန်၊ သူလည်း တို့လာခေါ်မှာကို ကြိုသိပြီး ထွက်လာတာ ဖြစ်ရမယ်"

အေးမြင့်က မှတ်ချက်ချလိုက်စဉ်၊ အဆိုပါလူကြီးက -

"အေးကွ..ခွေးဟောင်သံတွေ၊ အူသံတွေနဲ့ အသုဘအိမ်ဘက်က ဆူညံသံတွေကြားကတည်းက အိပ်ရာက နိုးနေတာ။ ဒါပေမယ့် အသုဘအိမ်မှာ ဖဲဝိုင်းရှိနေတော့ သွားသင့်၊ မသွားသင့် စဉ်းစားနေရာက ကြာသွားတယ်"

ပြောရင်းကပင် လာပင့်သည့် အေးမြင့်နှင့် မြင့်ဦးတို့ကို ဖြတ်ပြီး အသုဘအိမ်သို့ လျှောက်လှမ်းတော့သည်။

ဆရာကြီးနတ်စက်ရှိန်သည် ယောဂီရောင် ရှမ်းဘောင်းဘီအဖွါ၊ အပေါ်အင်္ကျီ ဖားဖားကြီးကို ဝတ်ဆင်ထားပြီး သူလွယ်နေကျ ဣန္ဒြာသရဆေးလွယ်အိတ်ကြီးကို လွယ်ထားလေသည်။

ဆရာကြီးသည် သာမန်ခရီးသွားလျှင် ထိုသို့သော ဣန္ဒြာသရဆေးလွယ်အိတ်ကြီး လွယ်လေ့ရှိသည် မဟုတ်။ ခုတော့ လွယ်ထားသဖြင့် သူတို့ မပြောရသေးဘဲနှင့် အသုဘအိမ်မှ အဖြစ်အပျက်အကြောင်းစုံကို ကြိုတင်သိထားနှင့်ပုံ ရလေသည်။

"ငါတော့ အလောင်းနစ်လောင်း အာရုံမှာ မြင်နေတယ်ကွ။ လာ မြန်မြန်လျှောက်ကြ.."

ဆရာကြီး နတ်စက်ရှိန်ပြောမှ အေးမြင့်နှင့်မြင့်ဦးတို့ ပို၍ စိတ်ပူသွားကာ ဦးပေတလူ၏ အသုဘအိမ်ရှိရာဘက်သို့ ဆရာကြီး နတ်စက်ရှိန်နောက်မှ ခပ်မြန်မြန် လျှောက်လာခဲ့ကြရတော့သည်။

## (၆)

အသုဘအိမ်မှာ လူတွေ ဝရုန်းသုန်းကား ရှုတ်ရှုတ်သဲသဲ ဖြစ်နေ၍ မြံပြင်မှ ဦးပေတလူ၏ အလောင်းပြင်ထားသော ခုတင်ကြီးမှာ မှောင်နှင့်မည်းမည်းတွင် ရှိနေသေးသည်။

လက်နှိပ်ဓာတ်မီးရောင်ကြောင့် အခေါင်းတင်ထားသော ခုတင်





ကြီးကိုဝင်၍ မတိုက်မိဘဲ ကွေ့ရှောင်လာခဲ့ကြရသည်။ ခုတင်ပေါ်မှ အခေါင်းကြီးမှာ အောင်မောင်းဝင်တိုက်ထားသောကြောင့် ပုံမှန်မဟုတ်၊ ပွဲရွဲစောင်း၍ နေသည်။

အခေါင်းကြီးကို ဝင်တိုက်ထားမိ၍ ကိုင်လှုပ်လိုက်သလိုဖြစ်ပြီး အခေါင်းတွင်းမှ အပုပ်ရည်များ အခေါင်းတွင်းမှတဆင့် မြေပြင်ပေါ်သို့ စီးကျနေလေပြီး ညနက်သန်းခေါင်ကျော်မှာ လူသေကောင်ဆီမှ အပုပ်နံ့တွေက လှိုက်၍လှိုက်၍ တက်နေသည်မှာ အော်ဂလီဆန်စရာကောင်းလှ၏။

မြေပြင်ပေါ် တတောက်တောက်စီးကျနေသော လူသေကောင်ဆီမှ အပုပ်ရေကွက်ကို မနင်းမိအောင်ရှောင်ရင်း ဆရာကြီး နတ်စက်ရှိန်သည် မသာအိမ်ထဲကို မဝင်သေးဘဲ မြံဝမှာ တုန့်ခနဲရပ်လိုက်သည်။

ဆရာကြီးနတ်စက်ရှိန် မြံဝမှာ တုန့်ခနဲရပ်လိုက်သည်နှင့် နောက်မှ လိုက်လာခဲ့သော အေးမြင့်နှင့်မြင့်ဦးတို့လည်း ဆရာကြီးနောက်မှ အသာ ရပ်လိုက်ကြသည်။

"ဟော..ဟိုမှာ ဆရာကြီး နတ်စက်ရှိန် ရောက်လာပြီ"

မြံပြင်မှာ စောစောကတည်းက ရောက်နှင့်နေသော ရွာသားအချို့ဆီမှ အားတက်သရော အသံကြားလိုက်ရသည်။

အသုဘအိမ်ထဲမှာ ရှုတ်ရှုတ်သဲသဲ ဆက်ဖြစ်နေတုန်း။

"ခွေးမသားတွေ ချ..ချ၊ အကုန်သတ်ပစ်..အကုန်သတ်ပစ်"

လဲသူလဲ၊ ဒဏ်ရာရသူရ ဖြစ်နေသော်လည်း ဒေါသသံတွေနှင့် တစ်ယောက်နှင့်တစ်ယောက် မာန်တက်နေကြသည်။

ဆရာကြီးနတ်စက်ရှိန် မြံဝမှာ ခြေစုံရပ်နေရာက ယောဂီရောင် လွယ်အိတ်ကြီးထဲကို လက်တစ်ဖက်နှိုက်လိုက်သည်။

ဆရာကြီး လက်ပြန်အထုတ်တွင် လက်ထဲမှာ အသင့်စီရင်ပြီး ဖါထာစုပ်ထားသော ဆန်မန်းတစ်ဆုပ် ပါလာသည်။

"ကဲ..ဝင်နေတဲ့မကောင်းဆိုးဝါးတွေ၊ ဝေးရာပြေး ရှောင်ရှားလော့။ ဓတာရဋ္ဌ၊ ဝိရူပက္ခ၊ ဝိရူဠက၊ ကုဝေရ၊ သာသနာတော်စောင့် လောကပါလ နတ်မင်းကြီးလေးပါးရဲ့ အမိန့်တော်"

ဆရာကြီး နတ်စက်ရှိန် ပါးစပ်မှ အာဏာသံနှင့် အမိန့်ပေးပြီး ဆန်

www.burmeseclassic.com



။

**“ဒီကောင် သချိုင်းကုန်းသွားပြီး မှုန်မှုန်ရှူရှူးနဲ့ အမေ မဖဲဝါ . . ကျွန်တော့်ကို အသုဘအိမ်မှာ ဖဲနိုင်အောင် ဝင်ရိုက်ပေးပါ။ ညဆယ့်နှစ်နာရီ ကျော်ရင် ပြန်ပို့ပေးပြီး စားစရာတွေ ဆက်သပါ့မယ်”လို့ ကတိပေးခဲ့တယ်။**

---

မန်း ပေါက်ပေါက်ကို ရှုတ်ရှုတ်သဲသဲ ဖြစ်နေသော အသုဘ ကနဖျင်းအတွင်း ဝစ်သွင်း ကြဲချလိုက်သောအခါ ရုတ်တရက် အော်သံ ဟစ်သံတွေ၊ ပြေးလွှား တွန်းထိုးသံကြီးတွေ ကြားလိုက်ရသည်။

“အမယ်လေး ! . . ပွလိုက်တာ . . ပြေးကြဟေ့ . . ပြေးကြ . .”

“ဝေါ . . ဝရော . . ဝရော . .”

ပြေးလွှားသံတွေ အကောင်အထည်မမြင်ရဘဲ ကြားရပြီးနောက် အေးမြင့်နှင့်မြင့်ဦးတို့ကို တွန်းတိုက်၊ တိုးထွက်သွားသည့်နယ် အနေအထား ပျက် ကျန်ရစ်ခဲ့ရသည်။

ထိုအခါကျမှ ကနားဖျင်းအောက်တွင် စောစောက ဘီလူးသရဲ စီးသလို၊ သည်းသည်းမဲမဲ ကိုယ့်ရှာသားအချင်းချင်း ကိုယ် မည်းမည်းမြင် ရာ တိုက်ခိုက်နေကြသောသူတွေ အရှပ်ကြီးပြတ်လဲကျကုန်သည်။

အိမ်ပေါ်မှ လူတွေလည်း ကနားဖျင်းထဲက လူတွေလဲကျကုန်မှ ပြေးဆင်းလာရဲကြသည်။

“ဆရာကြီး နတ်စက်ရှိန် ရောက်လာပြီ၊ လာ . . လာ အောက်ကို ဆင်းကြ”

မြံအပြင်ဘက်မှာ ရပ်နေသောလူတွေလည်း ထိုအခါကျမှ အိမ် ထဲ ဝင်ရဲကြသည်။ ဆရာကြီးနတ်စက်ရှိန်ကတော့ လဲကျနေသူတွေကို တစ်ချက်မျှ ကြည့်ပြီး မသာအိမ်ပေါ်တက်သည်။

“လာ . . လာ . . ဆရာကြီး . . ကြွပါ . . ကြွပါ”

သူကြီး ဦးဖေသောင်းက ဆရာကြီး နတ်စက်ရှိန်အား ဗိတ်မန္တက ပြုကာ ခေါင်းရင်းခန်းမှာ တရိုတသေ နေရာပေးသည်။





(၇)

ဆရာကြီး နတ်စက်ရှိန် ခေါင်းရင်းခန်းတွင် ထိုင်လိုက်စဉ် မသာ ရှင်ဒေါ်ငြိမ်းက ကြောက်လန့်မှု မပြေသေးဘဲ စိုးရိမ်ထိတ်လန့်စွာနှင့် ပြော သည်။

“ဆရာကြီးရယ် . . ဖြစ်သွားပုံက တစ်သက်နှင့်တစ်ကိုယ် မယုံ နိုင်စရာပါပဲရှင်၊ ကျွန်မတော့ ကြောက်လိုက်တာ အသုဘ မြန်မြန် ရက်လည် ပြီးမှပါ”

သူကြီးဦးဖေသောင်းက ဆရာကြီး နတ်စက်ရှိန် သိစေရန် ဖြည့် စွက်ပြောသည်။

“ပြဿနာက အောင်မောင်းက စတာပါပဲ၊ ဆရာကြီးရယ် . . အဲဒီ အောင်မောင်းက . .”

ဦးဖေသောင်း စကားဆက်မပြောခင် ဆရာကြီး နတ်စက်ရှိန်က လက်ကာပြလိုက်၍ ဦးဖေသောင်း ပါးစပ်ပိတ်သွားသည်။

“ကျုပ် ဖြစ်စဉ်ကို သိနေပြီးသား။ လူမိုက်အောင်မောင်းဟာ ဖဲ နိုက်တာနိုင်ချင်လွန်းလို့ သချိုင်းစောင့်မဖဲဝါကို သူနဲ့လိုက်ခဲ့ဖို့ သွားပင့်ရာ က ဖြစ်တဲ့ပြဿနာပဲ”

“သချိုင်းစောင့် မဖဲဝါ ဟုတ်လား . .”

“ဟုတ်တယ်၊ သူ့နေရာ၊သူ့နယ်ပယ်မှာ သူ့ဆိုင်ရာပိုင်ရာတွေ ရှိ တယ်။ ဥပမာ - ကောင်းကင်ကိုပိုင်စိုးတာ အာကာသစိုးနတ်၊ မြေပြင်ကို ပိုင်စိုးတာ ဘုမ္မစိုးနတ်၊ သစ်ပင် တောတောင်ပိုင်စိုးတာ ရုက္ခစိုးနတ်တွေ ရှိသလို သုသာန်သချိုင်းတွေကိုလည်း မဖဲဝါက ကြီးစိုးတယ်ဗျာ”

“ဒါဆို သချိုင်းတိုင်းလား . . ဆရာကြီး”

“မဖဲဝါဟာ ဝေမာနိက ပြိတ္တာပဲ၊ သချိုင်းတိုင်းကို ကြီးစိုးထား သလို၊ လိုအပ်လို့ သူ့ခွင်ထဲဝင်လာရင် ကိုယ်ပွားတွေ အများကြီး ဖန်တီးလို့ ရတယ်။ အနိုင်းအစေ၊ အခြံအရံတွေကိုအသုံးချပြီး သူလိုရာခိုင်းစေလို့ ရတယ်”

“အတိတ်ကံနည်းပြီး လူ့ဘဝက ကောင်းမှုကုသိုလ်ကံ နည်းတဲ့ သူတွေ သေသွားလို့ မကျွတ်မလွတ်ဖြစ်ပြီး သချိုင်းကုန်းထဲမှာပဲ ဝဲလည်နေ



www.burmeseclassic.com

www.burmeseclassic.com



တဲ့သူတွေကို သူက အသုံးချတတ်တယ်"

ဆရာကြီး နတ်စက်ရှိန်ကပြောရင်း ရေနွေးကြမ်းတစ်ခွက် ငှဲ့သောက်နေစဉ် သူကြီးဦးဖေသောင်း ဖုန်းဆက်ခေါ်ထားသော ရဲတွေ ရောက်လာသည်။

ရဲတွေက ကနားဖျင်းထဲတွင် လဲကျနေသူများကို စစ်ဆေးစဉ်-

"ဟာ!..ဒီတစ်ကောင်က သေနေပြီပဲ"

ရဲတစ်ယောက်က သွေးအိုင်ထဲလဲကျနေသော မောင်ဦးကို စစ်ဆေးကြည့်ပြီး အကြောနားမှာ ဒဏ်ရာနှင့်ရှိနေသော မောင်ဦးအဖော် ဖဲရိုက်ဘက် ကိုခင်ဆွေက လှမ်းပြောသည်။

"မောင်ဦးကို အောင်မောင်းရဲ့တပည့် စိုးကြီးက ရိုက်သွားတာပဲ"

"စိုးကြီးဆိုတာ ဘယ်သူလဲ..ခု ဘယ်မှာလဲ"

"စိုးကြီးဆိုတာ သုံးထောင်ပြန် လူမိုက်အောင်မောင်းရဲ့ ညာလက်ရုံး။ မောင်ဦးကိုရိုက်ပြီး စိုးကြီးနဲ့ရွှေသီးတို့ ထွက်ပြေးသွားကြတယ်ဗျာ"

ရဲတွေက ရဲအလုပ်လုပ်နေကြစဉ် ဆရာကြီး နတ်စက်ရှိန်မှာ ကိုယ်နှင့်မဆိုင်၍ ရေနွေးကြမ်းသောက်ရင်းလက်ဖက်စားရင်း အခြေအနေကို စောင့်ကြည့်နေသည်။

ထောင်ထောင် ထောင်ထောင်လုပ်တတ်ပြီး နေရာတကာ ကျီးသွေးနေသော နွားပျိုမောင်ဦး သေဆုံးသွားပြီဖြစ်၍ ရဲအချို့ စိုးကြီးကို တရားခံအဖြစ် သတ်မှတ်ပြီး ဖမ်းဆီးရန် စိုးကြီးတို့ အိမ်ဘက် ထွက်သွားကြသည်။

ရဲတွေစစ်ဆေးပြီးနောက် ပြဿနာပြီးဆုံးသွားတော့မှ ဆရာကြီး နတ်စက်ရှိန် အသုဘအိမ်မှ ပြန်ထွက်လာချိန်၌ မိုးလင်းစပြုနေလေပြီ။

## (၈)

ဆရာကြီးနတ်စက်ရှိန်နှင့်အတူ ဆရာကြီးအား လာခေါ်ကြသော အေးမြင့်နှင့်မြင့်ဦးတို့နှစ်ယောက် ဆရာကြီးအား ပြန်ပို့ရင်း နောက်မှပါလာကြသည်။ ဆရာကြီးနတ်စက်ရှိန်က ရှေ့မှလျှောက်ရင်း သူ့တပည့်ဖြစ်၍ ရင်းနှီးနေသော အေးမြင့်ကို ဆုံးမစကား ပြောသည်။

"နေရာတကာမှာ သူ့နယ်၊ ကိုယ့်နယ် သူ့ပိုင်နက်၊ ကိုယ့်ပိုင်နက်







ရှိတယ်လို့ ဆရာကြီး ပြောခဲ့ဖူး တယ်နော်။ ခုလို ပြဿနာဖြစ်တာလည်း အောင်မောင်း နယ်ကျူးပြီး စော်ကားသလို ဖြစ်လို့ဖြစ်ရတာ"

"ဘယ်လို နယ်ကျူးတာလဲ.. ဆရာကြီး"

"ဒီကောင် သချိုင်းကုန်းသွားပြီး မူးမူးရူးရူးနဲ့ အမေ မဖဲဝါ..ကျွန်တော့် ကို အသုဘအိမ်မှာ ဖဲနိုင်အောင် ဝင်ရိုက်ပေးပါ။ ည ဆယ့်နှစ်နာရီကျော်ရင် အမေဖဲဝါကို ပြန်ပို့ပေးပြီး စားစရာ၊ သောက်စရာတွေ ဆက်သပါ့မယ်လို့ ကတိခံခဲ့တယ်။ ဖဲကလည်း နိုင်၊ အရက်ကလည်း မူးဆိုတော့ မေ့လျော့ပြီး မဖဲဝါကို ကတိအတိုင်း ပြန်မပို့လို့ ဖြစ်ရတာ"

"မဖဲဝါက ဝေမာနိကပြိတ္တာ အကြီးစားမဆိုတော့ သချိုင်းကုန်းတို့၊ သေအိမ်တို့မှာ ပျော်ပိုက်တတ်တယ်။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး ရှိတဲ့ အိမ်တွေကိုတော့ အစောင့်အရှောက်၊ သူတော်ကောင်း နတ်မင်းတွေကြောင့် မဝင်ရဲဘူး"

တပည့်ဖြစ်သော အေးမြင့်ကတော့ သူ့ဆရာကြီး နတ်စက်ရှိန်၏ ပြောစကားတွေကို အကြောင်းသိနေသူဖြစ်၍ ယုံကြည်သည်။ ဆရာကြီးသည် မနက်အာရုဏ်တက်နှင့် ညစဉ် ဘုရားဝတ်ပြု သမထ ဘာဝနာပွားများပြီးတိုင်း ဤသို့ ဆုတောင်းလေ့ရှိသည်ကို အမှတ်ရနေမိသည်။

"အကျွန်ုပ်..နေ့စဉ်နေ့တိုင်း
ရွတ်ဖတ်သော ဂါထာတော်၊
ပရိတ်တော်၊ သစ္စာတော်တို့၏
တန်ခိုးရှိန်စော်၊ အာနုဘော်တော်တို့ကြောင့်
လည်းကောင်း။ အကျွန်ုပ်သည် -
"ရှေးရှေးသော ဘဝခန္ဓာအစဉ်ကို



www.burmeseclassic.com

www.burmeseclassic.com



မြင်နိုင်သော ပုဗ္ဗေနိဝါသ ဉာဏ်၊
နီး..ဝေး..သေး..ကြီး ရုပ်ရုံဟူသမျှ
အကုန်မြင်စွမ်းနိုင်သော ဒိဗ္ဗစက္ခုဉာဏ်၊
တစ်ထောင့်ငါးရာ ကိလေသာကို
ပယ်ရှား သတ်ဖြတ်တတ်သော
အရဟတ္တမဂ်ဉာဏ်ဟု ဆိုအပ်သော
အာသဝက္ခယဉာဏ်၊
ထူးထွေအံ့ဆန်းသော တန်ခိုးတော်အရပ်ရပ်
ဖန်ဆင်းနိုင်သော ဣဒ္ဓိဝိဓဉာဏ်၊
ဝေး နီး တိုး ကျယ် အသံဟူသမျှကို
ကြားစွမ်းနိုင်သော ဒိဗ္ဗသောတဉာဏ်၊
စိတ်ကြံတိုင်း ကိုယ်ပြီးသော
တန်ခိုးတော်ရှိသည့် မနောမယိဒ္ဓိဉာဏ်၊
ရုပ်၊ နာမ်တို့၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တတည်းဟူသော
လက္ခဏာ(၃)ပါးကို အထူးမြင်နိုင်သော ဝိပဿနာဉာဏ်၊
ဤဝိဇ္ဇာဉာဏ် ရှစ်ပါးတို့ကို ရရှိလိုပါ၏။
ဆရာကောင်း ဆရာမြတ်တို့ကိုလည်း
မှီဝဲဆည်းကပ်ရပါလို၏။
ဆရာကောင်း၊ ဆရာမြတ်တို့ကို အမှီပြု၍
ဝိဇ္ဇာဉာဏ်ရှစ်ပါးရအောင် အထောက်အပံ့ဖြစ်သော
ဒါနကုသိုလ်၊ သီလကုသိုလ်၊ဘာဝနာကုသိုလ်တို့ကို
ပြုလုပ်ရပါလို၏.."

တပည့်ဖြစ်သူ အေးမြင့်က ဆရာကြီးနတ်စက်ရှိန် အကြားအမြင် ရနေသည်နှင့်ပတ်သက်၍ စုတောင်းကောင်းမှုတွေကို တွေးနေစဉ် အတူ လိုက်ပါလာသော မြင့်ဦးကမူ ဒီဆရာကြီး နတ်စက်ရှိန်ဟာ အကြားအမြင် ရနေတယ်လို့ သူ့တပည့်တွေက ပြောနေပေမယ့် အသုဘအိမ်ကို လာတုန်း က အလောင်းနှစ်လောင်းမြင်တယ်ဆိုတဲ့စကားက မှားသွားပြီ"

"မောင်ဦး တစ်ယောက်ပဲ သေတာမြင်ခဲ့ရလို့ မသာအလောင်း တစ်လောင်းပဲ မြင်ရတဲ့ဟာ .. ဘယ်မှာ နောက်ထပ် မသာအလောင်း နှစ် လောင်း ဖြစ်ရမှာတုန်း" ဟု သံသယအတွေး တွေးမိလေသည်။

သူတို့နောက်မှ သူကြီး ဦးဖေသောင်းနှင့် ရဲအုပ်တစ်ယောက်၊ ရဲ သားနှစ်ယောက်တို့ ရေးကြီးသုတ်ပျာဖြစ်လျက် ပိတုန်းစမ်းသုသာန်ရှိရာ ဘက်သို့ အလျင်စလို ကျော်တက်သွားသည်ကို တွေ့လိုက်ရသည်။

ထိုသို့ ကျော်တက်သွားရင်း သူကြီး ဦးဖေသောင်းက ဆရာကြီး နတ်စက်ရှိန်အား ရှိသေရင်းစွဲရှိသည်နှင့်အညီ ဤသို့ အကြောင်းကြား ပြော ဆိုသွားလေသည်။

"လူမိုက်အောင်မောင်း မှတဲ့ဖာတ်က လူမိုက်အောင်မောင်းကို ခဲ အဆုံးသတ်သွားပြီ ဆရာကြီးရေ"

"စိုးကြီးကို သွားဖမ်းတဲ့ရဲက စိုးကြီးကို အိမ်မှာ မတွေ့လို့ သူ့ဆရာ အောင်မောင်းသွားတဲ့ သချိုင်းကိုသွားမှာပဲ ဆိုပြီး လိုက်သွားရာက စိုးကြီး ကို သချိုင်းမှာမတွေ့ရဘဲ ဂူတွေကြားထဲမှာ ကိုယ့်ဓားနဲ့ ကိုယ့်ဗိုက်ကို ပြန် ထိုးမိပြီး လဲသေနေတဲ့ အောင်မောင်းအလောင်းကို တွေ့ရလို့ သချိုင်းကုန်း ကို သွားရဦးမယ် ဆရာကြီးရေ.."

ထိုစကားကိုကြားလိုက်ရသော မြင့်ဦးမှာ ဆရာကြီး နတ်စက် ရှိန်ပြောသော အလောင်းနှစ်လောင်းမြင်နေရတယ်ဆိုသော စကားကို ယုံမကြည်ဖြစ်နေရာက ယုံကြည်သွားတော့သည်။

စိတ်ထဲမှလည်း သံသယကင်းစွာနှင့် ကြည်ညို လေးစားရှိနိုးမိ လေတော့သည်။

ကျော်မင်းနိုင်




www.burmeseclassic.com

www.burmeseclassic.com


# နမိတ်ကောင်းသောငှက် ဇီးကွက်



ဇီးကွက်ဟာ မြန်မာလူမျိုးတို့နဲ့ ရင်းနှီးတဲ့ ငှက်မျိုးစာရင်းမှာ ပါဝင်ပါတယ်။ "ဇီးကွက်နှစ်ကောင် လာဘ်ကိုဆောင်"၊ ဇီးကွက်ဟာ လာဘ်ကောင်စသည်ဖြင့် ယူဆကြပါတယ်။ ဇနတ်မင်းကြီးရဲ့ သမီးတော်တွေထဲက စစ်မက်ကိုလိုလားပြီး ဉာဏ်ပညာနဲ့ ပြည့်စုံတဲ့ နတ်သမီး အသီးနီးရဲ့ အချစ်တော်ဟာ နတ်ဇီးကွက်တစ်ကောင်ဖြစ်ပါတယ်။


ဒါကြောင့် ရှေးအခါက စစ်မက်တိုက်ပွဲများမှာ ခေါ်မသားများရဲ့ ရှေ့ကနေဖြစ်စေ၊ အပေါ်ကနေဖြစ်စေ ဇီးကွက်ပျံသန်းသွားရင် စစ်အောင်မယ့်နမိတ်လို့ ယူဆကြပါတယ်။ ခေါင်မိုးအုတ်များပေါ်မှာ ဇီးကွက်ရုပ်ထုများထုထားခြင်းဖြင့် မိုးကြိုးနဲ့ မီးအန္တရာယ်ကနေ ကင်းလွတ်တယ်လို့လည်း အယူအဆ ရှိပါတယ်။

ဇီးကွက်ရဲ့ အော်မြည်ပုံက "ကွက် . . ကွက်" လို့ သာ ဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ ဇီးကွက်အမျိုးပေါင်း (၂၅၀) ခန့်ရှိပါတယ်။ အသေးဆုံးဖြစ်တဲ့ (၆)လက်မမျှရှိတဲ့ ဇီးကွက်ငယ်ကို အမေရိကန်နိုင်ငံအနောက်တောင်ပိုင်းနဲ့ မက္ကဆီကိုအနောက်ပိုင်းတို့မှာ တွေ့ရပါတယ်။

အကြီးဆုံးဖြစ်တဲ့ ဇီးကွက်ကြီးများကိုတော့ ကနေဒါနဲ့ အလာ







စကာ ကျွန်းဆွယ်မှာရှိတဲ့ တောနက်ကြီးများထဲမှာ တွေ့ရလေ့ရှိပြီး အလျား လက်မ(၃၀)ရှိပြီး အတောင်ကိုဖြန့်ပါက အစွန်းတစ်ခုမှ တစ်ခုသို့ (၅၄)လက်မမှ (၆၀)လက်မအထိ ရှိပါတယ်။

မြန်မာနိုင်ငံမှာတော့ (၈) လက်မခန့်ရှိတဲ့ ဇီးကွက်များကို မြင်တွေ့နိုင်ပြီး နိုင်ငံအလယ်ပိုင်းနဲ့ စစ်တောင်းမြစ်ဝှမ်း၊ ဟသ်ာတမြို့၊ ပဲခူးမြို့တို့မှာ အတွေ့ရများပါတယ်။ ဇီးကွက်ရဲ့ ထူးခြားချက်တစ်ခုကတော့ သူ့မျက်လုံးဟာ အခြားငှက်များလို မဟုတ်ဘဲ ရှေ့သို့သာ စိုက်ကြည့်ပါတယ်။ ဇီးကွက်ရဲ့မျက်စိဟာ လူနဲ့ တခြားသော တိရစ္ဆာန်များကဲ့သို့ မျက်တွင်းထဲမှာ မလှုပ်ရှားနိုင်ပါဘူး။

ဒါကြောင့် ရွေ့လျားနေတဲ့အရာကို ကြည့်လိုပါက ခေါင်းကိုပါ ရွှေ့ပေးရပါတယ်။ ဇီးကွက်ရဲ့လည်ပင်းဟာ အနောက်အထိလှည့်နိုင်ပါတယ်။ ဇီးကွက်မှာ ထူထဲတဲ့ အမွေးနုများရှိတာကြောင့် ပျံသန်းတဲ့အခါမှာ တခြားငှက်များလိုမဟုတ်ဘဲ အသံမမြည်ပါဘူး။ သားကောင်ကို ဖမ်းတဲ့အခါ အသံမကြားဘဲ ထိုးသုတ်ဖမ်းဆီးနိုင်ပါတယ်။

ခြေထောက်များဟာ ကိုယ်ရဲ့နောက်ပိုင်း အတွင်းခပ်ကျကျနေရာမှာ ရောက်နေလို့ နားနေတဲ့အခါမှာ မတ်တပ်ရပ်နေတယ်လို့ ထင်ရပါတယ်။ ဇီးကွက်ဟာ သူ့အစာကို အရှင်လိုက်ဖမ်းပြီးတော့မှသာ ကိုက်ဖြတ်စားသောက်ပါတယ်။ သားကောင်ငယ်ငယ်ဆိုရင် တစ်ကောင်လုံးကို မြိုချတတ်ပါတယ်။

အဲဒီနောက်မှ မကြေနိုင်တဲ့ အရိုး၊ အကြေးခွံ၊ အမွေးတောင်များကို ပြန်ထုတ်ပစ်ပါတယ်။ အဓိကအားဖြင့် ကိုက်ဖြတ်လို့ရနိုင်မယ့် သတ္တဝါများ၊ ဖား၊ တီနဲ့ အင်းဆက်ပိုးကောင်များကို စားပါတယ်။ ရေတိမ်မှာရှိတဲ့ ငါးများကို ဖမ်းယူစားသောက်တတ်သလို၊ တစ်ခါတလေ လတ်လတ်


www.burmeseclassic.com

www.burmeseclassic.com





ဆတ်ဆတ် အသေကောင်များကို တွေ့ရင်လည်း စားတတ်ပါတယ်။

ဇီးကွက်မျိုးစိပ် အများစုဟာ နေ့ဘက်အချိန်မှာ မြင်နိုင်ပေမယ့် အမြင်မသန်တာကြောင့် နေ့ဘက်အစာရှာထွက်တာ ရှားပါတယ်။ ဒါကြောင့် ဇီးကွက်ကို ညဘက်မှာသာ အများဆုံး မြင်တွေ့နိုင်လေ့ရှိပါတယ်။ ဒါပေမယ့် တချို့သော ဇီးကွက်များဟာ နေ့အချိန်မှာ ကောင်းစွာ မြင်နိုင်တာမျိုးတွေလည်း ရှိပါတယ်။

ဇီးကွက်ဟာ အသိုက်လုပ်တာ မကျွမ်းကျင်တာကြောင့် သစ်ခေါင်းများ၊ လိုဏ်ခေါင်းများ၊ မြေအောက်တွင်းများနဲ့ လူမနေဘဲ စွန့်ပစ်ထားတဲ့ အိမ်များ၊ ကျီများ၊ သိမ်းငှက်နဲ့ ကျီးကန်းတို့ စွန့်ပစ်ထားတဲ့ အသိုက်ဟောင်းများမှာ ဖြစ်ကတတ်ဆန်း အသိုက်ပြုနေလေ့ရှိပါတယ်။

ကမ္ဘာပေါ်မှာဆိုရင် ဇီးကွက်ကို အပူပိုင်း၊ သမပိုင်းနဲ့ အအေးလျော့ အာတိတ်ဒေသလိုနေရာများ၊ ကုန်းပြင်နဲ့အဆက်အသွယ်မရှိတဲ့ ပင်လယ်ကျွန်းများမှာလည်း တွေ့ရပါတယ်။ ဇီးကွက်များဟာ တစ်ခါ အုရင် (၃၊ ၄)ဥ အုတတ်ပေမယ့် တချို့ဇီးကွက်တွေကတော့ (၁၂)ဥအထိ အုတတ်ပါတယ်။

ဇီးကွက်ဥဟာ အဖြူရောင်မှာ အဝါရောင်၊ အပြာရောင်တွေ သန်းနေတတ်ပါတယ်။ ဥ အုထားတဲ့ သူတို့ရဲ့အသိုက်ကို ဇီးကွက်အဖိုနဲ့ အမ နှစ်ကောင်စလုံးက စောင့်ရှောက်ပါတယ်။ ဇီးကွက်ဟာ သူတို့အသိုက်ကို လာရောက် နှောင့်ယှက်တဲ့ရန်သူကို ရဲရင့်စွာ ကာကွယ်တတ်ကြပါတယ်။

ဇီးကွက်ငယ် ပေါက်လေးများဟာ ထူထဲသော အမွေးနုဖြူလေးများရှိပြီး ချစ်စဖွယ် ကောင်းပါတယ်။ သူတို့လေးတွေဟာ အခြားငှက်ငယ်များထက်ပိုပြီး အသိုက်တွင်းမှာ ကြာရှည်စွာ နေတတ်ပါတယ်။ မြန်မာ







အယူအဆမှာ ဇီးကွက် အော်သံကြားပါတာ နမိတ်ကောင်းတယ်၊ မကြာခင်မှာ ငွေဝင်မယ်လို့ ယူဆကြပါတယ်။

စစ်မက်နဲ့ ပညာကိုစောင့်တဲ့ နတ်သမီး အသီးနားရဲ့ လက်စွဲတော်ဟာ နတ်ဇီးကွက်တစ်ကောင်ဖြစ်တာကြောင့် ဇီးကွက်ကို အနောက်နိုင်ငံများက ပညာရှိအဖြစ် ဖော်ပြကြသလို၊ မြန်မာမှာလည်း ဒီအယူအဆ ရှိပါတယ်။ ဇီးကွက်ကို လာဘ်ကောင်အဖြစ် ဆောင်လိုပါက ဇီးကွက်ရုပ်ကို အဖိုအမ တစ်စုံဝယ်ယူရပါတယ်။

ဇီးကွက်အမရုပ်မှာ ဇီးကွက်ကလေးရုပ်လေး ပါတတ်ပါတယ်။ ဇီးကွက်ရုပ်တွေကို အဖိုနဲ့အမ ကွဲပြားအောင် ခွဲခြားထားပါတယ်။ သတိပြုသင့်တာကတော့ ဇီးကွက်ရုပ်ဆောင်မယ်ဆိုရင် အဖိုအမ စုံလိုက်သာထားသင့်ပြီး တစ်ကောင်တည်း မထားကောင်းပါဘူး။

နောက်ထပ်ဇီးကွက်နဲ့ပတ်သက်ပြီး သိမှတ်ထားသင့်တဲ့ အချက်တစ်ခုကတော့ ဇီးကွက်နဲ့ မျိုးစိပ်တူပြီး သူနဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ လင်းတောင်ပိုးငှက်ပဲ ဖြစ်ပါတယ်။ လင်းတောင်ပိုးငှက်ဟာ ဇီးကွက်ပုံသဏ္ဍာန်ရှိပေမယ့် သူ့ကိုယ်လုံးဟာ အဖြူရောင်ဖြစ်ပြီး ငှက်ဆိုးဖြစ်ပါတယ်။

ကိုယ့်အိမ်ရှေ့မှာ လင်းတောင်ပိုးငှက် လာနား၊ လာအော်ရင် လူသေတတ်ပါတယ်။ ညငှက်တွေထဲမှာ ကြောက်စရာကောင်းတဲ့ ငှက်ဆိုးတစ်ကောင်ပဲ ဖြစ်ပါတယ်။ ဒါပေမယ့် လင်းတောင်ပိုးငှက်တွေဟာ စိုက်ပျိုးရေးလုပ်ငန်းတွေမှာ ကူညီတဲ့ငှက်ဖြစ်တာကြောင့် တောင်သူတို့ကို အကျိုးပြုတဲ့ ငှက်လို့လည်း ဆိုကြပါတယ်။

ခင်ပုတ်(သို့) မြီးဝန်၊ တောလုံ၊ ဒီးဒုတ်၊ ကုပ်ကလူ၊ လင်းတောင်ပိုး (ခေါ်) ငှက်ဆိုးတို့ဟာ ဇီးကွက်မျိုးစိပ်မှာ ပါဝင်ကြောင်း သုတရစေဖို့အတွက် ဇီးကွက်နဲ့ ဆက်စပ်သမျှ အကြောင်းအရာအစုံကို ဖော်ပြပေးလိုက်ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com





# သရဲမွေးတဲ့ ဒေါ်မြခိန်

တင့်လွင် (ဘုရားနီ)

www.burmeseclassic.com

www.burmeseclassic.com





။

**မမြစိန် အံကြိတ်လိုက်သည်။**

**"ဒီတစ်ခါတော့**
**ကျွန်မမှာ သည်းခံခြင်းတရား**
**နမ်းတစ်စေ့တောင် မရှိတော့ဘူး**
**ရှင်သာ နားစွင့်ထားလိုက်..**
**ဘာဖြစ်သွားမလဲဆိုတာ"**

ကြီးမားသော သစ်ပင်များက တစ်ခြံလုံး စိုးမိုးထားသည်။ ဓရန်ချေးသုတ်ထားသော ရှေးဟောင်း သစ်သား နှစ်ထပ်အိမ်မဲမဲကြီး တစ်လုံးသည် သစ်ရွက်၊ သစ်ကိုင်း၊ အရိပ်များ၏အောက်တွင် မထင်မရှား ရှိနေလေသည်။ ခြံပတ်လည် သံဆူးကြိုးများက ခွေးတစ်ကောင် တိုးမရ အောင် စိပ်စိပ်ကာရံထားသည်။ သစ်သားဖြင့် ပြုလုပ်ထားသော ခြံအဝင်ဝ တံခါးကို သံကြိုးပတ်ကာ သော့ခတ်ထားလေ၏။

ခြံပိုင်ရှင်သည် အညာစုရွာထဲမှ ကိုစိုးဖြစ်သည်၊ အညာစု ရွာ မြောက်ပိုင်းတွင် ကိုယ်ပိုင်အိမ်ခြံဖြင့် မိသားစုနေထိုင်ကြ၏။ တောင်ပိုင်း တွင် ရှေးရိုးရိုးသာသာဖြင့် ဝယ်ထားခြင်း ဖြစ်သည်။ ခြံထဲတွင် ညီမဖြစ်သူ အပျိုကြီး မမြစိန်ကို နေစိုင်းထားခြင်း ဖြစ်၏။

အလုပ်ပိတ်ရက်၊ အားလပ်ရက်များတွင် ညီမနေထိုင်ရာ တောင် ပိုင်း အိမ်ခြံထဲသို့ ကိုစိုးရောက်လာတတ်သည်။ ညီမ အပျိုကြီး၏ ကိစ္စအဝဝ ကို ယနေ့တိုင် တာဝန်ယူထားသူ ဖြစ်သည်။ တစ်ဦးတည်းသော ညီမလေး မို့ သူ့အနီးအနားတွင် ထားရှိလေခြင်း ဖြစ်၏။ မောင်နှမနှစ်ယောက်က တစ်ဦးနှင့်တစ်ဦး အများတကာထက် သံယောဇဉ် ပိုရှိသူများ ဖြစ်လေသည်။





"ညီမလေး.. နေထိုင်ရတာ အဆင်ပြေတယ်နော်"

"အစ်ကိုကြီးအနားမှာ ရှိနေတာပဲ.. ဘာလိုအပ်တော့မလဲ"

"အေး.. အေး ပျင်းတဲ့အခါလည်း အိမ်ဘက် လာလည်ပေါ့"

"လာလည်ပါ့မယ်.. အစ်ကိုကြီးရေး လောလောဆယ် ခြံထဲက အမှိုက်တွေ ရှင်းလင်းနေရတော့ မလာနိုင်သေးတာပါ။ အားတဲ့နေ့ လာ လည်မှာပါ"

"အိမ်က ငါ့မြေးတွေလည်း နေလယ်ဘက် နင့်ဆီ လွှတ်ပေးပါ့မယ်"

"သူတို့မအားကျရင်လည်း နေပါစေ.. အစ်ကိုကြီးရယ်"

"ငါလည်း ပြန်လိုက်ဦးမယ်၊ ခြံတံခါးကိုတော့ သော့ခတ်နော်"

"စိတ်ချ.. အစ်ကိုကြီး၊ တစ်ယောက်ထဲနေရတဲ့သူဆိုတော့ ဂရု စိုက်ပါတယ်"

ကိုစိုး ညီမဖြစ်သူတို မြောစရာ စကားများ မှာကြားပြီး ခြံထဲမှ ထွက်ခွာသွားလေသည်။ မမြစိန်က အပျိုကြီးပီပီ ခြံတံခါးကို သော့ခတ်ကာ အိမ်ထဲဝင်ရောက်သွားလေသည်။

❖

အညာစုရွာထဲမှ လူတချို့ မမြစိန်ကို လန့်ကြသည်။ ဟိုး.. အရင် တဆို ခြံထဲတွင် ဟိုဟာရှိသည်၊ ဒီဟာမြင်ရသည်ဆိုသော ပြောစကားများ ကို ကြားသိထားကြသည်။ အပျိုကြီး မမြစိန်နေလာခဲ့သည်မှာ ယနေ့ထိ ဘာအသံမျှ မကြားရ။

"မမြစိန်ကိုတော့ ချီးကျူးပါတော်၊ ကျုပ်တို့သာဆို ဒီအိမ်ကြီးထဲ မှာ စေစော အသက်ထွက်သွားနိုင်တယ်"

"ဒေါ် မမကြီးရယ်.. ဘာတွေများရှိလို့ ကြောက်ရမှာလဲ၊ စိတ်သာ အရေးအကြီးဆုံးပါ၊ မမြင်မတွေ့ရဘဲနဲ့ သူများပြောတာတွေ တွေးကြောက် နေလို့ကတော့ တော်ပြောသလို၊ ဖြစ်သွားမှာပေါ့၊ ကျွန်မကတော့ သူများ ပြောတိုင်း ယုံတတ်တဲ့သူမဟုတ်တော့ ဘာမှ ကြောက်နေစရာတော့ မရှိ ပါဘူး"

"စကားတောင်းနေလိုက်တာ.. ကျွန်မလည်း ကိစ္စတွေရှိနေသေး



www.burmeseclassic.com

www.burmeseclassic.com



တော့ အားတဲ့နေ့ကျမှ မမြစိန်နဲ့ အေးအေးဆေးဆေး စကားလာပြောပါဦးမယ်"

"လာခဲ့ပါတော် .. မမကြီး၊ ကျွန်မလည်း မျှော်နေပါ့မယ်"

ဒေါ်မမကြီး .. မမြစိန်ခြံထဲမှ ပြန်လည်ထွက်ခွာသွားလေသည်၊ ကျန်ခဲ့သူ မမြစိန်ကတော့ သူ နေ့စဉ်လုပ်နေကျ တံမြက်စည်းတစ်ချောင်းဖြင့် လှဲကျင်းနေလေ၏။ သူ နေ့စဉ် ဒီလိုလုပ်နေလို့လည်း .. အရင်ကနှင့်မတူဘဲ ခြံထဲတွင် ရှင်းလင်းနေလေသည်၊

မမြစိန်က အမြဲတမ်း သန့်သန့်ပြန့်ပြန့် နေထိုင်တတ်သူ ဖြစ်သည်၊ အနီးကပ် အစ်ကိုကြီးကိုစိုး၏ သွန်သင်ဆုံးမမှုတွေကြောင့် အရာရာကို စည်းစနစ်ဖြင့် လုပ်ကိုင်တတ်သူဖြစ်၏။ အစ်ကိုကြီး၏ ယုံကြည် အားကိုး စိတ်ချမှုကို ရရှိထားသူဖြစ်လေသည်၊ အစ်ကိုကြီး ကိုစိုးသည် မမြစိန်အတွက် အဖေဆိုလည်း အဖေဖြစ်သည်၊ အမေဆိုလည်း အမေဖြစ်လေသည်၊ သူမအတွက် အစ်ကိုကြီးသည် အစစအရာရာ မှီခိုအားထားရသော ကျေးဇူးရှင် ဖြစ်လေသည်မှာ ပြောစရာ မလိုတော့ပါပေ၊

❖

အစ်ကိုကြီး ကိုစိုး အိမ်သို့ မမြစိန် စောစောစီးစီး ရောက်ရှိလာသည်၊ ကိစ္စမရှိလျှင် မလာတတ်သော ညီမကိုမြင်တွေ့လိုက်ရသဖြင့် ကိုစိုး အံ့သြနေ၏။

"ဟဲ့ .. မြစိန် ဘာကိစ္စများ ရှိလို့လဲ"

"ညတုန်းက မီးဖိုချောင်ထဲ သူခိုးဝင်ခိုးသွားတယ်၊ အိုးခွက်ပန်းကန်တွေ အကုန်ပါသွားတယ် .. အစ်ကိုကြီး"

မမြစိန်စကားကြောင့် ကိုစိုး စိတ်မကောင်း ဖြစ်မိသွားသည်၊

"အေးလေ .. မြစိန်ရယ်၊ ရွာထဲမှာ သူခိုးရှိတယ်ဆိုတဲ့ အသံ တစ်ခါမှ မကြားမိဘူး။ နင့်အိမ်ကျမှ အခိုးခံရတယ်ဆိုတာ ငါ .. ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး"

ကိုစိုး ပါးစပ်ကပြောရင်း ညီမဖြစ်သူကို ကြည့်မိသည်၊ သူ့ပစ္စည်းမှန်သမျှ နမြောတွန့်တိုတတ်သော ညီမသည် ဒေါသများ ဖြစ်ပေါ်နေသည့် အမူအရာကို မြင်တွေ့လိုက်ရသည်၊ ဒေါသများ ဆက်လက်မပွားအောင် အတတ်နိုင်ဆုံး ပြောဆိုရတော့မည်ဟု ကိုစိုးစိတ်ထဲမှာ ပိုင်းဖြတ်လိုက်မိသည်၊

"ဒါ့ ညီမရယ် .. အပေါင်းသွားတော့ အသစ်ရောက်မှာပေါ့၊ သူ့ချောလည်း မရှိလို့ ခိုးတဲ့သူနေမှာပေါ့ဟာ၊ ကိုယ်က အခုလိုအချိန်မှာ စိတ်အားတတ်ရင် ကုသိုလ်တောင်ရသေးတယ်၊ ယူသွားတဲ့သူကို ကျေးဇူးတောင် တင်ရဦးမယ်"

"အစ်ကိုကြီး .. ဘယ်လိုပြောလိုက်တာလဲ"

မမြစိန် ဘဝင်မကျသော အသံဖြင့် အစ်ကိုကြီးဖြစ်သူကို ပြန်မေးလိုက်သည်၊

"နင် .. သေသေချာချာ ပြန်စဉ်းစားကြည့်လေ၊ တန်ဖိုးကြီးကြီးမားမားကို အလွယ်တကူ ယူလို့ရတဲ့ဟာကို မယူဘဲ အလွယ်တကူ တွေ့မြင်ရတဲ့ ပစ္စည်းယူသွားတယ်ဆိုတော့ စိတ်သောကလည်း ရောက်နေစရာမလိုပါဘူးဟာ"

"ကိုယ့်ပစ္စည်းကိုတော့ နမြောတာပေါ့ .. အစ်ကိုကြီးရဲ့"

"ညီမပြောတာကို အစ်ကိုကြီး သဘောပေါက်ပါတယ်"

"ကိုယ့်အဆင့်အတန်းနဲ့ အော်ဟစ်ပြောဆိုတာတွေတော့ ရွာထဲမှာ မလုပ်ပါနဲ့"

မမြစိန် အစ်ကိုကြီးစကားကို ဖွတ်နားထောင်လိုက်ရသည်၊ စိတ်ထဲက နည်းနည်းမှ မကျေနပ်ပေ၊

"ဒီတစ်ခါတော့ အစ်ကိုကြီးစကား နားထောင်ပြီး သည်းခံလိုက်မယ်၊ အဲ့ဒါကို အခွင့်ကောင်းယူပြီး နောက်တစ်ကြိမ် ထပ်လုပ်လာရင်တော့ ညီမ အဆိုးတော့ မဟုတ်ဘူးနော်"

"အေးပါ .. ညီမရယ်"

အစ်ကိုကြီးကြောင့် သည်းခံခွင့်လွှတ်လိုက်ရပေမယ့် အလွယ်တကူ သူတစ်ပါးပစ္စည်းကို ခိုးယူသွားသော သူခိုးကိုတော့ မမြစိန် လုံးဝ မကျေနပ်၊ နောက်တစ်ကြိမ်သည် မိမိရဲ့ကံကြမ္မာကို ဖန်ဆင်းယူလိုက်တာပဲလို့ စိတ်ထဲက ကြိမ်းဝါးလိုက်မိသည်၊



www.burmeseclassic.com

www.burmeseclassic.com



ညီမဖြစ်သူ အပျိုကြီးအကြောင်းကို ကိုစိုး ကြိုတင်သိနေသည်မို့ ကြိုတင်ဖျောင်းဖျလိုက်ခြင်း ဖြစ်လေသည်။ ဒီလိုမဟုတ်ခဲ့ရင်တော့ အစ်ကိုကြီးကလွဲလို့ ဘယ်သူ့ကိုမဆို ရင်ဆိုင်ရှင်းနိုင်သော သတ္တိမျိုး ရှိလေသူဖြစ်သည်။ မမြစိန် တစ်ယောက်စာ ချက်ပြုတ်စားသောက်ရန် ယောင်းမဖြစ်သူ မညွန့်ရီက အိုးခွက်၊ ပန်းကန်သစ်များကို ဆွဲခြင်းထဲထည့်ကာ ပေးလိုက်ရလေသည်။

❖

"မမြစိန် . . မနေ့က အနိုးစံရတယ်ဆို"

"ဟုတ်ပ . . မခင်တုတ်ရေ၊ ဟို အရက်သမား ဖိုးထောင်နေမှာပေါ့"

"မမြစိန်ကတော့ အကြားအမြင်ရနေသလား မသိဘူး၊ ချက်ဆိုနားခွက်က မီးတောက်ပြီးသား"

မခင်တုတ်က သူ့ဝသီအတိုင်း လူတစ်ယောက်ကို မြှောက်ပင့်ပြောဆိုတတ်သူ ဖြစ်လေသည်။

"ဖိုးထောင်က များများစားစား နိုးတတ်တဲ့သူတော့ မဟုတ်ဘူး။ အရက်ဖိုးလောက်ပဲ လုပ်တတ်တာ၊ ကျွန်မကတော့ သူ့အကြောင်း သိထားပါတယ်"

မခင်တုတ်၏စကားများသည် မမြစိန် ထင်မြင်ယူဆထားသော အတွေးများနှင့် တစ်ထပ်တည်း ဖြစ်နေလေသည်။ သူ့မျက်လုံးထဲတွင် အရက်သမား ဖိုးထောင်၏ အရိပ်အယောင်များ ထင်ထင်ရှားရှား မြင်တွေ့နေရလေသည်။

"သတိတော့ ထားနေဦး . . မမြစိန်၊ ဒီကောင် အရက်သောက်စရာ မရှိရင် အချောင်ရတယ်ဆိုပြီး နောက်တစ်ခါ ထပ်လာနိုးနေဦးမယ်"

မမြစိန် အံကြိတ်လိုက်သည်။ သူများပစ္စည်း၊ အချောင်နိုးသူ တတ်တဲ့သူကိုတော့ ထပ်ခွင့်လွှတ်နိုင့်စရာ အကြောင်း သူမတွင် လုံးဝ မရှိတော့ပေ။

"ဒီတစ်ခါတော့ ကျွန်မမှာ သည်းခံခြင်းတရား နမ်းတစ်စေ့တောင် မရှိတော့ဘူး။ ရှင်သာ နားစွင့်ထားလိုက် . . ဘာဖြစ်သွားမလဲဆိုတာ"







မမြစိန် အနိုးစံခဲ့ရသည့် တိစ္ဆနှင့်ပတ်သက်ပြီး ကြိတ်ခနိုင်၊ ခဲမရ ခံပြင်းနေရသည်ကို မခင်တုတ် ကိုယ်ချင်းစာမိသည်၊ ဖိုးထောင် ဒီလို အသိမသာ လုပ်သွားခဲ့ခြင်းကို မခင်တုတ်လည်း ခံခဲ့ရဖူးလေသည်။

"ညဘက် အရေးအကြောင်းများရှိရင် ကျွန်မကို လှမ်းအော် ခေါ်လိုက်၊ အချိန်မရွေး ရောက်အောင်လာခဲ့မယ် . . မမြစိန်"

"အစ္စလို စကားနဲ့တင် ကျွန်မက ကျေးဇူးတင်ပါတယ်တော်"

အညာစရွာထဲတွင် အပျိုကြီး မမြစိန်နှင့် မခင်တုတ်က အလွန်ခင်မင်ကြသူများ ဖြစ်၏ ။ အများက သူတို့နှစ်ဦးကိုကြည့်ပြီး ညီအစ်မအရင်းလို့တောင် ပြောဆိုနေကြသည်။ ခြံချင်း ကပ်နေပေမယ့် တစ်အိမ်နှင့်တစ်အိမ် အနည်းငယ် အလှမ်းဝေးကွာနေသည်။ ဟိုဘက်နှင့်ဒီဘက် အော်ပြောဆိုနေရသော ခြံကျယ်များ ဖြစ်၍ နေလေသည်။

❖

အမှောင်ထု စိုးမိုးထားသော လမိုက်ညဖြစ်လေသည်။ တစ်ရွာလုံး အိပ်မောကျနေကြ၏ ။ ညပျော် တိရစ္ဆာန်တို့၏ အော်ဟစ်နေသော အသံကို တစ်ခါတရံ ကြားနေရသည်။

"ဂီး . . ဂီး . . ဂီး"

ငှက်တစ်ကောင်၏ အော်ဟစ်လိုက်သော အသံက တိတ်ဆိတ်သော ညကို ဆူညံသွားလေသည်။

"အောင်မလေး ! . . ကြောက်ပါပြီဗျ . . အား ! . . အား ! . . ကယ် . . တယ်ကြပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဝုတ် .. ဝုတ် .. ဝုတ်"

ကြောက်ကြောက်လန့်လန့် အော်လိုက်သောအသံနှင့်အတူ ခွေးဟောင်သံများက တိတ်ဆိတ်နေသော ညကို အကျည်းတန် အရုပ်ဆိုး ဖြစ်သွားရလေသည်။ အညာစု ရွာထဲမှ အိပ်နေသူများ နိုးသူနိုး၊ ထသူထ၊ အော်သူအော်နှင့် ရှုတ်ရှက်ခတ်သဲသဲ ဖြစ်ပေါ်သွားရလေ၏။

ကြောက်လန့်တကြား အော်ဟစ်နေသော အသံရှင်ဆီသို့ အနီးအနားနေသူများက လက်နှိပ်ဓာတ်မီး၊ မီးအုပ်ဆောင်းများနှင့် ရောက်ရှိလာကြသည်။

"ဟာ .. ဖိုးထောင်ပါလား။ မင်းနဲ့ကွာ .. အရက်မူးပြီး သူများတွေ အိပ်ချိန်မှ အော်ဟစ်နေတယ်"

ဆယ်အိမ်ခေါင်း ကိုသံလုံး မကျေနပ်သောလေသံဖြင့် ဖိုးထောင်ကို မာန်မဲ၍ ပြောဆိုလိုက်သည်။ ဖိုးထောင်က လက်ကားယား၊ ခြေကားယားဖြင့် တုန်တုန်ရီရီဖြစ်နေသည်။

"မ .. မဟုတ်ပါဘူး .. ကို .. ကိုကြီးသံလုံးရာ။ ကျွန်တော့်ကို ဒီမြို့စည်းရိုးနားက ရိုက်နေတဲ့အကောင်ကြီးကို မြင်တွေ့ပြီး နာလွန်းအားကြီးလို့ အော်မိတာပါ ဗျာ .. ကျွတ် .. ကျွတ်"

"မင်း .. ပေါက်ကရတွေ ပြောမနေနဲ့"

"ကျွန် .. ကျွန်တော် အမှန်ပြောတာပါ ဗျာ .. ကျွန်တော့်တစ်ကိုယ်လုံး နာကျင်နေတာပါ"

တုန်တုန်ယင်ယင်ဖြင့် ပြောဆိုနေသော ဖိုးထောင်စကားကို အနီးအနားရှိသူများ စိတ်ဝင်တစား နားထောင်နေကြသည်။ ဖိုးထောင် ကျောပြင်ရှိ အင်္ကျီကို ကိုသံလုံး မတင်လိုက်သည်။ လက်နှိပ်ဓာတ်မီးရောင်များ လင်းဖြာသွားသည်။

"ဟာ !.."

"အို !.."

"ဘုရားရေ !.."

"ထူးဆန်းလိုက်တာ"

ဖိုးထောင်ကျောပြင်ကို ကြည့်နေသူများဆီမှ အသံအမျိုးမျိုး





၂

ခြံထဲမှာ သားစိမ်း၊ ငါးစိမ်းတွေ နင်းကျွေးနေတာ
တချို့သူတွေ မြင်ရတယ်တဲ့။ နှင့်ခြံထဲမှာ ညဘက်ဆို ဟိုဟာတွေ့တယ်၊
ဒီဟာတွေ့တယ်နဲ့ ရွာထဲမှာ ပြောနေကြတယ်။

ထွက်ပေါ်သွားကြလေသည်။ ကျောပြင်တစ်ခုလုံး သဗြေသီးအမှည့်ရောင် ဒဏ်ရာများ မြင်တွေ့ကြရလေသည်။

ဤအဖြစ်အပျက်များကို မြင်တွေ့နေရသော အိမ်အပေါ်ထပ်မှ မြစိန်ကတော့ အမှောင်ထဲမှ ကျေနပ်အားရစွာ ပြုံးလိုက်မိတော့သည်။

❖

ညတုန်းက အရိုက်ခံထားရသော ဒဏ်ရာများကြောင့် ဖိုးထောင် အိပ်ရာပေါ်မှ မထနိုင်။ "ကြောက်ပါပြီ .." လို့ အော်ဟစ်နေသော အသံကို ရွာထဲက လူတိုင်းကြားနေရသည်။ ဘယ်လောက် ကြောက်လန့်နာကျင်၍ အော်ဟစ်နေရခြင်းကို ကာယကံရှင် ဖိုးထောင်သာ အသိဆုံးဖြစ်ပါလေ၏။

မမြစိန် ခြံစည်းရိုးနားတွင် ဖြစ်သွားခဲ့ရသော ဖိုးထောင်၏ အကြောင်းကို ရွာထဲရှိ လူတိုင်းပြောစမှတ်ဖြစ်နေပေသည်။ ဖိုးထောင်ကို ညှာမတာ ရိုက်နက်လိုက်သောသူကို အမျိုးမျိုး ဝေဖန်ကာ ကိုယ်ထင်ရာ ကိုယ်ပြောဆိုနေကြသည်။ ဒီသတင်းက အညာစုရွာထဲတွင် ပြန့်နှံ့နေလေ၏။

"ဟဲ့ .. ခင်ရီ၊ မိုးမချုပ်ခင် ဈေးသွားဝယ်ထားဦး။ ဒေါ်မြစိန် ခြံအကြောင်းလည်း ကြားထားရဲ့သားနဲ့"

"ဟုတ်ကဲ့ပါ .. ဒေါ်လေးရယ်"

အမှောင်ရိပ်သန်းလာလိုက်တာနှင့် မမြစိန်ခြံနား လူသွားလူလာ ပြတ်လတ်နေသည်။ မဖြစ်မနေလို့ သွားလာကြရင်လည်း နှစ်ယောက်၊ သုံးယောက် အဖော်ဖြင့် သွားလာကြရသည်။ မမြစိန်က ဒီအကြောင်းအရာများနှင့် ပတ်သက်၍ ဝေဖန်ပြောဆိုခြင်း မရှိသလို၊ သူနှင့်ဘာမှ မသက်ဆိုင်သလို



www.burmeseclassic.com

www.burmeseclassic.com



မသိသလိုသာ နေထိုင်နေလေသည်။

"လက်တွေ့ကျမှပဲ မမြစိန်အစွမ်းကတော့ လန့်စရာ၊ ကြောက်စရာပါပဲတော်"

"မခင်တုတ် ထင်သလို ကျွန်မက ဘာမှလည်း မလုပ်ပါဘူး။ သူ မဟုတ်တာ ကြံစည်လို့ မဟုတ်တာဖြစ်မှာပေါ့"

"အခုဟာက ရွာထဲမှာ မမြစိန်အကြောင်း ..မကြားချင်မှအဆုံး မမြစိန်က ဟိုဟာတွေ မွေးထားတယ်လို့ ပြောနေကြတယ်"

"ပြောကြပါစေ .. မခင်တုတ်ရေ၊ ပါးစပ်ရှိလို့ပြောတာ အဖြစ်တော့ မဟုတ်ပါဘူး။ သူတို့ပြောသလို ကျွန်မဘက်ကမှ မဟုတ်တာ"

"မမြစိန်နဲ့ ကျွန်မဆိုတာ ညီအစ်မ၊ ဆွေမျိုးရင်းတွေလို နေထိုင်ဆက်ဆံလာကြတာ၊ တစ်ယောက်နဲ့တစ်ယောက် စိတ်နေစိတ်ထားတွေလည်း သိနေကြပြီပဲ။ ကျွန်မက ပွင့်ပွင့်လင်းလင်းပဲ ပြောမှာ၊ စိတ်တော့ မဆိုးနဲ့နော်"

"ကျွန်မကလည်း အဲဒီစိတ်ထားကိုမှ ကြိုက်တာ၊ ကျွန်မတို့က စိတ်ဆိုးစရာလည်း မလိုပါဘူး"

မခင်တုတ် သူပြောချင်သောစကားကို ပလ္လင်ခံပြောလိုက်ရတဲ့အတွက် ကျေနပ်သွားမိသည်။ မခင်တုတ်ကိုယ်တိုင်လည်း သိချင်နေသောကိစ္စဖြစ်နေလေသည်။

"ကိုယ့်ညီမရင်းမို့ ပြောရတာနော်၊ ဖိုးထောင် ..နောက်တစ်ခါ ဝင်ခိုးဖို့ အလုပ်မှာ ခံလိုက်ရတာ ထင်တယ်"

"ဖြစ်နိုင်ချေတော့ များတယ်၊ ဘယ်တတ်နိုင်မလဲ၊ သူ လုပ်တဲ့ အကျိုး သူခံသွားရတာပေါ့ ..မခင်တုတ်ရယ်"

နှစ်ယောက်သား ရေနွေးသောက်လိုက်၊ လက်ဖက်စားလိုက်ဖြင့် ဖိုးထောင်ခံလိုက်ရပုံများကို အားရပါးရ အာဝဇ္ဇန်းရွှင်ရွှင်ဖြင့် ပြောဆိုနေကြသည်။ တစ်နေ့နေ့ တစ်ကြိမ်ကြိမ်တွင် အခုလိုဖြစ်လာမည်ကို မခင်တုတ် ကြိုတင်သိနေသူ ဖြစ်လေသည်။

❖





"မြစိန်"

အစ်ကိုကြီးကိုစိုး အိမ်ရှေ့မှ ခေါ်လိုက်သံကြောင့် အိမ်ပေါ်ထပ်မှ မြစိန် ဆင်းလာလေသည်။

"ဘာကိစ္စများ ရှိလို့လဲ .. အစ်ကိုကြီး"

"အေး .. နင်နဲ့ ပြောစရာလေးရှိလို့"

"တော်ပါသေးရဲ့ .. ညီမစိတ်ထဲ ဘာကိစ္စများရှိလဲလို့ စိတ်ပူသွားတယ်"

ကိုစိုးအနီးအနားတွင် ရှိနေသောဓာတ်ဘူးထဲမှ ရေနွေးပူပူတစ်ခွက်ကို ငှဲ့ကာ သုံးလေးကြိမ်မှုတ်ပြီး ပါးစပ်ထဲ သောက်လိုက်သည်။

"တို့မောင်နှမ တိုးတိုးတိတ်တိတ်ပြောရအောင် လာခဲ့ရတာ"

"ပြောပါ .. အစ်ကိုကြီးရဲ့"

"ခြံထဲမှာ သားစိမ်း၊ ငါးစိမ်းတွေ နှင့် ကျွေးနေတာ တချို့သူတွေ မြင်ရတယ်တဲ့၊ နင့်ခြံထဲမှာ ညဘက်ဆို ဟိုဟာတွေ့တယ်၊ ဒီဟာတွေ့တယ်နဲ့ ရွာထဲမှာ ပြောနေကြတယ်"

"အစ်ကိုကြီးကလည်း ညီမ အဲ့ဒီလို မလုပ်တတ်မှန်းလည်း သိနေတဲ့ဟာ၊ သူများပြောစကားတွေနဲ့ ညီမကို တစ်မျိုးမမြင်ပါနဲ့ အစ်ကိုကြီးရာ"

မြစိန်၏ပြောစကားကို ကလေးအရွယ်ထဲက ကိုစိုး ယုံကြည်လာသောသူ ဖြစ်သည်။ အခုဟာကလည်း ပတ်ဝန်းကျင်ပြောစကားများကြောင့် ညီမဖြစ်သူကို အသိပေးပြောဆိုနေရခြင်း ဖြစ်၏။

ညီမဖြစ်သူသည် သူ၏ကွယ်ရာတွင် ယခုကြားသိနေရသော ကိစ္စမျိုးကို ဘယ်သောအခါမှ ပြုလုပ်မယ့်သူလည်း မဟုတ်နိုင်သည်ကို ကိုစိုး ယုံကြည်ထားသူဖြစ်လေသည်။

"အစ်ကိုကြီးကတော့ ကြိုပြောထားမယ်နော်၊ နင် တကယ်လို့ ငါ့ကိုမပြောချင်လို့ တစ်ယောက်ယောက်နဲ့ ကွယ်ရာလုပ်ထားရင်လည်း မြန် ရပ်သိမ်းလိုက်နော်၊ ပတ်ဝန်းကျင်ပြောနေတာတွေ မှန်နေမယ်ဆိုရင်တော့ နင်တစ်ချိန်ချိန်မှာ ဘယ်သူမှ မကယ်နိုင်တဲ့အဖြစ်ကို တွေ့ကြုံရလိမ့်မယ်"

"ငါကတော့ အစ်ကိုကြီးတစ်ယောက်အနေနဲ့ ပြောသင့်တာ လာ



www.burmeseclassic.com

www.burmeseclassic.com



ပြောတာ တာဝန်ကျေပြီ၊ နင့်ဘက်ကသာ အမှားအမှန်ကို စဉ်းစားပေတော့။ ငါလည်း ပြန်လိုက်ဦးမယ်"

ကိုစိုး ညီမဖြစ်သူကို ပြောစရာ စကားများ ပြီးဆုံးသွားပြီမို့ ခြံထဲမှ ထွက်သွားလေသည်၊ မမြစိန်စိတ်ထဲတွင်တော့ ဒီအကြောင်းအရာများကို ဘယ်သို့သောသူများက အစ်ကိုကြီးကို ပြောဆိုလိုက်တာလဲဟု စဉ်းစား တွေဝေမိလေတော့၏ ။

❖

ဦးဘချော မီးအုပ်ဆောင်းကို ဘယ်ဘက်လက်မှ ကိုင်ထားသည်။ ညာဘက်က ငါးခုတ်ဓားရှည်ကို ဆုပ်ကိုင်ထားသည်။ မမြစိန် ခြံစည်းရိုး မြောင်းစပ်ရှိ ရေထဲတွင် ငါးရှူအမဲကြီးတစ်ကောင်ကို ရေကြည်ထဲတွင် မြင် တွေ့နေရသည်။

"ဒီနေ့ စားရကံကြုံတော့ မုတ်ဆိတ်ပျားစွဲတာ မှန်လိုက်လေခြင်း။ ငါ တစ်ယောက်ထဲကျမှ"

စိတ်ထဲကလည်းပြောရင်း လက်ထဲကဓားဖြင့် အသေအချာ ခုတ်လိုက်လေသည်၊

"ဒုတ် . . ဒုတ် . . ဖွမ်း"

မြောင်းထဲ သွေးများ နီးမြန်းသွား၏ ။ ဦးဘချော ဓားရှည်ကို မြေ ကြီးထဲစိုက်ပြီး ငါးသေကို လက်ဖြင့် စမ်းနေသည်၊ ဓားခုတ်ခံထားရသော ငါးရှူ၏ အရိပ်အယောင် လုံးဝမတွေ့ရ၊

"တောက် ! . .၊ ငါ ပိုင်ပိုင်နိုင်နိုင် ခုတ်လိုက်တာ ဘယ်လိုလုပ် ပျောက်သွားရတာလဲ . . မသိဘူး"

ဦးဘချောပါးစပ်က "တောက်"ခေါက်ပြောဆိုရင်း စိတ်ထဲမှာ မကျေမနပ် ဖြစ်နေလေသည်၊ မြောင်းထဲ ရေကြည်လာသည်အထိ စောင့် ကြည့်နေမိသည်၊

"အို ! . ."

ရေအကြည်တွင် နောက်တစ်ကြိမ် မြင်တွေ့လိုက်ရသော ငါးရှူ ကြီး နောက်တစ်ကောင်ကို အလျှင်အမြန် ဓားရှည်ဖြင့် ခါးလယ်ကို ခုတ်ချ



သရဲမွေးတဲ့ ဒေါ်မြစိန်

။

"နင် တာဝန်ယူကျွေးတဲ့ အစားအစာ၊ ငါ မစားရတာ ဘယ်နှစ်ရက်ရှိပြီလဲ။ နင်က ဘယ်သတိရပါ့မလဲ။ ငါ့မှာ အစားအသောက် ဒုက္ခရောက်လိုက်တာ ဒီနေ့အထိပဲ"

လိုက်၏ ။

"ဒုတ် . . ဖွမ်း"

"ဟ . . ဟ . . ဟ"

ရုတ်တရက် ဦးဘချောဆီမှ အံ့ဩသံများ ထွက်သွားလေသည်၊

"ငါ . . ဘာကောင်လဲဆိုတာ တွေ့ကြသေးတာပေါ့"

ဦးဘချော၏ ကြိမ်းဝါးသံများ ပါးစပ်မှ ထွက်ပေါ်သွားလေ၏ ။ သူ တော်တဲ့ သာမန်လူတစ်ယောက်သာဆိုလျှင် သတိမေ့လဲသွားနိုင်သည်၊ သို့မဟုတ် စိတ်ဂယောင်ချောက်ချား ဖြစ်သွားနိုင်လေသည်၊

သူ တစ်သက်နှင့်တစ်ကိုယ် မတွေ့ဘူး၊ မကြုံဘူးသော ရှည်လျား သော အမွေးအမျှင်များနှင့် ကြီးမားသော လက်ပိုင်ရှင်က ဦးဘချော သူ ခုတ်ထားသော ငါးရှူသေကို ဒေါ်မြစိန်ခြံထဲမှ လှမ်းယူလိုက်ခြင်းကို မြင် တွေ့လိုက်ရသည်မို့ ဒေါသများ တားမနိုင်၊ ဆီးမရ ထွက်ပေါ်သွားလေ၏ ။

"ဒုတ် . . ဒုတ် . . ဖွမ်း . . ရှမ်း . . ရှမ်း . . ဖွမ်း . . ဖွမ်း"

ဦးဘချော ဓားခုတ်သံများ ရေထဲနှင့် ခြံစည်းရိုးတွင် ဆူညံသွား လေသည်၊ ဦးဘချောဆီမှ ကျေနပ်အားရ ကြုံးဝါးလိုက်သော အသံနှင့်အတူ ထောင်မုတ်ဘဲ ရှာရလိုက်သော မိုးသံလေသံများက ညအချိန်ကို လွှမ်းမိုး၍ သွားလေတော့သည်၊

❖

"မမြစိန် ရွာထဲမှာတော့ ဦးဘချောကြီး ညတုန်းက သူ တွေ့ကြုံ ခဲ့ရတဲ့ အကြောင်းတွေကို အာပေါင်အာရင်းသန်သန်နဲ့ လူတိုင်းကို ပြောပြ နေတယ်တော်"



www.burmeseclassic.com

www.burmeseclassic.com



မခင်တုတ်က ကြားလာခဲ့သောအကြောင်းကို ပြန်လည် ပြော နေ၏ ။ မမြစိန် စိတ်မဝင်စားသလို၊ အနီးရှိ ကြွေကွမ်းအစ်ကြီးထဲမှ ကွမ်း ရွက်၊ ကွမ်းသီးဆေးရွက်များကို စုပေါင်းယာလိုက်ပြီး ပါးစပ်ထဲထည့်ကာ ငုံ လိုက်သည်။ မပီမသလေသံဖြင့် ပြန်လည် ပြောဆိုလေ၏ ။

"ရယ်စရာလည်း ကောင်းပါတယ် မခင်တုတ်ရယ်၊ လူတွေများ ဟုတ်၊ မဟုတ် ပြောချင်လာရင် နည်းနည်းကို များများလုပ်ပြီး ဖာချဲ့ပြော တတ်တာကို ရိုးကျူးပါတယ်တော်၊ ကျွန်မ မြဲနား တစ်ခုခုဖြစ်လိုက်တာနဲ့ သူတို့ ပြောစရာ ပိုဖြစ်သွားရတော့တာပဲ၊ ကျွန်မတောင် သူတို့ပြောတဲ့ စကားနဲ့ ကိုယ့်မြဲကိုယ်တောင် ပြန်ကြောက်နေရပြီ"

"နောက်တစ်ခု ပြောဖို့ ကျန်သွားသေးတယ် မမြစိန်ရေ၊ ကုလား ဟန်နစ်ကြီးက ကျွန်မကိုပြောတယ်၊ တစ်ည . . မမြစိန်မြဲထဲက သရက်ပင် ခွကြားမှာ ဆေးလိပ်မီးဖွာရှိုက်နေတဲ့ ကြောက်စရာအကောင်ကြီးကို သူ ကိုယ်တိုင် မြင်လိုက်ရလို့ တစ်ချိုးတည်း ကြောက်ကြောက်နဲ့ ထွက်ပြေး လိုက်ရတာ၊ အသက်မထွက်ရုံ တစ်မယ်တဲ့၊ သူတို့ပြောမှ ကျွန်မတောင် နည်းနည်းလန့်လာတယ်"

"မခင်တုတ်ရယ် . . ရှင်နဲ့ပတ်သက်ပြီး ကျွန်မ တာဝန်ယူပါတယ်၊ နမ်းတစ်စေ့တောင် အန္တရာယ် မဖြစ်စေရဘူး"

မမြစိန်၏ကတိစကားကြောင့် မခင်တုတ်စိတ်ထဲ ကျေနပ်သွား ရ၏ ။ အမှန်တကယ် သူမကိုယ်တိုင်လည်း လန့်နေမိသည်၊ အရင်လို ခဲရဲ တင်းတင်း ဝင်ထွက်၊ သွားလာမြဲအတိုင်း သွားလာရဲသာ ရှိတော့မည်။

❖

"ညီမရေ . . ဦးလေးမြလည်း နေထိုင်မကောင်းဘူးလို့ ကြားရ တယ်၊ သတင်းမေးမြန်းရင်း ရွာမှာ သွားနေပေးလိုက်ပါဦးကွာ"


"ကိုယ့်ဦးလေး အရင်းပဲ . . သွားနေပေးပါ့မယ်"

"နင့်အိမ်ဘက်ကိုလည်း မကြာမကြာ ငါ လာကြည့်ပေးပါမယ်"

"ရပါတယ် . . အစ်ကိုကြီးရယ်၊ တန်ဖိုးကြီးကြီးမားမား ပစ္စည်း လည်း အိမ်ထဲမှာ မရှိပါဘူး"







"ကဲ . . . ဒါဆို မနက်ဖြန် စောစောလေး တော့ သွားလိုက်ဦး"

ဦးလေးမြသည် ကိုစိုးနှင့် မမြစိန်တို့၏ အမေ့မောင် အငယ်ဆုံး ဖြစ်လေသည်၊ ဘုရားကုန်းကျေးရွာတွင် သားသမီး အမျိုးကြီးများနှင့် နေထိုင်သူ ဖြစ်၏ ။ အညာစုရွာရှိ တူနှင့်တူမဖြစ်သူဆီ မကြာမကြာ အလည်လာတတ်သူဖြစ်သည်။

တူနှင့်တူမကလည်း ဦးလေးမြ အိမ်အလည်ရောက်လာလိုက်တာနှင့် လိုလေသေး မရှိအောင် ဂရုစိုက်ကြသည်၊ ဦးလေးမြ ကြိုက်တတ်သော အစားအစာများကို အပင်ပန်းခံ ချက်ပြုတ် ကျွေးမွေးတတ်သူများ ဖြစ်၏ ။

ယခု အရွယ်အထိ ဦးလေးမြနှင့် ပတ်သက်လာလျှင် ကာသိုလ်ကို တာဝန်ယူ ပါရမီဖြည့်နေကြသော မောင်နမနှစ်ဦး ဖြစ်လေသည်၊ တစ်ဦး စေတနာ၊ တစ်ဦးမေတ္တာဆိုသကဲ့သို့ တစ်ယောက်နှင့်တစ်ယောက် အသွား အပြန်ရှိနေကြသော တူဝရီးများ ဖြစ်နေကြလေ၏ ။

ဦးလေးမြ နေထိုင်မကောင်းကြောင်း အသံကြားရုံဖြင့် မမြစိန်ကို ချက်ချင်း လွှတ်လိုက်ရခြင်း ဖြစ်သည်၊ ကိုစိုးမှာကား သားသမီး၊ မြေများ နှင့် မအားလပ်နိုင်ပေ၊ မမြစိန် ဦးလေးမြအိမ်သို့ ရောက်ရှိနေသည်မှာ ဆယ့် ငါးရက်နီးပါး ရှိနေပြီ ဖြစ်လေသည်။

❖



www.burmeseclassic.com

www.burmeseclassic.com



||

**ညီမဖြစ်သူ၏ အဖြစ်ဆိုးကိုကြည့်ပြီး စိတ်မကောင်းစုံကလွဲ၍ ကိုနိုးလည်း မတတ်နိုင်ပါ။ ဒီလိုမဖြစ်ရအောင် ကြိုတင်၍ အသိပေးပေမယ့် လည်း ညီမဖြစ်သူက အယုံအကြည်မရှိ၊ အလေးမထားခဲ့ပါ။**

---

"မြစိန်"

"အောင်မလေးတော့ ! . ."

မမြစိန် အလန့်တကြား အော်လိုက်မိသည်၊ သူ့ရှေ့တွင် ရောက်ရှိနေသောသူကား ခြံထဲတွင် သူ ကျွေးမွေးထားသော ခြံစောင့်သရဲကြီး ဖြစ်နေလေ၏ ။ သူမကိုယ်တိုင်လည်း အံ့ဩနေသည်၊ ဘာကိစ္စများရှိလို့ ဘုရားကုန်းကျေးရွာအထိ လိုက်လာရသည် မသိ၊ သူမရင်ထဲတွင် စိုးရိမ်ပူပန်စိတ်များ ဖြစ်ပေါ်သွားမိ၏ ။

"ငါလည်း ဦးလေး နေမကောင်းလို့ ဒီရောက်နေတာ . ."

ခြံစောင့် သရဲကြီး မမြစိန်ကို အလိုမကျ၊ မကျေနပ်သော အမူအယာဖြင့် နီမြန်းတောက်ပသော မျက်လုံးကြီးများဖြင့် မမှိတ်မသုန် စိုက်ကြည့်နေသည်၊

"ငါ . . ပြန်လာမှာပါဟာ"

"နင် . . ကတိပျက်တယ်"

ခြံစောင့်သရဲကြီး ပြောလိုက်သော စကားသံသည် မမြစိန်အဖို့ မိုးခြိမ်းသံတမျှ ကျယ်လောင်သွားသည်ဟု ထင်လိုက်ရသည်၊ သူမ တစ်ကိုယ်လုံးမှာလည်း ကြက်သီးမွေးညှင်းများထပြီး ကြောက်လန့်စိတ်များ လွှမ်းမိုးသွားလေသည်၊

သူမကို ခြံစောင့်သရဲကြီး လုံးဝ မကျေနပ်ဖြစ်နေသည်ကို မြင်တွေ့နေရသည်၊

"နင် တာဝန်ယူ ကျွေးတဲ့ အစားအစာ၊ ငါ . . မစားရတာ ဘယ်နှစ်ရက် ရောက်နေပြီလဲ၊ နင်က ဘယ်သတိရပါ့မလဲ၊ ငါ့မှာ အစားအသောက်ဒုက္ခရောက်နေရတာ ဒီနေ့အထိပဲ"







အမှတ်မထင် ခြံစောင့် သရဲကြီး ပြောလိုက်သော စကားကြောင့် မမြစိန် သတိရမိသွားသည်၊ အိမ်နှင့်ခြံဝန်း လုံခြုံရန်အတွက် ကတိသစ္စာပြု၍ တာဝန်ယူခဲ့သော စကားများသည် သူမအတွက် အပြစ်တစ်ခုဖြစ်သွားရလေသည်မို့ စိတ်မကောင်းဖြစ်မိသွား၏ ။

"ငါ . . တောင်းပန်ပါတယ်ဟာ၊ နင် စိတ်တိုင်းကျဖြစ်အောင် . . ငါ ပြန်လာပြီး ကျွေးပါ့ မယ်"

"ငါ့အပေါ် တာဝန်မကျေ၊ ကတိမတည်တဲ့ နင့်ကို သံယောဇဉ်လည်း မထားနိုင်ဘူး၊ ငါ့အကြောင်းကို နင် ကိုယ်တိုင် သိစေရမယ်"

ဒေါသကြီးစွာဖြင့် သူမရှေ့မှ ပြောဆိုထွက်သွားသော ခြံစောင့်သရဲကြီးကို မမြစိန် လှမ်းအော်ခေါ်နေမိလေသည်၊

"ဟေ့ . . ဟေ့ . . နေ . . နေ ပါဦးဟ"

မမြစိန် အော်ဟစ်ခေါ်နေသော်လည်း သူမကို ကျောခိုင်း ထွက်ခွာသွားသော ခြံစောင့်သရဲကြီး၏ အရိပ်အယောင်ကို လုံးဝ မတွေ့မမြင်ရတော့ပေ၊

❖

နေထိုင်မကောင်းသူ ဦးလေးမြကို တာဝန်ယူဆောင်ရွက်ပေးနေသော မမြစိန်သည် ဆန့်ပြုတ်တိုက်ရင်း မျက်လုံးမျက်ဆံပြူးပြီး မပီမသအသံများ ထွက်ကာ ရုတ်တရက် ဇက်ကျိုးကျသွားလေသည်၊

"ဟဲ့ . . ဟဲ့ . . မြစိန်ကို လာကြည့်ကြပါဦး"

အိမ်ရှေ့ခန်းမှ ဦးလေးမြအော်သံကြောင့် အိမ်ထဲရှိ သားသမီးများ ထွက်လာကြပြီး မမြစိန်ကို လှုပ်ရမ်း ခေါ်ဆိုနေကြလေ၏ ။



www.burmeseclassic.com

www.burmeseclassic.com



"မမြစိန် . . မမြစိန်"

"မြစိန် . . မြစိန်"

"အစ်မလေး . . အစ်မလေး"

ခေါ်သံတွေက တစ်အိမ်လုံး ဆူညံနေသော်လည်း မမြစိန်ဆီမှ ပြန်လည်ထူးသံ လေသံတိုးတိုးလေးတောင် ထွက်မလာခဲ့ပေ။

"ခေါ်လို့ . . မရတော့ပါလား"

အားလုံး ဝမ်းနည်းကြေကွဲကာ ငိုကြလေသည်။ ဘယ်လိုမှ မထင်မှတ်ထားသူ၊ လူမမာကို လာရောက်ပြုစုနေသော ကျန်းမာရေးခေါင်ခေါင်မြည်နေသော မမြစိန်တစ်ယောက် လျှပ်တစ်ပြက်၊ မျက်စိတစ်မှိတ်အတွင်း ဖြစ်ပျက်သွားခြင်းကို ဆွေမျိုးများ အားလုံး ယုံကြုံးမရ ဖြစ်ကြရလေသည်။

မမြစိန် အကောင်းပကတိကနေ ရုတ်တရက် သေဆုံးသွားသော သတင်းက ဘုရားကုန်းကျေးရွာနှင့် အညာစုရွာအထိ ပြန့်နှံ့သွားလေ၏။ နောက်ဆုံး မြို့ပေါ် ရဲစခန်းမှ သေမှုသေခင်း ဆေးစစ်ချက်များ လာရောက်ယူရသည်အထိ အလုပ်ရှုပ်သွားရလေသည်။ ကိုစိုးမှာလည်း တစ်ဦးတည်းသော အချစ်ဆုံး ညီမလေး သေဆုံးသွားရသည့်အတွက် ဝမ်းနည်းစွာ ခံစားနေရလေသည်။

"အေးဗျာ . . ညီမလေး အဖြစ်ကလည်း ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူး . . ကိုလှမောင်ရေ"

ကြေကွဲဆိုနင့်သော အသံဖြင့် ပြောပြနေသော ကိုစိုးစကားကို သတင်းလာမေးသူများ ကြားသိကြကာ စိတ်မကောင်း ဖြစ်နေမိကြ၏။

"ဟုတ်ပါ့ဗျာ . . ကျုပ်တို့အတွက်တော့ သေခြင်းတရားက မျက်စိတစ်မှိတ်၊ လျှပ်တပြက်အတွင်း ဖြစ်သွားတတ်တယ်ဆိုတာ သံဝေဂလေး ရလိုက်ပါတယ် ဗျာ"

"ဟုတ်ပါ့ရှင် . ."

ညီမဖြစ်သူ အခုလို သေဆုံးသွားခြင်းသည် သမရိုးကျ မဖြစ်နိုင်ခြင်းကို ကိုစိုးစိတ်ထဲမှာ ထင်နေမိ၏။ ယခုလိုအချိန်တွင် ပတ်ဝန်းကျင်အမြင်တစ်မျိုး ဖြစ်ပေါ်သွားမှာကိုလည်း သတိထားနေရသည်။ အခုဟာက တော်သေးသည်။ တခြားရွာမှာ သေဆုံးသွားသဖြင့် ပတ်ဝန်းကျင်အပြော





အဆိုမရှိ၍ စိတ်ချမ်းသာရသေးသည်။

အနည်းငယ်သော လူတချို့သာ ဝေဖန်ပြောဆိုနေကြ၏။ ကိုစိုးကိုယ်တိုင်လည်း ဘာဝေဖန်မှုမှ ဝင်၍ ပြောဆိုခြင်း မရှိခဲ့ပေ။ လူများ ရှင်းလင်းသည့်အချိန်တွင် သေဆုံးနေသော ညီမရုပ်အလောင်း၏ ခန္ဓာကိုယ်ကို ကိုစိုး မြန်မြန်ဆန်ဆန် ကြည့်မိလိုက်သည်။

"ဟာ !. . ဘုရား . . ဘုရား"

ညီမသေဆုံးခြင်းသည် ကိုစိုးထင်ထားသလို၊ တရားခံ လက်ချက်ကို ကွက်ကွက်ကွင်းကွင်း မြင်တွေ့လိုက်ရသောကြောင့် ဝေဒနာတစ်ခုကို ခံစားလိုက်မိသည်။ သွေးရိုးသားရိုး မဟုတ်ဘဲ မမြင်ရသော အမှောင့်ပယောဂကြောင့် ရရှိထားသော ကြီးမားသော လက်ငါးချောင်းရာ ဒဏ်ရာက ဂုတ်ပိုးတွင်ညိုမဲ၍ ထင်ထင်ရှားရှား ဖြစ်ပေါ်နေလေသည်။

ညီမဖြစ်သူ၏ အဖြစ်ဆိုးကိုကြည့်ပြီး စိတ်မကောင်းရုံကလွဲ၍ ကိုစိုးလည်း မတတ်နိုင်ပါ။ ဒီလိုမဖြစ်ရအောင် ကြိုတင်၍ အသိပေးပေမယ့်လည်း ညီမဖြစ်သူက အယုံအကြည်မရှိ၊ အလေးမထားခဲ့ပါ။

ယခုတော့ သူမကိုယ်တိုင် ခြံထဲတွင် ကျွေးမွေးထားသော ခြံစောင့်သရဲက သူ၏လိုအင်ဆန္ဒ မပြည့်ဝသောအခါတွင် ကျေးဇူးရှင်ကို ပြန်လည်ခုတ်ပေးတတ်သည်ကို ကြိုတင်မသိခဲ့ခြင်းကြောင့် သေဆုံးရခြင်း ဖြစ်လေတော့သည်။

တင့်လွင် (ဘုရားနီ)



www.burmeseclassic.com

www.burmeseclassic.com



ရေနံ့မြေ ခရေ

# သရဲဘတကျွေးမိသူ

မခင်စီမှာ သမီးလေး (၃)နှစ်ကျော်မှ နောက်ထပ် ကိုယ်ဝန်ရလာသည်။ ယခုအခါ ကိုယ်ဝန်လွယ်ရတာ မခင်စီအတွက် ပင်ပန်းသည်ဟု ထင်သည်။ အသက်ကြီးလာတော့ အားအင်တွေ ကုန်ခမ်းလာသည်။ မခင်စီယောကျ်ား ကိုခင်ဝင်းမှာ သားယောကျ်ားလေးလိုချင်သည်။ ယောကျ်ားလေး မွေးမည်ပြော၍ ဝမ်းသာနေသည်။





www.burmeseclassic.com

www.burmeseclassic.com





"ကိုခင်ဝင်း..
ရှင်ကျွေးတဲ့ အမဲသားက
ကျွန်မတစ်ယောက်တည်း စားတယ်။
အခု ကျွန်မမှာ အစော်တွေ
အများကြီးဖြစ်နေပြီး
အဲဒီ အမဲသား ပိုယူလာခဲ့ပါ"

"ရှင်က သားယောကျာ်းလေး လိုချင်တယ်၊ ကျွန်မကတော့ မလို ချင်ဘူး..ကျွန်မသမီးပဲ ချစ်တယ်"

မခင်စီမှာ သူ့သမီးလေးကို အရမ်းချစ်သည်၊ သူ့မျက်စိအောက် က အပျောက်မခံ၊

"ငါလည်း သမီးလေးကို ချစ်တာပေါ့..၊ သားလေးမွေးတော့ ငါတို့ အတွက် ပြည့်စုံသွားတာပေါ့၊ သားလေး မမွေးသေးလို့ပါ၊ မွေးလာရင် မင်းချစ် မှာပါ"

မခင်စီ၏ကိုယ်ဝန်မှာ တဖြည်းဖြည်း ရင့်လာသည်နှင့်အမျှ မခင်စီ ၏ကျန်းမာရေးမှာလည်း တဖြည်းဖြည်း ချို့တဲ့လာသည်၊ ကိုခင်ဝင်းမှာ မခင်စီ ကို အားရှိသော စားစရာများ ကျွေးသော်လည်း မခင်စီမှာ မစားနိုင်၊ ကိုခင် ဝင်း တစ်ယောက် ဇနီးအတွက် စိတ်ပူပြီး စိုးရိမ်မိသည်၊ ဒီနေ့ ကိုခင်ဝင်း ရုံး သွားသော်လည်း စိတ်ကမဖြောင့်၊ အိမ်ကိုပဲ စိတ်ရောက်နေသည်၊

❖

"ကလင်..ကလင်"





"ဟဲလို..အမိန့်ရှိပါ"

"ကိုခင်ဝင်းလား"

"ဟုတ်ပါတယ်"

"ခင်ဗျား မိန်းမ ဗိုက်နာနေလို့ အမြန်လာပါ"

"ဟုတ်ကဲ့..ကျွန်တော် အခုပဲ လာခဲ့ပါ့မယ်"

ကိုခင်ဝင်းမှာ သူနှင့်အတူ အလုပ်လုပ်သော လုပ်ဖော်ကိုင်ဖက် တွေကို အကျိုးအကြောင်းပြောပြီး အိမ်ကို အပြေးလာခဲ့သည်၊ ကိုခင်ဝင်း အိမ်ရောက်တော့ ဆရာမ ရောက်နေသည်ကို တွေ့ရသည်၊

"ဆရာမ..ကျွန်တော့မိန်းမ မွေးပြီလား"

"မမွေးသေးဘူး"

"ဘယ်အချိန် မွေးမှာလဲ"

"လိုပါသေးတယ်"

မခင်စီ ဗိုက်နာနေသည်မှာ (၂)ရက်ရှိပြီ ဖြစ်သော်လည်း ယခုထိ မမွေးသေးပါ၊ ကြာတော့ ကိုခင်ဝင်းမှာ မခင်စီအတွက် စိတ်ပူလာသည်၊

"ဆရာမ..ဆေးရုံပို့ရင် ကောင်းမယ်"

"ရှင်တို့ သဘောပဲ၊ ဆေးရုံပို့ချင်တယ်ဆိုရင်လည်း ပို့ပေါ့"

ကိုခင်ဝင်းမှာ မခင်စီကို ဆေးရုံခေါ်သွားသည်၊ မခင်စီမှာ အား လည်း နည်းပြန်၊ ဗိုက်လည်း (၂)ရက်နာရသဖြင့် ဆေးရုံရောက်ပြီး ခဏ ကြာမှာပင် ဆုံးသွားရှာသည်၊ မိခင်ဆုံးသွားသဖြင့် ကလေးကို ဗိုက်ခွဲထုတ် သော်လည်း အသက်မရှင်ဘဲ သေသွားသည်၊

ကိုခင်ဝင်းမှာ မိန်းမလည်းဆုံး၊ သားလည်းဆုံး ဖြစ်ရရှာသည်၊ ကို ခင်ဝင်းမှာ မခင်စီအလောင်းနှင့် ကလေးအလောင်းကို အိမ်ပြန်သယ်လာ သည်၊ မခင်စီနှင့်သမီးလေးတို့ကို လိပ်ပြာခွဲသော်လည်း ခွဲ၍မရ ဖြစ်နေ သည်၊ နောက်ဆုံး မခင်စီ၏အလောင်းကို မီးသဂြိုဟ်လိုက်သည်၊

❖

"ကိုခင်ဝင်း..ကိုခင်ဝင်း"

"ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ . . ခင်စီပါ"

"မင်း သေပြီမဟုတ်လား၊ ဘာလာလုပ်တာလဲ"

"ကျွန်မ သမီးလေးကို မခွဲနိုင်လို့ ဘယ်မှမသွားဘူး။ အိမ်အနောက်ဘက်က သရက်ပင်မှာ ကျွန်မရှိတယ်ဆိုတာ လာပြောတာ . . ကျွန်မသွားတော့မယ်"

"မခင်စီ . . မခင်စီ . . နေဦးလေ"

ကိုခင်ဝင်းမှာ မခင်စီကို အော်ခေါ်ရင်း လန့်နိုးလာသည်။

"ဪ . . ငါ အိပ်မက်မက်နေတာပဲ"

အိမ်မှာ ကိုခင်ဝင်းနှင့် သမီးလေးပဲရှိသည်။ သူရုံးသွားလျှင် ကလေးကို မူကြိုပို့ထားသည်။ မခင်စီ တစ်လပြည့်သောနေ့တွင် မခင်စီအတွက် အလှူလုပ်၍ အမျှဝေသော်လည်း သူ့သမီးလေးနှင့် ခွဲရမှာစိုး၍ လာရောက်ခြင်း မရှိပေ။

ကိုခင်ဝင်းမှာ မခင်စီ သူ့ဆီကို အိပ်မက်လာမပေးသဖြင့် မခင်စီ တစ်ယောက် ကျွတ်လွတ်သွားပြီဟုထင်၍ စိတ်အေးသွားသော်လည်း တစ်ပတ်အကြာတွင် ကိုခင်ဝင်းကို အိပ်မက်လာပေးသည်။

"ရှင် . . ကျွန်မအတွက် ဘယ်လောက်ပဲ အလှူလုပ်လုပ်၊ အလကားပဲ၊ ကျွန်မသမီးလေးနဲ့ ဘယ်တော့မှ မခွဲဘူး၊ ကျွန်မ သရက်ပင်မှာပဲနေပြီး သမီးလေးကို စောင့်ရှောက်မယ်"

ကိုခင်ဝင်း အိပ်ရာမှ နိုးလာပြီး အိပ်မက်အကြောင်း စဉ်းစားနေသည်။ တကယ်ပဲ မခင်စီတစ်ယောက် သရက်ပင်မှာ ရှိနေသည်လားဟု ကိုခင်ဝင်း သိချင်သည်။ သူ့စိတ်ထဲမှာ မယုံတဝက်၊ ယုံတဝက် ဖြစ်နေသည်။ သူ့မိန်းမ သူ့အနားမှာ ရှိနေသည်ဟူသော စိတ်ကြောင့် ဝမ်းသာမိသည်။ သူ့သမီးလေးအတွက် စိတ်ချသွားသည်။

သူ့မိန်းမ ယခုလို မကောင်းတဲ့ဘဝ ရောက်နေ၍ စိတ်မကောင်းဖြစ်ရသည်။ ကိုခင်ဝင်းမှာ သူ့မိန်းမ သူ့အနားမှာ ရှိမရှိ သိချင်သဖြင့် -

"မင်း . . ခြံထဲမှာ တကယ်ရှိတယ်ဆိုရင် ငါ့ကို သက်သေပြပါလား"

ကိုခင်ဝင်း ပြောပြီးသည့်ညမှာပင် အိမ်ဘေးမှ ခြေသံတွေ ကြားရသည်၊ တံခါးကို လာခေါက်ပြသည်၊ ထို့ကြောင့် ကိုခင်ဝင်း တကယ်ယုံသွား





သည်၊ မခင်စီဆုံးပြီး နှစ်လကြာသောအခါ ကိုခင်ဝင်းကို အိပ်မက်လာပေးသည်။



"ကိုခင်ဝင်း . . ကျွန်မမှာ စားစရာ မရှိဘူး၊ ငတ်နေပြီ . . ကျွန်မ ကြိုက်တဲ့ အမဲသား ကျွန်မကို လာကျွေးပါလား"

ကိုခင်ဝင်းမှာ သူ့မိန်းမကို သနားသွားမိသည်။

"ငါ . . ဘယ်မှာ လာကျွေးရမှာလဲ"

"အိမ်အနောက်ဘက်က သရက်ပင်မှာ လာချထားပေးပါ"

"အေး . . ငါလာပေးမယ်"

ကိုခင်ဝင်း စဉ်းစားနေသည်။ သွားကျွေးရကောင်းမလား၊ မကျွေးဘဲနေရင် ကောင်းမလားဟု ချီတုံ၊ ချတုံ ဖြစ်နေသည်။ နောက်ဆုံး ကတိပေးထားပြီးဖြစ်၍ အမဲသား(၂၀)သား သွားကျွေးရန် ဆုံးဖြတ်လိုက်သည်။ ကိုခင်ဝင်းမှာ အမဲသား(၂၀)သား ဝယ်၍ သူ့မိန်းမပြောသော သရက်ပင် ခြေရင်းတွင် သွားထားလိုက်သည်။ ကိုခင်ဝင်းမှာ သူ့မိန်းမကို ဝတ္တရားမပျက်၊ နေ့တိုင်း အမဲသား (၂၀)သား သွားကျွေးသည်။

❖

နေ့တွေ၊ လတွေ တရွေ့ရွေ့ပြောင်းလာသည်နှင့်အမျှ မခင်စီမှာလည်း သရဲအကြီးစားကြီး ဖြစ်သွားသည်။ ကိုခင်ဝင်းမှာ သူ သရဲမွေးထားသည်ကို မည်သူ့ကိုမျှ မပြောဘဲထားသည်။ သူ ယခုကဲ့သို့ အစာကျွေးသည်မှာ သူ့မိန်းမကို ချစ်၍ ဖြစ်သည်။ မခင်စီမှာ သူလိုချင်တာကို အိပ်မက်ပေး၍ ကိုခင်ဝင်းကို ပြောသည်၊ ယခုလည်း ကိုခင်ဝင်းကို အိပ်မက်ပေး၍ သူလိုချင်တာ တောင်းသည်။



www.burmeseclassic.com

www.burmeseclassic.com





"ကိုခင်ဝင်း . . ရှင်ကျွေးတဲ့အမဲသားက ကျွန်မတစ်ယောက်စာပဲ ရှိတယ်။ အခု ကျွန်မမှာ အဖော်တွေ အများကြီးဖြစ်နေပြီ။ အဲဒါ အမဲသား ပို့ယူလာခဲ့ပါ"

ကိုခင်ဝင်း စိတ်ညစ်သွားသည်။ သူ ဘာဆက်လုပ်ရမှန်း မသိအောင် ဖြစ်နေသည်။ သူ့မိန်းမအပေါ် ချစ်ရာ မရောက်ဘဲ၊ နစ်ရာရောက်နေမှန်း သူသိလာသည်။ ထို့ကြောင့် အမဲသား လုံးဝ မပေးဘဲ ထားလိုက်သည်။ အမဲသားမပို့ဘဲထား၍ (၃)ရက်ပြည့်သောနေ့တွင် ကိုခင်ဝင်းကို နောက်ထပ် အိပ်မက်လာပေးပြန်သည်။

"ရှင် . . တော်တော်ရက်စက်တယ်၊ အမဲသား ဘာဖြစ်လို့ လာမပို့တာလဲ၊ ကျွန်မ အစာမစားရတာ (၃)ရက်ရှိသွားပြီ။ ကျွန်မ အဖော်တွေလည်း ဘာမှ မစားရဘူး။ ကျွန်မအပေါ်မှာ စေတနာရှိသေးရင် အမဲသားလာပို့ပါ"

ကိုခင်ဝင်းတစ်ယောက် . . ဘယ်လောက်ပင် အိပ်မက်ပေးပေး၊ သူတောင်းသော အမဲသား သွားမပေးဘဲ နေလိုက်သည်။ ထို့ကြောင့် သရဲမ မခင်စီ စတင် သောင်းကျန်းလေတော့သည်။

"ဝုန်း!.."

"ဟာ . . ခဲတွေ အိမ်ပေါ်ကျနေပါလား"

သရဲမ မခင်စီမှာ သရဲအကြီးစားဖြစ်လာသဖြင့် စိတ်တွေလည်း ကြမ်းတမ်းလာသည်။ သားသမီးမှန်းလည်း မသိတော့ပါ။ ထို့ကြောင့် သူ့သမီးလေးကို အမျိုးမျိုး ခြောက်လှန့်ပြသည်။

"ဖေဖေ . . သရဲ . . သရဲ . . သမီးကြောက်တယ်"

ကိုခင်ဝင်း ကြာတော့ မခံနိုင်ဘဲ နောက်ဆုံး လက်လျှော့လိုက်ရသည်။ သူပြောတဲ့အတိုင်း အမဲသား(၂၀)သားမှ (၅၀)သားပို့၍ သွားပို့ရ







သည်။ ကိုခင်ဝင်းမှာ တစ်နေ့ကို အမဲသား (၅၀)သား၊ နေ့တိုင်း ကျွေးနေရသဖြင့် ကြာတော့ အမဲသားဖိုး မတတ်နိုင်တော့ပါ။ အမဲသားဖိုး မတတ်နိုင်၍ မကျွေးလျှင် ကိုခင်ဝင်းကို ရန်လုပ်သည်။

လှေခါးပေါ်က တွန်းချသဖြင့် ကိုခင်ဝင်း လက်ကျိုးသွားသည်။ ကိုခင်ဝင်းမှာ သရဲမ ခင်စီကို ကြောက်လာသည်။ မတော်၍ သမီးလေးကို တစ်ခုခု လုပ်လိုက်မည်ကို စိုးရိမ်သဖြင့် အမဲသားဖိုးရှာပြီး ကျွေးရသည်။ သရဲမ ခင်စီလက်က လွတ်မြောက်ရန် အမျိုးမျိုး ကိုခင်ဝင်း တွေးနေသည်။

"ဒါ..ဒီအိမ်မှာ ဆက်နေလို့ မဖြစ်တော့ဘူး။ သူနဲ့ဝေးအောင် ငါ့ရွာက အစ်ကိုတို့ အိမ်သွားနေရင် ကောင်းမယ်"

နောက်ဆုံး . . ကိုခင်ဝင်း သမီးလေးကိုခေါ်၍ သူ့အစ်ကိုအိမ်ကို ထွက်ခဲ့သည်။ ကိုခင်ဝင်း သူ့အစ်ကို အိမ်ရောက်၍ (၅)ရက်မြောက်နေ့ ညတွင် အိမ်ခေါင်မိုးပေါ်သို့ ခဲတွေကျလာသည်။

❖

"ဝုန်း..ဒုန်း..ဒုန်း"

"ဟဲ့!..ဘယ်က ခဲတွေ ကျလာတာလဲ၊ ဘယ်သူတွေ ပစ်တာလဲ"

ကိုခင်ဝင်းမှာ အိမ်ခေါင်မိုးပေါ် ခဲတွေကျလာကတည်းက သရဲမ ခင်စီ လိုက်လာမှန်း သိသည်။ ကိုခင်ဝင်း ဘာလုပ်ရမှန်းမသိ ဖြစ်နေပြီ။ သူ့အစ်ကို့ကိုလည်း ဖွင့်မပြောရဲ။ ညရောက်တော့ အိပ်မက်လာပေးသည်။

"ကိုခင်ဝင်း . . ရှင် ကျွန်မကို ရှောင်ပြေးလို့ရမယ် ထင်လား . . ကျွန်မလက်ထဲက ရှင် မလွတ်ပါဘူး။ အခု ဒီကိုလာတာ ကျွန်မတစ်ယောက်တည်း မဟုတ်ဘူး။ အပေါင်းအသင်းတွေလည်း ပါတယ်၊ ရှင် အိမ်ပြန်လာခဲ့



www.burmeseclassic.com

www.burmeseclassic.com





ပါ။ မလာရင် ကျွန်မအကြောင်း သိရမယ်"

ကိုခင်ဝင်း ဘာဆက်လုပ်ရမည်ကို မသိတော့ပါ။ သရဲမ ခင်စီနှင့် ဝေးရာကို ထွက်လာသော်လည်း သူ့နောက်ကို လိုက်လာသောကြောင့် အခုတော့ ပို၍ဆိုးနေသည်။ ကိုခင်ဝင်း မပြန်မရှောင်း အိမ်ခေါင်မိုးပေါ်ကို ခဲတွေနှင့် ပစ်ပေါက်သည်။ အိမ်ဘေးနံရံတွေကို တဝုန်းဝုန်းနှင့် ထုသည်။

တစ်ခါတရံ အိမ်ထဲ ခဲတွေ ဝင်လာသည်။ အိမ်သားတွေ မည်သူမျှ မနေရဲ၊ တခြားအိမ် သွားနေသည်။ ကိုခင်ဝင်း နောက်ဆုံး သူ့အကြောင်းကို အစ်ကိုဖြစ်သူအား ပြောပြလိုက်သည်။

"အဲဒါ မင်းအပြစ်ပဲ၊ မင်းက အကျင့်သွားလုပ်တော့ ပိုဆိုးလာတာပေါ့။ ကြာရင် ဒီထက် ပိုဆိုးလာလိမ့်မယ် . . အခုပဲ အိမ်ပြန်ပြီး သူ့ကိုနိုင်မယ့် ဆရာတစ်ယောက်ကို ခေါ်ပြီးလုပ်ခိုင်း။ သူလည်း အဲဒါမှ ကျွတ်သွားမှာ . ."

ကိုခင်ဝင်း သူ့အစ်ကို ပြောသည့်အတိုင်း အိမ်ကိုပြန်သွားပြီး အသိမိတ်ဆွေတွေ အကူအညီဖြင့် ဆရာခေါ်၍ လုပ်ခိုင်းသည်။ ဆရာခေါ်ပြီးလုပ်နေတုန်း သရဲမ ခင်စီရောက်လာကာ –

"နင့်လို ဆရာကို ငါက ကြောက်ရမှာလား၊ သတ္တိရှိရင် ငါ့ကိုလုပ်ကြည့်လေ။ ငါ့အကြောင်း ကောင်းကောင်းပြလိုက်မယ်"

သရဲမကိုကြောက်၍ လာကြည့်သူတွေရော၊ ဆရာပါ ပြေးကုန်ကြသည်။ ကိုခင်ဝင်းကိုလည်း –

"ရှင် နောက်တစ်ခါ ဆရာခေါ်ကြည့် . . ရှင့်ကိုပါ အသေသတ်ပစ်မယ်"ဟု ကြိမ်းဝါးလေသည်။

ကိုခင်ဝင်းမှာ ဘာမှ ဆက်လုပ်၍မရလို့ စိတ်ဓာတ်ကျသွားသည်။ တစ်နေ့ ရုံးကို အသစ်ရောက်လာသော အရာရှိက သူ့အကြောင်းကိုကြား၍





သဖြင့် ကိုခင်ဝင်းကိုခေါ်၍ –

"ကိုခင်ဝင်းအကြောင်း ကျွန်တော်ကြားပါတယ်၊ ဘာမှစိတ်ဓာတ်မကျနဲ့။ ကျွန်တော်တို့ကိုးကွယ်တဲ့ ဆရာတော်က ဒီသရဲတွေ၊ စုန်းတွေကို နိုင်တယ်။ ကိုခင်ဝင်းအကြောင်းကို ဆရာတော်ကို လျှောက်ကြည့်ပါလား"

"ရမယ် မထင်ပါဘူးဗျာ"

"ဒါဆို ခင်ဗျား သူ့အလိုလိုက်ပြီး ဒီအတိုင်း နေသွားမှာလား။ ကြာရင် ခင်ဗျား ဒုက္ခရောက်သွားလိမ့်မယ်။ ကျွန်တော်ပြောသလို ဆရာတော်ကို လျှောက်ကြည့်ပါ"

ကိုခင်ဝင်းလည်း ဆရာတော်ကို အကျိုးအကြောင်းပြော၍ လျှောက်ထားရာ နောက်နေ့ ဆရာတော်ကြွလာသည်။ ပထမ သရဲမ ခင်စီကို ခေါ်သည်။ တော်တော်နှင့်မလာ၊ နောက်မှ ရောက်လာသည်။ သရဲမ ခင်စီနှင့် အပေါင်းအသင်း သရဲတွေ ဆရာတော်ရှေ့ရောက်လာပြီး ဆရာတော်ကို တိုက်ခိုက်ကြသည်။

သို့သော် ဆရာတော်၏ သီလတန်ခိုး၊ သမာဓိတန်ခိုးတော်ကြောင့် နောက်ဆုံး ဆရာတော်ကို အရှုံးပေးလိုက်ကြရသည်။ ဆရာတော် အမိန့်ရှိသည့်အတိုင်း ကိုခင်ဝင်းတို့သားအဖကို မနှောင့်ယှက်တော့ပါဘူးဟု ကတိပေးသွားကြသည်။

ဆရာတော်က နောက်နေ့ သူတို့အတွက် အလှူအတန်းပေး၍ အမျှဝေခိုင်းသဖြင့် ကိုခင်ဝင်းလည်း ဆရာတော်အမိန့်ရှိသည့်အတိုင်း သရဲမ ခင်စီနှင့် အပေါင်းအပါတို့ကိုခေါ်၍ အလှူအတန်းလုပ်ပြီး အမျှဝေလိုက်သည်။

ထိုနေ့မှစ၍ မခင်စီ သရဲဘဝမှ ကျွတ်သွားသကဲ့သို့ ကိုခင်ဝင်းမှာလည်း သရဲအစာကျွေးသည့်ဘဝမှ လွတ်သွားပါတော့သည်။

မှတ်ချက်။ ။တကယ့် ဖြစ်ရပ်မှန်ကို ရေးသားထားပါသည်။

ရေနံမြေအရေ




www.burmeseclassic.com

www.burmeseclassic.com



## မယား(၇)မျိုးအကြောင်း သိကောင်းစရာ




ဗုဒ္ဓရှင်တော်မြတ်ဘုရား ကိုယ်တော်တိုင် ဟောဖော်ဆုံးမတော်မူခဲ့သည့် နုတ်မြွက်မိန့်ရာတွင်ပါသော ဇနီးမယား(၇)မျိုး ရှိသည်။ ယနေ့ခေတ်တွင် ခေတ်မီခြင်းနှင့်အတူ သိသင့်သိထိုက်သည့် အချက်များ ပျောက်ဆုံး ရှားပါးစ ပြုလာပြီဖြစ်၍ ဇနီးမယား(၇)မျိုးအကြောင်းကို သိမှတ်ဖွယ်ရာအဖြစ် ဖော်ပြလိုက်ရပါသည်။

### ၁) သူသတ်နှင့်တူသော မယား


ထိုမိန်းမမျိုးသည် လင်သားအပေါ်တွင် မကောင်းသော စိတ်ထားထားရှိပြီး အမြဲပင် အကောက်ကြံတတ်သည်။ ရှာဖွေပေးသမျှကို နည်းမျိုးစုံနှင့် ဖြုန်းတီး၍ တစ်ပါးသော ယောကျ်ားများကိုသာ စိတ်ဝင်စားတတ်သည်။ လင်ယောကျ်ားကို ပမာမခန့်၊ မထိလေးစားနှင့် ရိုင်းပြစွာဆက်ဆံတတ်ပြီး လင်ယောကျ်ားအပေါ်တွင် စိုးရိမ်ကြောင့်ကျမှု မထားသဖြင့် သူသတ်နှင့်တူသော မယားဟု ဆိုသည်။

### ၂) ခိုးသူနှင့်တူသော မယား

လင်ယောကျ်ား၏ ပင်ပန်းကြီးစွာ လုပ်ကိုင်ရှာဖွေပေးသော







ငွေကြေး ပစ္စည်းဥစ္စာတို့ကို ချင့်ချိန် သုံးစွဲခြင်းမပြုဘဲ အကုန်အကျတို အမည်အမယ် အကောင်အထည် မပြနိုင်ဘဲ သုံးစွဲခြင်း၊ စီးပွားဥစ္စာဖြစ်ထွန်းသော လင်ယောကျ်ား၏ စည်းစိမ်ချမ်းသာကို ရသမျှ ယူငင် ခိုးဝှက်သုံးစွဲခြင်း။ (လောင်းကစားပြုခြင်း၊ အစွယ်အမြှောင်ကို ပေးခြင်း)တို့သည် ခိုးသူနှင့် တူသော မယားဟု ဆိုသည်။

### ၃) သခင်နှင့်တူသော မယား

လင်ယောကျ်ားကို အော်ဟစ်ဟိန်းဟောက် မာန်မဲ၍ လက်အောက်ငယ်သားပမာ အနိုင်အစေကဲ့သို့ မြည်တွန်၍ ကြမ်းတမ်းစွာ ဆက်ဆံသည်။ စိတ်ယုတ်၍ အမြဲငြူစူတတ်သည်။ ထိုမိန်းမမျိုးသည် သခင်နှင့်တူသော မိန်းမမျိုး ဖြစ်သည်။

### ၄) မိခင်နှင့်တူသော မယား

လင်ကို သားသမီးကဲ့သို့ ကြည့်ရှုဂရုစိုက်၍ ပြုစုစောင့်ရှောက်တတ်ပြီး အမြဲပင် စိုးရိမ်ပူပင်မှုထားသည်။ လိုအပ်သည်ကိုကြည့်ရှု၍ ဖြည့်ဆည်းပေးသည်။ အကြောင်းဖြစ်ပေါ်လာလျှင်လည်း ရှေ့မှ ရပ်၍ ရင်ဆိုင်သည်။ ကောင်းမြတ်သော စိတ်ထားကြောင့် မိခင်နှင့်တူသော မယားဟု ဆိုသည်။

### ၅) နှမနှင့်တူသော မယား

လင်သားကို ကြီးကဲသူဟု ရိုသေသမှုရှိပြီး အစ်ကိုတို့၊ မောင်တို့ကို ဆက်ဆံသလို ဆက်ဆံသည်။ မေတ္တာသံယောဇဉ် ခိုင်မြဲ၍ စေတနာပါ

www.burmeseclassic.com





စွာ ပြုစုပြီး အားကိုးအားထားလည်း ပြုသည်။ အစစကို ဖွင့်ဟ တိုင်ပင်သည့်အတွက် နမန့်တူသော မယားဟု ဆိုသည်။

### ၆) မိတ်ဆွေနှင့်တူသော မယား

မိတ်ဆွေနှင့်တူသော မယားဆိုသည်မှာ တစ်ဦးကိုတစ်ဦး အလွန် ချစ်ခင်၍ ရင်းနှီးပွင့်လင်းစွာဆက်ဆံပြီး မိတ်ဆွေလို လင်သား၏ ကောင်းကျိုးချမ်းသာကို ဖြစ်စေပြီး ဘေးရန်ကို အတူရင်ဆိုင် ဖြေရှင်းတတ်သည်။ အနာခံစရာကို ရှေ့မှ ခံယူတတ်ပြီး အသာစံရလျှင် မျှဝေခံစားတတ်သည့်အတွက် မိတ်ဆွေနှင့်တူသော မယားဟု ဆိုသည်။

### ၇) ကျွန်နှင့်တူသော မယား

ကျွန်နှင့်တူသော မယားဆိုသည်မှာ လင်ယောကျ်ား၏ဆဲမှုဆိုမှု၊ ရိုက်နှက်မှု စသည့်အော်ငေါက် ပြည်တမ်းထုရိုက်ခြင်းကို ငို၍သာ ခံပြီး ပြန်ပြော ပြန်ဆိုခြင်း မရှိသလို၊ ရန်ပြု အငြိုးမထားဘဲ နိုင်းစေသမျှကို ပြီးပြတ်အောင်ပြုလုပ်၍ လုပ်စရာရှိသည်ကို အချိန်မဆွဲဘဲ ပြီးပြတ်အောင် ပြုလုပ်တတ်သည်။ ထိုမယားမျိုးကို ကျွန်နှင့်တူသော မယားဟု ဆိုသည်။

ထိုမယားမျိုးကို ကျမ်းစာအလာတွင် "ဆဲဆိုငေါက်ငန်း၊ ပြည်တမ်း ရိုက်ပြန်၊ အမျက်မထွက်၊ တစ်ချက် မလှန်၊ သည်းခံတုံးတိ၊ မရှိငြိုးရန်၊ လင့်ဆန္ဒ လိုက်ရ၊ ကျွန် မယားတည်း" ဟု ပြဆို၍ ထားပါသည်။ တချို့ကတော့ ချစ်လို့ အနစ်နာခံသည်ဟု ဆိုကြပါသည်။





## အစွမ်းထက်သော လက်နှိပ်ပညာအမျိုးမျိုး



တန်ဖိုးမဖြတ်နိုင်တဲ့ ပညာရပ်များဟာ အမျိုးမျိုး ရှိပါတယ်။ အခုလက်နှိပ်ပညာဟာလည်း လက်တွေ့အစွမ်းထက်မြက်ပြီး ရောဂါဝေဒနာများကို ပျောက်ကင်းနိုင်တဲ့ ထူးခြားဆန်းပြားတဲ့ ပညာရပ်တစ်ခုဖြစ်တာကြောင့် သုတဆန်းကြယ်အနေဖြင့် ဖော်ပြလိုက်ရပါတယ်။

### ခေါင်းကိုက် ဇက်ကြောတက်


ခေါင်းကိုက်ဇက်ကြောတက်နေပါက လက်ဝဲဒူးအဖျား အထက် လက်လေးသစ်ခန့်နေရာကို ထောက်မွှေနှိပ်နယ်ပေးရပါမယ်။ နားရွက်နှစ်ဖက်နောက်နဲ့ မေးရိုးနားထင် မျက်မှောင်ရိုးကိုလည်းကောင်း၊ လက်ပြင်ညွန့် အဖုများရဲ့အောက် လျှောက်သွားနေသော အကြောကိုလည်းကောင်း။ လက်ညှိုးကို အသာဖေးပြီး တဖြည်းဖြည်းချင်း လက်မနဲ့ ထိုးကြိတ်နှိပ်နယ်ပေးပါက သက်သာပျောက်ကင်းနိုင်ပါတယ်။

### ပူတုံချမ်းတုံ အဖျားရှိသော်

ပူအေး၊ ပူတုံချမ်းတုံ အဖျားရှိနေပါက ခြေဖဝါးကို နှာနှာနှိပ်၊ နာနာကြိတ်၊ ခြေမကြားက အကြောကိုနှိပ်၊ အဖျားကြီးပြီး ခေါ်မရ၊ ပြောမရ

www.burmeseclassic.com





ဖြစ်နေပါက ဖနောင့်ကို နာနာ ကြိတ်နာနာဖမ္ဘ၊ နာနာဖိနှိပ် ပေးရပါမယ်။

**နားအူနားပင်း နှိပ်နယ်ခြင်း**

သင်ဟာ နားအူနေပါက ဖက်ကြောကို လည်းကောင်း၊ နားသယ်ကို လည်းကောင်း၊ နားရွက်အောက် လက်တဆစ်ခြားခန့် အရပ်ကိုလည်းကောင်း လက်မဖြင့် အတော်ကြာကြာ ထောက်ပေးထားပါ။ အပူများ အပြင်သို့ ထွက်သွားပါက သက်သာ ပျောက်ကင်းပါလိမ့်မယ်။

**သွားနာ သွားကိုက်ခြင်းအတွက်**

သွားနာ၊ သွားကိုက်နေပါက နှုတ်ခမ်းစောင်း တစ်ဖက်တစ်ချက်ကစပြီး နားရင်းထိအောင် နှိပ်ပေးပါ။ ပါးသွယ်ရိုးအောက် တစ်ဖက်တစ်ချက်ကို လက်ညှိုးလက်မဖြင့် တစ်သမတ်တည်း ထောက်ပြီး နှိပ်ပေးပါက ပျောက်ကင်းပါလိမ့်မယ်၊

**မူးဝေ ထုံမှိုင်းနေသော်**

သင်ဟာ မူးဝေထုံမှိုင်းခြင်းများ ဖြစ်နေသော် နောက်စေ့နဲ့ ကုတ်နှစ်ဖက်စောင်းကို လည်းကောင်း။ မျက်ခုံးရိုး မျက်မှောင်ကြားကို လည်းကောင်း၊ လက်ညှိုးနဲ့ ဖေးထောက်ပြီး လက်မဖြင့် အသာအယာ ထောက်ပေးနှိပ်ပေးပါ။ မကြာမီ သက်သာပျောက်ကင်းသွားပါလိမ့်မယ်။


**မျက်စိဝေ၊ နာစေးခြင်းအတွက်**

မျက်စိဝေ၊ နာစေးခြင်းများ ဖြစ်နေပါက ပုခုံးအလယ်ကြောမတ်နှိပ်ပါ။ ဝမ်းသွားနေပါက ချက်ကို လက်ယာရစ်လှည့်ပြီး ညင်ညင်သာသာ





နှိပ်၊ ငန်းဖန်းနေပါက ပေါင်တွင်းကြောကို နှိပ်၊ ရင်ဘတ်နာပါက ဖဝါးအလယ်ကြောကို နှိပ်၊ အစာမကြေလေမဆန် ဖြစ်နေပါက ဝမ်းဗိုက်ကို ဖွဖွ သာသာနှိပ်ပေးပါက ပျောက်ကင်း နိုင်ပါတယ်။



**လေပူထအတွက် နှိပ်နယ်ခြင်း**

လေပူထခြင်းများ ဖြစ်နေပါက နားအနောက်ဘက်ကို လက်မနဲ့ ထောက်ပေးပါ။ ခြေလက် မသယ်ချင်အောင် ဖြစ်နေပါက ဒူးများကို နာနာ တံတောင်နဲ့ ထောင်းပေးပါ။ လက်မောင်းရင်းအိုး ရှေ့နောက် နှစ်ဖက်ကို နှိပ်ပေးပါက သက်သာပျောက်ကင်းပါလိမ့်မယ်။

**ထက်ကပ်ခြင်းအတွက် နှိပ်နယ်ခြင်း**

လက်သေလက်ကပ်ခြင်းများ ဖြစ်နေပါက ရင်သားအထက်တလက်လေးသစ်ခန့်မှာ လည်းကောင်း၊ ရင်သားအောက် မောင်းတွေးကြားတိုလည်းကောင်း လက်ဖြင့် ထောက်ခါ ထောက်ခါ နှိပ်ပေးရပါလိမ့်မယ်။ ပြီးရင် လက်မောင်းရင်းကနေ အဖျားတိုင်အောင် ရေနွေးပူပူနဲ့ သုတ်လိမ်းပေးပြီး လက်ဝါးဖြင့် ဆုပ်ကိုင်နှိပ်နယ်ပေးပါက ပြန်လည်ကောင်းမွန်လာပါလိမ့်မယ်။

**ရင်ဆို့ ရင်ကြပ်နှိပ်နယ်ရန်**

သင်ဟာ ရင်ဆို့၊ ရင်ကြပ်ဖြစ်နေပါက လက်ဝဲလက်ယာ မောင်းဆက်နှစ်ဖက်အတွင်း၊ သားမြတ်အတွင်း ရင်သားနကို လက်မဖြင့် ထောက်နောင့်နှင့် ဖိကာ ဖိကာ နှိပ်ပေးပါက သက်သာပါလိမ့်မယ်။ ဝက်ရူးပြန်ချင်သလို ဖြစ်ပါက ပေါင်တွင်း အလယ်ကြောကို နာနာနှိပ်ပေးပါ။



www.burmeseclassic.com

www.burmeseclassic.com



# အဖြူရောင်ဒေဝီ

(သို့မဟုတ်)

# ဒေဝီဖြူ

ကိုမောင်သန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com





။

အိမ်ကြီး၏အနောက်
ရေတွင်းပျက်ဘောင်တွင်
မိန်းမပျိုလေးတစ်ယောက်
ထိုင်နေသည်ကို မြင်ရလေ၏ ။
မနေ့ကအတိုင်းပင်
ဂါဝန်ရှည်အဖြူကြီးနှင့်။
စာပေသမားတစ်ယောက်ပီပီ သူမကို
'အဖြူရောင်ဒေဝီ' ဟု
အမည်နာမပေးလိုက်လေ၏ ။

ကျွန်ုပ်သည် ရန်ကုန်မြို့စွန် တစ်နေရာရှိ "အေးရိပ်သာ" အမည်ရ ခြံကြီးတစ်ခြံသို့ ရောက်ရှိခဲ့ပေ၏ ။ ခြံကြီးကား "အေးရိပ်သာ" ဟူသော အမည်နာမနှင့်ကိုက်ညီစွာ အေးချမ်းဆိတ်ငြိမ်လှပြီး သာယာနာပျော်ဖွယ်ကောင်းသော နေရာဖြစ်ပေ၏ ။

ခြံကြီးသည် (၂)ဧကခန့်ကျယ်ဝန်းပြီး သစ်ပင်ကြီးငယ်များ အစီအရီပေါက်နေလေ၏ ။ သီးပင်၊ စားပင်များလည်း အပြည့်ရှိနေလေ၏ ။ ခြံကျယ်လှသော်ငြားလည်း နေအိမ်ကား အကျယ်အဝန်း (ပေ၂၀ × ပေ၄၀)ခန့်ကျယ်သော ပျဉ်ထောင်အိမ်ကလေး တစ်လုံးသာရှိနေလေ၏ ။

အဆိုပါ ပျဉ်ထောင်အိမ်လေးကို ကိုရီးယားစတိုင်၊ သို့တည်းမဟုတ် ဂျပန်စတိုင် အိမ်ခန်းဖွဲ့ထားသည်ကြောင့် ခေတ်မီလှသည်ဟု ဆိုနိုင်ပါ၏ ။ အေးရိပ်သာခြံပိုင်ရှင်သည်ကား ကျွန်ုပ်မိတ်ဆွေ ကျောင်းနေဖက်တစ်ဦးဖြစ်လေ၏ ။

သူသည် ဒုရဲအုပ်ရာထူးဖြင့် မြန်မာပြည်အရှေ့ပိုင်း တာချီလိတ်မြို့သို့ မှူးယစ်တာဝန်ဖြင့် သွားရောက် တာဝန်ထမ်းဆောင်နေလေ၏ ။ ၎င်းမရှိစဉ်အတွင်း ခြံကို ကြည့်ရှုစောင့်ရှောက်ပေးပါရန် နေအိမ်သော့ကို ကျွန်ုပ်အား အပ်နှံထားရှိလေ၏ ။

အေးရိပ်သာခြံတွင် ခြံစောင့်လုပ်သားအဖြစ် ကိုအောင်မြင့်ဆန်းဆိုသူအား ထားရှိထားလေ၏ ။ ကိုအောင်မြင့်ဆန်းသည် အသောက်အစားနှိုသော်ငြားလည်း ခြံကြီးအား ရှင်းသန့်စွာ စောင့်ရှောက်တတ်လေ၏ ။ သီးပင်၊ စားပင်များကိုလည်း ၎င်းကိုယ်တိုင် ပြုစုပျိုးထောင်ထားပေပြီး စားတန်စား၊ ရောင်းတန်ရောင်းဟု ခွင့်ပြုထားလေ၏ ။

ကျွန်ုပ်သည်လည်း မိတ်ဆွေ၏ အပ်နှံထားမှုကြောင့် ရက်သတ္တတစ်ပတ်လျှင် တစ်ကြိမ်၊ သို့တည်းမဟုတ် နှစ်ကြိမ်ခန့်မျှ သွားရောက်ကြည့်ရှုလေ၏ ။ သွားရောက်လေတိုင်း ကိုအောင်မြင့်ဆန်းအတွက် မြန်မာရမ်တစ်ပုလင်းကို လက်ဆောင်အဖြစ် ယူသွားလေ၏ ။ တစ်ခါတရံ ၎င်းနှင့်အတူ ပျော်ပါးစားသောက်ရင်း ရင်းနှီးခွင့်ရအောင် ဆောင်ရွက်ပြီး မှာတန်မှာထားရလေ၏ ။

❖

ကျွန်ုပ်သည် စာပေ၊ ဆောင်းပါး၊ ဝတ္ထုများကို ရေးလေ့ရှိရာ အပ်ထည်များကို ရှိနေသခိုက်၊ အချိန်မီပေးနိုင်ရန် အလို့ငှာ အေးရိပ်သာခြံသို့ တစ်ပတ်ဆယ်ရက် နေထိုင်စားသောက်ရင်း စာရေးခြင်းအမှုကို ပြုရလေသည်။

ဆိုခဲ့သလို အေးရိပ်သာသည် လွန်စွာမှ အေးချမ်းသာယာလှပါပေ၏ ။ ကားစက်သံ၊ ဟွန်းသံများမကြားရ၊ မော်တာသံ၊ မီးစက်သံများမကြားရ၊ ဆူပူအော်ဟစ်သံများလည်း မကြားရသည်မို့ နားအေးပါးအေးလည်း ရှိလှပါ၏ ။ မနက်တိုင်း ကျေးငှက်သာရကာတို့၏ တေးသီသံများ ကြားနေရသည်မို့ ပီတိတစ်မျိုး ခံစားရလေတော့၏ ။

အေးရိပ်သာ၏ဝဲယာတွင် ရှေးအိမ်သဖွယ် တိုက်အိုကြီးများ ရှိလေ၏ ။ သူတို့ဆီမှလည်း ဘာသံမှ မကြားရ၊ အေးဆေးစွာ နေထိုင်ကြသူများဟု မှတ်ယူရပေမည်။

ဝဲဘက်ရှိအိမ်ကြီးသည် နှစ်ထပ်တိုက်ကြီးဖြစ်လေ၏ ။ အသက်(၃၀)ခန့် လူကြီးတစ်ယောက် ချိုင်းထောက်ကို အမှီသဟဲပြု၍ မနက်တိုင်း





www.burmeseclassic.com

www.burmeseclassic.com





လမ်းလျှောက်လေ့ရှိကြောင်းသိရပြီး သူ၏ဇနီးဖြစ်ဟန်တူသူ အသက်(၆၀) ခန့် မိန်းမကြီးတစ်ဦးကိုလည်း မကြာမကြာတွေ့ရလေ၏ ။ ယာဘက်ရှိ ခြံကြီးသည်ကား (၆)ပေခန့် အုတ်တိုင်းကာရံထားသဖြင့် ၎င်း နေအိမ်ရှိသူတို့၏ အခြေအနေကို မတွေ့မြင်ရချေ။

ကျွန်ုပ် စိတ်ဝင်တစားဖြစ်နေသည်ကား ဝဲဘက်ရှိအိမ်ကြီး ဖြစ်လေ၏ ။ စိတ်ဝင်စားမိသည့် အကြောင်းသည်ကား . .။

❖

တစ်နေ့သော် ကျွန်ုပ်သည် လရောင်က လင်းထိန်နေသဖြင့် ည (၉)နာရီခန့်တွင် ခြံအတွင်း လမ်းလျှောက်ထွက်လေ၏ ။ ခြံစောင့် ကိုအောင်မြင့်ဆန်းကား တခေါခေါနှင့် အိပ်မောကျနေလေ၏ ။

မြို့ကြီးပြကြီးအလယ်တွင် လျှပ်စစ်မီးရောင်ကြောင့် လရောင်၏ အရသာကို ထူးခြားစွာ မခံစားရ။ သစ်ပင်ကြီးငယ်တို့သည် လရောင်ပက်ဖျန်းမှုကြောင့် တောက်ပလင်းလက်နေလေ၏ ။ တစ်ဖက်ခြံကြီးတွင်လည်း လရောင်ပက်ဖျန်းထားမှုကြောင့် တောက်ပလင်းလက်နေလေ၏ ။ အရာရာကို လရောင်အောက်တွင် ထင်ရှားစွာ မြင်နေရလေ၏ ။

အိမ်ကြီး၏အနောက် ရေတွင်းပျက်ပေါင်တွင် မိန်းမပျိုလေး တစ်ယောက်ထိုင်နေသည်ကို မြင်ရလေ၏ ။ ခပ်လှမ်းလှမ်းတွင် ရှိသဖြင့် မျက်နှာကို ကောင်းစွာ မမြင်မတွေ့ရသော်ငြား လှပသော မိန်းမပျိုလေးဖြစ်မည်ဟု





တော့ မှန်းဆသိဖြင့် သိလေ၏ ။

သူမကို နေ့လယ်ပိုင်းအချိန်တွေက တစ်ခါမျှ မမြင်တွေ့ခဲ့ရချေ။ အိမ်တွင်းပုန်းမလေး ဖြစ်ဟန်တူ၏၊ ရှည်လျားလှသော ဆံပင်က သူမ၏ အလှကို ဆွဲဆောင်စေ၏ ။ ပြီးတော့ အဖြူရောင်ဂါဝန်ရှည်ကြီးနှင့်မို့ လရောင်အောက်တွင် လင်းလက်လို့နေလေ၏ ။

သူမရှိရာသို့ အတန်ကြာ ငေးကြည့်နေမိလေ၏ ။ ကျွန်ုပ်အား သူမတွေ့သွားဟန် ရှိသည်ထင်၊ ရုတ်တရက်ပင် လှစ်ကနဲ ပျောက်သွားလေ၏ ။ နောက်ရက်များတွင်မတော့ သူမ မမြင်နိုင်အောင် သစ်ပင်ကြီးတစ်ပင်၏ ပင်စည်ကို အကာအကွယ်ရယူကာ ချောင်းမြောင်းကြည့်သည်၊ မနေ့က အတိုင်းပင် ဂါဝန်ရှည်အဖြူကြီးနှင့်၊ စာပေသမားတစ်ယောက်ပီပီ သူမကို "အဖြူရောင်ဒေဝီ"ဟု အမည်နာမပေးလိုက်လေ၏ ။

သူမနှင့်ပတ်သက်၍ ခြံစောင့် ကိုအောင်မြင့်ဆန်းကို မေးမြန်းကြည့်လေရာ –

"ခပ်ချောချော ကောင်မလေးတစ်ယောက် ရှိတယ်ဆရာ၊ အဘွားကြီးရဲ့တူမလို့သိရတယ်၊ ဆေးကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်တယ်၊ အင်း . . သူ့နာမည်က လှတာပတာပဲ ဆရာ"

"ပြောပါဦးကွယ် . .လှတာပတာ ဆိုတော့"

"ဒေဝီဖြူတဲ့ . . ဆရာရဲ့"

"ဟိုက် ! . . အံ့စရာပဲ၊ ငါပေးခဲ့တဲ့ နာမည်နဲ့ ဆင်တူနေပါရောလား"

ဟု ကျွန်ုပ်စိတ်အတွင်းမှ တွေးမိလိုက်လေ၏ ။ အံ့ဩစွာပင် တိုက်ဆိုင်လှပါဘိတောင်း။

❖

"အခု ဒေဝီဖြူပျောက်နေတယ် ဆရာ၊ တစ်လလောက်တောင်ရှိပြီ၊ အဘိုးကြီးနဲ့ အဘွားကြီးလည်း ခေါင်းမီးတောက်နေကြတယ်၊ သူ့ချစ်သူနောက် လိုက်သွားရအောင်လည်း သူ့မှာ ချစ်သူရှိတယ်လို့ တစ်ခါမှ မကြားကြဘူးတဲ့၊ ရဲစခန်းတွေမှာလည်း တိုင်ချက်ဖွင့်ထားတယ်၊ သူ့ဆေးကုမ္ပဏီက ဝန်ထမ်းတွေလည်း ကူရှာနေတုန်းပဲလေ၊ အဲဒီအကြောင်းကို



www.burmeseclassic.com

www.burmeseclassic.com



**။**

**တွေ့ရသည့် မြင်ကွင်းသည်ကား ခွဲစိတ်ခန်းရှိ ကျောက်ခုံအထက်တွင် လဲလျောင်းနေသော ဂါဝန်ဖြူရှည်ကြီးနှင့် အမျိုးသမီးတစ်ယောက်။ အိပ်မက်ထဲတွင် တွေ့ခဲ့ရပါသော ဒေဝီဖြူပါတည်း။**

---

ဆရာ့ရဲ့သူငယ်ချင်း ဒုရဲအုပ် ဦးတင်အေးသိတယ် ဆရာရဲ့"

"ငါတွေ့ပြီဆိုတော့ ပြန်ရောက်နေပြီပေါ့ ဟုတ်လား"

"ကျွန်တော်တော့ လုံးဝ မတွေ့မိသေးဘူး။ ဆရာ ပြောတဲ့ပုံစံ အနေအထားကတော့ ဒေဝီဖြူပုံစံပဲ။ ကျွန်တော် စုံစမ်းကြည့်ပါဦးမယ်"

နောက်နေ့ ခြံစောင့် ကိုအောင်မြင့်ဆန်းနှင့်အတူ "ဒေဝီဖြူ"ကို စောင့်ကြည့်လေ၏။ သူမအား တစိုးတစိမှ မတွေ့ရလေတော့၊ အံ့ဩဖို့ ကောင်းလှပါ၏။ မည်သို့ဆိုစေ ကျွန်ုပ်ကား ညဘက်များတွင် အညောင်း ပြေ လမ်းလျှောက်ရင်း "ဒေဝီဖြူ"ကို ကြည့်မိရှာမိလေ၏။ သို့သော် မတွေ့ရ ချေတော့ပြီ။

တွေ့မယ့်တွေ့တော့လည်း အိပ်မက်ထဲမှာ ဖြစ်၏။ သူမအပေါ် စွဲလမ်းမှုကြောင့်ပေထင့်၊ အိပ်မက်ထဲမှာလည်း အပြင်မှာ တွေ့ခဲ့ရသည့် ဒီဇိုင်းပုံဖြစ်၏။ အိမ်အိုကြီး၏ အနောက်ဘက် ရေတွင်းအုတ်ပေါင်တွင်ပင် ထိုင်လျက်အနေအထား။

ကျွန်ုပ် သူမရှိရာသို့ လျှောက်သွားသည်၊ အနီးသို့ရောက်လေသော် သူမ၏မျက်နှာတွင် မျက်ရည်များ တွေတွေ စီးကျနေလေ၏။ ကျွန်ုပ်အား တစ်စုံတစ်ရာ ပြောလိုဟန်ရှိလေ၏။ နှုတ်က မည်သို့မျှ အသံထွက် မလာချေ။ ကျွန်ုပ်ရှေ့မှ မကြာမီ ပျောက်ကွယ်သွားလေ၏။ ကျွန်ုပ်လည်း "ဒေဝီဖြူ..ဒေဝီဖြူ.." ဟုခေါ်နေမိသလား၊ မသိတော့ချေ။ အိပ်မက်မှ နိုးထလာသည့်အခါ ရင်တွေပူ၊ အာတွေခြောက်နေလေ၏။

❖

ဖြစ်စဉ်များကို တာဝန်ရှိလိုက်ရောက် မိတ်ဆွေကြီး ဒုရဲအုပ် ကိုတင်







အေးအား အသိပေးလျှင် ကောင်းမည်ဟု စိတ်အတွင်း ဖြစ်ပေါ်ခဲ့လေသည်၊ တိုက်ဆိုင်လှစွာပင် ကိုတင်အေး ရောက်ရှိလာ၏။ ရဲချုပ်ရုံးသို့ သတင်းပေးပို့ရန်နှင့် အစီရင်ခံစာများ တင်ပြရန်အတွက် ခေတ္တလာရောက်ခြင်း ဖြစ်သည် တဲ့၏။

ကျွန်ုပ်ကား ဒေဝီဖြူနှင့်ပတ်သက်၍ တွေ့မြင်ခဲ့သမျှတို့ကို ဖောက်သည်ချ ပြောပြလေရာ..ကိုတင်အေးမှ -

"ခင်ဗျားပြောတာ စိတ်ဝင်စားတယ်ဗျာ၊ ကျွန်တော်လည်း ဒီအမှုကို စုံစမ်းနေလျက်ပါပဲ၊ တစ်ရက်၊ နှစ်ရက်အတွင်း အကောင်အထည် ဖော်ယ်ဗျာ"

ကိုတင်အေး မည်သို့ မည်ပုံ အကောင်အထည် ဖော်မည်ကိုတော့ ကျွန်ုပ် မမှန်းဆတတ်ပါချေ။ မှုခင်းဆိုင်ရာကိစ္စတွေကို ကျွန်ုပ် နားမလည်၊ ဥာဏ် မမီ ဟုလည်း ဆိုနိုင်ပါ၏။ မည်သို့ဆိုစေ ကျွန်ုပ် စိတ်ဝင်တစား ရှိသည်ကတော့ ဒေဝီဖြူပါတည်း။

"အေးရိပ်သာ"တွင် မိတ်ဆွေကြီးရှိနေစဉ် ကျွန်ုပ် ရန်ကုန်မြို့တွင်းသို့ ပြန်ဆင်းသည်၊ သုံးရက်ခန့်ကြာသော် ကျွန်ုပ်၏နေအိမ်သို့ အေးရိပ်သာမှ ခြံစောင့်ကိုအောင်မြင့်ဆန်း ရောက်လာပြီး မိတ်ဆွေကြီး ကိုတင်အေးမှ အခေါ်လွှတ်၍ လာရောက်ရခြင်းဖြစ်ကြောင်း ပြောလေ၏။

သို့နှင့် ကျွန်ုပ် အေးရိပ်သာသို့ ပြန်ရောက်ဖြစ်လေ၏။ အေးရိပ်သာ၏ဝဲဘက် ဒေဝီဖြူတို့ခြံအတွင်း၊ ကိုတင်အေးနှင့်အဖွဲ့ အလုပ်ရှုပ်နေကြသည်၊ ကိုအောင်မြင့်ဆန်းပြောပြချက်အရ ယင်းနေအိမ်ရှိ အဘိုးကြီးသည် လေဖြတ်မှု ပြုတ်ကျသေဆုံးမှုကိစ္စ၊ လိုအပ်သည်များကို စစ်ဆေးခြင်း၊ ဓာတ်ပုံ



www.burmeseclassic.com

www.burmeseclassic.com





ရိုက်မှတ်တင်ခြင်း အမှုပြုနေကြသည်။ အဘိုးကြီးသည် အရက်ကို အလွန်အကျွံ သောက်ထားဟန်ရှိသည်ဟု ဆိုသည်။

ဖနီးဖြစ်သူ၏ ထွက်ဆိုချက်အရ သေမှုသေခင်းမဖြစ်ခင် ၎င်းသည် ဈေးသို့ သွားနေကြောင်း၊ ပြန်ရောက်လာမှ လေ့ကားရင်းတွင် လဲပြိုသေဆုံးနေသည်ကို တွေ့ရှိရသဖြင့် အိမ်နီးဝန်းကျင် အကူအညီ တောင်းခံခြင်းဖြစ်ကြောင်း၊ သူမ၏ခင်ပွန်းသည် အရက်ကို လွန်ကျွံစွာ သောက်နေသည်မှာ တစ်လခန့် ရှိနေကြောင်း၊ ယခင်က ပုံမှန်သာ သောက်လေ့ရှိကြောင်း ဆို၏။

၎င်းတို့ ဖနီးမောင်နှံသည်လည်း တစ်ယောက်နှင့် တစ်ယောက် သူစိမ်းပြင်ပြင် နေနေကြသည်ဟုဆို၏။ ဆိုရသော် တစ်ဦးနှင့်တစ်ဦး စကားမပြောကြ၊ လိုအပ်လျှင် စာရေး အသိပေးလေ့ရှိသည်။ သို့ဖြင့် ကျွန်ုပ်၏ စိတ်အတွင်းမှ "ဘယ်လို မိသားစုကြီးပါလိမ့်" ဟု တွေးဆမိလေ၏။

"ကဲ .. စာရေးဆရာ ဆေးရုံသာ လိုက်ခဲ့ပေတော့၊ ခင်ဗျားအတွက် အထူးကို စိတ်ဝင်စားစရာကို တွေ့မြင်ရမယ်၊ ဂမ္ဘီရလည်းဆန်ပါ့ဗျာ၊ ခင်ဗျားကိုလည်း ကျေးဇူးတင်ပါရဲ့"

"ဗျာ .. ဘယ်လိုဗျ၊ ကျွန်ုပ်ကို ကျေးဇူးတင်ရတယ်လို့ .."

"လာဗျာ .. ဟိုကျမှ သိမယ်"

ဟုဆိုကာ မိတ်ဆွေကြီး ကိုတင်အေးနှင့်အတူ ဆေးရုံကြီးသို့ လိုက်ပါခဲ့ရလေတော့၏။ ဆေးရုံကြီးသို့ရောက်လေသော် လွန်စွာ အံ့ဩဖွယ်ကောင်းသော မြင်ကွင်းတစ်ခုကိုတွေ့ခဲ့လေရာ ကျွန်ုပ် မည်သို့မည်ပုံ ပြောဆိုရမှန်း မသိတော့ချေ။

တွေ့ရသည့်မြင်ကွင်းသည်ကား ခွဲစိတ်ခန်းရှိ ကျောက်ခုံအထက်တွင် လဲလျောင်းနေသော ဂါဝန်ဖြူရှည်ကြီးနှင့် အမျိုးသမီးတစ်ယောက်။





မိတ်ဆွေကြီးကိုတင်အေးက လွှမ်းအုပ်ထားသော ပုဝါစကို လှန်လှောလိုက်လေရာ အေးရိပ်သာ ဝဲဘက်မြဲကြီးနောက် ရေတွင်းပေါင်တွင် ထိုင်နေတတ်သော ဒေဝီမြူ။

အိပ်မက်ထဲတွင်လည်း တွေ့မြင်ခဲ့ရပါသော ဒေဝီမြူပါတည်း။ မြင်လိုက်ရသော မြင်ကွင်းကြောင့် ရင်ထဲ နင့်သွားလေတော့၏။ ကျွန်ုပ် သူမ၏အလောင်းကို စူးစူးစိုက်စိုက် ကြည့်နေမိသည်။

"တော်တော့ဗျာ၊ လာ .. စားသောက်ဆိုင်သွားပြီး ဝမ်းဖြည့်ကြရအောင်၊ ခင်ဗျားစိတ်ထဲ ဇဝေဇဝါဖြစ်နေတာတွေကို ကိုယ်ရှင်းပြမယ်"

ဟုဆိုကာ စားသောက်ဆိုင်ကြီးတစ်ဆိုင်သို့ ကားဖြင့် သွားလေသည်၊ မိတ်ဆွေကြီးက လိုအပ်သည်တို့ကို မှာသည်၊ ထမင်းမစားမီ အစာဝင်ဆေး ဟုဆိုကာ ရမ်နစ်ပက်နှင့် အာလူးကြော်တစ်ပွဲ မှာလေ၏။ ထို့နောက် ရောက်လာသော ရမ်နစ်ပက်ကို မိတ်ဆွေကြီးမှ ဆော်ဒါအပြည့်ရောပြီး တစ်ငုံ စုပ်ယူလိုက်လေ၏။

"အတ်လမ်းက ဒီလိုဗျ .." ဟု အောက်ပါအတိုင်း ရှင်းပြလေတော့၏။

❖

ကိုယ့်မြို့ဘေးက လင်မယား နှစ်ယောက်ပေါ့နော် .. အဘိုးကြီးတ ဆေးဝါးဆိုင်ရာ သုတေသနကို ပြည်ပနိုင်ငံ တစ်နိုင်ငံမှာ လုပ်ခဲ့တယ်၊ ဒီရောက်တော့လည်း ဆေးဝါးကုမ္ပဏီအချို့ကို ဆေးဝါးနဲ့ ပတ်သက်လို့ အကြံပေး လုပ်နေတယ်၊ အတော်အသင့် ချမ်းသာခဲ့ကြတယ်ပေါ့၊ အခုတော့ ခင်ဗျားမြင်တဲ့အတိုင်း မရှိမရှား အခြေအနေရောက်နေပြီ၊

ဒါကလည်း အဘိုးကြီးကြောင့်၊ အဘိုးကြီးကတော့ အမြဲတမ်း သောက်စား ပျော်ပါးတတ်တယ်လေ၊ မြားကလည်း ပွေတော့ အမှုအခင်းတွေ ဖြစ်ခဲ့၊ လျော်ကြေးတွေ၊ ဒဏ်ကြေးတွေ ဆောင်ခဲ့ရတော့ ငွေ သောက်သောက်လဲ ကုန်ခဲ့ရပေါ့၊ အရွယ်ရောက်တော့ မြားပွေတဲ့ကိစ္စ လျော့ပါးလာတယ်နဲ့ တူရဲ့၊ အပြင် သိပ်မထွက်တော့ဘူး၊ ယမကာတော့ မှီဝဲမြဲရှိတာပေါ့လေ၊



www.burmeseclassic.com

www.burmeseclassic.com



အဖွားကြီးကတော့ ရှေးသူဌေး မျိုးနွယ်ထဲကပဲ ပျ၊ အရွက်အကြောက်လည်း ကြီးပါဘိ၊ အဘိုးကြီးမြာကိုစွ အမှုတွေဖြစ်တော့ လင်မယားကတောက်ကဆ ဖြစ်ကြတာပေါ့၊ ဒါ့ကြောင့် အဘွားကြီးက သူ့ခင်ပွန်း အဘိုးကြီးကို စကားတောင် မပြောတော့ဘူး၊ ကြာပြီလို့ ပြောရမယ်၊ သိပ် လိုအပ်ရင်တော့ စာရေးပြီး ပြောကြတယ်ဆိုလားပဲ၊

ကူဇော်လောင်ဖက်အဖြစ်နဲ့ အဘွားကြီးက သူ့တူမရင်း တစ်ယောက်ကို ခေါ်ထားတယ်၊ ဆယ်တန်းအောင်ပြီး ကျောင်းဆက် မတက်တော့၊ အိမ်မှာပဲ ကူညီတန် ကူညီပေါ့၊ တစ်ဖက်တစ်လမ်းက သူ့တူမလေး သုံးစွဲနိုင်ဖို့ ဝင်ငွေလေးရအောင်လို့ ဆေးကုမ္ပဏီတစ်ခုမှာ စာရေးဝန်ထမ်းအဖြစ် လုပ်စေခဲ့တယ်၊

ဝန်ထမ်းဖြစ်ရတာကလည်း အဘိုးကြီးရဲ့ မျက်နှာကလည်းရှိနေလေတော့ ဆေးကုမ္ပဏီကလည်း အဘိုးကြီးဆီ မှာတန်မှာ၊ အဘိုးကြီးကလည်း ဆေးကုမ္ပဏီအတွက် ပေးသင့်တဲ့အကြံတွေ၊ နည်းလမ်းတွေ ပေးပေါ့၊ တူမလေးနာမည်ကတော့ သိပြီးရောပေါ့၊ "ဒေဝီဖြူ"လေ၊ "ဒေဝီဖြူ" ကပဲ အဘိုးကြီးနဲ့ ဆေးကုမ္ပဏီကြား ကူညီပေးနေရတာပဲပေါ့၊

ဝန်ထမ်းလုပ်သက် တစ်နှစ်နီးပါးလောက်မှာ ဒေဝီဖြူ ပျောက်သွားတယ်လေ၊ ရုတ်တရက် ပျောက်သွားတာ၊ ဆေးကုမ္ပဏီကလည်း တာဝန်ရှိနေလေတော့ ဖြန့်ကျက်ရှာကြတာပေါ့လေ၊ အဘွားကြီးကလည်း သူ့တူမ ဒေဝီဖြူအတွက် ခေါင်းမီးတောက်ပြီး ရဲစခန်းတွေနဲ့ ဆက်သွယ်တိုင်ချက်ဖွင့်တယ်၊

အဘွားကြီးက ကိုယ့်ကို ရဲအရာရှိလို့ သိထားလေတော့ လာ





**ထူးခြားလှသည်ကား ဒေဝီဖြူ၏လက်တွင် ကျစ်ကျစ်ပါအောင်**
**ဆုပ်ကိုင်ထားသော ရွှေလက်ပတ်နာရီတစ်လုံး ဖြစ်ပေသည်။**
**ပို၍ ထူးခြားမှုမှာကား နာရီသည် အမျိုးသားနာရီတစ်လုံး ဖြစ်နေလေ၏ ။**

---

ရောက်တိုင်ပင်တာပေါ့၊ သူ့ခင်ပွန်းနဲ့က စကားမပြောလေတော့ အစစအရာရာ ကိုယ့်ပဲ အားကိုးရှာတာပေါ့နော်၊

အင်း . . အဘိုးကြီးလည်း ဘယ်စိတ်ကောင်းပါ့မလဲ၊ ဒေဝီဖြူပျောက်သွားကတည်းက ဆေးကုမ္ပဏီတွေဆီ ဖုန်းဆက်မေးလေ့ရှိတယ်၊ စိတ်ညစ်လို့ ထင်ပ၊ သောက်လိုက်တာ မိုးမွှန်နေတာပဲလေ၊

ဒေဝီဖြူပျောက်တာ တစ်လနီးပါးရှိတော့ တာချီလိတ်ကို သွားရတိန်းကြုံလာတယ်၊ မှုးယစ်ကိစ္စပဲပေါ့ဗျာ၊ ခင်ဗျားကိုတောင် အိမ်သော့ မြို့သော့ ပေးခဲ့ရတယ်မဟုတ်လား၊ မြို့ကို မကြာခဏ လာကြည့်ပေးဖို့လေ၊ ခင်ဗျားကလည်း မြို့ကို လာလာကြည့်တယ် မဟုတ်လား၊ ခင်ဗျားစာရေးဖို့ တစ်ပတ်၊ ဆယ်ရက်နေတယ်ဗျာ၊

အဲဒီမှာ လမ်းစပေါ်တာဗျ၊ ဝင်မမေးနဲ့၊ ကိုယ်ပဲ ဆက်ပြောမယ်၊ ဟုတ်လား . . လပြည့်ည တစ်ည၊ ခင်ဗျား ဒေဝီဖြူကိုတွေ့ခဲ့တဲ့ကိစ္စ၊ ပြီးတော့ အိမ်ကြီးရဲ့နောက် ရေတွင်းပျက်အုတ်ပေါင်မှာ ထိုင်နေလေ့ရှိတယ်လို့ ခင်ဗျား ပြောတယ်လေ၊ အင်း . . ဒါ့ကြောင့် . . ဒါကြောင့် . . ခင်ဗျားကို လည်း တစ်ရက်၊ နှစ်ရက်အတွင်း အကောင်အထည်ဖော်မယ်လို့ ကိုယ်ပြောခဲ့တယ်လေ၊ မှတ်မိလား၊

ကျွန်ုပ် ခေါင်းညိတ်လိုက်လေရာ မိတ်ဆွေကြီး ကိုတင်အေးမှ ကုန်နေပြီဖြစ်သော ရမ်ခွက်ကိုကြည့်ပြီး နှစ်ပက်စီ ထပ်ယူမယ် ဟုတ်လား . . သူ့အပြောကြောင့် ကျွန်ုပ်လည်း လက်ကျန်ကို မော့ချလိုက်လေ၏ ။ ထို့နောက် ဆတ်လမ်းဆက်ရန် သူပြောသည်၊

❖

www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ ခင်ဗျားအပြင်မှာ လပြည့်ညတွေမျိုးမှာ ဒါမှမဟုတ် အိပ်မက်ထဲမှာ သူ့ကိုတွေ့ရင် မေးပေါ့ဗျာ၊ ဟုတ်လား.. ကိုယ်တို့ကတော့ အတွေ့အကြုံ အများကြီးရှိတာမို့ ဘာပဲဖြစ်ဖြစ် ခင်ဗျားကို ကျေးဇူးတင်တယ်"

သူ့အပြောအရ ရန်ကုန် ရဲ့ ရုံးကို သတင်းပို့ အစီရင်ခံစာများ တင်ရန် တာချီလိတ်မှ ရန်ကုန်သို့ ခေတ္တရောက်လာခိုက်ဝယ် ကျွန်ုပ်မှ ဒေဝီဖြူ အကြောင်း ပြောဆိုပြီး မိတ်ဆွေကြီး ကိုတင်အေးရှိနေစဉ် အေးရိပ်သာမှ ရန်ကုန်သို့ ပြန်ဆင်းခဲ့သည်။ ကျွန်ုပ် ရန်ကုန်ဆင်းပြီးနောက်တစ်ရက်တွင် သူ့ပြောစကားအတိုင်း လုပ်ငန်းကို အကောင်အထည်ဖော်ခဲ့လေ၏။

မိတ်ဆွေကြီး ကိုတင်အေးသည် အိမ်ရှင်တို့ထံ ခွင့်ပြုချက်ရယူ၍ အိမ်ကြီး၏နောက် ဒေဝီဖြူ ထိုင်လေ့ရှိသည်ဆိုသော ရေတွင်းပေါင်သို့ သူ၏ အဖွဲ့သား(၅)ယောက်ဖြင့် ရေတွင်းသို့ သိုင်းကြိုးများ တပ်ဆင်၍ ဆင်းကြလေ၏။

ရေတွင်းမှာ ရေစပ်စပ်ရှိသော်ငြား အောက်ခြေတွင် ရွှံ့နှစ်များ ပြည့်နက်နေလေ၏။ အသုံးမပြုသည်မှာ နှစ်ကာလကြာဟန်ရှိသဖြင့် အမှိုက်သရိုက်များနှင့်လည်း ပြည့်နက်နေလေ၏။


မည်သို့ဆိုစေ သူတို့အဖွဲ့ စွမ်းပကားကြောင့် သံသယဖြင့် လုပ်ဆောင်ကြသော်ငြားလည်း စွမ်းပကားနှင့်ကြိုးစားမှု အကျိုးဖလကြောင့် အကောင်အထည် ပေါ်ပေါက်ခဲ့ပြီး ရယူလိုချင်သော အရာကိုလည်း ရယူဆယ်မနိုင်ခဲ့လေတော့၏။

ရယူဆယ်မနိုင်ခဲ့သည်က ဂါဝန်ဖြူအရှည်နှင့် လွန်ခဲ့သောတစ်လခန့်ကပင် အသက်ပျောက်ကင်းနေသော မိန်းမလှလေး ဒေဝီဖြူပါတည်း။ ထူးခြားလှသည်ကား ဒေဝီဖြူ၏လက်တွင် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသော ရွှေလက်ပတ်နာရီတစ်လုံး ဖြစ်ပေသည်၊ ပို၍ ထူးခြားမှုမှာကား နာရီသည် အမျိုးသားနာရီတစ်လုံး ဖြစ်နေလေ၏။

မိတ်ဆွေကြီး ကိုတင်အေးတို့အဖွဲ့သည် မှတ်တမ်းတင်ခြင်း အမှု







များကို ဆောင်ရွက်ပြီး ဆေးရုံကြီးသို့ ပို့လေ၏။ တူမ၏ ဖြစ်စဉ်ကို သိသွားရာပြီဖြစ်သော အိမ်ရှင် အဘွားကြီး စိတ်ထိခိုက် မေ့မျောသွားမှုကိုလည်း ကြပ်မတ်ကူသ စောင့်ရှောက်ခဲ့ကြရသေး၏။

ဒေဝီဖြူအလောင်းကို ရင်ခွဲရုံအတွင်းသို့ ဆရာဝန်တို့၏ စစ်ဆေး မှတ်တမ်းရယူရေးနှင့် ရွှေလက်ပတ်နာရီအား ပုံစံဖြင့် ထိန်းသိမ်းရန် ကိစ္စရပ်များကို ဆောင်ရွက်ပြီးနောက် တစ်နေ့ အိမ်ရှင်အဘိုးကြီး အပေါ်ထပ်မှ ပြုတ်ကျသေခဲ့ပြန်၏။ "ဘယ်လိုမိသားစုတွေလဲ" ဟု ကျွန်ုပ် စိတ်အတွင်း ဖြစ်ရ ပြန်လေပြီတည်း။ ကြေကွဲမျက်နှာနှင့် စီးတွေတွေကျနေသည့် မျက်ရည်စီးချောင်းများနှင့် ပြည့်နက်နေသော ဒေဝီဖြူ အသွင်သဏ္ဍာန်ကိုတော့ဖြင့် စိတ်တွင်းမှ မြင်ယောင်နေမိသေး၏။

"ဝမ်းနည်းစရာတော့ ကောင်းတယ်.. ကိုတင်အေးရယ်၊ ဒေဝီဖြူ ဘာကြောင့် သေခဲ့ရတာလဲ၊ သူ့လက်က ယောကျ်ားပတ် နာရီတစ်လုံး။ သေတာ တစ်လရှိပြီလဲ ဆိုသေး၊ ဒေဝီဖြူက အကောင်းပကတိအတိုင်း၊ နောက်ဆုံးမှတ်ချက်တွေက ဘာတွေလဲဗျ၊ အဲဒီအထဲမှာ ခင်ဗျားက ကျုပ်ကို ကျေးဇူးတင်သလေး ဘာလေးနဲ့ ကျုပ်တော့ ဦးနှောက်စားနေပြီဗျာ"

ကျွန်ုပ်မှ ဦးခေါင်းကို တချင်းချင်းကုပ်လိုက်ပြီး တရစပ်မေးလေရာ မိတ်ဆွေကြီးကိုတင်အေးမှ -

"တစ်ခုချင်း ရှင်းမယ်ဗျာ၊ ခင်ဗျားတွေ့တဲ့ ဒေဝီဖြူရဲ့ ခန္ဓာကိုယ် လတ်လတ်ဆတ်ဆတ် ဖြစ်နေတာက ရေအောက်ရွှံ့ထဲရောက်နေလို့ပဲ၊ ရွှံ့က အလွယ်တကူ မပုတ်ပွစေဘူးလေ၊ သူ့လက်မှာ ဆုပ်ကိုင်ထားတဲ့ ရွှေလက်ပတ်နာရီကတော့ အိမ်ရှင်အဘွားကြီး ထွက်ဆိုချက်အရ သူ့

www.burmeseclassic.com

www.burmeseclassic.com





ခင်ပွန်းရဲ့ နာရီဖြစ်ပါတယ်တဲ့။ အမေရိကားက ဝယ်လာတယ်ဆိုလားပဲ”

ကိုယ့်မှတ်ချက်ကတော့ ဆိုခဲ့တဲ့အတိုင်း အဘိုးကြီးက တဏှာရာဂ ဘီလူးကြီးလေ၊ သောက်စားထားတော့ လူစိတ်ပျောက်လေ့ ရှိတတ်တယ် မဟုတ်လား။ ကုမ္ပဏီတွေနဲ့ အဘိုးကြီး ဆက်သွယ်ရေး ပေါင်းကူး တံတားက ဒေဝီဖြူ။ ဒေဝီဖြူနဲ့ အဘိုးကြီး မတွေ့မဖြစ် တွေ့နေရတယ်လေ၊ သူ့တူမရင်း မဟုတ်တော့လည်း ..။

အဘိုးကြီးသေတော့ သူ့လက်မှာ ပတ်တီးစည်းထားတယ်၊ ဖြေဖျက်ကြည့်တော့ စုတ်ပြတ်ပွန်းပဲ့နေတာ တွေ့ရတယ်၊ ခြေထောက်မှာလည်း ဒဏ်ရာနဲ့၊ တစ်နေရာရာမှာ လဲပြုထားဟန်ရှိတယ်။ ဒေဝီဖြူ ပျောက်တဲ့နေ့ကစလို့ အရက်ကို မိုးမွှန်အောင် သောက်နေတယ်လေ၊ အဘိုးကြီးလည်း မရှိတော့ပြီမို့ သံသယ မပွားချင်တော့ပါဘူး။ ဒါကြောင့် ဒေဝီဖြူကို ဘယ်သူသတ်သလဲ ဆိုတာကိုတော့ဖြင့် ..။

နောက်ဆုံး ခင်ဗျားကို ကျေးဇူးတင်တာက ကိုယ်တို့ကို ခင်ဗျားက လမ်းစဖော်လိုက်တာမို့ပါ။ ဒီလိုဗျ .. ပရလောကသားတချို့ ဝိညာဉ်လို့ပဲ ထားပါတော့ဗျာ။ သူတို့ဟာ မကျွတ်မလွတ်ဖြစ်နေတဲ့အခါ တစ်ယောက်ယောက်ကို အကူအညီတောင်းတာမျိုး ရှိတယ်လို့ ဆိုတယ်။

မိတ်ဆွေကြီး ကိုတင်အေးစကားကြောင့် ကျွန်ုပ်အံ့ဩစွာဖြင့် သူ့ကို ငေးကြည့်မိလိုက်လေ၏။

“ဒါဆို ကျုပ်ကို ဒေဝီဖြူဝိညာဉ်က သူ့ဘဝကျွတ်လွတ်စေဖို့ အကူအညီ တောင်းခဲ့တာပေါ့၊ ဟုတ်လား”

“ဒါတော့ ခင်ဗျားအမြင်မှာ၊ လပြည့်ညတွေမျိုးမှာ၊ ဒါမှမဟုတ် အိပ်မက်ထဲမှာ သူ့ကိုတွေ့ရင် မေးပေါ့ဗျာ၊ ဟုတ်လား .. ကိုယ်တို့ကတော့





အတွေ့အကြုံ အများကြီးရှိတာမို့ ဘာပဲဖြစ်ဖြစ် ခင်ဗျားကို ကျေးဇူးတင်တယ်၊ ရဲတပ်ဖွဲ့ဝင်အားလုံးရဲ့ ကိုယ်စားပေါ့။ ဒါကြောင့် ဒီစားသောက်ပွဲကြီးနဲ့ ခင်ဗျားကို တည်ခင်းဧည့်ခံတာပေါ့၊ လာဦးမယ် .. ဂုဏ်ပြုလက်ဆောင်”

❖

အဆိုပါ ဇာတ်ကြောင်းသည် (၁၉၆၀) ပြည့်နှစ် ဝန်းကျင် ရန်ကုန် ဆင်ခြေဖုံးရပ်ကွက် တစ်နေရာ၌ ဖြစ်ခဲ့ပါသော မှုခင်းတစ်ခု ဖြစ်ခဲ့ပါသည်ဟု ဦးကြီးလိုခင်မင်ရပါသော ဦးရွှေဝင်းမှ ပြောပြခဲ့ခြင်း ဖြစ်သည်။

ထိုစဉ်က ဦးရွှေဝင်းသည် ဒေဝီဖြူဘဝ ကျွတ်လွတ်ရန်အတွက် ရွှေတိဂုံစေတီတော်မြတ်ကြီးဆီသို့ သွားရောက်ဖူးမျှော်ပြီး သူမဘဝ ကျွတ်လွတ်စေရန် ဆုတောင်းဆုယူ ပြုခဲ့သည်ဟု ဆိုပါသည်၊ အမှန်တကယ်ပင် ကျွတ်လွတ်ခဲ့ပါကြောင်းကို အိပ်မက်ထဲမှာ ပြောဆို နှုတ်ဆက်ခဲ့သည်ဟု ကျွန်ုပ်(စာရေးသူ)အား ပြောပြခဲ့ခြင်းဖြစ်ပါ၏။

ကျွန်ုပ်လည်း ဦးရွှေဝင်းထံ ခွင့်တောင်းပြီးသကာလ အထက်ပါ ဇာတ်ကြောင်း၊ သို့တည်းမဟုတ် ဂမ္ဘီရဆန်သောမှုခင်းတစ်ပုဒ်အား ခံစားရေးသားဖွဲ့သီခဲ့ရပါကြောင်း။

ကိုမောင်သန်းဝင်း



www.burmeseclassic.com

www.burmeseclassic.com



# တစ်ခါတုန်းက

# ရွှေဘင်းမြ

ပန်းတာနော်

နောင်လတ်

www.burmeseclassic.com

www.burmeseclassic.com





။

ထိုစဉ် ဦးမင်းကျော် ဝင်ပူးပြီး ပျော်ပွဲဆက်နေသူက မချိုမျက်နှာကို သေချာစွာ ကြည့်ပြီး-
'ဟုတ်တယ်.. မင်းက သရဲမ မဟုတ်ဘူး။ သရဲထီး ဝင်လာခဲ့"

(၁)

ကျွန်တော် အ.လ.က အင်းမသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စဉ်က ဖြစ်သည်။ တစ်နေ့ ကျောင်းပိတ်ရက်ဖြစ်၍ ဆရာဦးဖေကို၊ ဆရာ ဦးခင်သောင်း၊ ဆရာဦးဘိုကြီးတို့နှင့်အတူ ဦးတော်၏လက်ဖက်ရည်ဆိုင်တွင် ဝိုင်းဖွဲ့၍ လက်ဖက်ရည်သောက်နေကြသည်။

"မဲကြီး ..လက်ဖက်ရည်သောက်ပြီး နတ်ပွဲ သွားကြည့်ကြမယ်"

ဆရာမဲကြီး ခင်သောင်းနှင့် ဆရာဦးဖေကိုက ငယ်သူငယ်ချင်းများဖြစ်သည်။ ဆရာဦးဖေကိုက အင်းမသား၊ ဆရာဦးခင်သောင်းက အင်းတကော်သား။ အင်းမနှင့် အင်းတကော် ရွာနှစ်ရွာကြားတွင် အင်းမချောင်းရိုးတစ်ချောင်းသာ ခြားသည်။

"နတ်ပွဲ သွားတာပဲကွာ၊ ဆတ်သွားတာမှ မဟုတ်တာ ဖေကိုရာ.. မြည်းမြည်းပေါ့"

ဆရာ ဦးခင်သောင်း၏စကားကြောင့် ကျွန်တော် စိတ်ဝင်စားသွားသည်။

"နတ်ပွဲက ဘယ်မှာကမှာလဲ ..ဆရာဖေကို"





"တာပတ်သွားတဲ့ လမ်းထိပ်နားမှာ၊ ကဲ ..သွားကြစို့"

ဆရာဦးဖေကို ခေါ်ဆောင်မှုကြောင့် ကျွန်တော်တို့ နတ်ပွဲကြည့်ရန် လမ်းလျှောက်လာခဲ့ကြသည်။ ကျွန်တော်တို့သုံးယောက် လမ်းလျှောက်လာစဉ် ဆံပင်ရှည်ကို ဖားလျားချပြီး အပြေးအလွှားလာနေသည့် အမျိုးသမီး တစ်ယောက်ကို တွေ့လိုက်ရသည်။ ဆရာဦးဘိုကြီးက ရှုတ်တရက် အံ့အားသင့်သွားသည်။ အမျိုးသမီးက ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ ပြေးသွားနေဆဲဖြစ်သည်။

"ဒါ ..ဘယ်သူလဲ ဆရာ"

"ဘယ်သူဖြစ်ရမှာလဲ ဆရာရယ်၊ အပျိုကြီးမချိုလေ"

ဆရာဦးဘိုကြီး အသံကြားမှ ကျွန်တော် သတိရသွားမိသည်။ အပျိုကြီး မချိုက အလွန် အရက်အကြောက်ကြီးသည်။ စကားကို ကျယ်ကျယ် မပြောတတ်။ အမြဲတမ်း တိုးညှင်းစွာ ပြောသည်။ ခြေတစ်လှမ်း ကုဋေတစ်သန်းတန်အောင် ဆင်မယဉ်သာ သွားလာသူ၊ ဘာသာတရား ကိုင်းရှိုင်းသူဟု ကျွန်တော့်တပည့်မ မညိုညိုသင်းနှင့်ဆက်နွယ်ပြီး သိရသည်။

ခုတော့ မညိုညိုသင်းပြောပြသည့် မချိုနှင့် ယခု ကျွန်တော်တွေ့မြင်လိုက်ရသည့် မချို၏လက်ငင်းဘဝ အခြေအနေကို မတွေးတတ်အောင်ဖြစ်သွားမိသည်။

(၂)

ကျွန်တော်တို့ နတ်ကနားပွဲသို့ ရောက်ရှိနေစဉ် ကိုကြီးကျော်သီချင်းသံက မြိုင်မြိုင်ဆိုင်ဆိုင်ကြီး ပေါ်လာသည်။ နတ်ကနားပွဲကို ဝိုင်းအုံကြည့်နေသူများနှင့် စည်ကားနေသည်။

"ဟေ့ .. ပြောလို့ မရဘူးလား ပြန်"

"ပြန်ဖို့လာတာ .. မဟုတ်ဘူး"

"ဘာလုပ်ဖို့လာတာလဲ .. ဒီမှာ ကနားပွဲပေးနေတာ"

"ပြောဖို့ဟေ့ ..ပြောဖို့"

နတ်ကနားပွဲဆီမှ ထွက်ပေါ်လာသည့် အခြေအတင် စကားသံကို ကြားလိုက်ရ၍ ကြည့်လိုက်မိသည်။ နတ်ကနားစည်းဝိုင်းထဲက နတ်ထိန်း



www.burmeseclassic.com

www.burmeseclassic.com



နှင့် ပွဲကြည့်သူများထဲက တစ်ယောက်အသံ ဖြစ်သည်။ ကျွန်တော် သေသေချာချာ ကြည့်လိုက်မှ ဆရာဦးဘိုကြီးကို အပြေးအလွှား ဝင်တိုက်သွားသည့် မရှိုးဖြစ်နေသည်။

မရှိုးက ဆံပင်ရှည်ဖားလျားဖြင့် ခေါင်းတစ်ခါခါ လက်တကားကားဖြင့် ပွဲကြည့်သူများကို ကျော်ပြီး နတ်ကန္နားကနေသည့် စည်းဝိုင်းထဲသို့ ဝင်ရန် လုပ်နေခြင်းဖြစ်သည်။

"ဘာပြောမလို့လဲ သရဲမ .. မပြန်ဘူးလား"

"ငါ သရဲမ မဟုတ်ဘူး၊ သရဲထီး .. ငါ မပြန်နိုင်ဘူး၊ ပြောစရာရှိတာ ပြောပြီးမှ ပြန်မယ်"

မရှိုး မျက်လုံးများက နီရဲနေပြီး အံတကြိတ်ကြိတ်ဖြင့် ဖြစ်နေသည်။ ထိုစဉ် ဦးမင်းကျော်ဝင်ပူးပြီး ဖျော်ပွဲဆက်နေသူက မရှိုးမျက်နှာကို သေချာစွာ ကြည့်ပြီး -

"ဟုတ်တယ် .. မင်းက သရဲမ မဟုတ်ဘူး၊ သရဲထီး ဝင်လာခဲ့"

မရှိုးက နတ်ကန္နားစည်းဝိုင်းထဲသို့ခုန်ဝင်ပြီး ဦးမင်းကျော် ဝင်ပူးသူရှေ့တွင် ဝင်ရပ်လိုက်သည်။

"ပြောစမ်း ..ဘာပြောမှာလဲ"

"အီး ..ဟီး ..ဟီး .. အင့် .."

"ဟေ့ကောင် .. ငိုမနေနဲ့၊ ပြောစရာရှိတာ ပြော"

"ကျွန်တော် .. ကျွန်တော်"

မရှိုးက ငိုရှိုက်ရင်း အသံထွက်လာသည်က မိန်းမအသံ မဟုတ်တော့၊ ယောကျာ်းသံဖြစ်နေသည်။

"ကျွန်တော်တို့သုံးယောက် အင်းထဲမှာ အလုပ်လုပ်တယ်"

"အဲဒီသုံးယောက် နာမည်ပြောစမ်း"

"ခေါင်းကြီး၊ စိန်တိုးနဲ့ ကိုကိုမောင်"

"မင်းနာမည်က.."

"ကိုကိုမောင်၊ ခု သရဲဖြစ်နေလို့ အဲဒါ သိအောင်ပြောတာ"

မရှိုး ပါးစပ်များမှ တုန်ယင်စွာ ထွက်ပေါ်လာသည့် စကားကြောင့် ကျွန်တော် အင်းမ,မရောက်ခင်နှစ်များက ကိုကိုမောင် ကျောင်းထွက်သွားခဲ့သူ ဖြစ်သည်။ အပျိုကြီး မရှိုး၏ မောင်အငယ် အောင်မျိုးလင်းက သူ့ တိုယ်သူ "ကိုကိုမောင်" လို့ ပြောတတ်ကြောင်း ကို သတိရသွားမိသည်။



ယခု ကျွန်တော် ကြားနေရသည့် ကိုကိုမောင် က သရဲ ဖြစ်နေသည်ဆို၍ စိတ်ဝင်စားသွားမိသည်။

"အင်းထဲမှာ ဘာ ဖြစ်လို့လဲ" ဦးမင်းကျော် ပူးနေသူ၏ အမေးစကားကြောင့် ကိုကိုမောင်က -

"ငါးဖမ်းဖို့ အင်းရေကို စက်နဲ့ပက်တင်ဖို့ အင်းဘေးမှာ တဲထိုးပြီး မီးဖိုလုပ်ဖို့ ကျင်းတူးတာ၊ မော်တာကျည်ဆံရလို့ အင်းသူကြီးကို နောက်မှ ပေးမယ်ဆိုပြီး ကျည်ဆံကို တဲပေါ်မှာတင်ထားတာ၊ အဲဒီကျည်ဆံတွေ့ပြီး ဟင်းစားငါးမတွေ့ရလို့ မီးဖုတ်စားဖို့လုပ်တာ၊ အဲဒါ စိန်တိုးက ငါးမီးဖုတ်နဲ့ အရက်မြည်းဖို့ ရှာတာ .."

မရှိုးက တုန်တုန်ယင်ယင်ပြောရင်း မျက်ရည်တွင်တွင် ကျနေသည်၊ ကျွန်တော် မရှိုးအဖြစ်ကိုကြည့်ပြီး မယုံနိုင်အောင် ဖြစ်နေမိသည်။

"အဲဒါ ခေါင်းကြီးက နတ်စင်မှာတင်ထားတဲ့ အရက်ပုလင်းကို ယူပြီး အစားပြန်ဝယ်ပေးမယ်လို့ ပြောပြီး အရက်သောက်ရင်း ငါးမီးဖုတ်နဲ့စားတာ .. အဲဒီအချိန်မှာ ကျည်ဆံကို မီးဖိုထဲ ထည့်ဖုတ်ချင်တဲ့ စိတ်တွေ ပေါ်လာကြတယ်"

မရှိုး ပါးစပ်များက တတွတ်တွတ်ပြောဆိုနေ၍ ကျွန်တော် ဦးမင်းကျော် ဝင်ပူးနေသူကို ကြည့်လိုက်မိသည်၊ ဦးမင်းကျော်ဝင်ပူးနေသူက မရှိုး ကိုကြည့်ပြီး -

"အဲတော့ ငါက ဘာလုပ်ပေးရမလဲ ပြော"

"ပြောပါ့မယ်ဗျာ .. ပြောပါ့မယ်၊ အဲဒါနဲ့ မော်တာကျည်ဆံကို မီးဖို





www.burmeseclassic.com

www.burmeseclassic.com





ထဲ ထည့်ဖုတ်လိုက်တာ "အုန်း" ဆိုတဲ့ အသံကြီးနဲ့အတူ ကျွန်တော် ဘာမှ မသိတော့ဘူး။ ကျွန်တော် သတိရလာတော့ အင်းဘေးက ပေါက်ပင်လေးမှာ နေရတာ . ."

"ကဲ . . ဒါဆို မင်းပြန်တော့"

"ကျွန်တော် မပြန်နိုင်သေးဘူး"

မချိုက ဦးမင်းကျော် ဝင်ပူးနေသည့်သူကို ပြောရင်း မကျေနပ်သည့် အကြည့်ဖြင့် ကြည့်နေသည်၊

"မပြန်နိုင်ရင် . . မင်း ဘာဆက်ပြောချင်လို့လဲ"

"ကျွန်တော် သရဲဖြစ်ပြီး အင်းထဲကြည့်တော့ ကျွန်တော်သိတဲ့ ကိုမော်ကြီးလည်း သရဲဖြစ်ပြီး ပေါက်ပင်မှာနေတာ . .၊ ကျွန်တော်တို့ သုံးယောက်က နတ်စင်က အရက်ကိုယူပြီး သောက်မိလို့ ပင်ကိုယ်စိတ်တွေ ပျောက်ပြီး မော်တာကျည်ဆံကို မီးထဲထည့်ဖုတ်မိလို့ အသေဆိုးနဲ့ သေခဲ့တာ၊ အဲဒါ ကိုမော်ကြီးက မင်းအိမ်ကိုပြန်၊ မင်းအစ်မကို ဝင်ပူးပြီး နတ်ပွဲကတာနဲ့ ကြုံရင် ဝင်ပြောခိုင်းလို့လာတာ"

"ငါ . . ဘာလုပ်ပေးရမှာလဲ"

"ကျွန်တော့်အစ်မကို ပြောပေးပါ၊ ကျွန်တော်တို့သုံးယောက်နဲ့ ကိုမော်ကြီးအတွက် အလှူလုပ်ပြီး အမျှအတန်းဝေမှ ကျွန်တော်တို့ သာဓုခေါ်ရင် သရဲဘဝကနေ ကျွတ်လွတ်မှာ"

"ကဲ . . သရဲပြောတဲ့အတိုင်း လုပ်ပေးလိုက်ကြ၊ မမေ့နဲ့"

သရဲဝင်ပူးကပ်နေသည့် မချိုက စကားပြောရမည်ကို ရှက်ကြောက်ခဲ့သည်၊ ယခုတော့ မမောမပန်း ရှည်လျားစွာ ပြောပြနေသည်၊ ကျွန်တော် "ကိုကိုမောင် သရဲအဖြစ် ရောက်ခဲ့ရသည်" ကို သိခွင့်ရလိုက်သည်၊

နောက် ဘာဆက်ဖြစ်မည်ကို စိတ်ဝင်စားစဉ် ဦးမင်းကျော်ဝင်ပူးနေသူ၏စကားသံနှင့်အတူ မချို ဘုန်းကနဲ လဲကျသွားသလို၊ ဦးမင်းကျော် ဝင်ပူးပြီး နတ်ပွဲဆက်နေသူလည်း လဲကျသွားသည်၊





(၃)

ကိုကိုမောင် မချိုကိုဝင်ပူးပြီး ပြောဆိုနေသည်များကို မှန်၊ မမှန် သိရအောင် သွားကြသူများထဲတွင် ကျွန်တော် ပါဝင်ခဲ့သည်၊ ကျွန်တော် အင်းနယ်မြေအတွင်း အင်းပတ်လည်နေရာများကို ကြည့်မိသည်၊ အလွန်ကျယ်ဝန်းသည့် အင်းဖြစ်၍ အင်းပက်ရိုန်တွင် ချောင်းရိုးများကို လျှောခံပြီး ချောင်းငယ်၊ မြောင်းငယ်များကို တမံတုတ်၍ ရေစုပ်စက်ဖြင့် ရေပက်ထုတ်ပြီး ငါးဖမ်းကြခြင်းဖြစ်သည်၊

ကျွန်တော် အင်းဘေးရှိ ပေါက်ပင်ကြီးနားအရောက်တွင် ဗိုက်ပေါင်းလောင်းနှင့် တွေ့ရသည့် အောင်မျိုးလင်း (ခေါ်) ကိုကိုမောင်၏ အလောင်းကို တွေ့ရသည်၊ ကိုင်းချုံဘေးတွင် မျက်နှာတစ်ခုလုံး ပျက်စီးနေသည့် စိန်တိုးအလောင်းကို တွေ့သလို၊ ရေတင်စက်မောင်းသော နေရာတွင် ခေါင်းကြီးအလောင်းကို တွေ့ရသည်၊

အသေဆိုးနှင့် သေခဲ့ရသည့် အောင်မျိုးလင်း (ခေါ်) ကိုကိုမောင်နှင့် စိန်တိုး၊ ခေါင်းကြီးတို့၏ အဖြစ်ဆိုးကိုတွေ့ပြီး အသုဘရှင်များက ကြေကွဲမဆုံး ဖြစ်နေကြသည်၊ ကျွန်တော် ထိုသုံးဦး၏ ဘဝကူးဇာတ်လမ်းလေးကို တွေးမိရင်း အလှူဒါနပြုပြီး အမျှဝေသံကို အင်းမဘေးတွင် နားထောင်ရင်း သာဓုခေါ်ကာ သရဲဘဝက ကင်းလွတ်မည့် ကိုကိုမောင်အဖြစ်ကို သနားနေမိသည်၊

ကိုကိုမောင်အတွက် ရည်စူးဒါနပြုပြီး နောက်ထပ် အလှူတစ်ခုကို ကျွန်တော် ကြားသိခဲ့သည်၊ ထိုအလှူက အပျိုကြီးမချို၏ အလှူပင် ဖြစ်သည်၊ လူ့ဘဝ၏ ဆန်းကြယ်လွန်းသည့် ဖြစ်ရပ်များကို တရားသံဝေဂရပြီး သီလရှင်ဘဝသို့ ကူးပြောင်းခဲ့ခြင်း ဖြစ်သည်၊ ယခုတော့ မချိုက သီလရှင်ဆရာမကြီး ဒေါ်နန္ဒမာလာ ဖြစ်ခဲ့လေသည်၊

ပန်းတနော် နောင်လယ်



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





||

စောကျိမ်းက
ပိစပ်ရွက်များအကြားမှ
သေနတ်ပြောင်းကို ထုတ်ကာ
ထိုးချိန်လိုက်သည်။
ပစ်ကွင်းက ကောင်းသည်။
အနောင့်အယှက်လည်း မရှိ။
"ဒိန်း"

မုဆိုးကြီးစောကျိမ်းသည် ချေ(ဂျီ)တစ်ကောင်ကို လက်နှစ်ချောင်း ခြေနှစ်ချောင်း လည်ပင်းတစ်ဖက်စီတွင်ချကာ ထမ်းလာခဲ့သည်မှာ (၁) နာရီကျော်ပြီ။ အေးအေးဆေးဆေးပင် မောပုံမပြ။ ညနေ အိမ်ပြန်ရောက်လျှင် သူမျှော်လင့်ထားသော ချေ(ဂျီ) ချေးခါးဟင်းနှင့် စားရမည်ကို တွေးကာ ခြေလှမ်းက သွက်နေသည်။

ဟင်းစားအတွက် အမဲလိုက်ရသော်လည်း တစ်ခါတစ်ရံတွင် သက်စွန့်ဆံဖျား ကြုံခဲ့ဖူးပေါင်းလည်း မနည်းတော့။ အခုလည်း ကံကောင်းလို့ပင် ပြောရမည်။ ကြုံလိုက်ရတာကလည်း သက်စွန့်ဆံဖျား။

စောကျိမ်း စိတ်ကူးက ချေ(ဂျီ)ချေးခါးဟင်း မစားရသည်မှာ ကြာပြီ ဖြစ်တာရယ်၊ မရမ်းပင်ချောင်ထဲတွင်လည်း အမဲမပစ်ရတာကြာသော ကြောင့် နေ့လယ် ရေသောက်ဆင်းတတ်ကြသော တောကောင်များကို ပစ်ရန် စိတ်ကူးနှင့် ထွက်လာခဲ့ခြင်း ဖြစ်သည်။

မရမ်းပင်ချောင်ကိုရောက်ရန် ရွာကနေ (၂)နာရီခန့် တောလမ်းအတိုင်း လျှောက်ရသည်။ ချောင်ကိုမရောက်မီ မိုင်ဝက်ခန့်အရောက်တွင်





(၅)ပေခန့်ကျယ်သော တောင်ကွဲတစ်ခု ရှိသည်။ တောင်ကွဲအလယ်တွင် ဆီးဖြူပင် တစ်ပင်ရှိသည်၊ ထိုဆီးဖြူပင်မှ ဆီးဖြူသီးများကို ဒရယ်၊ ဆတ်၊ မျောက်၊ ချေ(ဂျီ)စသည့် တောကောင်များက လာစားကြသည်။

စားပြီး ရေငတ်လာသောအခါ မရမ်းပင်ချောင်မှ စမ်းချောင်းကလေးတွင် ရေလာသောက်သည်။ ထိုရေလာသောက်သော တောကောင်များကို ပုန်းအိမ်လုပ်၍ ချောင်းပစ်ရန် ရည်ရွယ်ခြင်း ဖြစ်သည်။

အကွာအဝေးက ကိုက်(၅၀)လောက်ပင်ရှိမည်။ စမ်းချောင်းကလေးဘေးရှိ ပိစပ်ချုံထဲတွင် စောကျိမ်း ထိုင်စောင့်နေသည်မှာ နာရီဝက်လောက်ပင်ရှိပြီး စမ်းချောင်းကလေးဆီသို့ သားကောင်တစ်ကောင်မျှပင် မလာသေး။ စောကျိမ်းက ပိစပ်ချုံထဲတွင် ဝင်မထိုင်မီကတည်းက လေညာလား၊ လေအောက်လား လေ့လာပြီးမှ ဝင်ထိုင်နေခြင်းဖြစ်သည်။

ယုန်ကလေးများနှင့် ရှဉ့်ကလေးများကတော့ လာကြသည်၊ သူ့လက်စွဲတော်(၁၂)ဘို့ နစ်လုံးပြူးကြီးနှင့်ကတော့ ဒင်နှင့်အင် မမျှသောကြောင့် အသာပင် ကြည့်နေလိုက်သည်။

"ဝေါင်..ဝေါင်"

စောကျိမ်း ခေါင်းထောင်လာသည်၊ ချေ(ဂျီ)ဟောက်သံ ဖြစ်သည်။ အကောင်တော့ မမြင်ရသေး။ စောကျိမ်း ပုန်းအိမ်ထဲရှိ သစ်ရွက် အကြိုအကြားမှ မျက်တောင်မခတ်ဘဲ ကြည့်နေမိသည်၊ လေတစ်ချက်အဝှေ့တွင် သစ်ရွက်များ လှုပ်ခါသွားသည်၊ ထို့အတူ ပိစပ်ပင်ကို ပုန်းအိမ်လုပ်ထားသော ပုန်းအိမ်ကလေးသည်လည်း သိမ့်ခနဲလှုပ်သွားသည်။

လာပါပြီ၊ စောစောက ကြားခဲ့ရသည့်အတိုင်း ချေ(ဂျီ)ဟောက်သံနှင့်အတူ ချေ(ဂျီ)နှစ်ကောင်သည် တစ်ကောင်နှင့်တစ်ကောင် ကိုယ်လုံးချင်းတိုက်ကာ ကြော့ကြော့မော့မော့ကလေး လျှောက်လာနေသည်၊ ရေငတ်သော နွားများကဲ့သို့ အိမြွှေမရဆင်းလာခြင်းမဟုတ်ဘဲ အေးအေးလူလူ ဆင်းလာနေခြင်း ဖြစ်သည်။

"ကွိ..ကွိ..ကွိ..ခွိး..ခွိး"

ဟူသော အသံများနှင့်အတူ သစ်ရွက်သစ်ကိုင်း၊ လှုပ်သံများပါ ကြားရပြီးနောက် ချေ(ဂျီ)နှစ်ကောင်သည် တုန့်ခနဲရပ်သွားကာ နောက်



www.burmeseclassic.com

www.burmeseclassic.com



သို့ လှည့်ပြေးသွားတော့သည်။ သစ်ပင်ပေါ်မှ မျောက်များတစ်ကောင်နှင့် တစ်ကောင် အော်သံများဖြစ်သည်။

ချေ(ဂျီ)သတ္တဝါကား နားပါးသည်။ ဖျတ်လတ်သည်။ သတိကြီးသည်။ မည်မျှ သတိကြီးသနည်းဆိုသော် လမ်းလျှောက်လာရင်းပင် လန့်ခုန်တတ်သည်။ ဂျီအီး ဂျီလန့်သောသတ္တဝါ ဖြစ်သည်။

စောဂျိမ်း စိတ်ညစ်သွားသည်။ သွားပြီ၊ လန့်ပြေးသွားသော ချေ(ဂျီ)များ ပြန်လာတော့မည် မဟုတ်။ စိတ်မောသွားသည်။ မောမောနှင့် ရေဘူးကိုဖွင့်ကာ မော့လိုက်သည်။ ပြီးမှ ဆတ်သားခြောက်မီးဖုတ် နစ်ချောင်းကို ဝါးလိုက်သည်။ ဝါးစပ်ပင်များက အောက်ခြေတွင် ရှင်းနေသောကြောင့် စောဂျိမ်းက တိုလီမိုလီထည့်ထားသော အိတ်ကြီးကို ခေါင်းအောက်တွင် ထားကာ ကျောဆန့်လိုက်သည်။

နေ အတော်စောင်းသွားပြီ။ ဒီအတိုင်းဆိုလျှင် တောကောင်ရရန် စောင့်ရဦးမည်။ ဝါးစပ်ချုံက သစ်ရွက်၊ သစ်ခက်များပိတ်နေ၍ အပေါ်တွင် အကိုင်းအခက်များ ရှုပ်သောကြောင့် လူတစ်ယောက်အတွက် အေးအေးဆေးဆေး လုံခြုံနေသည်။ ကျောဆန့်ရင်း မီးတောက်ကောက်ညှင်း အရက်ကလေးကို တစ်ငုံမော့လိုက်သည်။ ရင်ထဲကို ပူဆင်းသွားသည်။

"ဝေါင်"

ခပ်အုပ်အုပ်အသံ ဖြစ်သည်။

စောဂျိမ်း ခေါင်းထောင်ထလိုက်သည်။ ဝါးစပ်ရွက်များအကြားမှ စမ်းချောင်းကလေးဆီသို့ ချောင်းကြည့်လိုက်သည်။ ချေ(ဂျီ)ပေါက် တစ်ကောင် ဖြစ်သည်။ ခေါင်းကိုလှည့်ကာ နားရွက်ကိုထောင်ကာနှင့် အခြေအနေကိုကြည့်ကာ တစ်လှမ်းချင်း ဆင်းလာနေသည်။

စောဂျိမ်း ဝမ်းသာသွားသည်။ (၁၂)ဘို့ နစ်လုံးပြူးကြီးကို ကြိတ်၍ မောင်းတင်လိုက်သည်။ တောသရက်၊ ပျဉ်းကတိုး၊ ကျွန်း၊ သစ်တို၊ အင်ကြင်းစသည့် အပင်ကြီးများ ထူထပ်စွာပေါက်နေသည့် တောဖြစ်သော်လည်း လေငြိမ်နေသောကြောင့် သစ်ရွက်လှုပ်သံပင် မကြားရ။

ချေ(ဂျီ)က စောဂျိမ်းပုန်းနေသော နေရာနှင့် ဘေးတိုက် အနေအထား ဖြစ်သည်။ အေးအေးဆေးဆေး အနေအထားဖြင့် စမ်းချောင်းက







လေးထဲမှ ရေကို ငုံ့သောက်နေသည်။ စောဂျိမ်းက ဝါးစပ်ရွက်များအကြားမှ သေနတ်ပြောင်းကို ထုတ်ကာ ထိုးချိန်လိုက်သည်။ ပစ်ကွင်းက ကောင်းသည်။ အနှောင့်အယှက်လည်း မရှိ။ ထိုအခွင့်အရေးမျိုး ရခဲသည်။

"ဒိန်း!.."

တောသံနှင့်အတူ သေနတ်သံက ဟိန်းထွက်သွားသည်။

စောဂျိမ်း လက်ထဲတွင်လည်း စီးနင့်နေသလို ခံစားလိုက်ရသည်။ သေနတ်သံကြောင့် တောပြိုသံနှင့်အတူ မျောက်များ၊ ရှဉ့်များ၊ ကြက်တူရွေးများ၏ အော်သံက ဆူညံသွားသည်။ ကျည်က လက်ပြင်နောက်တွင် ထိသွားသောကြောင့် ချေ(ဂျီ)က ရှေ့လက်နစ်ချောင်း ညွှတ်ကျသွားကာ စမ်းချောင်းအစပ်တွင် ခေါင်းစိုက်ကာ ခွေကျသွားသည်။

စောဂျိမ်းက ပုန်းနေရာမှ ပြေးထွက်လာခဲ့သည်။ တချို့တောကောင်များက မှန်သွားသော်လည်း သွေးရူးသွေးတန်းဖြင့် ထပြေးတတ်သောကြောင့် ဖြစ်သည်။ စောဂျိမ်း ပြေးထွက်လာပြီး တစ်ဆယ့်လေးငါးတိုက်လောက် အရောက်တွင် –

"ဟဲ..ဝေါ..ဝရော"

"ဟာ!.."

စောဂျိမ်း လန့်သွားကာ ရပ်ပြီး ကြက်သေ,သေနေမိသည်။

"ဟဲ..ဝေါ..ဝရော.."


ဆိုသော အသံနှင့်အတူ ကုန်းမြင့် တောင်စောင်းတစ်ခု၏ မြက်နှိုင်းတောထဲမှ ဟင်းမျိုး(ကျား)ကြီးတစ်ကောင် ပြေးဆင်းလာသောကြောင့် ဖြစ်သည်။ ဟင်းမျိုးကြီးက ချေ(ဂျီ)ရှိရာသို့ ပြေးဆင်းသွားပြီး ယောဘက်သို့



www.burmeseclassic.com

www.burmeseclassic.com





ခေါင်းအလှည့်တွင် စောဂျိမ်းကို တွေ့လိုက်ရသောကြောင့် တုံ့ခနဲ ရပ်သွားသည်။

ဟင်းမျိုးကြီးက စောဂျိမ်းကို ရပ်ပြီးကြည့်နေစဉ်တွင် စောဂျိမ်းက သတိဝင်လာကာ ပြောင်းထဲတွင်ရှိသော လက်ကျန်တစ်တောင့်ကို ဟင်းမျိုးကြီး ရှိရာသို့ ချိန်လည်းချိန်၊ ပစ်လည်းပစ်၊ တဆက်တည်း လုပ်လိုက်တော့သည်။

"ဒိန်း!.."

ခန်မြည်သွားသော သေနတ်သံနှင့်အတူ ဟင်းမျိုးကြီးက (၅) ပေခန့် မြောက်တက်သွားကာ လက်ဝဲဘက်သို့ ချာကနဲလှည့်ပြီး လာရာလမ်းအတိုင်း မြက်ကိုင်းတောထဲသို့ တဝေါဝေါမြည်အောင် တိုးဝှေ့ပြီး ပျောက်ကွယ်သွားတော့သည်။ ထိုအချိန်တွင် စောဂျိမ်းက (၁၂)ဘိုထဲသို့ ကျည်နှစ်တောင့် သွင်းလိုက်ပြီး ဖြစ်သည်။

ဟင်းမျိုးလို အကောင်မျိုးက မတွေ့တာလည်း ကြာ၊ ပစ်ရန်လည်း ရည်ရွယ်မထားသောကြောင့် ယခုလို မမျှော်လင့်ဘဲ တွေ့လိုက်ရချိန်ဝယ် ကြောက်စိတ်ကြောင့် ကိုယ်နေဟန်ထားပျက်၍ ဟင်းမျိုးကြီးကို ကျည်မထိနိုင်ကြောင်း စောဂျိမ်း သဘောပေါက်လိုက်သည်။

စောဂျိမ်းသည် ဟင်းမျိုးကြီးဝင်သွားသော မြက်ရိုင်းတောထဲသို့ အခြေအနေကို အကဲခတ်လိုက်သည်။ ထူးခြားမှုမရှိ၊ ငြိမ်သက်နေသည်။ အမှန်က စောဂျိမ်းက ပုန်းအိမ်လုပ်ကာ သားကောင်ကိုချောင်းသည်။ ဟင်းမျိုးကလည်း မြက်ရိုင်းတောထဲကနေ ချောင်းသည်။ ပစ်မှတ်က တူနေသောကြောင့် စောဂျိမ်းပစ်လိုက်သော ချေ(ဂျီ)ကို အစာမာန်ရစ်ကာ ဟင်းမျိုးက သေနတ်သံကို ဂရုမထားဘဲ ဝင်ဆွဲရန် ပြေးလာခြင်းဖြစ်သည်။

အခြေအနေ အေးအေးဆေးဆေး ရှိသောကြောင့် စောဂျိမ်းက ချေ(ဂျီ)ကိုထမ်းကာ ထွက်လာခဲ့သည်။ ဒါပေမယ့် နောက်ကြောင်းကိုတော့





## ၅

**"သောင်းအေး.. မင်း ဘာမှ မဖြစ်ဘူးနော်။ အရက်လျှော့သောက်ကွ။ မင်းက သွေးအန်ဖူးတော့ မသောက်တာ ပိုကောင်းတယ်။ ထမင်းစားမလား"**

သိပ်မလုံသောကြောင့် မျက်စိနှင့်နားကို အစွမ်းကုန် ဂရုစိုက်ရသည်။ ရင်ကတော့ ခုန်ဆဲ။

စောဂျိမ်း ရွာထိပ်ကို ရောက်တော့ အတော်မှောင်နေပြီ။ ရွာထိပ်က ကညင်ပင်ကြီး အနားအရောက်တွင် လူ(၃၄)ယောက် ရုံးစု ရုံးစုနှင့် တွေ့သောကြောင့် ချေ(ဂျီ) အသေကောင်ကို လမ်းဘေးတွင်ချကာ အနားသို့ တိုးကြည့်လိုက်သည်။ ရွာထဲမှ အေးမောင်၊ တင်ဝင်းစိန်နှင့် ဉာဏ်ဝင်းတို့ ဖြစ်သည်။ ရှေ့တွင် လူတစ်ယောက် ခွေခွေကလေး လဲနေသည်။

စောဂျိမ်းက -

"ဟေ့ကောင်တွေ ဘာဖြစ်နေတာကြတာလဲ"

"ဟာ!.. ဆရာစောဂျိမ်း ကျွန်တော်တို့သုံးယောက်နဲ့ ဒီသောင်းအေးနဲ့ ညနေက ကိုကြက်တောဆိုင်မှာ အတူတူ အရက်ထိုင်သောက်နေကြတာ၊ နောက် ဒီကောင်က ကိစ္စရှိလို့ဆိုပြီး ထပြန်သွားတယ်။ ကျွန်တော်တို့က ဆက်သောက်နေကြတာပေါ့ဗျာ"

"နောက် ထင်းခုတ်တဲ့လူတွေ ဆိုင်နားရောက်လာတော့ သောင်းအေးတစ်ယောက် ဒီ ကညင်ပင်နားမှာ လဲနေတယ်၊ ဘေးမှာလည်း သွေးကွက်ကြီး တွေ့တယ်ဆိုလို့ လာကြည့်ကြတာ။ အသက်မှရှိသေးရဲ့လား မသိဘူး။ ဒီကောင်က အရင်ကလည်း သွေးအန်ဖူးတယ်။ ဆက်မသောက်နဲ့လို့ ပြောတာ နားမထောင်ဘူး။ ဆရာစောဂျိမ်း.. ကြည့်ပါဦး"

"ဟာ!.. အဲဒီလိုဆိုရင် ငါလည်း မကိုင်ရဲဘူး၊ မတော်တဆ သေနေရင် ငါတို့အားလုံး အမှုပတ်နေမယ်။ အကောင်းဆုံးက ရွာလူကြီးတို့ အရင် ပြောပြထားလိုက်"

စောဂျိမ်းက ချေ(ဂျီ) ချထားခဲ့သော နေရာဆီသို့ ကပျာကယာလာခဲ့



www.burmeseclassic.com

www.burmeseclassic.com



။

**စောဂျိမ်း ဧဝေဇဝါ ဖြစ်သွားသည်။ ညက အိမ်ကိုလာသွားတာလည်း သောင်းအေးမှ သောင်းအေးအစစ်။ ဖုံတွေ မျက်နှာတွေရော၊ တစ်ကိုယ်လုံး ပေလူးနေခြင်းဖြစ်သည်။**

---

သည်၊ စောဂျိမ်း တွေသွားသည်၊ ချေ(ဂျီ)အသေကောင်ကို ချထားတာက မြေလမ်းကလေး ဘေးအစပ်မှာ သေသေချာချာ ချထားခဲ့ခြင်းဖြစ်သည်။ အခု ချေ(ဂျီ)အသေကောင်က (၁၀)ပေ အကွာလောက်ရှိ မြက်တောထဲကို ရောက်နေသည်။

သတ္တဝါတစ်ကောင်ကောင် ဆွဲအောင်လည်း ကိုက်ရာဖွဲ့ရာ မတွေ့၊ ချထားတုံးက ခေါင်းကအရှေ့ဘက်မှာ . . အခုတွေ့ရတာက ခေါင်းက တောင်ဘက်ကို ရောက်နေသည်၊ စောဂျိမ်း စိတ်ရှုပ်ရှုပ်နှင့် ခေါင်းကိုကုတ်ကာ ချေ(ဂျီ) အသေကောင်ကိုထမ်း၍ ထွက်လာခဲ့သည်၊ ရွာထဲက တဲကိုရောက်တော့ အတော်မှောင်နေပြီ။

စောဂျိမ်းက အသင့်စောင့်နေသော ဖနီးသည် နော်ချားလက်ထဲသို့ ချေ(ဂျီ)ကောင်ကို အပ်လိုက်သည်၊ စောဂျိမ်းက ရေချိုး၊ နော်ချားကို ကူညီလုပ်ကိုင်ပေးစရာများ လုပ်ပေးပြီး ချေဝမ်းတွင်းသားနှင့် အသား တစ်ဝက်စီ တွဲထားသော အတွဲနှစ်တွဲကိုယူကာ ရွာထဲသို့ ထွက်လာခဲ့သည်၊ တစ်တွဲက ရွာလူကြီးအတွက်၊ တစ်တွဲက သူငယ်ချင်း တောက်ထိန်အတွက်၊

စောဂျိမ်းရွာထဲက ပြန်အရောက်တွင် နော်ချားက ထမင်းပွဲပြင်ထားပြီး ဖြစ်သည်၊ စောဂျိမ်းက ဆာဆာနှင့် ထမင်းဝိုင်းကို ကြည့်လိုက်သည်၊ ချေချေးခါးဟင်းနှင့် ဝမ်းတွင်းသားဆီပြန်၊ ဆတ်သားခြောက်ဖုတ်၊ ဖန်ခါးသီးတို့စရာ၊ စောဂျိမ်းကြိုက်သော ချေချေးခါးဟင်းကို အဖတ်စားလိုက်၊ အရည်စားလိုက်နှင့် စောဂျိမ်း အရသာတွေ့နေသည်၊

"ဖလပ် . . ဖလပ် . . ဖလပ်"

ထမင်းစားရင်း အိမ်ရှေ့ဆီမှ ခြေသံကြားသောကြောင့် စောဂျိမ်း ခေါင်းထောင်ကြည့်လိုက်သည်၊ ရေနံဆီမီးခွက်အရောင်နှင့် တွေ့လိုက်ရ







သော အဆင်မပေါ်သော အကျီနှင့် ဖုံအလူးလူးနှင့် လူတစ်ယောက်၊ စောဂျိမ်း ကောင်းကောင်း မှတ်မိသည်၊ စောစောက ကညင်ပင်အောက်တွင် လဲနေသော သောင်းအေး ဖြစ်သည်၊ မျက်နှာမှာလည်း ဖုံအလူးလူး၊

"သောင်းအေး . . မင်းဘာမှ မဖြစ်ဘူးနော်၊ အရက် လျော့သောက်ကွ၊ မင်းက သွေးအန်ဖူးတော့ မသောက်တာ ပိုကောင်းတယ်၊ ထမင်း စားမလား"

သောင်းအေးသည် စကားလည်း မပြော၊ ထိုင်လည်း မထိုင်၊ တွေတွေကြီးရပ်ကာ ရေကပြင်ဘက်သို့ ကြည့်နေသည်၊

"သောင်းအေး . . ထမင်းစားချင်လို့လား"

စကား ပြန်မပြောသောကြောင့် စောဂျိမ်းက သူကြည့်နေသောနေရာ ရေကပြင်ဘက်ကို ကြည့်လိုက်တော့ နော်ချား ခုတ်ထစ်ထားတာ မနက်ရောင်းဖို့အတွက် အတွဲလိုက် ချိတ်ဆွဲထားသော ချေ(ဂျီ)သား အတွဲများ . . ၊ စောဂျိမ်း သဘောပေါက်သွားသည်၊

ထို့ကြောင့် နော်ချားအား - "မနော်ရေ . . တစ်တွဲလောက်ပေးလိုက်ပါကွာ၊ သူစားချင်လို့နဲ့ တူပါတယ်"

"ပိုက်ဆံ"

"ဟာ . . မနော်ရာ၊ ပေးသာ ပေးလိုက်စမ်းပါကွာ"

သောင်းအေးက ချေ(ဂျီ)သားတွဲကိုယူကာ ရှာစနဲ လှည့်ထွက်သွားသည်၊ စောဂျိမ်းက ထမင်းစားနေရင်း မီးရောင်ဖျော့ဖျော့မှာ သောင်းအေး ကျောပြင်ကို မြင်နေရသည်၊ ဒယီးဒယိုင်နှင့် လျှောက်နေရာမှ မြဲဝအရောက်တွင် ချေ(ဂျီ)သားအတွဲကို အားရပါးရ ဝါးစားနေသည်။

စောဂျိမ်း ထမင်းစားနေရာမှ -

www.burmeseclassic.com

www.burmeseclassic.com



"ဟာ .. ဒီငမူး မတော်တရော်တွေ လုပ်နေပါလား"

နောက်တစ်နေ့တွင် ဖနော်များက နံနက်စောစောထ၍ ရေ(ဂျီ)သားများ ကျပ်တင်နေသောကြောင့် စောဂျိမ်းက တစ်ပိဿာစီတွဲထားသော ရေ(ဂျီ)သားအတွဲများ ထည့်ထားသည့် တောင်းကိုထမ်းကာ ရွာလမ်းအတိုင်း လျှောက်လာသည်။ ရေ(ဂျီ)သားများ ရောင်းရန်အတွက် ဖြစ်သည်။ ရွာလယ်တွင် အေးမောင်နှင့်တွေ့တော့ -

"ဆရာစောဂျိမ်းရယ် .. သောင်းအေးတော့ မနေ့က ဆုံးသွားပြီ။ သွေးအန်ရင်း အသက်ပါ ပါသွားတယ် ထင်တာပဲ"

"ဟေ .. သွေးအန်တာက နောက်တစ်ခါ ထပ် အန်သေးလို့လား"

"မဟုတ်ဘူးလေ .. ဆရာစောဂျိမ်း၊ မနေ့က ညနေ ဆရာစောဂျိမ်းနဲ့ ကျွန်တော်တို့ သုံးယောက်နဲ့တွေ့တော့ သောင်းအေးက ကညင်ပင်အောက်မှာ သွေးအန်ပြီး လဲနေတယ်လေ။ ဆရာစောဂျိမ်းကိုတောင် အသက်မှ ရှိသေးရဲ့လားလို့ ကျွန်တော်တို့ မေးသေးတယ် မဟုတ်လား"

"တင်ဝင်းစိန်ကို လွှတ်ပြီး ရွာလူကြီး ရောက်လာတဲ့အထိ၊ ကျွန်တော်နဲ့ ဉာဏ်ဝင်းတို့နှစ်ယောက် အဲဒီနားမှာ မီးခွက်ထွန်းပြီး ထိုင်စောင့်နေကြတာပဲ၊ ရွာလူကြီးနဲ့ ရွာသားတွေရောက်လာတော့မှ ကျွန်တော်တို့လည်း သောင်းအေး သေနေပြီဆိုတာ သိတာ။ သွေးအန်တာက အဲဒီနားမှာ တစ်ခါပဲ အန်ထားတာပါ"

"ဒါဆို သောင်းအေးအလောင်းကို ယူသွားတော့ ဘယ်အချိန်လောက်ရှိပြီလဲ"

"ဆရာစောဂျိမ်း ထွက်သွားပြီး (၁)နာရီကြာလောက်မှ လာယူသွားတာပဲ"

စောဂျိမ်း ဇဝေဇဝါ ဖြစ်သွားသည်။ ညက အိမ်ကိုလာသွားတာလည်း သောင်းအေးမှသောင်းအေး အစစ်။ ဖုံတွေက မျက်နှာတွေရော၊ တစ်ကိုယ်လုံး ပေလူးနေခြင်း ဖြစ်သည်။ လာတဲ့အချိန်ကလည်း စောဂျိမ်း ထမင်းစားနေချိန် ည(၁၀)နာရီလောက်။ အလောင်းယူသွားတာက မိုးချုပ်ကာစ။ တောင်းကြီးထမ်း၍ စဉ်းစားနေသော စောဂျိမ်းအား အေးမောင်က -

"ဆရာစောဂျိမ်း ဘာဖြစ်လို့လဲ"





"ဘာမှ မဖြစ်ပါဘူး၊ ကဲ .. ကဲ ငါလည်း ရေ(ဂျီ)သားတွေ မှာထားတဲ့ လူတွေရှိလို့ သွားပို့လိုက်အုံးမယ်"

စောဂျိမ်း သောင်းအေးတို့ အိမ်ရှေ့ရောက်တော့ သူ့မိန်းမငိုသံနှင့် အတူ ဝိုင်းဝန်းလုပ်ကိုင်ပေးနေကြသော ရွာသားများကိုတွေ့ရသည်။ စောဂျိမ်းက တောင်းကိုချကာ ရွာသားများနှင့်အတူ စကားထိုင်ပြော၊ ရေနွေးကြမ်းသောက်ကာ ဘုရားစင်ရှေ့ပြင်ထားသော သောင်းအေးအလောင်းဆီသို့ လျှောက်လာခဲ့သည်။

အလောင်း၏မျက်နှာကို လုံချည်ပါးပါးလေးတစ်ထည်နှင့် အုပ်ထားသည်။ စောဂျိမ်း မျက်လုံးပြူးသွားသည်။ ညက တွေ့ခဲ့ရသော အဝတ်အစားများအတိုင်း ဖြစ်သည်။ မျက်နှာမှာလည်း ဖုံများ ပေကျံနေဆဲ၊ ပါးစပ်မှာလည်း သွေးစသွေးနများနှင့်။

စောဂျိမ်း အလောင်းနားက ထွက်လာခဲ့သည်။ စောဂျိမ်း အတွေးမှာ ဆုံးဖြတ်ချက်တစ်ခုကို သေချာစွာ ချလိုက်သည်။ ဒါပေမယ့် ဘာကြောင့်ဆိုသည်ကို သူဝေခွဲမရ။

မောင်မြင့်မား (မိုလ်ကလေး)



www.burmeseclassic.com

www.burmeseclassic.com



ခရီးသွားလာရခြင်းက ကျွန်တော့်အဖို့ စိတ်ပျော်ရွှင်လန်းလန်းမှု ဖြစ်ခဲ့သည်က အမှန်ပင်။ ယခင်က ဝါသနာအရ ခရီးသွားလျှင် အဖော်သဟဲ မပါဘဲ၊ တစ်ကိုယ်တည်း သွားလာခဲ့ပေါင်း များခဲ့သည်။

အမှန်ဆို ကျွန်တော်က ပန်းချီပညာကို ဝါသနာစုံမင်၍ လေ့လာကြိုးစားပြီး ရေးဆွဲနေသူ ဖြစ်ပါသည်။ ဒါကြောင့်လည်း အတတ်နိုင်ဆုံး ခရီးထွက်၍ သဘာဝရေမြေတောတောင်အနှံ့ကို လက်တွေ့ရေးဆွဲနေခြင်း ဖြစ်သည်။



# ဝိညာဉ်စေရာ

ဇလွန်ကျော်ဦး

www.burmeseclassic.com

www.burmeseclassic.com





"ကျွန်မချစ်သူနဲ့
ဘဝလက်တွဲဖို့
ကျွန်မလာခဲ့တာပါ။
ကျွန်မ ချစ်သူ
ကျွန်မ အဖြစ်ဆိုးကို သိသွားရင်
ရင်ကွဲမှာ သေချာတယ်"

ယခု ခရီးစဉ်က ကျွန်တော့်မိတ်ဆွေရင်းရှိရာ တောင်ပေါ်မြို့လေးတွင် ပန်းချီရေးဆွဲရင်း ပန်းချီကား လက်ဆောင်ပေးရန် ဖြစ်သည်။ ကျွန်တော်မြင်တွေ့သမျှ အရာအားလုံးက အသစ်အဆန်းဖြစ်နေ၍ မည်မျှ အတွေးဝင်နေမိသည် မသိ။

ကျွန်တော်နှင့်အတူ ယှဉ်တွဲထိုင်နေသည့် မိန်းမပျိုလေးဆီမှ သင်းပျံ့လာသည့် ရေမွှေးရနံ့ကြောင့် ကျွန်တော် အနေရ၊ အထိုင်ရ ခက်နေမိသည်။ ကျွန်တော် ကားလမ်းဘေးရှိ တောတောင်သဘာဝ ရှုခင်းများကို ငေးမောကြည့်ရှုနေမိသည်။

"ဝုန်း!.."

ဟူသော အသံကြီးကို ကျွန်တော့်နားထဲတွင် ရုတ်တရက် ကြားလိုက်ရပြီး နောက်ဆက်တွဲ ညည်းညူသံ၊ နာကျင်သံများ ရောထွေး ယှက်တင် ထွက်ပေါ်သံများကို ကျွန်တော်ကြည့်ရင်း ကြက်သေ သေသွားမိသည်။

❖

"အစ်ကို..အစ်ကို"

မှတ်မှတ်ရရ ကျွန်တော်နှင့် ထိုင်ခုံတစ်ခုထဲတွင် ယှဉ်တွဲထိုင်လာသည့် မိန်းမပျိုလေးက မျက်နှာတစ်ခုလုံး ဒဏ်ရာ ဗလဗွနှင့် ကြောက်ရွံ့တ





ကြီး ကျွန်တော့်ကိုခေါ်ရင်း တဆတ်ဆတ် တုန်ယင်နေသည်ကို တွေ့မြင်လိုက်ရသည်။

ကျွန်တော် မိန်းမပျိုလေးအဖြစ်ကို စဉ်းစားမရနိုင်အောင် ဖြစ်နေမိသည်။ ခရီးစဉ် အစကတည်းက ခုံတစ်ခုံတွင် မသိသလိုနေခဲ့သည့် မိန်းမပျိုလေး။ ကျွန်တော်ကလည်း ဘယ်အရပ်၊ ဘယ်ဒေသက လာသည်ကို လုံးဝ မစုံစမ်းခဲ့။ ခုတော့ ထူးခြားစွာ တွေ့မြင်ရသည့်မြင်ကွင်းနှင့်အတူ ကျွန်တော်ကို တရင်းတနှီးခေါ်နေသည့် မိန်းမပျိုလေးအဖြစ်က အံ့ဩစရာဖြစ်နေသည်။

"ကျွန်မ..အစ်ကိုနဲ့ အတူနေမယ်"

"ဟာ!..မဖြစ်ဘူး..မဖြစ်ဘူး။ မင်းကို ငါ မသိဘူး"

"အစ်ကိုက ကျွန်မကို မသိတာ..ကျွန်မက အစ်ကို့ကို သိတယ်။ အစ်ကိုက ပန်းချီဆရာ မဟုတ်လား"

မိန်းမပျိုလေးစကားကြောင့် ကျွန်တော် ထပ်ဆင့် အံ့ဩသွားမိပြန်သည်။

"မင်း..ဘယ်ကိုသွားမှာလဲ"

"ကျွန်မ..ကျွန်မ"

မိန်းမပျိုလေးက ကျွန်တော့်စကားကို အထစ်ထစ် အငေါ့ငေါ့ဖြင့် တုန့်ပြန်ပြောရင်း စဉ်းစားနေဟန် တူသည်။ အတန်ကြာမှ –

"ကျွန်မ ချစ်သူဆီ သွားမလို့၊ အစ်ကို..အဲဒါ ဘယ်နေရာမှန်း မသိတော့ဘူး"

မိန်းမပျိုလေး၏ ထူးထူးခြားခြား စကားကို ကြားလိုက်ရ၍ ကျွန်တော် ပတ်ဝန်းကျင်သို့ ကြည့်လိုက်မိသည်။ ဘယ်နေရာကို ကြည့်ကြည့်၊ ဝေဝေဝါး ဟင်းလင်းပြင်ကြီး နှင့်အတူ မြက်စိမ်းတောကြီးကိုသာ တွေ့မြင်နေရသည်။

"အစ်ကိုလဲ..ဘယ်သွားမှာလဲ"

မိန်းမပျိုလေး၏ အမေးစကားကြောင့် ကျွန်တော့်အတွေးများ ရပ်တန့်သွားသည်။ မိန်းမပျိုလေးပြောသလို၊ ကျွန်တော် ဘယ်သွားလို့ ဘယ်လာရမှန်း မသိတော့။ ကျွန်တော်သိနေသည့် အသိက ပန်းချီဆွဲဖို့တ

www.burmeseclassic.com

www.burmeseclassic.com



လွှဲ၍ ဘာဆို ဘာမှမသိဘဲ ဖြစ်နေမိသည်။

"အစ်ကိုလဲ .. ဘယ်သွားရမှန်း မသိတော့ဘူး .. မင်းကရော"

ကျွန်မလဲ .. အစ်ကိုလိုပဲ၊ ဘယ်သွားလို့ ဘယ်လာရမှန်း မသိဘူး။ အဲဒါကြောင့် အစ်ကိုနဲ့ အတူနေချင်တယ်"

တကယ်ဆို ကျွန်တော့်တစ်သက်နှင့် တစ်ကိုယ် မိန်းမသားများနှင့် ရင်းရင်းနှီးနှီး ကျွမ်းကျွမ်းဝင်ဝင်ရှိမှု နည်းပါးခဲ့ပါသည်။ မိန်းမပျိုလေးစကားကြောင့် ကျွန်တော့်နှလုံးသားတွင် တဒိတ်ဒိတ် ခုန်သွားမိသည်။ မိန်းမပျိုလေးစကားအတိုင်း ကျွန်တော် ဘယ်ကို သွားရမှန်းမသိဘဲ ယောင်ယောင်ချာချာ ဖြစ်နေမိသည်က အမှန်ပင်။

ကျွန်တော် လက်ရှိ မြင်တွေ့နေရသည့် ရှုခင်းများက ကျွန်တော် ကျွမ်းဝင်ခဲ့သည့် မြင်ကွင်းမျိုး မဟုတ်။ ထူးခြားစွာ မြင်နေရသည့် မြင်နေရသည့် မြင်ကွင်းသစ်များ ဖြစ်နေသည်။ လေဟာနယ်နှင့် မြက်ခင်းစိမ်း။

ဟိုမှာဘက်တွင် ရောင်စုံဖူးပွင့်နေသည့် ပန်းခင်းကြီးကို တွေ့မြင်လိုက်ရသည်။ "ကျွန်တော့်ကိုယ် ကျွန်တော် .. ဘယ်ရောက်နေတာလဲ" ဟု အတွေးပေါင်းအခါခါနှင့် တွေးကြည့်သော်လည်း လက်တွေ့တွင် အဖြေမဖော်နိုင်ဘဲ ဖြစ်နေမိသည်။

❖

"အစ်ကို .. ဘာတွေ တွေးနေတာလဲ"

"အစ်ကို တွေးနေမိတာက တစ်ခါမှ မမြင်ဘူးတဲ့ မြင်ကွင်းတွေ ဖြစ်နေလို့ပဲ"

ကျွန်မလည်း ဒီမြင်ကွင်းမျိုးကို တစ်ခါမှ မတွေ့ဘူးတာ အမှန်ပဲ။ အစ်ကိုက ကျွန်မဘေးမှာရှိနေလို့ အားရှိနေတာ .."

မိန်းမပျိုလေးက ပြောရင်း ကျွန်တော့် မျက်နှာကို စူးစူးစိုက်စိုက် ကြည့်နေသည့် အကြည့်။ ကျွန်တော် တုန့်ပြန်ကြည့်ရင်း ထူးခြားစွာ တွေ့မြင်လိုက်ရသည်က မိန်းမပျိုလေးမျက်နှာ၊ မျက်နှာပြင်တစ်ခုလုံး သွေးများ စီးကျနေသည့် အဖြစ်။ ကျွန်တော် တုန်လှုပ်သွားမိသည်။

"မင်း ! .. မင်း ! .. မျက်နှာမှာ သွေးတွေနဲ့ပါလား"





"ဟုတ်တယ် .. အစ်ကို။ ကျွန်မ အဖြစ်ကို ကျွန်မ မယုံနိုင်အောင် ဖြစ်နေမိတယ်"

မိန်းမပျိုလေးက လေးဖင့်စွာပြောရင်း သူ့မျက်နှာကို လက်ဖြင့် အခါခါစမ်းပြီး ယူကျုံးမရစိတ်ဖြင့် ငိုရှိုက်သံက အလိုလိုပေါ်လာသည်။

ကျွန်မ .. ကျွန်မဘဝတော့ ဆုံးပါပြီ၊ အစ်ကို .. ကျွန်မ ဒီလို အဖြစ်ဆိုးနဲ့ တွေ့ရမယ်လို့ လုံးဝ မထင်ခဲ့ဘူး။ ကျွန်မချစ်သူဆီ လိုက်ပို့ပေးပါ .. လိုက်ပို့ပေးပါ အစ်ကိုရယ်"

မိန်းမပျိုလေးက ငိုရှိုက်သံကြားမှ သူ့အဖြစ်ကို မရိုတင်ကဲ ပြောဆိုရင်း ထွက်ပေါ်လာသည့် စကားသံကြောင့် ကျွန်တော် စိတ်ဝင်စားသွားမိသည်။

"မင်းမှာ ချစ်သူရှိတယ် ဟုတ်လား! .. မင်းချစ်သူက ဘယ်မှာ နေတာလဲ"

ကျွန်မချစ်သူနဲ့ ဘဝလက်တွဲဖို့ ကျွန်မလာခဲ့တာပါ။ ကျွန်မ ချစ်သူ၊ ကျွန်မ အဖြစ်ဆိုးကို သိသွားရင် ရင်ကွဲမှာ သေချာတယ်။ ဟောဒီမှာ .. ကျွန်မ ချစ်သူနဲ့ တွဲရိုက်ထားတဲ့ဓာတ်ပုံ"

မိန်းမပျိုလေး ကမ်းပေးသည့် ဓာတ်ပုံကိုယူပြီး ကျွန်တော် ကြည့်လိုက်မိသည်။ မိန်းမပျိုလေးနှင့် တွဲရိုက်ထားသည့် ခန့်ညားသည့် ဥပတိရုပ်နှင့် ယောကျ်ားပျိုတစ်ဦး။

"မင်း ချစ်သူကို မင်း တကယ် လက်တွဲဖို့လာတာလား"

"ဟုတ်ပါတယ် .. အစ်ကို၊ ကျွန်မ ချစ်သူဆီလာတာ .. ကျွန်မ ချစ်သူဆီ သွားလို့မရဘူး ဖြစ်နေတယ်။ သူ့ကို ကျွန်မ ဘယ်ဘဝ ရောက်ရောက် မခွဲနိုင်ဘူး"

မိန်းမပျိုလေးက သူ့ချစ်သူ ဓာတ်ပုံကို ကြည့်ရင်း မျက်ရည်တွေ ကျနေသည်။ ကျွန်တော် မိန်းမပျိုလေးကို ကြည့်ရင်း သနားသွားမိသည်။

"မင်းချစ်သူဆီ .. အစ်ကိုရောက်အောင် ပို့ပေးပါ့မယ်"

"ဝမ်းသာလိုက်တာ အစ်ကိုရယ် .. အစ်ကို ကူညီမယ်ဆိုတော့ သွားကြရအောင်"

မိန်းမပျိုလေးက ရဲတင်း သွက်လက်စွာဖြင့် ကျွန်တော့်လက်ကို



www.burmeseclassic.com

www.burmeseclassic.com





ဆွဲခေါ်လိုက်သည်။ ရုတ်တရက် မိန်းမပျိုလေး၏ အေးစက်နေသည့် လက်ဖဝါး အထိအတွေ့ကြောင့် ကျွန်တော် တုန်ယင်သွားသည်။

"မင်း!..မင်း!..လက်တွေ အေးစက်နေပါလား၊ ဘာဖြစ်တာလဲ"

"အဲဒါကြောင့် အစ်ကို့ကို အကူအညီတောင်းရတာ။ ဟိုမှာ..ကျွန်မ ချစ်သူ ရှိမဲ့နေရာ ဖြစ်လိမ့်မယ်"

မိန်းမပျိုလေးက အေးစက်သည့်လက်ဖဝါးဖြင့် ကျွန်တော့်ကို ဆွဲခေါ်နေ၍ ကျွန်တော်ကြည့်ရင်း ပါးစပ်များမှ အလိုလို အသံထွက်သွားမိသည်။

"ဟင်!..သင်..သင်္ချိုင်းကုန်းကြီးပါလား"

❖

မိန်းမပျိုလေး၏ ဆွဲခေါ်မှုကြောင့် ကျွန်တော် ရုတ်တရက် တွေ့မြင်လိုက်ရသည်က လွင်ထီးခေါင်လွင်တွင် မြေပုံသစ်၊ မြေပုံဟောင်းနှင့် အုတ်ဂူသစ်၊ အုတ်ဂူဟောင်းများ။ ကျွန်တော် မယုံနိုင်အောင် ဖြစ်သွားမိရင်း မိန်းမပျိုလေး ဆွဲခေါ်ရာနောက်သို့ မလိုက်ရန် အခါခါ ငြင်းဆိုနေမိသည်။

"အစ်ကို..မလိုက်ဘူး..မလိုက်ဘူး"

"အစ်ကို..ကျွန်မ ချစ်သူဆီကို လိုက်ပို့ပေးမယ်ဆို"

မိန်းမပျိုလေးစကားကြောင့် ကျွန်တော်သင်္ချိုင်းကုန်းကြီးကို လှမ်းကြည့်လိုက်သည်။ သင်္ချိုင်းကုန်းကြီးထဲတွင် တွေ့မြင်နေရသည်က အရှင်ဆိုးဆိုးမြင်ကွင်းနှင့်အတူ ကြောက်မက်ဖွယ်ရာ ရုပ်ရည်အသွင်အပြင်များ ပေါ်နေသည်။





"အစ်ကိုတို့ သွားရမယ့်နေရာက ဒီနေရာ မဟုတ်နိုင်ဘူး။ ဟိုဘက်မှာ ဖြစ်နိုင်တယ်၊ မင်းခေါ်လာတာ လမ်းမှားနေပြီနဲ့ တူတယ်"

"ကျွန်မ လမ်းမမှားဘူး။ အစ်ကိုပဲ..ကျွန်မ ချစ်သူဆီ လိုက်ပို့ပေးမယ်ဆို.."

မိန်းမပျိုလေးက ကျွန်တော့်လက်ကို အားကိုးတကြီးဆွဲရင်း ငိုရှိုက်သံက ပေါ်လာပြန်သည်။

"မင်း..ငိုနေပြန်ပြီလား။ မင်း လာနေတယ်ဆိုတာ..ခုလောက်ဆို..မင်းချစ်သူသိပြီး ပျော်နေမှာ မလွဲဘူး"

"ကျွန်မအဖြစ်ကို သိသွားရင် သူကြေကွဲမှာ အမှန်ပဲ"

"ဘာဖြစ်လို့လဲ..မင်းပဲ ချစ်သူဆီသွားဖို့ အစ်ကို လိုက်ပို့ပေးနေတာလေ။ မင်း မပျော်ဘူးလား"

"ကျွန်မ မပျော်နိုင်ဘူး အစ်ကို၊ ကျွန်မလာတုန်းက ကျွန်မချစ်သူနဲ့ လက်တွဲဖို့ပါ။ ဒါပေမယ့် ကျွန်မ ဒီဘဝမှာ ချစ်သူနဲ့ မပေါင်းရတော့ဘူး..အစ်ကို၊ မပေါင်းရတော့ဘူး..ဘဝခြားနေပြီ"

မိန်းမပျိုလေး၏ ထူးထူးခြားခြား စကားသံကြောင့် ကျွန်တော် အံ့အားသင့်သွားမိသည်။

"မင်းချစ်သူနဲ့ လက်တွဲဖို့လာတာပဲ မဟုတ်လား။ ဘာဖြစ်လို့..မင်းချစ်သူနဲ့ မပေါင်းရဘဲ ဘဝခြားခဲ့တာလဲ"

"ကျွန်မ ခုလို မျက်နှာမျိုးကိုတွေ့သွားရင် ကျွန်မချစ်သူက ကြည်ဖြူမှာ မဟုတ်တော့ဘူး။ အစ်ကို မယုံရင် ကျွန်မ မျက်နှာကို အရင်ဆုံး ကြည့်ပါဦး"

မိန်းမပျိုလေး စကားကြောင့် ကျွန်တော် ကြည့်လိုက်မိသည်။ မိန်းမပျိုလေး မျက်နှာတစ်ခုလုံး ကြေမွပြီး သွေးအလိမ်းလိမ်းနှင့် ကြောက်ရွံ့ထိတ်လန့်စရာ အသွင်ကို တွေ့လိုက်ရ၍ ကျွန်တော့် ရင်တစ်ခုလုံး တဒိန်းဒိန်းမြည်သံက ထွက်ပေါ်သွားသည်။

"မင်း..ငါ့အနားကို..တိုးမလာနဲ့"

"ကျွန်မ မျက်နှာကို ခုလိုတွေ့လို့ အစ်ကို ကြောက်သွားပြီ မဟုတ်လား။ ကျွန်မချစ်သူသာ ကျွန်မကိုတွေ့သွားရင် ဘယ်အထိ ကြေကွဲမယ်ဆိုတာ..အစ်ကိုပဲ စဉ်းစားကြည့်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မိန်းမပျိုလေးကိုကြည့်ရင်း ကြောက်ရွံ့ထိတ်လန့်နေမိသည်။ ဘာကြောင့် သည်လိုမိန်းမပျိုလေးနှင့် ကျွန်တော် ဆုံဆည်းခဲ့မိတာလဲ။

"အစ်ကို . . ပြန်မယ်"

"အစ်ကို့ . . ကျွန်မချစ်သူဆီ ပို့ပေးမယ်ဆို"

မိန်းမပျိုလေး၏ ရုတ်ချည်းအေးစက်သည့် အထိအတွေ့ကြောင့် ကျွန်တော် မျက်လုံးပြာဝေသွားသည်။ ပြီး . . ကျွန်တော် မတွေ့လို၊ မမြင်လိုသည့် သချိုင်းကုန်း၊ သချိုင်းကုန်းထဲရှိ ကြောက်ရွံ့တုန်လှုပ်စရာ ပုံရိပ်များက လွှမ်းလာသည်။ ကျွန်တော်နှင့် ကျွမ်းဝင်ရင်းနှီးမှုမရှိဘဲ ဘာ့ကြောင့် အကူအညီ တောင်းနေပါလိမ့်။

"အစ်ကို . . ကျွန်မကို ကြောက်နေပြီလား၊ မကြောက်ပါနဲ့ အစ်ကိုရယ်၊ အစ်ကိုနဲ့ အတူလာကတည်းက အစ်ကို့ကို ပန်းချီဆရာမှန်း သိပါတယ်။ ပြီးတော့ အစ်ကို့လက်ရာ ပန်းချီကားကိုတွေ့ရလို့ ကျွန်မ ခံစားမိတယ်"

မိန်းမပျိုလေးစကားကြောင့် ကျွန်တော် ဘာပြောရမှန်း မသိတော့။ ကျွန်တော်က နာမည်ကြီး ပန်းချီဆရာ မဟုတ်ပါ။ ကျွန်တော့်ဝါသနာအရ ရေးဆွဲခဲ့သည့် ပန်းချီကား။ ယခုလည်း ကျွန်တော့်မိတ်ဆွေကို လက်ဆောင်ပေးရန် ရေးဆွဲပြီး ယူဆောင်လာသည့် ပန်းချီကား။ မိန်းမပျိုလေးက တအံ့အတွင်း ကျွန်တော့်ပန်းချီကားကို မြင်တွေ့ပြီး နှစ်သက်စုံမင်နေသည်။

"အစ်ကို့ ပန်းချီကားကို ကျွန်မကို လက်ဆောင်ပေးပါလား"

မိန်းမပျိုလေးစကားကြောင့် ကျွန်တော်ရေးဆွဲထားသည့် ပန်းချီကားကို သတိရပြီး ကြည့်လိုက်မိသည်။ သွေးသံရဲရဲနှင့် အလဲလဲအပြိုပြိုဖြစ်နေသည့် လူတွေ၊ မြင်မကောင်းအောင် ပြန့်ကျဲနေသည့် ပစ္စည်းများ။ သွေးစွန်းနေသည့် ကျွန်တော့်ပန်းချီကားချပ်လေး။

ကျွန်တော့် ပန်းချီကားကို ဘာကြောင့် သွေးစွန်းနေတာလဲ။ ပြီးတော့ ကျွန်တော့် ပန်းချီကားဘေးတွင် သွေးများအိုင်ထွန်းပြီး ခွေခွေလေးလဲနေသည့် မိန်းမတစ်ယောက်။ ကျွန်တော် စိုးရိမ်တကြီးကြည့်ရင်း အံ့ဩသွားမိသည်။ ကျွန်တော့်ဘေးတွင် မိန်းမပျိုလေးမျက်နှာနှင့် ခွဲမရအောင် တူနေသည့် မြင်ကွင်း။







"ဟင် ! . . မင်း . . မင်းမျက်နှာပါလား"

ကျွန်တော် မိန်းမပျိုလေးမျက်နှာကို ထိတ်လန့်စွာကြည့်လိုက် မိသည်။ မိန်းမပျိုလေးက အေးစက်သည့် လက်ဖဝါးနစ်ဖက်ဖြင့် ကျွန်တော့် လက်မောင်းကို တင်းကြပ်စွာ ဆုပ်ကိုင်ပြီး၊ ဆွဲခေါ်နေသည့်နေရာ၊ ကျွန်တော် အလိုလို တုန်လှုပ်သွားမိပြန်သည်။ မိန်းမပျိုလေးက ကျွန်တော့်ကို ဆွဲခေါ်နေသည်က ကျွန်တော်တွေ့ခဲ့ရသည့် သချိုင်းကုန်းဖျက်ကြီးရှိရာ။

"မင်း . . ငါ့ကို မခေါ်နဲ့၊ ငါ မလိုက်နိုင်ဘူး။ ငါ ပန်းချီဆွဲစရာတွေ ရှိသေးတယ်"

ကျွန်တော် မိန်းမပျိုလေး ဆွဲခေါ်ရာ နောက်သို့ မလိုက်လို၍ အတင်း ရုန်းကန်ပြီး အော်ဟစ်လိုက်သည်။

❖

"ကောင်းကျော် ! . . ကောင်းကျော်"

ကျွန်တော့်နားထဲတွင် အခါခါကြားနေရသည့် အသံလှိုင်းကြောင့် ချက်ကနဲ အသိရသွားမိသည်။ ကျွန်တော် လေးလံနေသည့်မျက်စိတိုအား ယူပြီး ဖွင့်ကြည့်လိုက်မိသည်။ ကျွန်တော် မြင်တွေ့လိုက်ရသည်တာ မျက်နှာ ကျက် အမိုးဖြူဖြူ။

ကျွန်တော့် နာခေါင်းဝဆီသို့ ဖြတ်သန်းဝင်လာသည်က ဆေးပါအနံ့များ။ ကျွန်တော့်ကိုယ် ကျွန်တော် မယုံနိုင်အောင် ဖြစ်သွားမိသည်။ ပြီး ကျွန်တော့်အသိစိတ်တွင် တွယ်ငြိနေဆဲဖြစ်သည့် မိန်းမပျိုလေး။

"ကောင်းကျော် . . မင်း သတိရလာပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာအယ်လဲသံဖြင့် ပြောရင်း ကျွန်တော့်လက်ကို ထိတွေ့လိုက်သည့် ပူနွေးရှိန်းမြသည့် အသိ။

"ငါ..ဘယ်နေရာ ရောက်နေတာလဲ"

"မင်း ခေါင်းကို ထိခိုက်မိလို့ သတိမေ့နေတာ သုံး လေး ရက် ရှိနေပြီ..ကောင်းကျော်"

ကျွန်တော့်မိတ်ဆွေ မြဖံစကားကြောင့် ကျွန်တော့်ခေါင်းတွင် စည်းနှောင်ထားသည့် ပတ်တီးကို စမ်းလိုက်မိသည်။

"မင်းကို သေပြီလို့ ငါထင်မှတ်ထားတာကွ။ ခုလို မင်း ပြန်သတိရတာ မယုံနိုင်စရာပဲကွာ"

မြဖံက ကျွန်တော့်အဖြစ်ကို ပြောဆိုနေသော်လည်း ကျွန်တော့်အသိစိတ်ထဲတွင် တည်ရှိနေသည်က မိန်းမပျိုလေးပင် ဖြစ်သည်။

"မင်းစီးလာတဲ့ကားက မြို့အဝင်နားမှာ မှောက်သွားတာ"

"ဘာ!..ငါ..ငါ စီးလာတဲ့လာတဲ့ ကားမှောက်တယ်"

မြဖံ၏ စကားကြောင့် ကျွန်တော့် အသိအာရုံတွေ ပွင့်လင်းလာသည်။ ကျွန်တော်စီးလာသည့်ကား၊ တောင်ကွေ့အရောက် "ဝုန်း" ဆိုသော အသံနှင့်အတူ ကျွန်တော် ဘာမှမသိတော့။ ကျွန်တော်သိနေတာက မိန်းမပျိုလေး။

"သူ!..သူ!..သူ"

"ဘယ်သူလဲ..ကောင်းကျော်"

"မိန်းကလေး တစ်ယောက်ပဲ မြဖံ၊ ငါ့ကို သူ့ချစ်သူဆီကို ပို့ပေးဖို့ အကူအညီ တောင်းခဲ့တာကွ။ သူ အသက်ရှင်နိုင်တယ်"

ကျွန်တော့် ပါးစပ်ဖျားဆီမှ ထွက်ပေါ်လာသွားသည့် စကားသံကို နားမလည်နိုင်သည့်အကြည့်ဖြင့် ကြည့်နေသည့် မြဖံ။

"ဘာတွေပြောနေတာလဲ..ကောင်းကျော်၊ ငါ မင်းအဖြစ်ကို နားမလည်ဘူး။ မင်းစီးလာတဲ့ကား မှောက်မှန်းသိလို့ ငါရောက်လာပြီး မင်းကို ဆေးရုံတင်ခဲ့တာ။ မင်း သတိမေ့နေတာ သုံး၊လေးရက်ပဲ။ ဒီနေ့မှ..မင်း ပြန်သတိရလာတာ"

မြဖံက ကျွန်တော့်အဖြစ်ကိုပြောပြီး ကျွန်တော် ရေးဆွဲခဲ့သည့်







ကျွန်တော် လက်ဆောင်ပေးမည့် ပန်းချီကားကိုပြသည်။

"ငါ့ ပန်းချီကားမှာ သွေးတွေ စွန်းနေပါလား"

"မင်းစီးလာတဲ့ ကားမှောက်မှန်းသိလို့ ငါလာတော့ မင်းပန်းချီကားဘေးမှာ သေသွားတဲ့သူရဲ့သွေးတွေ စွန်းပေခဲ့တာ ဖြစ်မယ်။ ပြီးတော့ မင်း ပန်းချီကားဘေးမှာ ထူးထူးခြားခြား တွေ့ခဲ့ရတာက ဒီဓာတ်ပုံလေးပဲ..ကောင်းကျော်"

မြဖံက ဓာတ်ပုံလေးလှမ်းပေး၍ ကျွန်တော်ကြည့်ရင်း အံ့အားသင့်သွားမိသည်။

"ဒါ..ငါနဲ့ တစ်ခုံထဲ အတူစီးလာတဲ့ မိန်းမပျိုကွ၊ သူက ငါ့ကို သူ့ချစ်သူဆီလိုက်ပို့ပေးဖို့ အကူအညီတောင်းခဲ့တာ"

ကျွန်တော် မိန်းမပျိုလေးနှင့် ဆုံတွေ့ခဲ့သည်မှာ တကယ်လား၊ ကျွန်တော့်အဖြစ်ကို တွေးလို့မရအောင် ဖြစ်နေမိသည်။

"မင်း..ဒီမိန်းကလေးနဲ့ သိခဲ့လို့လား"

ကျွန်တော် မြဖံ အမေးစကားကို ဘယ်လိုတုန့်ပြန်ရမှန်း မသိတော့၊ ကျွန်တော် မိန်းမပျိုလေးနှင့် တကယ်ဆုံတွေ့ခဲ့သည်ဆိုလျှင် မြဖံ လက်သင့်ခံမည်လား။

"မင်းသိနေတဲ့ မိန်းကလေးက ဒီဓာတ်ပုံထဲကဆိုရင် သေရွာသွားပြီ..ကောင်းကျော်"

"ဘာ..သေရွာတာလဲ၊ မြဖံ ပြောစမ်းပါဦး"

"အဲဒီမိန်းကလေးက မျက်နှာတစ်ခုလုံး ကားပိပြီး မမှတ်မိအောင် ဆုံးပါးခဲ့တာကွ"

"ဘာ!..အဲဒီ မိန်းမပျို ဆုံးပြီ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



❖

ကျွန်တော့်အဖြစ်ကို မယုံနိုင်အောင် ခံစားနေမိသည်။ ဒါဆို ဒီမိန်းမပျိုက ဘာကြောင့် ကျွန်တော့်ကို သူ့ချစ်သူဆီကိုပို့ပေးဖို့ အကူအညီတောင်းတာလဲ။ ကျွန်တော်ရေးဆွဲထားသည့် ပန်းချီကားတွင် မိန်းမပျို၏ နောက်ဆုံး သွေးစွန်းခဲ့တာလား။ ကျွန်တော် . . မိန်းမပျိုနှင့် သူ့ချစ်သူတွဲရိုက်ထားသည့် ဓာတ်ပုံလေးကို ကြည့်လိုက်သည်။

"အဲဒီဓာတ်ပုံထဲက မိန်းကလေးက ငါ့ကို အတင်းဆွဲခေါ်နေတာ . . မြဖံ၊ ငါလည်း ဒီအဖြစ်ကို တွေးလို့မရအောင် ခံစားနေမိတယ်"

"မင်း တွေးနေမိသလို၊ ငါလည်း အမျိုးမျိုး တွေးကြည့်မိတယ် . . ကောင်းကျော်၊ နောက်ဆုံး သတ္တုချ ရမှာက အဲဒီမိန်းကလေးက သူ့ချစ်သူကို စွဲလမ်းစိတ်ကြောင့် ဝိညာဉ်ဘဝနဲ့ မင်းကို အကူအညီတောင်းရင်း ခေါ်တာနဲ့တူတယ်"

"ငါ့ . . ငါ့ကို . . အဲဒီ မိန်းမ . .ဝိညာဉ်ဘဝနဲ့ခေါ်တာ"

ကျွန်တော် မြဖံစကားကြောင့် ရင်တဒိန်းဒိန်း ခုန်မိရင်း မိန်းမပျိုလေးအဖြစ်ကို မြင်ယောင်မိသွားမိသည်။ မိန်းမပျိုလေး ကျွန်တော့်ကို ဆွဲခေါ်နေသည်က သချိုင်းကုန်းကြီး။ ကျွန်တော် မြဖံကို လက်ဆောင်ပေးရန် ရေးဆွဲထားသည့် ပန်းချီကားလေးကို အလိုလို ကြည့်မိလျက်သား ဖြစ်နေသည်။

ပန်းချီကားလေးတွင် စွန်းပေနေသည့် မိန်းမပျိုလေး၏ နောက်ဆုံးသွေးစက်၊ ကျွန်တော့်ကို သူ့ချစ်သူဆီပို့ပေးရန် သနားစဖွယ် တောင်းဆိုရင်း ရုတ်ရှည်းပြောင်းလဲသွားသည့် မိန်းမပျိုလေး၏ ထိတ်လန့်စရာမျက်နှာ။ ကျွန်တော် ပြန်မြင်ယောင်မိရင်း အလိုလို ကြက်သီးမွေးညှင်း ထသွားမိလေတော့သည်။

ဇလွန်ကျော်ဦး



www.burmeseclassic.com